
# အလုပ်ပေးဝိပဿနာ အမေးအဖြေများ

မေတ္တာရှင် (ရွှေပြည်သာ)



၆၄

GRAPHIC:KYAYTHAR

# မေတ္တာရှင် (ရွှေပြည်သာ)

# အလုပ်ပေးဝိပဿနာ အမေးအဖြေများ

ဖြန့်ချိရေး
ရွှေပြည်သာစာပေ
မန္တလေးကျောင်း ဥပသကာအဖွဲ့
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၆၁၁၆၂၂၊ ၆၁၁၄၅၇

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်
၆၀၀၀၆၈၀၁၁၂
မျက်နှာဖုံးခွင့်ပြုချက်
၆၀၀၁၇၀၀၂၁၂
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးစိုးတင့်(ညီမေတ္တာပုံနှိပ်တိုက်)၊ သုဒ္ဓဝိပဿနာရိပ်သာ၊
မှော်ဘီမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ
ဦးစိုးတင့်(ရွှေပြည်သာစာပေ)၊ မန္တလေးကျောင်းတိုက်၊
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။
**စီစဉ်သူများ**
ဦးတင်မြင့်(သကျသီဟဓမ္မာစရိယ)၊
ဦးစိုးတင့်၊ ဦးဆန်းထွန်း၊ ဦးဖေကြည်၊ ဦးစိုးပိုင်
မေတ္တာရှင်ဘာသာယဉ်ကျေးမှု မဂ္ဂဖင်းအကျိုးဆောင်အဖွဲ့
ကွန်ပျူတာစာစီနှင့် ဒီဇိုင်း
လွှကြီး၊ ကြေးသား
**အဖုံးနှင့်အတွင်းဖလင်**
စတားအင်ပါယာ
**ထုတ်ဝေခြင်း**
ပထမအကြိမ်၊ ဧပြီလ၊ ၂၀၁၂။
**အုပ်ရေ**
၁၀၀၀၀
**တန်ဖိုး**
၁၂၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း (CIP)

မေတ္တာရှင်၊ ရွှေပြည်သာ၊ ၂၉၄.၃
အလုပ်ပေးဝိပဿနာအမေးအဖြေများ/မေတ္တာရှင်(ရွှေပြည်သာ)၊ ရန်ကုန်။
ရွှေပြည်သာစာပေ၊ ၂၀၁၂။
၂၃၁ စာ၊ ၁၂.၃၂ X ၁၈.၈ စင်တီ။
(၁) အလုပ်ပေးဝိပဿနာအမေးအဖြေများ

# – မာတိကာ –


၁။ ဝေဒနာကုန်အောင် ရှုလို့ ရသလား
၂။ အာနာပါနနှင့် သမထ၊ ဝိပဿနာ
၃။ အဓိပ္ပါယ် သိမှ တရားရမှာလား
၄။ သုဒ္ဓဝိပဿနာ အဓိပ္ပါယ်
၅။ ရှင်ဥပဂုတ်နှင့် ထေရဝါဒ
၆။ သကြ်န်မှာ သိကြားမင်း ဆင်းသလော
၇။ ငရဲမင်း တကယ်ရှိသလား
၈။ လက်နီးစုတ် လျှော်လို့ ဖြူပါမလား
၉။ သီလရှင်နဲ့ ရဟန်းမ သာသနာ
၁၀။ ဝိပဿနာသုံးမျိုး
၁၁။ ရဟန်းတို့ကို အရှက်ကွဲစေသူ
၁၂။ သိက်ဆက်နှင့် သိက္ခာသုံးပါး
၁၃။ စိတ်ဖြစ်ရာ ဌာန အငြင်းပွားခြင်း
၁၄။ ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်
၁၅။ ဒိဋ္ဌိ - ဖွင့်ဆိုချက်
၁၆။ အိပ်မက်ထဲထိ - လိုက်နှိပ်စက်သူများ
၁၇။ ရဟန်းခံပွဲနှင့် အပါယ်တံခါးပိတ်ခြင်း
၁၈။ မဂ်ဖိုလ်နှင့် တိဟိတ်ပုဂ္ဂိုလ်
၁၉။ ကိုယ်လုပ်မှ ကိုယ်ရခြင်းနှင့် အမျှပေးခြင်း
၂၀။ ဥပုသ်စောင့်ခြင်း၏ ကောင်းကျိုးများ
၂၁။ ရှစ်ပါးသီလနှင့် ဝိပဿနာ
၂၂။ သောတာပန် ဆရာများနိုင်သေးသလော
၂၃။ ကျေးရွာကန်းသူအပေါ် ဘယ်လိုစိတ်ထားမလဲ
၂၄။ အကြွေးတောင်းရမည့်ဆရာတော်
၂၅။ ခန္ဓာကိုယ် အခိုးတွေဖြစ်သွားရခြင်းအကြောင်း

| | | |
|---|---|---|
| ၂၆။ | မသေသေးဘဲ ငရဲပြည်ရောက်ပုံ စိစစ်ခြင်း | ၆၇ |
| ၂၇။ | ဝဋ်ကြွေးဆပ်ခြင်းလော၊ ထွက်ပေါက်ရှာခြင်းလော | ၇၀ |
| ၂၈။ | ဒုက္ခဝေဒနာနှင့် အာရုံပြောင်းခြင်း | ၇၇ |
| ၂၉။ | သစ္စာဖြင့် ရှင်းရသော ပြဿနာ | ၇၉ |
| ၃၀။ | ဓမ္မပူဇာနှင့် အာမိသပူဇာ | ၈၅ |
| ၃၁။ | ဒုလ္လဘရဟန်းစစ်တမ်း | ၈၇ |
| ၃၂။ | ရဟန်းမယ်တော်၊ ခမည်းတော်နှင့် လားရာဂတိ | ၉၁ |
| ၃၃။ | ဘုရားရှင်၏နားရွက်တော်အရှည် | ၉၂ |
| ၃၄။ | မောဟစစ်တမ်း | ၉၆ |
| ၃၅။ | ရွှေကျင်ဂိုဏ်းကွဲဖြစ်ပေါ်ရခြင်းအကြောင်း | ၉၉ |
| ၃၆။ | လူလည်းမဟုတ် သူလည်းမဟုတ် | ၁၀၂ |
| ၃၇။ | မကျော်ကြားခြင်း၏အကြောင်း | ၁၀၆ |
| ၃၈။ | ဆုကြီးပန်နှင့် ဆုလေးပန် | ၁၀၇ |
| ၃၉။ | ဘုရားရှင်ရဲ့ဆံတော်အရှည် | ၁၀၉ |
| ၄၀။ | ပိဋကတ်နှင့် သမ္မာကျမ်းစာ ယှဉ်ကြည့်လိုသူ | ၁၁၁ |
| ၄၁။ | ငါစွဲကြောင့် တရားမတက်ပုံ | ၁၁၄ |
| ၄၂။ | ဗုဒ္ဓသည် အိန္ဒိယနိုင်ငံသား ဟုတ်-မဟုတ် | ၁၁၆ |
| ၄၃။ | ငါမဟုတ်ဟု မှတ်သိခြင်းအကျိုး | ၁၁၉ |
| ၄၄။ | မတော်တဆပင့်ကူအိမ်ဖျက်မိခြင်း | ၁၂၂ |
| ၄၅။ | ပုံတော်ကိုစော်ကားခြင်းအပြစ် | ၁၂၅ |
| ၄၆။ | တရားပွဲနှင့် ဘီယာဆိုင် | ၁၂၇ |
| ၄၇။ | ရောဂါပျောက်တာ သမထကြောင့်လား၊ ဝိပဿနာကြောင့်လား | ၁၂၉ |
| ၄၈။ | အကြည်နှစ်မျိုး အရေးကြီးပုံ | ၁၃၂ |
| ၄၉။ | တရားကျင့်တယ်ဆိုတာ ဘယ်လိုဟာလဲ | ၁၃၅ |
| ၅၀။ | လူ့ဘဝနှင့် ရဟန္တာဖြစ်သူ၏အနာဂတ် | ၁၃၇ |

၅၁။ သေရင်ပြီးပြီးဆိုတဲ့ ဝါဒ ၁၃၉
၅၂။ အရေးကြီးတာက အကြောင်းတရား ၁၄၁
၅၃။ သောတာပန်နှင့် သာသနာပ ၁၄၄
၅၄။ အာနန္ဒာနှင့် မာရ်နတ် ၁၄၈
၅၅။ ပြဟ္မာကို ဗုဒ္ဓက ဆရာတင်ရန် မလိုပုံ ၁၅၁
၅၆။ ကာယကံနှင့် မနောကံ အပြစ်ကွာခြားပုံ ၁၅၄
၅၇။ ဝိပဿနာ ရှုရမည့် ခန္ဓာ ၁၅၆
၅၈။ ဒါနက ကုသိုလ်အထောက်အပံ့ဖြစ်ပုံ ၁၅၈
၅၉။ ညောင်းလို့ ပြင်ရင် တရားရပါ့မလား ၁၆၆
၆၀။ စကားတစ်ခွန်းကြောင့် ဘုရားနှစ်ဆူကြား ပြိတ္တာဖြစ်ရသူ ၁၇၇
၆၁။ ဘာသာခြားကို ဗုဒ္ဓဘာသာဖြစ်စေသောတရားထိုင်ချိန်ပမာဏ ၁၈၄
၆၂။ တစ်ယူဇနာရဲ့ မိုင်အရေအတွက် ၁၈၇
၆၃။ တရားစခန်း အစုံဝင်တာ ကောင်းသလား ၁၈၉
၆၄။ အဆင်းရုပ် အနိစ္စမြင်ပုံ ၁၉၂
၆၅။ နေ့စဉ် ရှုမှတ်ပုံနှင့် နေစဉ်ရှုမှတ်ပုံ ၁၉၅
၆၆။ ရုပ်ဟောင်းချုပ်၍ ရုပ်သစ်အစားထိုးပုံ ၂၀၃
၆၇။ တရားရှုရင်း ခန္ဓာကိုယ်လှုပ်နေရင် ၂၀၅
၆၈။ ကာယကံမေတ္တာပွားများပုံ အကျယ် ၂၀၈
၆၉။ ရောဂါကြောင့် မထိုင်နိုင်သူများ တရားမရတော့ဘူးလား ၂၁၄
၇၀။ ရုပ်ထူးနာမ်ထူးပြဿနာ ၂၁၇
၇၁။ အသက်ငယ်ငယ်နဲ့ စေတီတည်ရင် ၂၁၉

## ရည်ညွှန်းချက် အမှာစာ

ဤစာစုသည်-

အနှိုင်းမဲ့ဗုဒ္ဓ၏ ဓမ္မရတနာများနှင့် ပညာရှိသူတော်ကောင်းများ၏ အဆုံးအမ ဩဝါဒများကို လူမျိုးဘာသာမရွေး သိရှိခံစားကြရပါစေခြင်းငှာ မေတ္တာရှေ့ထား စေတနာတရားဖြင့် မျှဝေခြင်းသာ ဖြစ်ပါသည်။

ပုထုဇဉ် မှန်သမျှ အမှားမကင်းနိုင်ကြသည်ဖြစ်ရာ ဤစာစုတွင် မှားယွင်းနေသော အချက်များ၊ လိုအပ်ချက်များ တွေ့ရှိပါက ရဟန်းရှင်လူ မည်သူမဆို ထောက်ပြဝေဖန် အကြံဉာဏ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တနေ့သ၌ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော် သီတင်းသုံးရာ ရွှေပြည်သာ မန္တလေးကျောင်းတိုက်သို့ အသက်(၅၀)ခန့် အမျိုးသားကြီး တစ်ဦးရောက်လာပြီး ဆရာတော်ကို ဂါရဝပြု ဖူးတွေ့ပါသည်။ ပြန်ကာနီးတွင် ဆရာတော် ရေးသားသော စာအုပ်များနှင့် တရားခွေများဝယ်ယူပြီး မိတ်ဆက်စကားပြောကြားပါသည်။

"ကျွန်တော် အင်းစိန်ကလာတာပါ။ ဆရာတော်ရဲ့ စာဖတ်ပရိသတ် တစ်ယောက်ပါ။ ဆရာတော်ရေးတဲ့ စာအုပ်တွေ ဖတ်၊ ဆရာတော် ဟောတဲ့ တရားခွေတွေ နာကြားခဲ့ရတာ ဆယ်နှစ်လောက်ရှိပြီ။ ဆရာတော်ကိုတော့ အခုမှပဲ ကိုယ်တိုင်ဖူးတွေ့ရတော့တယ်။

"အင်းစိန်မှာ ဆယ်နှစ်လောက်ရှိပြီဆိုတော့ ဘယ်သွားနေလို့လဲ"

"ကျွန်တော်က မုံရွာကဗျ။ အခုမှ ပြောင်းလာပြီး အင်းစိန်မှာ နေတာမကြာသေးဘူး"

"ခင်ဗျားက မုံရွာကနေ ခုမှ ပြောင်းလာပြီး ဖူးတွေ့ခွင့်ရတာ တော်သေးတာပေါ့။ ကျွန်တော်တို့ ကျောင်းနောက်နားမှာရှိတဲ့ ဌာနတစ်ခုက အရာရှိတစ်ယောက်ဆိုရင် ဆရာတော်ကို ခုထိ မဖူးတွေ့ရဖူးသေးဘူး။

"ဟင် ဘယ်လိုကြောင့်ပါလိမ့်"

"ဖြစ်ပုံက ဒီလိုဗျ၊ အဲဒီအရာရှိက ရွှေပြည်သာမှာ လေးနှစ်လောက်ရုံးထိုင်ခဲ့တာ၊ ဒါပေမယ့် သူကမိရိုးဖလာ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်နေတော့ ဘာသာရေးကို သိပ်အလေးအနက်မထားတဲ့အတွက် ဆရာတော်ကို သူမသိဘူး။ တစ်နေ့တော့ သူရာထူးတက်တာနဲ့ နေပြည်တော်ကို ပြောင်းရတယ်။ ပြောင်းမယ့်နေ့ကျတော့ သူ့တပည့်ဝန်ထမ်းတွေက အမှတ်တရလက်ဆောင်တွေ ပေးကြတယ်။ အဲ့ဒီလက်ဆောင်တွေထဲမှာ ဆရာတော်ရေးတဲ့ စာအုပ်တွေနဲ့ ဗွီစီဒီတရားခွေတွေလည်း ပါတယ်။

နေပြည်တော်ကို ရောက်ခါကျမှ အဲဒီအရာရှိက ဆရာတော်ရေးတဲ့ စာအုပ်တွေဖတ်၊ ဆရာတော်ဟောတဲ့ တရားတွေ နာမိရာက တကယ့်ဗုဒ္ဓဘာသာဖြစ်သွားတယ်။ ဆရာတော်ကို တော်တော်ကြည်ညိုပြီး ကျေးဇူးလည်း တင်မိတယ်။ ဆရာတော်ကိုလည်း ဖူးတွေ့ချင်တဲ့စိတ်တွေဖြစ်လာတဲ့အတွက် စာအုပ်တွေ လက်ဆောင်ပေးလိုက်တဲ့ သူ့တပည့်ဆီကို တယ်လီဖုန်းဆက်ပြီး "မေတ္တာရှင် ဆရာတော်က ရွှေပြည်သာမှာ သီတင်းသုံးတာဆို ဘယ်နားနေတာလဲကွ။ ငါ့နှယ် ရွှေပြည်သာမှာ နေရလျက်နဲ့ သွားပြီတောင် မဖူးလိုက်ရဘူး။

"ဆရာမဖူးဖြစ်လို့သာ မဖူးရတာပါ။ ဆရာ့ရုံးခန်းနဲ့ဆိုရင် ဓါတ်တိုင်လေးတိုင်ဘဲ ခြားတယ်။

အရာရှိလည်း သူ့အဖြစ်သူတွေးမိပြီး အတော်စိတ်မကောင်းဖြစ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ သိသင်တဲ့ အချိန်မှာ မသိလိုက်ရလို့ပါ။ ဒီနည်းတူပါပဲ၊ ဘာသာရေးနဲ့ ပတ်သက်လျှင် သိသင့်သိထိုက်တာတွေ သိကိုသိဖို့လိုပါတယ်။ မိရိုးဖလာ ဗုဒ္ဓဘာသာကတော့ ဖာသိဖာသာနေမှာပါ။ တကယ့်ဗုဒ္ဓဘာသာကတော့ မသိတာရှိလျှင် မေးမှာပဲ။ တတ်သိနားလည်တဲ့ ရဟန်းတွေ လူပုဂ္ဂိုလ်တွေကို မေးမှာပါ။

ယခုလည်း အနယ်နယ် အရပ်ရပ်မှ စာဖြင့်ရေးသား မေးမြန်းထားတဲ့ ဘာသာရေးဆိုင်ရာ အမေးပြဿနာများကို ဆရာတော်က မေတ္တာဖြင့် ဖြေဆိုထားပါတယ်။ ဒီအမေးအဖြေများကို စာဖတ်သူများ အချိန်မီသိရှိစေရန် စာအုပ်အဖြစ် စုစည်းရိုက်နှိပ်ထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်တွင် ပါရှိသော အမေးအဖြေများတွင် စာဖတ်သူများ သိလိုသော အချက်အလက်များ ပါဝင်မည်ဟု ထင်မြင်မိပါသည်။ ဤသို့သော အမေးအဖြေများကို စုစည်းပြီး ဆက်လက်ထုတ်ဝေဖြန့်ချိသွားမည် ဖြစ်ကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။

## ကြားရခဲသောအရာ

ဘုရား၊ တရား၊ သံဃာ ဆိုသည့် စကားလုံးကို ဤသတ္တဝါတို့သည် ကမ္ဘာပေါင်း ကုဋေသိန်းပေါင်း များစွာမှာ မကြားဖူးကြ။

ဓမ္မပဒ

ညီမေတ္တာ

## ဝေဒနာကုန်အောင် ရှုလို့ ရသလား

မေး။ ။ ကြာကြာထိုင်လို့ ကိုက်ခဲတာကို ဝေဒနာငြိမ်းသည်အထိ ရှုမှတ်ရမယ်ဆိုတာ ဟုတ်ပါသလား။ လက်တွေ့ကတော့ နာတာကို ထပ်ရှုလေ ပိုနာလေပဲ ဘုရား။

ဖြေ။ ။ ဟုတ်သားပဲ. . . အဲဒါအမှန်ပြောတာ။ ဘုန်းကြီးတို့လည်း မှားခဲ့ပါတယ်။ ဝိပဿနာပညာဆိုတာ ခက်ခဲနက်နဲတော့ တစ်ကြိမ်တစ်ခါ၊ (၁)နှစ်၊ (၂)နှစ်နဲ့လည်း မသိနိုင်ပါဘူး။ များများဖတ်၊ များများနာ၊ များများမေးမြန်းမှ သိလာရတာပါ။ ဆရာတော်တို့ဆိုရင် ကိုရင်ဘဝကတည်းက ဝိပဿနာကို ကြိုးစားအားထုတ်လာတာကြာပြီလေ။ နှစ်မနည်းတော့ပါဘူး။ ယောဂီတို့လည်း အဲဒီလိုကြိုးစားရမှာပေ့ါ။ နှစ်ကြာလာလေ သိလာလေ ဖြစ်မှာပဲ။ ဆရာတော်တို့လည်း အလကားသိတာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ကြိုးစားခဲ့လို့ သိလာတာ။ ဒီနေရာမှာ ယောဂီအများစုဟာ ရောဂါနဲ့ဝေဒနာ မကွဲဘူး ဖြစ်နေတယ်။

အကြာကြီးထိုင်လို့ နာကျင်ကိုက်ခဲလာတာဟာ ရောဂါပဲ။ ဝေဒနာမဟုတ်ဘူး။ သို့သော် ဝေဒနာလို့ထင်နေတယ်။ အဲဒီတော့ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာမှန်သမျှ ရုပ်ဖောက်ပြန်လို့ဖြစ်လာတဲ့ ရောဂါလို့ သိထားပါ။ ခံစားတဲ့ သဘောလေးက ဝေဒနာပဲ။ အဲဒါကို များသောအားဖြင့် တောထွက် တရားပြဘုန်းကြီးတွေ မသိဘူး။ အဲဒါဝေဒနာပဲ။

ဝေဒနာချုပ်အောင်ရှုဆိုပြီး နင်းကန်ရှုခိုင်းတော့တာပဲ။ ဝေဒနာဆိုတာ မှတ်ထားလိုက်ပါ။ ရုပ်ရှိနေသမျှ ရောဂါရှိမယ်။ စိတ်ရှိနေသမျှ ဝေဒနာရှိတယ်။ ဒီရုပ်ခန္ဓာကြီးရှိနေသမျှ ဖေါက်ပြန်တဲ့၊ နာကျင်တဲ့၊ ကိုက်ခဲတဲ့ ရောဂါတွေရှိမှာပဲ။ ဟုတ်မလား။ ဒါကိုဖယ်လို့ မရနိုင်ဘူးလေ။ ရုပ်ရှိရင် ရောဂါရှိမှာပဲ။

ကြာကြာထိုင်သမျှ နာမှာပဲ. . ဒါထုံးစံပဲလေ။ မနာချင်ရင် မထိုင်နဲ့ပေါ့. . . ရှင်းရှင်းလေးပဲ။ နာတဲ့ဒဏ်မခံနိုင်ရင် ပြောင်းရှုလို့ သင်ပေးထားပြီးပြီလေ။ အဲဒီတော့ ရုပ်ရှိရင် ရောဂါရှိမယ်။ စိတ်ရှိရင် ဝေဒနာရှိမယ်။ ဝေဒနာဆိုတာ စေတသိက်ပဲ။ စိတ်မှာ မှီပြီးတော့ ဖြစ်တာပါ. . . ခံစားတဲ့ သဘောပဲ။ အဲဒီခံစားတဲ့ သဘောလေးက စိတ်ရှိနေသမျှ သူရှိမှာဆိုတော့ နိဗ္ဗာန်မရောက်မချင်း ဝေဒနာရှိတယ်လို့ မှတ်စမ်းပါ။ ဘယ်တော့မှ မချုပ်ပါဘူး။ ကြာကြာထိုင်တဲ့ အခါမှာ ဆိုကြပါစို့. . . ခံနိုင်ရည်ရှိသွားတော့ မနာသလို ဖြစ်သွားတယ်။ တကယ်တော့ နာတော့နာတယ်နော်။ အဲဒါကိုပဲ ဝေဒနာချုပ်တယ်၊ ဝေဒနာကုန်တယ်လို့ ပြောကြတယ်။ ဘယ်လိုလုပ် ကုန်လို့ရမှာလဲ။ ဝေဒနာကုန်တဲ့လူရှိရင် ရှေ့ထွက်ခဲ့. . ခေါင်းကိုတစ်ချက်လောက် ခေါက်လိုက်မယ်။ မနာဘူးလား. . . နာတာပေါ့။ ဘာလို့လဲ. . . စိတ်ရှိရင် ဝေဒနာရှိတယ်။ ရုပ်ရှိရင် ရောဂါရှိတယ်။ အဲဒါဆိုရင် ဒီအမေး အဖြေရှင်းလောက်ပါပြီနော်။ ဒါကြောင့် နာတာ၊ ကိုက်တာ

တင် ဝေဒနာမဟုတ်ဘူး။ ဝေဒနာထဲသွင်းရင် ဒုက္ခဝေဒနာထဲ သွင်းကြတာပေါ့။ တကယ်တော့ ဝေဒနာက သုခဝေဒနာ လည်း ရှိသေးတယ်။ ကောင်းတာကို ပြောတာ။ အဲဒါကျတော့ ရှုဖို့မေ့နေကြတယ်။ ဆင်းရဲမှ၊ ဒုက္ခဝေဒနာကျမှ ရှုရမယ် လို့ထင်တော့ ဆင်းရဲအောင်လိုက်လုပ်နေကြတာလည်း ရှိသေး တယ်။ ဆင်းရဲချမ်းသာမထင်ရှားတဲ့ ဥပေက္ခာဝေဒနာလည်း ရှိသေးတယ်။ အကုန်လုံး ဘယ်ဝေဒနာရှုရှု မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်ရမှာပဲ။ ဒါကြောင့် ထိုင်ခါစတော့ ထိုင်လို့ မကောင်း ဘူးလား. . . ကောင်းတယ်လေ။ ၅မိနစ်၊ ၁၀မိနစ်အထိ ဘာမှမဖြစ်ဘူး. . . အရသာကိုရှိလို့။ အဲဒါ သုခဝေဒနာ ခေါ်တယ်။ အဲဒါလည်း ခံစားတဲ့သဘောပဲ မမြဲဘူး။ မမြဲဘူး ဆိုတာ ရောဂါကိုပြောတာ မဟုတ်ဘူး။ ခံစားတဲ့ သဘော လေးကိုပြောတာ. . . အဲဒီလိုသိကြပါ။ ပြောင်းလဲသွားတာ ပေါ့နော်။ ပြောင်းလဲတာကိုပဲ မမြဲဘူးလို့ပြောတာ။ ဝေဒနာကြီး ပျောက်သွားတာ မဟုတ်ဘူး။ ဒီမေးခွန်းတစ်ခု ယောဂီတို့ အတွက် အင်မတန်အကျိုးကြီးပါတယ်။ တကယ်တော့မေးတဲ့ ကလေးမလေးက အသက်၂၀-ပဲရှိပါသေးတယ်။ စာဖတ် အားလည်း ကောင်းပြီး. . . တရားလည်း နာထားလို့ပါ။

**အာနာပါနနှင့် သမထ၊ ဝိပဿနာ**

မေး။ ။ အာနာပါန ဝင်လေထွက်လေရှုခြင်းသည် သမထ(သို့မဟုတ်) ဝိပဿနာ ဘယ်လိုကွာခြားပါသလဲ။

ဖြေ။ ။ အဲဒါရှင်းပြခဲ့ပြီးပါပြီ။ ဝင်တာထွက်တာတင်မှတ်ရင် သမထပဲ။ ထိသဘောလေးမှတ်ရင် ဝိပဿနာပဲ။ သို့မဟုတ် တွန်းကန်တဲ့ သဘောလေးမှတ်ရင်လည်း ဝိပဿနာပဲ။ သို့မဟုတ် အဲဒီ လေလေးရဲ့ ပူသဘော၊ အေးသဘောလေး သိမှတ်နေရင် လည်း ဝိပဿနာဖြစ်သွားတယ်။ အဲဒီလိုလေး ခွဲခြားထား ပါ။ အဲဒီတော့ ပွားပါ. . . ပွားလို့ရပါတယ်။ အားလုံးကို အသိပေးပါတယ်။ ပြောခဲ့ပြီးပြီလေ။ တရားအားထုတ်တယ် ဆိုတာ ကိလေသာတွေ ကင်းအောင်နေတာပါ။ ဂုဏ်တော် ပွားရင်ကော ကိလေသာ မကင်းဘူးလား။ ပွားများပါ. . . ခွင့်ပြုပါတယ်။ မေတ္တာပွားရတာကို အားသန်ရင် မေတ္တာလေး ပွားပါ။ ဘာပဲပွားများ ပွားများရပါတယ်။ ကိုယ့်ရဲ့ ရည်ရွယ် ချက်ပန်းတိုင်က နိဗ္ဗာန်ဖြစ်တဲ့အတွက်ကြောင့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ အားလုံးနိဗ္ဗာန်ကို ပို့နိုင်စွမ်းရှိပါတယ်။ အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ပွားများပါ လို့ပဲ အကြံပေးပါတယ်။

## အခိပ္ပါယ် သိမှ တရားရမှာလား

မေး။ ။ ခန္ဓာငါးပါး၊ ဓါတ်၊ သစ္စာ စသဖြင့် နှုတ်က အလွတ်နီးပါး ရပေမယ့် မြန်မာပြန်အဓိပ္ပါယ်များကို မသိပါဘုရား။ အများ ရွတ်လို့ နှုတ်တိုက်ရပေမယ့် အဓိပ္ပါယ်မှမသိရင် တရား မကိန်းတာ ဟုတ်ပါသလား။

ဖြေ။ ။ ဟုတ်တာပေါ့။ တစ်ခုတော့ရှိပါတယ်။ တရားကိန်းဆိုတဲ့ နေရာမှာလည်း နာမည်နဲ့သိမှမဟုတ်ဘူး။ သဘောတရား သိပြီးတော့ တရားရသွားတာတွေလည်း အများကြီးပဲ။ ဥပမာ- စွန်းလွန်းဆရာတော်ကြီးဆိုရင် ဘာစာမှမတတ်ပါဘူး။ ဒါပေမဲ့ ရဟန္တာဖြစ်သွားတာပါပဲ။ အဲဒီတော့ သူသည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစတဲ့ ဈာန်အင်္ဂါတွေ သူမကြားဖူးဘူး။ မကြားဖူးတော့ သူ့ကို ရဟန္တာဖြစ်မဖြစ် တရားစစ်တဲ့အခါ သူက မြန်မာလိုပြောပြနိုင်တယ်။ ဝိတက်လို့ ပါဠိလိုမသိဘူး. . . မကြားဖူးဘူး။ ဒါပေမဲ့ ဝိတက်ရဲ့ မြန်မာပြန်ကို သိတယ်။ တွေးတော ကြံစည်တဲ့ သဘောပေါ်တယ်။ အဲဒါ ဝိတက်ကို ပြောနေတာ။ ပြီးတော့ သုံးသပ်တဲ့ သဘောလေးပေါ်တယ်။ ဝိစာရကို ပြောနေတာ။ အဲဒီလို ပြောတတ်တယ်။ ဒါကြောင့် တရားကိုပုံမှန်သာ နာပါ။ ပုံမှန်သာ ရှုမှတ်ပါ။ စာမတတ်လည်း တရားရပါတယ်။ ခန္ဓာ၊ ဓါတ်၊ သစ္စာတွေ အကုန်မသိလည်း တရားရပါတယ်။ ခန္ဓာ၊ ဓါတ်၊ သစ္စာတွေကို ပြည့်ပြည့်စုံစုံသိချင်ရင် ဆရာတော်ရေးတဲ့ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ စာအုပ်(၃)အုပ်တွဲကို အစကနေအဆုံး ဖတ်ပါ။ အဲဒါ မြန်မာပြည်က ဗုဒ္ဓဘာသာတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာတော်မသေမချင်း ဆက်တိုက် ရေးသွားပါ့မယ်။ ပြောရရင် မြန်မာပြည်က ဝိပဿနာတွေကို ကုန်အောင်ရေးပေးမယ်။ အဲဒီဂမ္ဘီရ

ဝိပဿနာဖတ်ရုံနဲ့ တစ်ထိုင်တည်း မြန်မာပြည်တစ်ပြည်လုံးက ဝိပဿနာတွေကို ရှုပြီးသားဖြစ်သွားလိမ့်မယ်။ နားလည်အောင် လည်းပဲ လူငယ်တစ်ယောက်ကို သင်သလို ရေးထားပါတယ်။ ဖတ်ဖြစ်အောင် ဖတ်ပါ။

## သုဒ္ဓဝိပဿနာ အစီပွါယ်

မေး။ ။ မဟာစည်၊ မိုးကုတ်၊ စွန်းလွန်း၊ သဲအင်းဂူ၊ မိုးညှင်း-စသည်ဖြင့် များစွာကွဲပြားနေတာများသည်၊ ဘုရားဟောများဖြစ်ပေမယ့် သုဒ္ဓဝိပဿနာကျင့်တယ်ဆိုတာ ဘယ်လိုတရားများလဲ. . . ဘုရား။

ဖြေ။ ။ အတူတူပါပဲ။ ဒီဘုန်းကြီးကိုယ်တိုင်လည်း မဟာစည်၊ မိုးကုတ်ဝိပဿနာတွေကို ကျင့်ခဲ့တာပါပဲ။ ဒါပေမဲ့ ဆရာတော်က ဝိပဿနာ နာမည်တပ်တဲ့အခါကျတော့ ဂိုဏ်းစွဲ မထားချင်ဘူး။ မိုးကုတ်လို့တပ်လို့ရှိရင် မဟာစည်က မကြိုက်တော့ဘူးလေ။ မဟာစည် တပ်လို့ရှိရင်လည်း မိုးကုတ်က လှည့်မကြည့်ပြန်တော့ဘူး။ အဲဒီတော့ ကြားထဲက သုဒ္ဓဝိပဿနာဆို အကုန်ပါသွားရော။ ဒါပဲ. . . သိလား။ အစွဲမထားတော့ဘူးနော်။ အကုန်လုံးအတူတူပါပဲ။ ဆရာတော် အကုန်လုံးမှာ အားထုတ်ခဲ့ဖူးပါတယ်။ တစ်ခုတော့ရှိတယ်။ ဒီသုဒ္ဓဆိုတဲ့ နည်းရဲ့နာမည်ကို စရတာကတော့ လယ်တီ ဆရာတော်ကြီးရဲ့သောမနဿုပေက္ခာကျမ်းမှာ ဒီစကားလုံးလေးပါတယ်။ ဆရာတော်ကြီးက သက်တမ်းတိုတဲ့ အချိန်မှာ

သမထ တွေလုပ်ပြီးတော့ သေသွားရင် ကိုယ်ကျိုးနည်းမယ် တဲ့ . . . အချိန်ကြာလို့ပါ။ သမထကို သီးသန့်မလုပ်တော့ ဘဲနဲ့ ဓါတ်တရား၊ ပရမတ် တရားကိုနာပြီးတော့ ချက်ချင်း ရှုဖို့ အဲဒီထဲမှာ ရေးထားပါတယ်။ ကောက်နုတ်ချက်လေး ဖတ်ချင်ရင်တော့ ဘုန်းကြီးရေးတဲ့ သညာသိနှင့်ပညာသိ စာ အုပ်ထဲမှာရေးထားပါတယ်။ ဒါပေမဲ့ အပြည့်အစုံဖတ်သင့် ပါတယ်။ သောမနဿုပေက္ခာကျမ်းကိုရှာပြီးတော့ ဖတ် ကြပါ။

မေး။ ။ တချို့က တို့မှာ တရားအလုပ် မလုပ်နိုင်သေးပါဘူး. . . ပါရမီအား နည်းပါသေးတယ်လို့ ပြောကြပါတယ်။ သမီး သိတာ ပါရမီက မိမိကိုယ်မိမိ လုပ်ယူရတာ မဟုတ်လား ဘုရား။

ဖြေ။ ။ မှန်တာပေါ့. . . ပါရမီဆိုတာ မိုးကျရွှေကိုယ် မဟုတ်ပါဘူး။ လုပ်ယူရတာပါ။ ဒါကြောင့် ပါရမီကို လွှဲမချကြပါနဲ့။ နောက် ပြောပြချင်တာကတော့ မြန်မာပြည်မှာ လူဖြစ်တယ်။ ဗုဒ္ဓ ဘာသာဖြစ်တယ်ဆိုရင် ပါရမီရှိပြီးသားပဲ။ ပါရမီမရှိရင် မြန်မာပြည်မှာ လူကိုလာမဖြစ်ဘူး။ ဗုဒ္ဓဘာသာလည်း မဖြစ် ဘူး။ ဒီရိပ်သာထဲလည်း ရောက်ကိုမလာဘူး။ မြန်မာပြည်က ဗုဒ္ဓဘာသာအားလုံး ပါရမီရှိပြီးသားပုဂ္ဂိုလ်ချည်းပဲ။ အနည်းနဲ့ အများ၊ အနုနဲ့အရင့်ပဲ ကွာပါလိမ့်မယ်။

## ရှင်ဥပဂုတ်နှင့် ထေရဝါဒ

မေး။ ။ ထေရဝါဒစစ်စစ်ပါလို့ ပြောကြပေမယ့် ဘာကြောင့် တချို့ဘုန်းကြီးကျောင်းတွေရှေ့မှာ ရှင်ဥပဂုတ်မထေရ်ပုံကြီး ရှိရတာလဲ ဘုရား။

ဖြေ။ ။ ပြဿနာပဲ။ တခြားဘုန်းကြီးတွေနဲ့ ငါ့ကိုရန်တိုက်ပေးပြီထင်တယ်။ ဟုတ်တယ် ရှိတယ်။ တလောက ရန်ကုန်တိုင်းကဘုန်းကြီးကျောင်းတစ်ကျောင်းမှာကို တွေ့ခဲ့တယ်။ အဲဒီကျောင်းမှာဘုန်းကြီးက တရားပွဲလုပ်တာ။ ရှင်ဥပဂုတ်ပုံကကြေးနဲ့သွန်းထုထားတာ အကြီးကြီးပဲ။ ဦးပဥ္ဇင်းတို့ကတော့ကြားထဲက နှုမြောလိုက်တာ။ ရေထဲမှာ အလကား ဖြစ်ပါပြီဆိုပြီးတော့ နောက်ပြီးရေထဲမျှောမှာလေ။ ပြီးရင် ဖေါင်ပျက်လို့ရှိရင် ပင်လယ်ထဲမှာဒီအရုပ်ကြီးက မြုပ်မသွားဘူးလား။ အဲဒီတော့ အဲဒါတွေကလေ သံဃာရည်မှန်းတာ ဖြစ်တဲ့အတွက်ကြောင့် အနည်းအကျဉ်းကုသိုလ်တော့ ရနိုင်ပါတယ်။ သံဃာထဲထည့်ရင်တော့ ဖြစ်နိုင်တာကိုး။ ဒါပေမဲ့ အကျိုးကျတော့ မရှိတော့ဘူး။ ရှင်ဥပဂုတ်ဖေါင်ထဲ ပစ္စည်းတွေထည့်၊ အကုန်ထည့် အများကြီးပဲနော်။ တချို့ဆို သိန်းနဲ့ကို ချီတယ်။ ပင်လယ်ထဲမျောပြီး ရေထဲမြုပ်သွားရော။ အဲဒီတော့ကုသိုလ်တော့ နည်းနည်းရချင်ရမယ်။ အကျိုးတော့ တကယ်မရှိဘူး။ အဲဒါက မြန်မာပြည်မွဲခြင်းရဲ့ အကြောင်းတစ်ခုပဲ။ ဆရာတော်တို့တော့ အားမပေးဘူး။ အဲဒီလိုကုန်မယ့်အစား

ဆေးမကုနိုင်တဲ့လူတွေကို ဆေးကုပေးလိုက်ရင် ဘယ်လောက်အကျိုးရှိမလဲ။ အဲလိုလုပ်သင့်တယ် . . . ရှင်ဥပဂုတ်အကြောင်းအကျယ်အပြည့်အစုံကိုတော့ သညာသိနဲ့ ပညာသိစာအုပ်နိဒါန်းမှာဖတ်ပါ။ အကျယ်ပါတယ်။ ဒီမေးခွန်းကို နယ်တွေမှာ ဆရာတော်တို့ မကြာခဏအမေးခံရပါတယ်။ ဆရာတော် တစ်ခါတလေတိုတိုပဲဖြေလိုက်တယ်။ မန်လည်ဆရာတော်ကြီးရဲ့နည်းပေါ့။ ဆရာတော်ကြီးက ခပ်ကြမ်းကြမ်းပဲ ဖြေလိုက်တယ်။ သီလရှင်တစ်ပါးက မေးတာပေါ့။ သေလေးပါး ရှင်လေးပါးဆိုတာ ကြားဖူးတယ် မဟုတ်လား။ သူက အဲဒါကိုအမြဲတမ်း ရှိခိုးတယ်။ ဂါထာရွတ်တယ်ပေါ့။ အဲဒါဆရာတော် သေလေးပါး၊ ရှင်လေးပါးက ပိဋကတ်ကျမ်းဂန်ဘုရားဟော ရှိပါသလားတဲ့။ အမှန်တော့ မရှိပါဘူးလို့ ပြောလိုက်ရင် အဲဒီသီလရှင်အနေနဲ့ဆက်ကန်တော့မှာ မဟုတ်ဘူးလေ။ သူနည်းနည်းရမယ့် ကုသိုလ်လည်း မရတော့ဘူးလေ။ ပြီးတော့ အဲဒီဂါထာလေးတွေက သံဃာ ရည်မှန်းပြီးလုပ်တာဆိုတော့ ကုသိုလ်တော့ အနည်းအကျဉ်းရတာပဲ။ အဲဒါနဲ့ ဆရာတော်ကြီးက မယ်သီလ. . မေးမနေနဲ့. . ကိုယ့်ဘာသာ ရွတ်မှာသာရွတ်တဲ့။ အဲဒါနဲ့ မယ်သီလ ပြန်သွားတယ်။ နောက်နေ့လည်း လာမေးပြန်ရော။ နှစ်ကြိမ်မြောက်မှာလည်း ပြန်လွှတ်လိုက်တာပေါ့။ သုံးကြိမ်မြောက်ရောက်တော့ ဘုန်းကြီးကဒေါသ ဖြစ်သွားတယ်နဲ့တူတယ်။

ဟဲ့. . . မယ်သီလ. . . အဲဒီလောက် မေးရအောင် အဲဒီသေ လေးပါးရှင်လေးပါးထဲမှာ နင့်လင်ဘယ်နှစ်ယောက်ပါတုံးတဲ့။ တစ်ခါတည်းထွက်ပြေးသွားတယ်။ မမေးရဲတော့ဘူး။

**သကြ္ကန်မှာ သိကြားမင်း ဆင်းသလော**

မေး။ ။ သိကြားမင်းက သင်္ကြန်ကာလမှာ လူ့ပြည်ကိုအကောင်မျိုးစုံ စီးပြီးလာတယ်လို့ ပြောကြပါတယ်။ လူ့အသက် ၁၀၀နှစ်မှာ တာဝတိံသာမှာ တစ်ရက်လို့ပြောပါတယ်။ လူ့အသက် (၁)နှစ် ဆိုရင် သိကြားမင်း စက္ကန့်ပိုင်းနဲ့ အကြိမ်ကြိမ် ဆင်းရမလို ဖြစ်နေတယ်။ အဲဒါဘာတွေလဲ ဘုရား။

ဖြေ။ ။ ဟုတ်တယ်။ တော်တော်ရယ်စရာ ကောင်းတယ်။ အမှန်တော့ သိကြားမင်း မလာနိုင်ပါဘူး။ ဆင်းလည်း မဆင်းပါဘူး။ ကဲ. . . သင်္ကြန်သမိုင်းလေးရှင်းရအောင်။ ရေပက်တဲ့ စိတ်ဝင် စားစရာဇာတ်လမ်းတွေပြောပြမယ်။ ဗုဒ္ဓလက်ထက်က ကျောင်း ဒကာကြီးအနာထပိဏ်မှာ အစေခံသူရင်းငှားပေါင်း ၉၉- ယောက် ရှိတယ်။ အဲဒီထဲက သူရင်းငှားအမျိုးသမီး တစ် ယောက်က ကလေးမလေးတစ်ယောက် မွေးတော့ ၁၀၀- ပြည့်သွားတယ်။ ဒါကြောင့် ဒီကလေးမလေးကို ပုဏ္ဏာ-လို့ နာမည်ပေးလိုက်တယ်။ အဓိပ္ပါယ်က ၁၀၀-ပြည့်သူပေါ့။ စာရင်းငှားမလေးပါ။ သို့သော် စိတ်ဝင်စားစရာကောင်းတာက ဒီကလေးမလေးက ဒီဘဝမှာသာကျွန်ဖြစ်နေတာ အရင် ဘဝတုန်းက ပိဋကတ်သုံးပုံတတ်တဲ့ နာမည်ကြီး စာချမယ့်

ကထိကပါ။ ဘာကြောင့်လဲဆိုတော့ မာနကြီးခဲ့လို့ပဲ။ ငါသိတယ်၊ ငါတတ်တယ်ဆိုတဲ့ မာနပေါ့။ ဒါကြောင့် ယောဂီတို့ကို ကိုယ့်ပန်းကန်ကိုယ် ဆေးခိုင်းတာက မာနကိလေသာကို လက်တွေ့သတ်ခိုင်းတာပဲ။ တရားစခန်းဝင်တဲ့ ယောဂီဖြစ်သော်လည်းပဲ တရားထိုင်ချိန်၊ ရှုမှတ်ချိန်မှတစ်ပါး ဝေယျာဝစ္စ လုပ်ကောင်းပါတယ်။ လုပ်ကြပါ။ ပြည့်ဝတဲ့ ပုဂ္ဂိုလ်များက အိမ်သာတွေကိုမြင်ရင် အနံ့အသက်တွေ မရှိအောင်ဆေးပေးခဲ့ပါ။ အဲဒါမာနကိလေသာကို အလုပ်နဲ့ လက်တွေ့ပယ်သတ်ပေးတာပါပဲ။ မာနမထားကြပါနဲ့. . . ဒီက ဒကာလေးတစ်ယောက်ဆိုရင် ယောကျ်ားအိမ်သာ ဆေးရုံတင် အားမရဘူး။ ဆရာတော်တဲ့. . . အမျိုးသမီး အိမ်သာကော ဆေးပေးလို့ရလားတဲ့။ ရတာပေါ့ဆိုတော့ သွားဆေးပေးတယ်။ အဲဒီ ယောကျ်ားလေးတစ်ယောက်က တောင်မှ အမျိုးသမီးအိမ်သာကို ဆေးကြောပေးရဲသေးရင် အမျိုးသမီးတွေက ကိုယ့်အမျိုးသမီးအိမ်သာလောက်တော့ မဆေးပေးသင့်ဘူးလား. . . ဆေးကြပါ။ ကုသိုလ်လည်းရ မာနကိလေသာလည်း ပယ်သတ်ပြီးသားဖြစ်တယ်။ အဲဒါ အဲဒီကလေးမလေး အပျိုပေါက်အရွယ်ကျတော့ ချမ်းချမ်းစီးစီးပြာသိုလမှာ ဂင်္ဂါမြစ်ထဲမှာ ရေခပ်ဖို့သွားတယ်။ အဲဒီမှာ အသက် (၆၀)လောက်ရှိတဲ့ ဟိန္ဒူဘာသာဝင်ပုဏ္ဏားကြီး တစ်ယောက်က ဂင်္ဂါမြစ်ထဲမှာ ရေစိမ်နေတယ်။ ချမ်းလွန်းလို့

နှုတ်ခမ်းတွေပြာပြီး တုန်နေတယ်။ အဲဒါနဲ့ ကလေးမလေးက အဘရယ်တဲ့ ကျွန်မတို့ မှာတော့ သူများအိမ်က သူရင်းငှား မို့လို့ စောင်နဲ့ကွေးအိပ်ချင်တဲ့ကြားထဲက မအိပ်ရဘဲ ရေလာ ခပ်ရတယ်။ အဘက ပစ္စည်းရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ။ ဘာဖြစ်လို့ အခုလိုချမ်းတဲ့အချိန်မှာ အိမ်မှာ ကွေးမအိပ်ဘဲနဲ့ ဂင်္ဂါမြစ်ထဲမှာ ရေလာစိမ်ရတာလဲ။ ဟိုကလေ အထင်သေးတဲ့ အကြည့်နဲ့ လှမ်းကြည့်ပြီးတော့ ဟဲ့. . . ကောင်မလေး နင်ဘာနားလည်လို့လဲ။ ငါတို့ ဟိန္ဒူဘာသာအယူအဆအရ ဒီဂင်္ဂါမြစ်ထဲမှာ ရေလာစိမ်ရင် ငါနှစ်ပေါင်းများစွာပြုခဲ့တဲ့ အကုသိုလ်၊ အညစ်ကြေးတွေဟာ မြစ်ရေထဲမှာ မျောပါ သွားတယ်။ ကိလေသာ အကုသိုလ်အညစ်အကြေးတွေ စင်ကြယ်ဖို့အတွက် ဂင်္ဂါမြစ်ထဲမှာ လာစိမ်တာ။ အခုထိ အိန္ဒိယမှာ အဲဒီလိုမျိုး စိမ်ကြသေးတယ်။ တစ်နှစ်တစ်ကြိမ် ဂင်္ဂါမြစ်ရေစိမ်ပွဲရှိတယ်။ သို့သော် သူကိုမေးတဲ့ မိန်းကလေးက သာမန်ကာလျှံကာ မိန်းကလေးမဟုတ်ဘူး။ အသိဉာဏ်ရှိတဲ့ မိန်းကလေးဆိုတော့ ပြန်မေးတယ်။ အဘ. . . အဲလိုဆို မေးပါရစေအုံး၊ ဒီဂင်္ဂါမြစ်ရေထဲမှာစိမ်လို့ အကုသိုလ်အညစ် အကြေးတွေ စင်ကြယ်တယ်ဆိုရင် အဘက တစ်လတစ်ခါ လောက် စိမ်တာပါ။ ငါးတွေ၊ လိပ်တွေက အမြဲတမ်း စိမ်နေ တာ။ အဘထက်ပိုပြီးတော့ အကုသိုလ်စင်ကြယ်မှာပေါ့ ဆိုတော့ အေး. . . ဟုတ်သားပဲတဲ့။ အဲဒါကြောင့် ယောဂီ

များရေ. . . ဝေဖန်ဆန်းစစ်တဲ့ ပညာဟာ ဗုဒ္ဓဘာသာမှာပဲ ရှိတယ်။ ဘယ်ဘာသာမှာမှ ဝေဖန်တဲ့၊ ဆန်းစစ်တဲ့ပညာမရှိဘူး။ ယုံကြည်တဲ့စိတ်လေးတစ်ခုနဲ့ပဲ တည်ဆောက်ထားကြတာပါ။ နောက် အဘရေ. . . ဆက်တွေးပါအုံး။ ဒီဂင်္ဂါမြစ်ရေထဲမှာ စိမ်တဲ့အတွက်ကြောင့် အဘလုပ်ထားတဲ့ အကုသိုလ်တွေ မြစ်ရေထဲမျောပါသွားရင်၊ သေချာတယ်နော်. . . အဘပြုခဲ့တဲ့ ကုသိုလ်တွေလည်း မျောပါသွားမှာပဲဆိုတော့မှ အေး. . . ဟုတ်သားပဲဆိုပြီး ခုန်တက်လာတယ်။ ကုသိုလ်တွေမျောမှာ ကြောက်လို့လေ။ မစဉ်းစားတာ ပြောပြတာပါ။ အဲဒီမှာ အဘိုးကြီးက ကောင်မလေးကိုလေးစားသွားတယ်။ အေး. . . မင်းဟာ ငါ့မြေးလောက်ပဲရှိပေမယ့် ငါ့ထက်အသိဉာဏ်ကြီးတယ်။ ငါပူဇော်ပါရစေဆိုပြီးတော့ သူ့အပေါ်ရုံအဝတ်ကြီးကို လှူတယ်။ မိန်းကလေးကို ဂုဏ်ပြုတာပေါ့နော်။ မိန်းကလေးက အဘ၊ ကျွန်မက ဗုဒ္ဓဘာသာမှာ ကကြီး၊ ခခွေးအဆင့်ပဲရှိသေးတယ်။ မြတ်စွာဘုရား ရှိပါတယ်။ ဘုရားဆီကို ရောက်အောင်သွားပါဆိုမှ ဘုရားဆီရောက်၊ ပြီးတော့ ပုဏ္ဏားကြီး ရဟန်းဝတ်ပြီးတော့ ရဟန္တာဖြစ်သွားတယ်။ ပြောပြချင်တာကတော့ မြန်မာပြည်ဟာ အရင်တုန်းက ဗုဒ္ဓဘာသာ မဟုတ်ဘူးလေ။ မိစ္ဆာဒိဋ္ဌိတွေပဲ။ တိရစ္ဆာန်တောင်ကိုးကွယ်တယ်။ အခုယောဂီတို့တွေအိမ်ပြောင်းမယ်၊ ခရီးသွားမယ်ဆိုရင် နဂါးလှည့်တွေ ဘာတွေ

မရွေးဘူးလား။ ရွေးတယ်နော်။ အဲဒါ နဂါးကိုးကွယ်တဲ့ . . . အလေ့အထပဲ။ ဒီမြန်မာတွေ ဘယ်လောက်အောက်တန်းကျလဲဆိုရင် တိရစ္ဆာန်တောင် ကိုးကွယ်ခဲ့တာ။ အခုထိ အဲဒီလို ကိုးကွယ်တာ မပျောက်သေးဘူး။ အဲဒါ နတ်ပြတယ်ဆိုတာကလည်း အမှန်က နဂါးပြတာတဲ့။ ရှင်ပြုတဲ့အခါ နတ်ပြတာမရှိဘူးလား။ ဘုန်းကြီးက ပြောလိုက်တယ်။ မင်းတို့နတ်က သွားပြမှ မြင်ရမှာလား။ မျက်စိမှုန်နေလို့လားလို့ ပြောလိုက်တယ်။ နတ်က တန်ခိုးနဲ့လှမ်းကြည့်ရင် မြင်ရတာပဲ။ သွားပြရတယ်ဆိုရင်တော့ ဒီနတ်က မျက်စိမှုန်နေပြီ။ ဘုန်းကြီးဆီကို လွှတ်လိုက်၊ မျက်စိခွဲပေးမယ်လို့ ပြောလိုက်တယ်။ အဓိပ္ပါယ်မရှိတာ ပြောပြတာပါ။ မစဉ်းစားကြဘူး။ ဗုဒ္ဓဘာသာအများစုက အဲဒီလိုမျိုးပဲ။ အသိဉာဏ်မရှိဘူး။ အဲဒီတော့ အိန္ဒိယနိုင်ငံက အကုသိုလ်စင်ကြယ်အောင် ဂင်္ဂါမြစ်ရေစိမ်တယ်။ သို့သော် လူက သန်းနဲ့ချီပြီးရှိတော့ လူတိုင်း မစိမ်နိုင်ဘူး။ ဘယ်ရက်မှာစိမ်ရမယ်ဆိုတာသတ်မှတ်ပြီးသား ရှိတယ်။ အဲဒီတော့ မစိမ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရေဖြန်းပေးမယ်ဆိုပြီးတော့ ရေစိမ်နိုင်တဲ့ပုဂ္ဂိုလ်တွေက ဂင်္ဂါမြစ်ရေတွေကို ပုံးနဲ့ဆွဲလာပြီးတော့ အိမ်မှာရှိတဲ့ပုဂ္ဂိုလ်တွေကိုလောင်းချပေးတာပါ။ အဲဒါကြောင့် သင်္ကြန်အစ ဟိန္ဒူဘာသာကပါ။ အဲဒီအယူအဆက မြန်မာပြည်ထဲရောက်လာပြီ။ ဒါပါပဲ။ ဗုဒ္ဓဘာသာနဲ့ . . . ဘာမှမဆိုင်ပါဘူး။

ဗုဒ္ဓဘာသာတွေရဲ့သင်္ကြန်တွင်းကကုသိုလ် လုပ်တဲ့ အချိန်ပါပဲ။ အခုလိုပဲ တရားစခန်းဝင်မယ်။ သက်ကြီးဝါကြီးတွေကို ပူဇော်ကန်တော့မယ်။ ဒါပဲ။ အဲဒီလိုပဲ လုပ်ရမှာ။ အခုတော့ ကုသိုလ်လုပ်တဲ့သူက တစ်ရာမှာ တစ်ယောက်ပဲ ရှိတယ်။ ပုထုဇဉ်တွေ များကြတာကိုး. . . ပြောပြချင်တာက ဗုဒ္ဓဘာသာက ကုသိုလ်လုပ်တာပဲ။ ဟိန္ဒူဘာသာက ရေလောင်းတာပေါ့။ ရေလောင်းတာက ဗုဒ္ဓဘာသာနဲ့ ဘာမှမဆိုင်ဘူး။ နောက်တစ်ခုက ပြဟ္မာမင်းကြီးခေါင်း၊ ကိုယ်ပုံသဏ္ဌာန်ပဲ ရှိတယ်။ အကြည်ရုပ် မရှိဘူး။ သူရဲ့ ဦးခေါင်းကြီးကို သိကြားမင်းနဲ့အလောင်းစားလုပ်ပြီး အဖြတ်ခံရတာ ကြားဖူးတယ် မဟုတ်လား။ သင်္ကြန်စာထဲမှာ ပါတယ်မဟုတ်လား။ အဲဒါ'ထားဝယ်'ကလူတွေက မေးတယ်။ အဲဒီပြဟ္မာမင်းကြီးရဲ့ ဦးခေါင်းကို ဖြတ်ထားတာ ကြာပြီတဲ့။ အခုထိ မပုပ်သေးဘူးလားတဲ့။ ဟုတ်သားပဲ။ ပုပ်သင့်တာပေါ့။ ကြာလှပြီပဲ။ ယုတ္တိ မရှိတာကို ပြောပြတာပါ။ တကယ်တော့ အဲဒါလည်းပဲ ဗုဒ္ဓဘာသာမှာ မရှိဘူး။ ဟိန္ဒူဘာသာက လာတာပါ။ ဗုဒ္ဓဘာသာအရ အဲဒီပြဟ္မာဘုံမှာ ဃာန=နှာခေါင်း အကြည်ရုပ် မရှိဘူး။ ဘာအနံ့မှ မရဘူး။ ဇိဝှါ- လျှာအကြည်ရုပ် မရှိဘူး။ ဘာမှ မစားဘူး။ ကာယ=ကိုယ်အကြည်ရုပ်မရှိဘူး။ ဘာမှ အထိအတွေ့ မခံစားဘူး။ မျက်စိအကြည်ရုပ်ရှိတယ်။ မျက်လုံးကြီးမဟုတ်ဘူး။ မြင်ရတဲ့ သဘောလေးပဲ။ ဘုရားဖူးဖို့ပါ။

နားအကြည်ရုပ် ရှိတယ်။ နားရွက်ကြီးမဟုတ်ဘူး။ ကြားရတဲ့ သဘောလေးပဲ။ တရားနာဖို့အတွက်ပဲ။ အဲဒါ ကိုင်လို့လည်း မရဘူး။ ယူလို့လည်း မရဘူး။ ဘုရားကို ဖူးတော့မယ်ဆိုရင် ခါတ်လေးပါး ရုပ်ကြမ်းကြီးကို ဖန်ဆင်းရတယ်။ ဖန်ဆင်းပြီးမှ ကန်တော့ရတယ်။ သူ့ဥပမိက ကိုယ်အကြည်ရုပ် မရှိဘူး။ ကိုယ်အကြည်ရုပ် မရှိမှတော့ ခေါင်းဖြတ်တယ်ဆိုတာ ဟုတ်ပါဦးမလား။ အဲဒီဟိန္ဒူဘာသာအရတော့ ဟုတ်တယ်။ ဗုဒ္ဓဘာသာ အရတော့ မဟုတ်ဘူး။ အဓိပ္ပါယ်မရှိဘူး. . . ယုတ္တိမရှိဘူး။ သို့သော် ယုတ္တိမရှိတာတွေကို တို့ဗုဒ္ဓဘာသာတွေက ဘာမှမတွေးခေါ်မစဉ်းစားဘဲ ဒီသင်္ကြန်စာတွေပဲ ဝယ်နေတော့ ပိုက်ဆံကုန်ကြပါတယ်။ ဒါပေမဲ့ ဒီဗေဒင်ပညာကိုလည်း ဘုန်းကြီးတို့ လေးစားပါတယ်။ ဗုဒ္ဓဘာသာနဲ့မဆိုင်ကြောင်းကိုပြောတာပါ။ တချို့ပညာတွေက တော်တော်အံ့ဩဖို့ ကောင်းတယ်။

## ငရဲမင်း တကယ်ရှိသလား

မေး။ ။ ငရဲမင်းဆိုတာ တကယ်ရှိပါသလား ဘုရား။ သမီးကို သွားဆင်းကြည့်ပါလားလို့ မမေးပါနဲ့ဘုရား။ သမီးက ဒယ်အိုးကလွတ်အောင်ရုန်းထွက်မှာမို့လို့ ဗဟုသုတအနေနဲ့ သိချင်တာပါ ဘုရား။

ဖြေ။ ။ ငရဲမင်းဆိုတာ တကယ်ရှိပါတယ်။ သူတော်ကောင်းကြီးတစ်ယောက်ပါ။ တချို့ကာတွန်းဆရာတွေက ယမမင်းဆို

ငရဲကိုချတဲ့ပုံစံမျိုး ရေးဆွဲကြတယ်. . . မဟုတ်ပါဘူး။ သူက လူတွေကို ငရဲကိုမကျသင့်တာ မကျအောင် ကယ်ဆယ်ရှာပါတယ်။ လက်တွေ့လေး ပြောပြမယ်။ ဘုန်းကြီးရေးတဲ့ ၉၂-ကမ္ဘာငိုခဲ့သူများ အကြောင်းစာအုပ်ထဲမှာ အဲဒီယမမင်းကို တွေ့ခဲ့တဲ့ သုံးခွမြို့က ဦးရေခဲအကြောင်းရေးထားတယ်။ သူက ငရဲပြည်ကို ရောက်သွားတယ်။ အမှန်တော့ ရောက်သွားတာတော့ မဟုတ်ဘူး။ ငရဲနိမိတ်တွေက သူ့ရဲ့စိတ်ထဲမှာ လာထင်နေတာပါ။ သူက ရောဂါ သဲပြီးတော့ သုံးရက်လောက် မေ့မျောသွားတာပါ။ အဲဒီအချိန်မှာ ငရဲနိမိတ်တွေ အကုန်မြင်ရတယ်။ ငရဲပြည်ရောက်သွားသလိုပါပဲ။ သူက ငရဲပြည်မှာ လျှောက်ကြည့်တော့ ငရဲခံနေရတဲ့သူတွေမှ အများကြီးပဲ။ အဲဒီအထဲမှာမှ သူတို့ရဲ့သုံးခွမြို့က ဘုရား၊ ကျောင်းဂေါပက ဥက္ကဋ္ဌသူဌေးကြီးက ငရဲကျနေတယ်။ သူက ဘာလို့ ငရဲကျတာလဲမေးတော့ ငါက ဘုန်းကြီးကျောင်းမှာ ရေကန်တူးဖို့အတွက် ငွေစုပြီးထားတော့ အဲဒီငွေထဲက (၂)ကျပ်ဖိုး ကွမ်းယာဝယ်စားလိုက်ပါတယ်တဲ့။ အဲဒါကြောင့် ငရဲကျရတာပါတဲ့။ တော်တော်သံဝေဂရဖို့ ကောင်းတယ်။ ဒါကြောင့် အများအတွက်၊ ဘာသာအတွက် သူတစ်ပါး ငွေတွေနဲ့ စုလုပ်ရင် တစ်ကျပ်တစ်ပြားမှ မစားမိပါစေနဲ့။ ခံရမှာစိုးလို့ ပြောတာပါ။ ကိုယ့်အိတ်ထဲက စိုက်ရင်စိုက်လိုက်ပါ။ မသိမသာယူစားရင် ကိုယ်ပဲခံရမှာပါပဲ။ ပြီးတော့

ပြောသေးတယ်။ ရေခဲတဲ့. . . မင်းက မသေသေးပါဘူး။ အဲဒီတော့ မင်းပြန်သတိရလို့ရှိရင် ငါ့အိမ်ကို ငါငရဲကျတဲ့ အကြောင်း ပြောပြလိုက်ပါတဲ့။ ပြီးရင် ငါအိပ်တဲ့ခေါင်းရင်းမှာ တိုင်တစ်တိုင်ရှိတယ်။ အဲဒီတိုင်မှာ အပေါက်ကြီးပါတယ်။ ဘယ်သူမှ မသိဘူး. . . ငါပဲသိတယ်။ အဲဒီအပေါက်ထဲမှာ ငါစုထားတဲ့ငွေ ၃၀၀၀ ရှိတယ်တဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀က ငွေ ၃၀၀၀ ဆိုတာ မနည်းဘူးလေ။ အဲဒါ ငါ ရုတ်တရက် သေသွားလို့ ငါ့မိသားစုမှာ ဘယ်သူ့ကိုမှအသိမပေးခဲ့ရဘူး။ အဲဒီငွေတွေ အလကားဖြစ်သွားလိမ့်မယ်။ အဲဒီငွေကို ထုတ်ပြီးတော့ ကုသိုလ်ပြုပါ။ ပြီးတော့ အမျှပေးပါ။ အမျှပေးတဲ့ အခါမှာ ယမမင်းကြီးနဲ့ငါ့နာမည်ကိုခေါ်ပြီးတော့ ပေးပါလို့ မှာလိုက်တယ်။ ဦးရေခဲ သတိရလို့ သွားပြောပြတော့ အဲဒီ အိမ်က လူတွေက စိတ်ဆိုးကြတယ်။ ငါ့ပကဥက္ကဋ္ဌကြီး ငရဲကျတယ်လို့ ပြောရပ့်မလားပေ့ါနော်။ ကောင်းတဲ့ဂေါပက တွေလည်း ရှိပါတယ်။ မကောင်းတာများလို့အပြောခံရတာ ပေ့ါ။ အဲဒါကြောင့် ဘုန်းကြီးတစ်ပါးက ပြောတယ်။ ဂေါပက တစ်ယောက် လမ်းမှာ ကန့်လန့်ဖြတ်အိပ်နေလို့ရှိရင် ဗိုက်ကို မကျော်မိစေနဲ့တဲ့။ ခေါင်းကိုတော့ ကျော်ရင်ကျော်တဲ့။ ဗိုက်ကို ကျော်ရင် သူ့ဗိုက်ထဲမှာ ဘုရားထဲက ပစ္စည်းတွေ၊ ကျောင်းထဲက ပစ္စည်းတွေရှိတယ်တဲ့။ ခေါင်းကျော်ရင် အပြစ် မရှိဘူး။ ဗိုက်ကျော်ရင် အပြစ်ရှိတယ်တဲ့။ ဂေါပက ဥက္ကဋ္ဌတွေ

သတိပြုဖို့ပေါ့လေ။ အဲဒါ သူတို့မိသားစုက စိတ်ဆိုးတယ်ပေါ့။ ရှင်က အထောက်အထားမရှိဘဲ ကျွန်မတို့အဖေကို စွပ်စွဲတာ သိက္ခာချတယ်ပေါ့။ အဲဒါကြောင့် တရားစွဲမယ်၊ ဘာမယ်နဲ့ဖြစ်ကုန်ရော. . . .။ မဟုတ်ဘူး အထောက်အထားရှိပါတယ်။ အဲဒီခေါင်းရင်းက တိုင်ရဲ့အပေါက်ထဲမှာ ငွေ၃၀၀၀ရှိတယ်လို့ ပြောပါတယ်။ သူ့အတွက် ကုသိုလ်လုပ်ဖို့လည်း ပြောပါတယ်။ ရှာကြည့်ကြပါအုံး။ မတွေ့ရင်တော့ ကျွန်တော့်ကို တရားစွဲပါလို့ပြောမှ သွားရှာကြည့်လို့တွေ့တော့မှ ငိုကုန်ကြတယ်။ လက်ခံသွားတာပေါ့။ အဲဒီ အထောက်အထားကို ထောက်သောအားဖြင့် ယမမင်းက သူတော်ကောင်းကြီးပါ။ ငရဲကလွတ်အောင် သူက ကုသိုလ်တွေဘာတွေ ဖော်ပေးရှာတယ်။ ကိုယ်က မေ့ရင်တောင်မှ ဖော်ပေးတယ်။ အဲဒါကြောင့် ကုသိုလ်ပြုအမျှဝေတဲ့အခါမှာ ယမမင်းကို ထည့်ပြီးဝေရတယ်။

## လက်နှီးစုတ် လျှော်လို့ ဖြူပါမလား

မေး။ ။ ယခုကဲ့သို့ သင်္ကြန်တွင်းတရားစခန်းဝင်ခြင်းသည် မီးဖိုချောင်မှ လက်နှီးစုတ်ကို တစ်နှစ်တစ်ခါလျှော်သလိုဖြစ်နေပါတယ်ဘုရား။ အမြဲတမ်း မိမိ၏လက်နှီးစုတ်လေး ဖြူဖွေးနေအောင် ဘယ်လို တရားလေးကို လက်ကိုင်ထားကျင့်သုံးသင့်ပါသလဲဘုရား။

ဖြေ။ ။ ကောင်းလိုက်တဲ့ မေးခွန်းလေးပဲ။ ဟုတ်တယ်။ ယောဂီတို့

တစ်နှစ်လုံးက ပွဲစိကိုတက်လို့ သိလား။ အဲဒီတော့ ဘုန်းကြီး ကြားဖူးတဲ့ အငြိမ့်လူရွှင်တော် ဒံပေါက်နဲ့ ညှပ်ကြီးတို့ လုပ်သလို လုပ်ရမလိုဖြစ်နေတယ်။ လူရွှင်တော်နဲ့ပတ်သက်ရင် မန္တလေးကို ရန်ကုန်က မမီဘူး။ မန္တလေးသားတွေက အရမ်း စကားတတ်တာကိုး။ တစ်ခါတော့ မန္တလေးက လူရွှင်တော် (၂)ယောက်နဲ့ ရန်ကုန်က လူရွှင်တော်(၂)ယောက်ပေါ့။ မင်းသမီးကလည်း မန္တလေးကပဲ။ အဲဒီတော့ အပြိုင်လို ဖြစ်သွားတာပေါ့။ စကားပြိုင်ပြီး ပြက်လုံးထုတ်ရင် ရန်ကုန်က လူတွေက ရှုံးမှာ။ တို့ရန်ကုန်က လူတွေက လည်တယ်။ မန္တလေးသားတွေက အ,ကြတယ်။ ဒံပေါက်နဲ့ညှပ်ကြီးက သိတယ်။ ငါတို့ယှဉ်ပြောရင် ရှုံးတော့မှာပဲဆိုပြီးတော့ ပရိယာယ်နဲ့ သူတို့ပြက်လုံးက စကားမပြောရဘဲ တောက် လျှောက် ရယ်ရမယ့်ပြက်လုံးကို လုပ်လိုက်တယ်။ အဲဒီ မင်းသမီးက မန္တလေးလူရွှင်တော်တစ်ဦးရဲ့ အမျိုးသမီးပဲ။ အရွယ်ကောင်းပေါ့ဗျာ။ လှလည်းလှ ချောလည်းချောပေါ့။ စပြောကတည်းက မန္တလေးသားတွေက သာတော့ ရန်ကုန် သားတွေက ပါးစပ်ပိတ်နေရတယ်. . . ယှဉ်မပြောနိုင်ဘူး။ အဲဒီတော့ ညှပ်ကြီးက မင်းသမီးလည်း တစ်ကြော့ ကပြီး ရော မင်းသမီးကို သွားကန်တော့တယ်။ သူက အသက် လည်း နည်းနည်း ငယ်ပါတယ်။ အဲဒီပြက်လုံးကို တိုက် မထားတော့ မင်းသမီးက မသိဘူး။ အဲဒီမှာ မင်းသမီးက

မောင်လေး ဘာလို့ ကန်တော့တာတုံးဆိုတော့ အစ်မရယ် အစ်မယောက်ျားရှိမှန်းလည်း သိပါတယ်တဲ့။ လှလွန်းချော လွန်းလို့ ကျွန်တော့်စိတ်ထဲမှာပြစ်မှားမိလို့ လာကန်တော့ တာပါဆိုတော့ ငါ့မောင်လေး ခွင့်လွှတ်ပါတယ်။ ဘာညာ ပေါ့လေ။ ဒါပေမဲ့ ပရိသတ်များရေ၊ သူက ၁၅မိနစ် တစ်ခါ သွားကန်တော့နေတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ပြစ်မှားမိ ပြန်ပြီဆိုပြီးတော့ပေါ့လေ။ အဲဒီတော့ တစ်ညလုံး ရယ်နေရ တာပေါ့။ သွားကန်တော့ရင်း ပရိသတ်က ရယ်ရင်းနဲ့ပေါ့ လေ။ တို့ပရိသတ်များလည်း တစ်နှစ်လုံးလုံး လက်နှီးစုတ် ဖြစ်နေကြတယ်ပေါ့။ တစ်နှစ်တစ်ခါ လျှော်ဖွပ်ရုံနဲ့ ဒီအပြစ် တွေကျေပါ့မလား။ ပျောက်ပါ့မလားဆိုတဲ့ အဓိပ္ပါယ်မျိုးပါပဲ။ သောတာပတ္တိမဂ်ဉာဏ် ရရင်တော့ အကုန်ပျောက်ပါတယ်။ အပါယ်ကျမယ့် ကံတွေအကုန်ပျောက်ပါတယ်။ သောတာပတ္တိမဂ်ဉာဏ်မရဘူး. . . ထားပါအုံး။ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်လောက်ရ ရင်လည်းပဲ အပါယ်တံခါးပိတ်ပါတယ်။ နောက်ဘဝမှာ ဘာသာလည်းမပြောင်းပါဘူး။ တစ်ခုတော့ ရှိတယ်ပေါ့။ ဒီကပေးလိုက်တဲ့နည်းကို တစ်နှစ်ပတ်လုံး ကျင့်သုံးဖို့တော့ လိုပါတယ်။ ရှင်းရှင်းလေးပဲ။ အများကြီးမပြောဘူး။ နှစ်ခုပဲ မှာလိုက်မယ်။ လောဘနဲ့ဒေါသအကြောင်း မတွေး ဘဲနဲ့ အလောဘနဲ့အဒေါသအကြောင်းပဲ တွေးပါ။ အဲဒါပဲ။

၂၇၈၂၇

အဲဒါ တရားပဲနော်။ လိုချင်စရာနဲ့သူတစ်ပါးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းတွေ မတွေးနဲ့တော့။ တွေးခွင့်မပေးနဲ့တော့။ အလောဘဆိုတဲ့ သူတစ်ပါးကိုပေးဖို့တော့ တွေးပါ။ အဲဒီတော့ စိတ်က ဖြူစင်နေတယ်။ ငါစီးပွားတက်လာရင် ဘယ်သူ့ကိုဘယ်လိုထောက်ပံ့ရမလဲ။ အဲဒါမျိုးတော့ တွေးပါ။ ငါစီးပွားတက်လာရင် တစ်ဖက်သား ဒုက္ခရောက်တာကို ဘယ်လိုကယ်မလဲဆိုတဲ့ အဲဒါမျိုးတွေ တွေးပါ။ အဲဒီလိုဆိုရင် ယောဂီတို့ စိတ်လေးတွေဟာ အမြဲတမ်းဖြူစင်နေပါလိမ့်မယ်။ အဲဒီလိုကောင်းတာကို တွေးတာကိုက တရားကျင့်တဲ့ သဘောလည်းပါသွားပါလိမ့်မယ်။

**သီလရှင်နဲ့ ရဟန်းမ သာသနာ**

မေး။ ။ ဒုလ္လဘရဟန်းဆိုတာရှိပြီး ယာယီခေတ္တဝတ်သော သီလရှင်အား မည်ကဲ့သို့ သုံးနှုန်းပါသလဲ ဘုရား။

ဖြေ။ ။ ဟောဗျာ. . . ဒုလ္လဘသီလရှင်ပေါ့နော်။ ဒီလိုပဲ ဖြစ်မှာပေါ့။ အမှန်ကတော့ သီလရှင်ဆိုတာ ရဟန်းမဘဝကို မရတော့လို့ သစ်မရခင် ဝါးပေါင်းကွပ်တဲ့သဘောနဲ့ ဝတ်ရှာတာပါ။ တကယ်တော့ ရဟန်းမသာသနာက ကုန်သွားပါပြီ။ အရင်တုန်းက အမျိုးသမီးတွေက ဆရာတော်တို့ ရဟန်းများကဲ့သို့ သင်္ကန်းဝတ်ခွင့်ရပါတယ်။ ပျောက်သွားခြင်းအကြောင်းကတော့ တစ်အချက်က အမျိုးသမီးတွေက ဆုံးမရအလွန်ခက်တယ်။ ပစ်ပစ်များတယ်။ ဒါကြောင့် ဘိက္ခုနီသာသနာ

ပျောက်သွားတယ်။ ဒါကြောင့် သူတို့ကို ဘုရားရှင်က ရဟန်းများစောင့်တဲ့ သိက္ခာပုဒ်က ၂၂၇ပုဒ်ဆိုရင် သူတို့စောင့်တဲ့ သိက္ခာပုဒ်က နှစ်ဆပဲ. . . ၄၀၀ကျော်တယ်။ တော်တော်ဆိုးလို့ကို မြတ်စွာဘုရားက များများပညတ်ပေးခဲ့တာ ဖြစ်လိမ့်မယ်။ အဲဒီသိက္ခာပုဒ်တွေ များလွန်းအားကြီးတဲ့ အတွက်ကြောင့်လည်း ဘိက္ခုနီမသာသနာ မြန်မြန်ကွယ်သွားပုံရတယ်။ သာသနာနှစ် ၁၀၀၀မှာ ကွယ်သွားတယ်။ အခုဆို ကွယ်သွားတာ နှစ်၁၅၀၀ ရှိပြီ။ နောက်တစ်ချက်က ရဟန်းတော်များ ပါရာဇိက ကျတယ်ပေါ့။ အပြစ်အကြီးဆုံး အာပတ်ကို ပါရာဇိကလို့ ခေါ်တယ်။ အဲဒီ အာပတ်ကျူးလွန်မိရင် လူဖြစ်သွားတယ်။ တစ်သက်လုံးလည်း ရဟန်းမခံရတော့ဘူး။ အဲဒါကို ပါရာဇိကလို့ ခေါ်တယ်။ ဆရာတော်တို့ ရဟန်းတော်များမှာ လေးပါးပဲရှိတယ်။ ယောကျ်ားတွေ၊ ရဟန်းတွေ စောင့်တဲ့သိက္ခာပုဒ်ပေါ့။ မိန်းမနဲ့ သံဝါသပြုတာရယ်၊ လူအသက်ကို သတ်တာရယ်၊ သူများဥစ္စာခိုးတာရယ်၊ ဈာန်မဂ်ဖိုလ်ကို မရဘဲနဲ့ ရတယ်လို့ လိမ်ပြောတာရယ်။ အဲဒီ(၄)ချက်မှာ တစ်ချက်ကျူးလွန်မိရင် အဲဒီရဟန်းက လူဖြစ်သွားတယ်။ သိက္ခာချစရာမလိုဘူး ကျပြီးသားပဲ။ တစ်သက်လုံးလည်း ရဟန်းမခံရတော့ဘူး။ အဲဒီလေးချက်ရှိတယ်။ ရဟန်းမတွေကျတော့ ရှစ်ချက်တောင် ရှိတယ်။ လူဖြစ်တဲ့ အချက်မှာ ပိုများသွားတယ်။ ဥပမာတစ်ခုပေါ့. . . အဲဒီ

ရဟန်းမရဲ့သင်္ကန်းကိုတစ်စုံတစ်ယောက်က အတင်းအဓမ္မ ဆွဲချွတ်လိုက်လို့ အပေါ်ဝတ်သင်္ကန်း၊ အောက်သင်္ကန်းကျွတ် သွားရင် အဲဒီရဟန်းမက လူဖြစ်သွားရော။ ပါရာဇိကကျသွား တယ်။ တစ်သက်လုံး ရဟန်းမ ဖြစ်ခွင့်မရှိတော့ဘူး။ ယောကျ်ား ရဟန်းများကျတော့ သင်္ကန်းချွတ်ပစ်လည်း လူမဖြစ်ဘူး။ အဲဒီရဟန်း ကိုယ်တိုင် 'သိက္ခံ ပစ္စက္ခာပါမိ' ဆိုပြီး ပါဠိလိုဆိုရ တယ်။ မြန်မာလိုဆိုရင် ရဟန်းသိက္ခာကိုစွန့်ပါ၏။ အဲဒီလို ကိုယ်တိုင်ဆိုမှ သိက္ခာကျသွားတယ်။ ဒါကြောင့်လည်း ရဟန်းမ သာသနာကုန်သွားပါတယ်။ အဲဒီတော့ ရဟန်းမပုံသဏ္ဌာန် လေးမို့ပြီးတော့ ရှေးခေတ်ကရဟန်းမတွေက ဒီပုံစံပဲဆိုပြီး ဝတ်ကြတာပါ။ အမှန်ကတော့ သီလရှင်ဆိုတာ ဥပုသ်သည် နဲ့ အတူတူပါပဲ။ ရှစ်ပါးသီလစောင့်ရတာပါ။

## ဝိပဿနာ သုံးမျိုး

မေး။ ။ ဝိပဿနာအားထုတ်နည်း ၅မျိုးကို ပြန်လည်ရှင်းပြပါဘုရား။

ဖြေ။ ။ တို့ကြားဖူးတာတောင် (၃)မျိုးပါ။ သူက (၂)မျိုးတောင် ပိုနေတယ်။ သူ့ကိုပြန်ပြီး ရှင်းပြခိုင်းရမှာပဲ။ (၃)မျိုးပဲ ကြား ဖူးတယ်။ (၂)မျိုးက ဘယ်က တိုးလာသလဲ မသိဘူး။ ပြီး ရင် စာလေးရေးပြီးတော့ တိုးတိုးတိတ်တိတ် လာပြောအုံး။ ဘာတွေလဲဆိုတာကိုလေ. . . ဘုန်းကြီးလည်း သိက္ခာမကျ အောင်ပေါ့။ ဘုန်းကြီးလည်း အကုန်ဘယ်သိမှာတုံး။ (၃)မျိုးက သမထယာနိက ဝိပဿနာ၊ ဝိပဿနာ ယာနိက ဝိပဿနာ၊

ယုဂနဒ္ဓဝိပဿနာလို့ (၃)မျိုးရှိတယ်။ သမထယာနိက ဝိပဿနာဆိုတာက သမထကမ္မဋ္ဌာန်း၄၀ထဲက အာနာပါန၊ မေတ္တာဘာဝနာ တစ်ခုခုပေါ့။ အဲဒီလို သမထကမ္မဋ္ဌာန်း တစ်ခုခုလုပ်ပြီးမှ ဝိပဿနာကိုတက်တာကျတော့ သမထ ယာနိက ဝိပဿနာလို့ခေါ်တယ်။ အခု မြေဇင်းတောရတို့ လိုပေါ့။ ရက်ပေါင်း ၆၀-တဲ့။ ၆-လမဟုတ်ဘူး။ ရက်၆၀တဲ့။ အဲဒီလိုအားထုတ်ပြီးတော့မှ ဈာန်တွေ၊ အဘိညာဉ်တွေရပြီး သမထမှတစ်ဆင့် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိမှတစ်ဆင့် ဝိပဿနာကူးတယ်တဲ့။ အဲဒါကျတော့ သမထ ယာနိက ဝိပဿနာပဲ။ အချိန်အများကြီး ယူရတယ် ရက် ၆၀-တဲ့။ အခုယောဂီတို့ (၇)ရက်တောင် မနည်းအောင့်အီးနေရတာ ကိုး။ ရက်၆၀-ဆို သေနိုင်တယ်သိလား။ ဝိပဿနာ ယာနိက ဝိပဿနာကျတော့ ဒီရိပ်သာမှာ ပြတဲ့ဟာမျိုးပဲ။ အဲဒါကို သုဒ္ဓဝိပဿနာလို့လည်း ခေါ်ပါတယ်။ ဝိပဿနာယာဉ်ကိုပဲ တန်းစီးတာ။ သမထယာဉ်ကို မစီးတော့ဘူး။ ဓါတ်တရား၊ ပရမတ်တရားတွေကို သေချာနာမယ်။ အကြောင်းတိုက် ဆိုင်လာလို့ရှိရင် ချက်ချင်းရှုမယ်။ တစ်နေ့ကပြောခဲ့တဲ့ သီဟိုဠ်ကျွန်းမှာ ပြုံးပြတဲ့မိန်းမကိုကြည့်ပြီး မထေရ်က တရားရှု လိုက်တာ ရဟန္တာ ဖြစ်မသွားဘူးလား။ အဲဒါ ဝိပဿနာ ယာနိက ဝိပဿနာ၊ သုဒ္ဓဝိပဿနာပဲ။ အဲဒီအချိန်မှာ ထွက် လေဝင်လေတို့ - ဖောင်းတာပိန်တာတို့ လုပ်ဖို့။

အချိန်မရတော့ဘူးလေ၊ ချက်ချင်း ပယ်သတ်ရမယ်။ အဲဒါ သုဒ္ဓဝိပဿနာပဲ။ ယုဂနဒ္ဓဝိပဿနာဆိုတာ တွဲသွားတာပါ။ သမထနဲ့ ဝိပဿနာ (၂)ခုကို တွဲရှုတာကို ခေါ်တယ်။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာမှာလည်း ပါပါတယ်။ ဖတ်ကြပါ။

**နှဲ့ဆိုး**

မေး။ ။ ကြီးနိုင်ငယ်ညှဉ်းပြုခြင်း၊ နိုင်ထက်စီးနင်းပြုခြင်းတို့သည် ပုထုဇဉ်လောက၌ ရှိမြဲဖြစ်ပါတယ်။ ဤသို့ပြုကြသည်ကို ဆုံတိုင်း၊ မြင်တိုင်း ဝဋ်လည်လိမ့်မည်။ သူ့အပေါ် နိုင်လျှင် ကိုယ့်အပေါ် နိုင်သူ ပေါ်တတ်သည်ဟု နားလည်လက်ခံ ထားပါတယ်။ နေ့လည်တရားပွဲတွင် ဆရာတော်အမိန့်ရှိ သော မကြီး၊ မငယ်တို့တွင် အတိတ်ဘဝမှ ယောကျ်ားသည် မိန်းမအပေါ် နိုင်ခဲ့ပြီး တစ်ဖန်ယခု ဘဝတွင်လည်း နိုင်ပြန်ပါ တယ်။ အဘယ်ကြောင့်ပါနည်း ဘုရား။

ဖြေ။ ။ ကာယကံရှင် သွားမေးဖို့ကောင်းတာပေါ့။ အမှန်ကတော့ ပရိသတ်တို့ရေ၊ အနိုင်ခံရတဲ့ ပုဂ္ဂိုလ်ကလည်း အနိုင်ခံရ တာကို ကျေနပ်နေတာ။ သွားပြီးတော့ ဝင်မပါနဲ့။ ကိုယ်ပါ ဒုက္ခရောက်သွားနိုင်တယ်. . . ဟုတ်တယ်လေ။ လင်မယား ရန်ဖြစ်ရင်ခဏပဲ။ ပြီးတော့ ပြန်တည့်သွားတာလေ။ ကိုယ်က ဘေးက သွားပြောနေရင် နှစ်ယောက်စလုံးက ကိုယ့်ကို မုန်းသွားရော။ သူတို့ချင်း သူတို့ဘာသာအချိတ်အဆက်က

ရှိပြီးသားပဲ။ ကြီးနိုင်ငယ်ညှဉ်းဆိုပေမယ့် မတရားအနိုင်ကျင့်တာမျိုးမှ မဟုတ်ဘဲ။ နွဲ့ဆိုးဆိုးတာကို ပြောတာပါ။ ဒုက္ခပဲ။ အခုမှ "နွဲ့ဆိုး" ပြန်ပြောနေရပြီ။ သူတို့သိပြီးသားပါ။ ဘုန်းကြီးက မသိပါဘူး။

## ရဟန်းတို့ကို အရှက်ကွဲစေသူ

မေး။ ။ တပည့်တော်မသည် မိလိန္ဒနှင့်ရှင်နာဂသိန် အမေးအဖြေဘာသာပြန်ကို ဖတ်နေဆဲ ဖြစ်ပါတယ်။ မိလိန္ဒဘုရင်သည် စကားအရာ၌ အလွန်ပါးနပ် လိမ္မာသူ ဖြစ်၍ စကားဖြင့် လွှမ်းမိုးနှိပ်စက်ပြီး ရဟန်းတို့ကို အရှက်ကွဲစေသူဟု ဖတ်ရပါတယ်။ ဤခေတ်အခါ၌ ရဟန္တာပုဂ္ဂိုလ်များကပါ ထိုရှင်ဘုရင်အား ရှောင်သည်ဟုဆိုထားပါသည်။ ထိုကဲ့သို့ လွှမ်းမိုးနှိပ်စက်ခြင်းသည် ကလျာဏပုထုဇဉ်မည်ပါ၏လော။ ရှင်နာဂသိန်နှင့်သာ မဆုံခဲ့လျှင် ကပိလငါးကြီးမျိုးနှင့် အလားသဏ္ဌာန် တူပါ၏လော။

ဖြေ။ ။ ဟုတ်ပါတယ်။ သူ့ကျတော့ ကလျာဏပုထုဇဉ်လို့ဆိုရမှာပေါ့။ သူတော်ကောင်းအမည်ခံလောက်ပါပဲ။ ဉာဏ်ကောင်းတာပေါ့။ သို့သော် ဉာဏ်ပညာကောင်းသော်လည်း သဒ္ဓါတရားနည်းတာပေါ့။ ဒါကြောင့်လည်းပဲ အတတ်ကြူးတော့ ဘီလူးဖြစ်တတ်တာပေါ့။ ဒါမျိုးတွေက ကြောက်စရာကောင်းပါတယ်။ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ မိလိန္ဒမင်းကြီးမေးတဲ့ မေးခွန်း

တွေက သူ့စကားထဲမှာလည်း ပါပါတယ်။ နှိပ်စက်လွှမ်းမိုး လိုတဲ့စိတ်က အဓိက မဟုတ်ပါဘူး။ နောင်တစ်ချိန်မှာ အခြားဘာသာခြားတွေက ဒီလိုမေးလာခဲ့လို့ရှိရင် ဗုဒ္ဓ ဘာသာများမှာ အဖြေရှိနှင့်ပြီးသားဖြစ်အောင်လို့ပါလို့ ပြောတယ်လေ။ သူ့ရည်ရွယ်ချက်က ကောင်းပါတယ်။ ဒါကြောင့် နှောင်းခေတ်ပုဂ္ဂိုလ်တွေ ဘယ်လောက်ပင် ကော်ကော်ကပ်ကပ်မေးမေး မိလိန္ဒမင်းကြီးထက် မကော် နိုင်၊ မကပ်နိုင်ကြပါဘူး။

မေး။ ။ နေ့လည်တရားပွဲတွင် အရှင်ဘုရား ဟောခဲ့သည့် ဥစ္စာ စောင့်ရှိသည်ဟူသော အဆိုနှင့်ပတ်သက်၍ တပည့်တော် မေးခွန်းတစ်ခု ရှင်းလင်းစွာသိပါရစေ။ တပည့်တော်ကို ဗေဒင်တွက်ပေးလျှင် သိုက်ကလာသည်ဟုဆိုပါသည်။ မြနန်းနွယ်အဆက်ဟု ဆိုပါသည်။ တပည့်တော်သည် ဗေဒင် လိုက်စားသူ တစ်ဦး မဟုတ်ပါ။ ထို့ပြင် သိုက်ဟုဆိုလျှင် မြနန်းနွယ်နှင့်စောမွန်လှသိုက်(၂)မျိုးကိုသာ ပြောလေ့ရှိကြ၍ သိုက်ကိုလည်း မယုံသလိုရှိသည်မှာ အမှန်ပါ။ ယခုအကြောင်း ထောက်၍ ဆရာတော်အဆိုအရ သိုက်ရှိခဲ့ပါလျှင် ဗေဒင် ဆရာများပြောသလို သိုက်ပွဲပေး၊ သိုက်ကြိုးဖြတ်၊ အမျှပေးဝေ အစရှိသည်တို့ကို လိုက်လုပ်ရမည်လားဟု သိပါရစေ။ တပည့် တော်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို အလုံးစုံသော

သတ္တဝါ များအား ပေးဝေချင်ပါတယ်၊ ဘုရား အလိုတော်ကျ၊ တရား အလိုတော်ကျ၊ သံဃာ အလိုတော်ကျ သိုက်ဆက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမျှပေးဝေလိုပါ တယ်။

## သိုက်ဆက်နှင့် သိက္ခာသုံးပါး

ဖြေ။ ။ လုပ်ထားတာ အလွန်မရှိဘူး။ လုပ်ထားသင့်ပါတယ်။ အမျှ ပေးပြီး မေတ္တာပို့တာတွေက သူတို့နည်း သူတို့ဟန်နဲ့တချို့ အောင်မြင်သွားတာတွေ ရှိပါတယ်။ အမျှပေးဝေလို့လည်း ကောင်းပါတယ်. . . ပေးဝေသင့်ပါတယ်။ အလကား မဖြစ် ပါဘူး။ အဲဒီအကြောင်းအရာကို ဝိပဿနာသဘောမျိုးနဲ့ ပြောရင်ရပါတယ်။ ဒီနေ့ဆရာတော်ကို လူနာတစ်ယောက်က ပင့်ဖိတ်လို့ ကြွသွားရသေးတယ်။ အဲဒီလူနာလေးက. . . ဆရာဝန်ပဲ။ ဒေါက်တာ ရဲသူသူ. . . သွေးကင်ဆာရောဂါ ဖြစ်နေတာလေ။ ဒေါက်တာ ဖြစ်ခါစမှာပဲ။ ပြောရရင် သူတို့ ကလည်း သိုက်အဆက်ပေါ့နော်။ သူ့အစ်မက ဒီနေ့မှ ထုတ်ပြောတယ်။ သူ့ကို အိပ်မက်ပေးထားပြီးပြီတဲ့။ ဆရာတော်လည်း တရားဟောပေးတယ်။ သူကလည်း တရား အခံလေးက ရှိနေတယ်။ ပရိတ်ရွတ်၊ မေတ္တာပို့၊ သစ္စာပြုပေါ့နော်။ အခု ပြန်ကောင်းတာ ၃ -နှစ်ရှိသွား ပြီပေါ့နော်။ အမှန်တော့ သူကသေဖို့ပါပဲ။ ၃နှစ်လောက် ထပ်နေရတဲ့ သဘောပေါ့လေ။

လုံးဝ အရှင်းကြီးမပျောက်တောင် နေသွားရသေးတာပေါ့။ အခု စားနိုင်၊ သောက်နိုင်လည်း ရှိပါတယ်။ အဲဒီတော့ သိုက်ဆိုတာ ပြောရမယ်ဆိုရင်တော့ ပြိတ္တာတစ်မျိုးပါပဲ။ စားနိုင်သောက်နိုင် ပြိတ္တာပေါ့။ သူတို့က များသောအားဖြင့် နောင်ပွင့်မယ့်ဘုရားကို စောင့်ကြတာပါ။ ဒါက သူတို့အထင်ပါပဲ။ တကယ်တော့ မလွယ်ပါဘူး။ အဲဒီလောက်လည်း သူတို့သက်တမ်းက မရှည်ပါဘူး။ သူတို့ကတော့ ရှည်မယ်လို့ထင်ကြတာပါ။ နောက်ဘုရားတစ်ဆူပွင့်ဖို့အတွက်ဆိုရင် နှစ်နဲ့တွက်လို့ မလွယ်လောက်ဘူး။ မြေကြီးနဲ့တွက်တာတော့ ရှိတယ်။ ဟောဒီမြေကြီးတွေဟာ အဆောက်အအုံတွေပြိုကျ၊ လူတွေသေလို့မြုပ်ပြီး မြေကြီးတွေဖြစ်ပြီး တဖြည်းဖြည်းမြင့်တက်လာရာမှ ရှစ်မိုင်ပမာဏရှိမှ နောက်ဘုရားတစ်ဆူပွင့်မှာပါ။ ဒါကြောင့် နောက်ဘုရားတစ်ဆူပွင့်ပြီဆိုရင် အခုရှိနေတဲ့ အရာအားလုံးက မြေကြီးအောက်ကို ရောက်သွားပါပြီ။ အဲဒါဆို နှစ်ကအကြာကြီးပဲ မဟုတ်လား။ သူတို့သိုက်တွေလည်း မြေကြီး အောက်အကုန်ရောက်သွားပြီလေ။ ဒါကို သူတို့က. . . မသိရှာဘူး။ ဒီပစ္စည်းတွေကို သူတို့က စွဲလမ်းနေတာ။ အမှန်ကတော့ ပစ္စည်းဥစ္စာတွေ စွဲလမ်းပြီးတော့ ပြိတ္တာဖြစ်နေကြတာပါပဲ။ အဲဒါ တော်တော်နဲ့မကျွတ်ကြဘူး။ တချို့လည်း ဥစ္စာစောင့်ဘဝပျင်းတော့ လူ့ဘဝပြန်ပြန်လာကြတယ်။ ပြန်လာတော့ ကတိက ပေးခဲ့ရတယ်။

ဘယ်အချိန် ပြန်လာပါ့မယ်။ ပြန်မလာရင် သူ့ရဲ့အကုသိုလ် အခြေအနေကြည့်ပြီးတော့ နည်းမျိုးစုံနဲ့ ပြန်လာအောင် လုပ်ကြတာပေါ့။ တစ်ခုရှိတာက လူ့ဘဝရောက်လာတဲ့ ပုဂ္ဂိုလ်က ကုသိုလ်ကံတွေများပြီး ရဟန်းဝတ်၊ သီလရှင်ဝတ် လိုက်ရင်တော့ များသောအားဖြင့် မခေါ်တော့ဘူး။ သူတို့လည်း ဗုဒ္ဓဘာသာတွေ ဖြစ်လိမ့်မယ်။ အဲဒါကြောင့် မခေါ်တော့ဘူး။ အခု နာမည်ကြီးနေတဲ့ မြိုင်ကြီးငူဆရာတော်ကို ကြားဖူး တယ် မဟုတ်လား။ အဲဒီဆရာတော်အကြောင်းစာအုပ်ကို ဖတ်ကြည့်သင့်တယ်။ တော်တော်စိတ်ဝင်စားဖို့ ကောင်း တယ်။ မြိုင်ကြီးငူဆရာတော်ရဲ့ဘဝ အချိုးအကွေ့များက အရမ်းကောင်းလို့ပါ. . . ဖတ်ကြည့်ကြပါနော်။ တရား သဘောလေးတွေပါတယ်။ မာရ်နတ် အနှောင့်အယှက်တွေ ပါတယ်။ ဆရာတော် ဝိပဿနာလုပ်တာကို မာရ်နတ်က နှောင့်ယှက်တယ်။ ဘိုးတော်တွေက နှောင့်ယှက်တယ်။ ဝိဇ္ဇာ လမ်းကို ဆွဲခေါ်တယ်။ ဒီအကြောင်း တွေပါ,ပါတယ်။ အဲဒီ ဆရာတော်ကလည်း သိုက်ဆက်ပဲ။ ပထမတစ်ကြိမ် ဒီအမိ ဝမ်းထဲမှာ မွေးတယ်။ သူ ၁၀နှစ် သားလောက်မှာပြောတယ်။ သူ့ကို ကိုရင်ဝတ်ပေးပါ။ ဒီအတိုင်းထားရင် သိုက်က ပြန်ခေါ်လို့ သူသေရမှာတဲ့။ ကလေးပြောတာဆိုတော့ မိဘတွေက မယုံလို့ ဝတ်မပေးဘူး။ ရောဂါတစ်ခုနဲ့ သေသွားရော။ သေပြီး တော့ ၂နှစ်၊ ၃နှစ်ကြာတော့ ဒီအမိဝမ်းထဲမှာပဲ ထပ်ဝင်တယ်။

ဒီအမေမှာ နှစ်ခါပြန်ဖြစ်တာနော်။ အဲဒါသားအဖြစ်နဲ့. . . မွေးပြန်ရော။ အဲဒီလိုပဲ ၁၀နှစ်သားမှာ ထပ်ပြောပြန်တယ်။ အမေနဲ့အဖေ. . . ယုံပြီလား။ ကျွန်တော့်ကို အရင်တစ်ခါ ခေါ်သွားပြီးပြီ။ အခုလည်း သက်နိုးဝတ်မပေးရင် ခေါ်ဦးမှာ ပဲတဲ့။ အဲဒီကျမှ ဝတ်ပေးလိုက်လို့ အခုဆရာတော်ကြီး ဖြစ်သွားတယ်. . . မခေါ်တော့ဘူး။ အဲဒီတော့ သိုက်ဆိုတာ ရှိပါတယ်။ သို့သော် ပြိတ္တာပါပဲ။ သွားပြီးတော့ မနှစ်သက်ပါနဲ့။ အစွဲအလမ်း ကြီးပြီး သရဲ ဖြစ်နေတာပဲ။ သို့သော် စားနိုင် သောက်နိုင်သရဲပေါ့နော်။ နည်းနည်းချမ်းသာတဲ့ သရဲပေါ့။ သရဲကတော့ သရဲပါပဲ။

**စိတ်ဖြစ်ရာ ဌာန အငြင်းပွားခြင်း**

မေး။ ။ နာမ်တရားတို့၏ ဖြစ်ရာနေရာသည် အနောက်တိုင်း သိပ္ပံ ဆရာတို့၏ ယူဆချက်တွင် ဦးနှောက်၌ဖြစ်သည်ဟူသော အချက်ကို တပည့်တော် လက်မခံဘဲ မြတ်စွာဘုရား၏ တရားတော်အရ နှလုံးအတွင်းရှိ တစ်လက်စွန်းခန့်ရှိ သွေး အကြည် ဟဒယဝတ္ထုကို မှီ၍ဖြစ်သည်ကို တပည့်တော် ယုံကြည်စွဲမြဲစွာ လက်ခံပါတယ်။ သို့သော် စက္ခုပသာဒ အကြည်ရုပ်နှင့် ရူပါရုံ ရုပ်၂ခုတို့ တိုက်ဆိုင်၍ စက္ခုဝိညာဏ် စိတ်ဖြစ်ရာ၌ စိတ်တို့ဖြစ်ရာ နှလုံးအိမ်ရှိ ဟဒယဝတ္ထု၌ မဖြစ်ဘဲ စက္ခုဝိညာဏ်စိတ်သည် မျက်စိ၌ဖြစ်သည်ဟု ဟော ကြားခြင်းကို တပည့်တော်ဉာဏ်မမီ၍ သံသယဖြစ်နေပါ

တယ်။ ထို့အတူ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည့် ဝိညာဏ်တို့ဖြစ်ရာ၌လည်း နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည်တို့၌ ရုပ်တို့ဆိုင်ရာ ဝိညာဏ်စိတ်တို့ ဖြစ်ခြင်းအတွက် မည်ကဲ့သို့ ဖြစ်ရခြင်းနှင့် စိတ်၏လျင်မြန်ခြင်းကြောင့် မျက်စိ၌ စက္ခုဝိညာဏ် စိတ်သည် မထင်မရှားဖြစ်ရုံဖြစ်၍ မနေခါသည့် ဟဒယဝတ္ထုသို့ လျင်မြန်စွာရောက်၍ ဟဒယဝတ္ထု၌သာ ဖြစ်ပါသလားဆိုတာ ရှင်းလင်းစွာသိလို၍ လျှောက်ထားအပ်ပါသည် ဘုရား။

ဖြေ။ ။ သံသယဖြစ်ထိုက်ပါတယ်. . . ဒါမေးသင့်တဲ့ မေးခွန်းပဲ။ အမှန်ကတော့ သူ့ရဲ့မေးခွန်းထဲမှာ အဖြေပါသွားပါပြီ။ ဆရာတော် ဒီအကြောင်းအကျယ်ကို မဂ်တားဖိုလ်တား အန္တရာယ်များစာအုပ်မှာလည်း ဖြေထားပါတယ်။ ဟုတ်ပါတယ်။ သိပ္ပံပညာကတော့ စိတ်တွေဟာ ဦးနှောက်မှာ ဖြစ်တယ်လို့ ယူဆတယ်။ ဘုရားဟောအရတော့ နှလုံးမှာ ဖြစ်တယ်လို့ ဒီလိုပဲပြောထားပါတယ်။ ဆရာတော်က ကြားထဲကနေ ရှင်းပြထားပါတယ်။ နှစ်ခုလုံး မှန်တယ်လို့၊ နှစ်ခုလုံးမှာ ဖြစ်တယ်လို့ ဒီလိုပဲ ပြောထားပါတယ်။ ဥပမာ ပေးရလို့ရှိရင် ဘူးသီး,သီးတယ်ပေါ့။ အဲဒီဘူးသီးဟာ ဘူးပင်က သီးတာပါ။ သို့သော် အဲဒီဘူးပင်ကို အဓိကထားပြီးတော့ အားပေးနေတာဟာ မြေကြီး အောက်ထဲက အမြစ်ပေါ့။ ဘူးပင်မှာ အမြစ်တွေ မပါဘူးလား။ အဲဒီအမြစ်တွေ သေ

သွားရင် အသီး,သီးနိုင်သေးလား။ အဲဒီသဘောအတိုင်း ပါပဲ။ စိတ်ဟာ ဘူးသီးနဲ့တူတယ်။ ဦးနှောက်က ဘူးပင်နဲ့ တူတယ်။ ဟဒယဝတ္ထုနှလုံးက ဘူးပင်ရဲ့အမြစ်နဲ့ တူတယ်။ အကုန်ဆက်စပ်မှု ရှိတယ်။ ဒါပေမယ့် အမြစ်က ပိုအရေး ကြီးတယ်။ အမြစ်သေတာနဲ့ ဒီအပင်အသီး,သီးနိုင်သေးလား အဲဒီသဘောတရားအတိုင်းပဲ။ ဒါကြောင့် လူတစ်ယောက် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေပြီ သေခါနီးပြီဆိုရင် ယောဂီတို့ ဖြေကြည့်ကြပါ။ လူသေ၊ မသေကို ဦးနှောက်ကိုစမ်းကြည့် သလား၊ နှလုံးကိုစမ်းကြည့်လား။ နှလုံးကို စမ်းကြည့်တာ နော်။ ဒါက သိပ္ပံဆရာတွေ ကိုယ်တိုင်အဖြေပေးနေတာပဲ လေ။ ဘယ်သူ့မှ ဦးနှောက်သွားမစမ်းပါဘူး။ အဲဒါ နှလုံးမှာ စိတ်ရှိတာမို့လို့ပေါ့။ နောက်တစ်ခါ ဦးနှောက်တော့သေပြီး ဦးနှောက်အလုပ်မလုပ်တော့ဘဲ မသေတဲ့လူနာတွေလည်း ရှိတယ်။ ကိုမာရောဂါဆိုတာ ကြားဖူးတယ်နော်။ မြန်မာမှာ တော့ သိပ်မရှိဘူး။ ကမ္ဘာမှာတော့ တော်တော်များများ ရှိတယ်။ အချို့ဦးနှောက်က သေသွားတာ ၁၅နှစ်လောက် ရှိပြီ။ ဘာမှကို မသိတော့တာ။ နှလုံးက အလုပ်လုပ်နေ တယ်။ သေလည်း မသေဘူး. . . ပုပ်လည်း မပုပ်ဘူး။ အစာတွေကို ပိုက်နဲ့ သွင်းပေးနေတော့ အကြာကြီးနေရ သေးတာပဲ။ သူတို့အဆိုအရ ဦးနှောက်မှာ စိတ်ဖြစ်တယ် ဆိုရင် သေတော့လေ. . . မသေဘူး။ ဒါကြောင့် နှလုံးက

အဓိကနေရာမှာ ပါ,ပါတယ်။ သို့သော် ဦးနှောက်ကလည်း မလွတ်ပါဘူး။ ဘာလို့လဲဆိုတော့ မျက်စိ၊ နား၊ နှာ၊ လျှာ ပေါ့နော်။ အဲဒါတွေက ခေါင်းပိုင်းမှာ အကုန်ရှိတာကိုး။ အဲဒီစိတ်ဖြစ်တဲ့ဟာတွေက ခေါင်းပိုင်းမှာဆိုတော့ အကုန်နီးစပ်နေတယ်။ နောက် တစ်ခုက အဲဒီ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ပေါ့. . . အဲဒါက ပဉ္စဒွါရလို့ခေါ်တယ်။ ငါးဒွါရအပေါင်းပေါ့။ အဲဒီ ငါးဒွါရမှာဖြစ်တဲ့ စိတ်တွေက မနောဒွါရမှာ တစ်ဆက်တည်း တန်းဖြစ်တယ်။ သူ့မေးခွန်းထဲမှာလည်း ပါပြီးသားပဲ။ အခုဆရာတော်ကို လှမ်းကြည့်တော့ မမြင်ရဘူးလား။ မြင်တော့ ဒါဆရာတော်လို့ မသိလိုက်ဘူးလား။ မေတ္တာရှင်ဆရာတော်လို့ သေချာသိတဲ့စိတ်ဟာ မနောဒွါရမှာဖြစ်တဲ့ တွေးသိစိတ်က သိတာပါ။ အပေါ်ယံကြည့်ရင်တော့ မြင်သိစိတ်က သိတယ်လို့ထင်ရတယ်။ မြင်သိစိတ်က မေတ္တာရှင်ဆရာတော်လို့ မသိဘူး။ သူက အဆင်းလို့ပဲသိတာ။ အဲဒါပဲ။ မြင်ရတဲ့ အဆင်းလေးပဲသိတာပါ။ အဲဒီတော့ မျက်စိမှာ မြင်သိစိတ်ဖြစ်ပြီးလို့ရှိရင် တစ်ဆက်တည်း မနောဒွါရမှာ တွေးသိစိတ်ဖြစ်ပြီးတော့မှ မေတ္တာရှင်ဆရာတော်လို့ သိသွားပါတယ်။ ထို့အတူ အခုတရားနာတယ် ဆရာတော့်အသံကို ကြားတယ်၊ ကြားသိစိတ်က အသံလို့ပဲ သိတယ်။ ဒါ သစ္စာလေးပါး တရားပဲ။ ဒါအမေး အဖြေပဲ။ ဒါဗုဒ္ဓဘာသာကျင့်စဉ်ပဲလို့ မသိဘူး။ ကြားသိစိတ်ပြီးတာနဲ့

မနေ့ဘွဲ့ရက တွေးသိစိတ်ကမှ ဒါသစ္စာလေးပါး တရား ဟောနေတာ။ အဲဒီအချိန်ကျမှ သိသွားတယ်။ ကျန်တဲ့ နံ့/စား/ထိသိစိတ်တွေဟာလည်း ဒီအတိုင်းပါပဲ။ တော်တော် ကောင်းတဲ့ မေးခွန်းလေးပါ။ ဒီမေးခွန်းလေးရဲ့ အဖြေနဲ့ပဲ တရားကို တော်တော်လေးရသွားနိုင်ပါတယ်။

**ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်**

မေး။ ။ သညာသိနှင့်ပညာသိ၏ စာမျက်နှာ ၄၀၉မှ ရှေ့ပိုင်းက ဝိပဿနာမဂ်၊ နောက်ပိုင်းက လောကုတ္တရာမဂ် . . . ဒါကို မိအောင်လုပ်ရမည်ဟူသော စကားကို အဓိပ္ပာယ်နားမလည် နိုင်ပါသဖြင့် ရှင်းလင်းဖြေကြားပေးပါ ဘုရား။

ဖြေ။ ။ အဲဒါကို မိန့်ကြားပေးပါ့မယ်။ ပုံစံလေးနဲ့ပေါ့။ ဓမ္မပဒမှာ အရိယာဆိုတဲ့ တံငါသည်ကြီး ငါးဖမ်းနေတယ်။ မြတ်စွာ ဘုရားက သူ့ရှေ့ရောက်လာတယ်။ တံငါသည် တစ် ယောက်ပဲ . . . ဘာတရားမှ မလုပ်ဘူး။ ဘုရားက သူ့ ရှေ့ရောက်လာတော့ အားနာပါးနာနဲ့ ဘုရားရှေ့မှာ ထိုင် ရတာပေါ့။ အဲဒီမှာ ဘုရားရှင်က တရားဟောတယ်။ တရား အဆုံးမှာ သောတာပန်တည်တယ်။ သူသည် မြတ်စွာဘုရား ရဲ့တရားကိုစိုက်ပြီး နာနေတာဟာ ဝိပဿနာအလုပ်ကို လုပ်နေတာပဲ။ အဲဒီတော့ ရှေ့ပိုင်းက ဝိပဿနာပေါ့။ ဝိပဿနာလည်း ဆုံးရော မဂ်စိတ် မကျဘူးလား။ နောက် ပိုင်းက လောကုတ္တရာမဂ်ဆိုတာ အဲဒါကို ပြောတာပါ။ မဂ်

ဟာ ဝိပဿနာနောက်မှာပဲ ရှိတယ်။ သမထနောက်မှာ မရှိဘူးလို့ ဆိုလိုတယ်။ သမထသက်သက်နဲ့ မဂ်ဖိုလ်မရနိုင်ဘူးလို့ သိလိုက်ပါ။

## မာရ်နတ်၏ လားရာဂတိ

မေး။ ။ အရှင်ဘုရား မာရ်နတ်သည် မြတ်စွာဘုရားအလောင်းတော် တောထွက်တော်မူသည့်နေ့က တစ်ကြိမ်၊ တောမထွက်ရန် နှောင့်ယှက်ခဲ့ပါသည်။ မြတ်စွာဘုရား. . . ဘုရားဖြစ်လျှင်ဖြစ်ခြင်း ပရိနိဗ္ဗာန်စံဝင်ရန် လာရောက်လျှောက်ထားသည်ဟုလည်း လေ့လာတွေ့ ရှိရပါသည်။ အခြားခြားသောကောင်းမှုပြုသူ (၃၁)ဘုံမှလွတ်မြောက်ရန် ကျင့်ကြံအားထုတ်သူများကိုလည်း (၃၁)ဘုံမှ မကျွတ်လွတ်အောင် နှောင့်ယှက်သည်ဟု သိခဲ့ရပါသည်။ ယခုအခါ ၎င်းမာရ်နတ်သည် နတ်ပြည်(၆)ထပ်တွင် အပေါ်ဆုံးအထပ်၌ နတ်စည်းစိမ် ခံစားနေသည်ဟု သိရပါသည်။ မည်သည့်ကုသိုလ်ကံများကြောင့် နတ်စည်းစိမ် ခံစားရပါသလဲ။ မာရ်နတ်၏ လားရာဂတိသည် အဘယ်သို့ကျရောက်နိုင်ပါသလဲ။

ဖြေ။ ။ ဒါကတော့ သူနတ်ဖြစ်အောင်လို့ ကုသိုလ်လုပ်ခဲ့လို့ နတ်ဖြစ်ရတာပါပဲ။ ဒီနတ်ဘဝမရောက်ခင် လူ့ဘဝမှာ ကုသိုလ်လုပ်ခဲ့လို့ပေါ့။ ငရဲတော့ ကျလိမ့်ဦးမယ်။ ကျနိုင်ပါသေးတယ်။ သူပြစ်မှား စော်ကားခဲ့တဲ့အပြစ်တွေလည်း အများကြီး

ရှိသေးတာကိုး။ အဲဒီတော့ သူပေးဆပ်ရဦးမှာပဲ။

**ဒိဋ္ဌိ – ဖွင့်ဆိုချက်**

မေး။ ။ တပည့်တော်ဖတ်ဖူးသော စာအုပ်ထဲတွင် သမ္မာဒိဋ္ဌိဆိုလျှင် သမ္မာက မှန်ကန်သော၊ ဒိဋ္ဌိက အယူ၊ မိစ္ဆာဒိဋ္ဌိဆိုလျှင် မိစ္ဆာ-က လွဲမှားသော၊ ဒိဋ္ဌိ-က အယူဟု ဘာသာပြန်ဆိုထားပါသည်။ ဝိသုဒ္ဓိ(၇)ပါးထဲတွင် ဒိဋ္ဌိဝိသုဒ္ဓိကို ဒိဋ္ဌိကို အယူမှား၊ ဝိသုဒ္ဓိကို စင်ကြယ်ခြင်းဟု ဘာသာပြန်ထားပါသည်။ ဒိဋ္ဌိ၏ အဓိပ္ပါယ်အရင်းက အယူလား၊ အယူမှားလားဆိုတာ သေသေချာချာရှင်းပြပေးပါ။

ဖြေ။ ။ သဒ္ဒါလိုကတော့ ဒိဋ္ဌိက=အယူလို့ပဲဟောတာပေါ့။ ဒါပေမဲ့ ကိလေသာ (၁၀)ပါးထဲမှာကျတော့ ဒိဋ္ဌိလို့ပဲ သာမန်ပြထားတယ်။ ကိလေသာဆိုတာ စိတ်ကိုညစ်နွမ်းကြောင်း တရားတွေပဲ။ စိတ်ကို ညစ်နွမ်းကြောင်းတရားတွေဆိုတာ "အယူ" လို့ဆိုရုံနဲ့ ဘယ်ညစ်နွမ်းမလဲ။ "အယူမှား" ဆိုမှ ညစ်နွမ်းတာပေါ့။ ဒါကြောင့် အယူမှားလို့ပဲ ရှေးရှေးဆရာတော်ကြီးများက ဒိဋ္ဌိကို ပြန်ဆိုထားပါတယ်။ ဒါက အဓိပ္ပါယ်အနက်လို့ ယူဆရမှာပေါ့။ သဒ္ဒါအနက်တော့ မဟုတ်နိုင်ဘူး။

**ကြက်မွေးခြင်းနှင့် အကုသိုလ်အလုပ်**

မေး။ ။ တပည့်တော်၏ အသိမိသားစုက ကြက်မွေးမြူရေး လုပ်ပါသည် ဘုရား။ တပည့်တော်က သူတစ်ပါးအသက်နဲ့ အသက်

မမွေးသင့်ကြောင်းပြောတာကို သူတို့က ကုသိုလ်များများ လုပ်ရင် ကြေပါတယ်လို့ ပြောပါတယ် ဘုရား။ တကယ်ပဲ အကုန်ကြေနိုင်လား ဘုရား။ တပည့်တော်ကို ရှင်းပြပေးပါ ဘုရား။

ဖြေ။ ။ အေးပေါ့လေ။ လူ့ဘဝရောက်လာရင်တော့ ရဟန်းဘဝ လောက်တော့ အပြစ်မကင်းနိုင်ဘူး။ အနည်းအကျဉ်းအပြစ် ကတော့ လူ့ဘဝမှာ ရှိနိုင်တာပဲ။ ရဟန်းဘဝလို နေနိုင် ရင်တော့ ကောင်းတာပေါ့။ ရဟန်းဘဝလို မနေနိုင်သရွေ့ လူ့ဘဝမှာခံရတဲ့ မဖြစ်မနေလုပ်ရတဲ့ အလုပ်တွေရှိတတ်ပါ တယ်။ တကယ်တော့ ကြက်မွေးမြူတယ်ဆိုတာ ကုသိုလ် လုပ်တာ မဟုတ်ဘူး။ ဒါပေမဲ့ စိတ်ကတော့ အဓိက ကျပါ တယ်။ ဒီကြက်ကလေးတွေကို အစာ ကျွေးတဲ့အခါမှာ စားစေချင်တဲ့ စေတနာနဲ့ကျွေးရင် ကျွေးချိန်မှာ ကုသိုလ် တော့ ရသေးတာပဲ။ ရောင်းချိန်ကျမှ အကုသိုလ်ဖြစ်ရင် ဖြစ်လိမ့်မယ်။ ဒါကြောင့် ဖြစ်နိုင်ရင်တော့ မမွေးနဲ့ပေါ့။ မမွေးလို့မဖြစ်လို့ မွေးရရင်လည်း အဲဒီကြက်ကလေးတွေကို အစာကျွေးချိန်မှာ အလှူခံကိုကျွေးတဲ့ သဘောမျိုးထားပြီး တော့ ကျွေးစမ်းပါ။ ကျွေးချိန်မှာ ကုသိုလ်ရတယ်။ ပြီးတော့ အဲဒီအကုသိုလ်မျိုးက အပါယ်ကိုမဖြစ်မနေချတဲ့ အကုသိုလ် မျိုး မဟုတ်ဘူး။ "လဟုက" လို့ခေါ်တဲ့ ပေါ့ပါးတဲ့ အကုသိုလ် လေးတွေပါ။ သာမန်ကုသိုလ်လောက်နဲ့ ချေလို့ရပါတယ်။

တစ်ခုရှိတယ်။ သေခါနီးမှာ အဲဒီအကုသိုလ်ကို သတိမရပါနဲ့။ ကုသိုလ်ကိုသာ သတိရရင် အပါယ်မကျပါဘူး။ အပါယ်လေးပါးကို ကေန်မုချကျတဲ့ အကုသိုလ်က ငါးမျိုးပဲရှိတယ်။ အမေသတ်တဲ့ အကုသိုလ်၊ အဖေသတ်တဲ့ အကုသိုလ်၊ ရဟန္တာသတ်တဲ့ အကုသိုလ်၊ ဘုရားရှင်ကို သွေးစိမ်း တည်အောင်လုပ်တဲ့ အကုသိုလ်၊ (အမှန်ကတော့ ဘုရားရှင်ကို သတ်တာပဲ။ သတ်လို့မရလို့ သွေးစိမ်းတည်အောင် လုပ်တယ်လို့ ပြောတာပါ)၊ သံဃာသင်းခွဲတဲ့ အကုသိုလ်၊ နောက်ထပ်တစ်ခု ထပ်ထည့်ရင်တော့ ကုသိုလ်ဆိုတာ မရှိ၊ ကုသိုလ်အကျိုးဆိုတာ မရှိ။ အကုသိုလ်ဆိုတာ မရှိ၊ အကုသိုလ် အကျိုးဆိုတာမရှိဆိုတဲ့ မိစ္ဆာဒိဋ္ဌိအယူပေါ့။ အဲဒီအကုသိုလ်ကံတွေလောက်ပဲ။ ကေန်မုချသေရင် အပါယ်လေးပါးငရဲကို ဆွဲချပါတယ်။ ကျန်တဲ့အကုသိုလ်တွေကတော့ ကေန်မုချ ဆွဲမချနိုင်ပါဘူး။ ဒါကြောင့် သီဟိုဠ်ကျွန်းက ဒမိဠဆိုတဲ့ တံငါသည်ကြီးနှစ်ပေါင်းများစွာ ငါးတွေသတ်ဖြတ်ရောင်းစားလာတာ ကြာပြီပေါ့။ သူ ငါးတွေသတ်လာတာ နှစ်ပေါင်း ၅၀လောက်ရှိပြီ။ အဲဒီတော့ ငါးတွေ ဖမ်းသတ်တဲ့ အကုသိုလ်က ကြက်မွေးတဲ့ အကုသိုလ်ထက် ပိုမကြီးဘူးလား. . . ကြီးတာပေါ့။ ကြက်က မွေးထားရတာကြာတယ်။ ပြီးမှ ရောင်းရတာလေ။ ကိုယ်တိုင်သတ်ချင်မှလည်း သတ်တာလေ။ အဲဒီလို နှစ်ပေါင်း ၅၀လောက် ငါးတွေနေ့တိုင်း သတ်

နေတဲ့ ဒကာကြီးတောင် သေခါနီးကျတော့ ရဟန်းတစ်ပါး ရောက်လာပြီး သရဏဂုံဆောက်တည်ပေးတာ နတ်ပြည် ရောက်သွားတယ်။ အဲဒါကြောင့် အဲဒီ အကုသိုလ်လောက် ကတော့ မပြောပလောက်ပါဘူး။ သောတာပတ္တိမဂ်သာရမယ် ဆိုရင် ဘယ်တော့မှကို အပါယ်မကျတော့ဘူး။ အဲဒီလိုလေး မှတ်ပါ။

## အိပ်မက်ထဲထိ – လိုက်နှိပ်စက်သူများ

မေး။ ။ တပည့်တော်၏ဆွေမျိုးများထဲမှ မောင်နှမများသည် အပြင်တွင် မသေဘဲ တပည့်တော်၏အိပ်မက်ထဲတွင် သရဲများဖြစ်ကာ လာရောက်၍ လည်ပင်းညှစ်ကာ ခြောက်လှန့်နေပါသည် ဘုရား။ ပြေးရင်လည်း မလွတ်ပါဘုရား။ နှစ်ညဆက်တိုက် ရှိပါပြီဘုရား။ တပည့်တော် တကယ်ကိုကြောက်လန့်မိပါသည် ဘုရား။ ထို့ကြောင့် ဘုရားတပည့်တော်ကို သနားသော အားဖြင့် ဤပြဿနာ ဖြေရှင်းပေးတော်မူပါ။

ဖြေ။ ။ ဒါဆိုရင်တော့ ဘုန်းကြီးနား လာအိပ်လှည့်တော့နော်။ အဲဒါမှ စောင့်ရှောက်လို့ရမှာပေါ့။ ရေးတာက ယောဂီအမလား၊ အထီးလားတော့ မသိပါဘူး။ အထီးလို့ ထင်ပါတယ်နော်။ အမဆိုရင်တော့ မလာနဲ့။ အစ်မကြီးဆီကိုသာ သွားတော့။ ကြောက်စရာမဟုတ်ပါဘူး။ စိတ်ပညာအရတော့ ဘုန်းကြီးက ဒီလိုထင်ပါတယ်။ ဒီယောဂီက အမျိုးသားဖြစ်လောက်ပါ တယ်။ စိတ်ပညာအရ သူ့ကို အဲဒီမောင်နှမတွေက တော်တော်

အနိုင်ကျင့်ခဲ့လိမ့်မယ်။ အဲဒီလို အနိုင်ကျင့်ခဲ့လို့ရှိရင် ငယ်ငယ်ကတည်းက အနိုင်ကျင့်ခံရတဲ့ပုဂ္ဂိုလ်က စိတ်ထဲမှာစွဲပြီးတော့ စိတ္တဇလိုဖြစ်သွားတယ်။ အိပ်မက်ထဲထိလိုက်ပြီး ဒုက္ခပေးတတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် အဲဒါတွေကို မေ့ပစ်လိုက်ပါ။ အိပ်မက်ဟာ အိပ်မက်ပါပဲ။ တကယ် မဖြစ်ပါဘူး။ အစွဲအလမ်းကြောင့် မက်တဲ့ အိပ်မက်မျိုးပါ။ ဆရာတော်တို့လည်း ဖြစ်ခဲ့ဖူးပါတယ်။ ဆရာတော်တို့ရဲ့ ကိုရင်ဝတ်ပေးတဲ့ ဥပဇ္ဈာယ်ဆရာက ဒေါသအရမ်းကြီးတယ်။

ကိုရင်ဘဝတုန်းကဆိုရင် တစ်နေ့ကို လေးကြိမ်လောက် အရိုက်ခံရတယ်။ တကယ်ပြောတာပါ။ အဆူခံ၊ အမာန်ခံရတာမပြောနဲ့တော့။ ဆရာတော်အသက်(၂၀)ကျော်ရောက်တဲ့အထိ အိပ်မက်ထဲမှာ အဲဒီဆရာတော်က နှိပ်စက်တာရိုက်တာတွေ ခဏခဏမက်တယ်။ စိတ်မှာ ဒဏ်ရာဖြစ်သွားတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ကိုယ့်သားသမီး၊ တပည့်ကို ရိုက်နှက်ပြီးတော့ မဆုံးမစေချင်ဘူး။ အပြင်ဒဏ်ရာက ပျောက်ရင် ပျောက်မယ်။ စိတ်ဒဏ်ရာက မပျောက်ဘူး။ အဲဒါကို မိဘကော၊ ဆရာကော သတိထားကြပါ။ ပြီးတော့ အဘိဓမ္မာသဘောအရ ကြည့်ရင် ရိုက်နေတဲ့အချိန်မှာ အကုသိုလ်ပဲ။ ဒေါသနဲ့ရိုက်တာလေ။ ဟုတ်တယ်နော်။ အပြစ်ကို ပြင်စေချင်တာက ပြီးမှလာမှာ။ ရိုက်တဲ့အချိန်ကတော့ အကုသိုလ်ပဲ။ ဒါကြောင့် ပြောရတယ်။ မိဘကော၊

ဆရာကော ရိုက်နေတဲ့ အချိန်မှာ သေရင်တော့ သူတို့ ငရဲကျမှာပဲ။ ဘာလို့လဲဆိုတော့ ဒေါသနဲ့ရိုက်တာလေ။ မေတ္တာနဲ့မှ ရိုက်လို့မရဘဲ။ မေတ္တာက စောင့်ရှောက်တာ ပေးကမ်းကျွေးမွေးတာပဲရှိတယ်။

ဖြစ်နိုင်ရင်တော့ တပည့်သားသမီးတွေကို ရိုက်နှက်ပြီးတော့ မဆုံးမစေချင်ပါဘူး။ များသောအားဖြင့် ရိုက်နှက်ဆုံးမခံရတဲ့ တပည့်နဲ့သားသမီးတွေဟာ ကြီးလာတဲ့အခါမှာလည်း သူ့ရဲ့ တပည့်နဲ့သားသမီးကိုပြန်ရိုက်တယ်။ တော်တော်အံ့သြဖို့ ကောင်းတယ်။ အဲဒါကို အသေးစိတ်ဖတ်ချင်ရင် အတ္တကျော်ရေးတဲ့ သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအနုပညာဆိုတဲ့ စာအုပ်လေးကို ဖတ်ကြည့်စေချင်တယ်။ တော်တော်လေး ကောင်းတယ်။ မိဘတွေက သားသမီးကို မဆုံးမတတ်ကြဘူး။ ဆိုကြပါစို့. . . ကလေးတစ်နှစ်ခွဲအရွယ်မှာ အဲဒီမိဘနှစ်ပါးက ခဏခဏဆဲကြ၊ ဆိုကြ၊ ရန်ဖြစ်ကြနဲ့နေတော့ အဲဒီကလေးက မိဘကြောင့် လူမိုက်ဖြစ်သွားတယ်။ အတုခိုးသွားတာပေ့ါ။ မိဘက ဘယ်လောက် အရေးကြီးလဲ။ ဒါကြောင့် သားသမီးတွေဆိုးတယ်ဆိုတာ အဓိက,က မိဘပဲ။ ကိုယ့်သားသမီးကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမှန်း. . . မသိဘူး။ တော်တော်မှတ်စရာ ကောင်းတာတွေ ပါပါတယ်။ အဲဒီလို တစ်နှစ်ခွဲအရွယ်၊ အတုခိုးတဲ့အရွယ်သားလေး မွေးထားတယ်ပေ့ါ။ အဲဒီအချိန်မှာ အဖေနဲ့

အမေက ကွဲသွားတယ်ပေါ့။ အဖေက တခြားရောက်သွား တယ်ပေါ့။ အမေနဲ့ချည်းပဲ နေရတယ်ပေါ့။ အဲဒီကလေးက ကြီးလာတော့ ဂန်ဒူး(အခြောက်) ဖြစ်သွားတယ်ပေါ့။ ကျားကျား လျားလျား အဖေ့ကိုမမြင်ရတော့လို့ပဲ။ မိဘရဲ့ မသိတတ်မှု ဟာ ကလေးအတွက် ဘဝတစ်လျှောက်လုံး ထိခိုက်သွား တယ်။ ဒါကြောင့် မိဘတွေဟာလည်း လင်မယားအဖြစ်မှ ဘယ်တော့မှ မကွာသင့်ဘူး။ သားသမီးကို ထောက်ဆသင့် တယ်။ နောက်တစ်အုပ်က ဘဝတူရိယာတဲ့။ အဲဒါလည်း တော်တော်ကောင်းတယ်။ မြန်မာပြည်က မိဘဆရာအများစုက တပည့်နဲ့ သားသမီးကို ရိုက်ဖို့နှက်ဖို့ပဲ အာရုံထားတာကိုး။ ဆုံးမယ်ဆို ရိုက်ပြီးသားပဲ။ အဲဒီတော့ ကလေးတွေဟာ ဆရာနဲ့မိဘကိုကြောက်ပြီးတော့ သူ့ရဲ့ဖွံ့ဖြိုးမယ့် အသိဉာဏ် တွေဟာ အညွန့်ကျိုးသွားတယ်။ ဒါကြောင့် မြန်မာပြည်က ကလေးတွေဟာ ကမ္ဘာကျော်အဖြစ် မပေါ်ထွန်းတော့ပါဘူး။ ဒီအတိုင်းပဲဆုံးမနေလို့ကတော့ ဘယ်တော့မှလည်း ပေါ်မှာ မဟုတ်တော့ပါဘူး။ တခြားနိုင်ငံက မိဘတွေကျတော့လည်း ကလေးအရွယ် အပြစ်ရှိတာတောင်မှ အဲဒီအပြစ်ကို ကလေးရဲ့အသိဉာဏ်ဖွံ့ထွားမယ့် လေ့ကျင့်ခန်းအဖြစ် ပြောင်းပစ်လိုက်တယ်။ ဘဝတူရိယာစာအုပ်ထဲမှာ ပါတယ်။ အမေရိကန်နိုင်ငံသားတစ်ယောက်ဟာ သိပ္ပံပညာနဲ့ ပတ် သက်တဲ့ ကမ္ဘာ့အမြင့်ဆုံးဆုကြီးတစ်ဆုရတော့ အဲဒီသိပ္ပံ

ပညာရှင်ကို သတင်းထောက်က လာမေးပါတယ်။ ခင်ဗျား ကို အခုလို ကမ္ဘာကျော်တဲ့ သိပ္ပံပညာရှင်ကြီး ဖြစ်အောင် အဓိကပံ့ပိုးသူဟာ ဘယ်သူလို့ယူဆပါသလဲတဲ့။ သူက မြန် မြန်ပဲ ဖြေလိုက်တယ်။

အမေလို့ ယူဆတယ်တဲ့။ မှတ်ထား. . . မိဘပဲ။ ကျွန်တော် ပြောပြပါ့မယ်တဲ့။ ကျွန်တော် ၂ နှစ်၊ ၃နှစ်သားအရွယ် လောက်က ရေခဲသေတ္တာထဲက နို့ပုလင်းကိုသွားယူတယ် တဲ့။ ကလေးဆိုတော့ လက်က သေးသေးလေးကိုး။ သွား ယူတဲ့အခါမှာ ကျွန်တော့် လက်က သေးသေးလေးဆို တော့ ဒီပုလင်းကြီးကို လက်က မကိုင်နိုင်လို့ အောက်ကို လွတ်ကျသွားတယ်။ အဖုံးပွင့်ပြီးတော့ နွားနို့တွေဟာ ကြမ်းပြင်တစ်ခုလုံး စိုရွှဲသွားတယ်။ အဲဒီအချိန်မှာ သူ့ အမေက ဟင်းချက်ရာကနေ အသံလည်း ကြားရော ပြေးထွက်လာတယ်။ သုံးနှစ်သားအရွယ်သားလေးရယ်၊ ကုန်သွားတဲ့ နွားနို့တွေရယ်ဆိုရင် သေချာတယ်။ မြန်မာ ပြည်က အမေသာဆိုရင် ကလေးခေါင်းကို ဘုထွက်အောင် ထုချလိုက်မှာနော်။ အဖေသာဆိုရင် လိမ့်ရိုက်မှာပဲ။ ဒါကြောင့် မိဘတွေလုပ်လို့ ကလေးတွေရဲ့ထက်မြက်မယ့် ဉာဏ်တွေ ဟာ တုံးသွားပါတယ်။ သူတို့ကတော့ လုံးဝ မမာန်၊ မငေါက် ဘူး။ ဒီအရွယ်ကလည်း မာန်ရမယ့် ငေါက်ရမယ့် အရွယ် မဟုတ်ဘူးလေ. . . သိမှမသိဘဲနဲ့။ သိအောင်လုပ်ပေးရမယ့်

တာဝန်ရှိတယ်။ ဒါကြောင့် စိတ်မဆိုးရမယ့်ပုဂ္ဂိုလ် ၄ယောက် ရှိတယ်။ စိတ်ဆိုးရင် ဆိုးတဲ့သူက အမှားပဲ။

(၁) ကလေး

(၂) တိရစ္ဆာန်

(၃) အရူး

(၄) မိန်းမပဲ။

မိန်းမကို အရူးထဲထည့်ထားတယ်။ အရူးနဲ့ အတူတူပဲ။ ကလေးနဲ့ အတူတူပါပဲ။ တကယ်ပြောတာပါနော်။ စိတ်မဆိုးရဘူး။ သူတို့က အသိဉာဏ်နည်းပါတယ်။ အဲဒီ လေးယောက်အပေါ်မှာ စိတ်ဆိုးရင်စိတ်ဆိုးတဲ့ သူမှာ အပြစ်ရှိတယ်။ နားထောင်နော်. . . ပြောတဲ့စကားလေးက တော်တော်ကောင်းတယ်။ သား. . . အံ့ဩစရာပဲ။ အမေ တွေ့ဖူးတာက ကလေးတွေဟာ ကြမ်းပြင်မှာ ရေနဲ့ဆော့ တာ။ သားက အဆင့်မြင့်တယ်။ နွားနို့နဲ့ဆော့နေတယ် ဆိုတော့ ကလေးက စပ်ဖြဲဖြဲလေးဖြစ်သွားတယ်။ သားရေ. . ဆော့လိုက်ဦး။ အမေ ဟင်းချက်လိုက်ဦးမယ်ဆိုပြီး ပြန်ထွက် သွားတယ်။ သူ့သားလည်း ဆက်ဆော့နေတာပေါ့။ အပြစ်လို့ မယူဆဘူးလေ. . . မငေါက်ဘူး. . . မမာန်ဘူးလေ။ ဆော့ နေတာ ပွစိတက်နေတာပေါ့နော်။ တော်တော်လေးကြာ တော့ သူ့အမေက ပြန်ဝင်လာတယ်။ သား. . . ဆော့လို့ အားရပြီလားဆိုတော့ အားရပြီတဲ့။ သား. . . ဆော့လို့ဝရင်

ဒီကြမ်းပြင်ပေါ်က န္ဒွားနို့တွေကို ဒီအတိုင်းထားလို့မရဘူး။ ပြောင်အောင်သုတ်ပစ်မှ ရမယ်။ မသုတ်ပစ်ရင် ကြမ်းတွေ ဆွေးပြီးတော့ သားရော၊ အမေပါ နေစရာမရှိဘဲ ဖြစ်လိမ့်မယ်တဲ့။ အဲဒီတော့ သားစဉ်းစားကြည့်စမ်း။ ဒီနွားနို့တွေကို တံမြက်စည်းနဲ့ လှဲမလား။ ကြက်မွေးနဲ့ သိမ်းမလား။ အဝတ်နဲ့ သုတ်မလားဆိုတာ သားစဉ်းစားလိုက်ပါတဲ့။ သူက ဉာဏ်ဖွင့်ပေးလိုက်တာ။ ကလေးက စဉ်းစားတာပေါ့။ စဉ်းစားမှ ဉာဏ်ပွင့်တာလေ။ အကယ်၍ သား. . . ရော့. . . အဝတ်နဲ့ သုတ်လိုက်ဆိုရင် ဉာဏ်မထက်တော့ဘူး။ ကလေးကို ဆုံးမတာ တောင် ဉာဏ်ထက်အောင်ဆုံးမတယ်။ ကလေးက သူ့ဘာသူ စဉ်းစားပြီး အမေရေ. . . အဝတ်နဲ့သုတ်မယ်ဆိုပြီး သားအမိ နှစ်ယောက်သုတ်လိုက်ကြတယ်။ ဘာမာန်စရာလိုလဲ။ အပြစ်ကို ကလေးရဲ့ဦးနှောက် ဖွံ့ဖြိုးမှုအတွက် အသုံးချလိုက်တာပါ။ ဒါကြောင့်အမေရိကန်နိုင်ငံမှာ ကမ္ဘာကျော်ပညာရှင်တွေ ခဏ ခဏ ပေါ်ထွက်တာပေါ့။ ဆုံးမတတ်လို့ပဲ။ ဒီမှာက တော့ ထစ်ခနဲရှိရင် ချဖို့၊ နှက်ဖို့ပဲ သိတယ်။ ဘယ်တော့မှ ဖွံ့ဖြိုးမှာ မဟုတ်ဘူး။ ဒါကြောင့် ပြောင်းကြပါ။ ပြီးတော့ သားရေ. . . လာဦး။ သားကိုအမေ လက်တွေ့သင်တန်း ပေးမယ်ဆိုပြီး ဘူးထဲကိုရေတွေထပ်ထည့်ပြီး သားရေ ဒီဘူးကို ယူကြည့်စမ်းပါအုံးဆိုတော့ ပြုတ်ကျတာပါပဲ။ အဖုံး က ပိတ်နေတော့ ရေတွေတော့ ပွင့်မကျပါဘူး။ သားထပ်

လုပ်ကြည့်ဦး။ သား ကိုယ်တိုင် ကိုင်နိုင်လာတဲ့အထိ စမ်းကြည့်ဦးတဲ့။ ကလေးက ကိုင်ရင်းကိုင်ရင်းနဲ့ အမှားများတော့ အမှန်ရောက်လာတယ်။ သူ့လက်ကသေးတော့ ပုလင်းရဲ့ အောက်ခြေနားက ကိုင်လို့ မရပေမယ့် ပုလင်းထိပ်ပိုင်း လည်ပင်းကသေးတော့ ကိုင်လို့ရသွားတယ်။ အဲဒီတော့ အမေရေ. . . ရပြီတဲ့။ အမေကလည်း သား. . . အဲဒါ အမှန်ပဲ။ သားစောစောကလွတ်ကျတာက သားလက်လေး ကသေးတော့ အောက်ကကိုင်လို့မရဘူး။ ဒါကြောင့်နောက် သားကိုင်လို့ ရှိရင် ဒီအပေါ်က ကိုင်တဲ့။ အဲဒီကစပြီးတော့ ကျွန်တော်ဟာ အမှားကို မကြောက်တော့ဘူး။ အမှားက နေ အမှန်ကို ထုတ်တတ်သွားတယ်တဲ့။ အဲဒီအမှားထဲက နေ အမှန်ထုတ်တတ်တဲ့ အကျင့်က ကျွန်တော့်ကို ကမ္ဘာကျော် သိပ္ပံပညာရှင်ဖြစ်အောင် ပို့ပေးလိုက်တာတဲ့။ အဲဒီ အချက်ပါပဲ။ နောက်တစ်ခါ ကလေးကို ရိုက်ခါနီးရင် ငါ့ အမှားပဲဖြစ်တယ်လို့ သတိရပါ။

## ပရမာဏုမြူအောက်

မေး။ ။ အရှင်ဘုရား ပရမာအဏုမြူပြီးရင် နောက်ထပ်ဘာဖြစ်ဦးမှာလဲ ဘုရား။

ဖြေ။ ။ တစ်နေ့က တရားထဲမှာ ပါပြီးပြီပဲ။ ပရမာအဏုမြူပြီးရင် ပရမာ အဏုမြူအောက် ဘာမှ မရှိတော့ဘူးလေ။ သူက ပရမတ်သဘောလေးတွေပဲ ရှိတော့တယ်။ ကလာပ်စည်း

လေးတွေပဲ။ ကလာပ်စည်းလေးတွေ ပေါင်းမှ ပရမာအဏုမြူ ဖြစ်တာပါ။ ပရမာအဏုမြူ ၃၆လုံးပေါင်းမှ အဏုမြူ၊ အဏုမြူ ၃၆လုံးပေါင်းမှ တဇ္ဇာရီမြူ၊ တဇ္ဇာရီမြူ ၃၆လုံးကို အာပေါ ဓါတ်က ဖွဲ့စည်းပေးမှ ရထရေမြူ၊ ရထရေဏုမြူ ၃၆လုံး ပေါင်းမှ လိက္ခမြူ၊ လိက္ခမြူပေါင်းများစွာပေါင်းမှလက်၊ ခြေ၊ ကိုယ် အကုန်ဖြစ်လာတယ်။

## ရဟန်းခံပွဲနှင့် အပါယ်တံခါးပိတ်ခြင်း

မေး။ ။ ဒုလ္လဘရဟန်းခံပွဲအတွက် ဝတ္ထုငွေလှူလိုက်ရင် အပါယ်တံခါး ပိတ်သွားတယ်ဆိုတာ မှန်ပါသလား ဘုရား။

ဖြေ။ ။ အောင်မယ်. . . လွယ်လှချည်လား။ အဲဒီမေးခွန်းဖြေမယ့် အစားဒီမေးခွန်းထက် စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်း ရှိပါတယ်။ မြိတ်က လူတွေကမေးတာပါ။ သံဝေဇနိယ လေးဌာနကို သွားပြီးတော့ဖူးရင် အပါယ်တံခါးပိတ်တယ်လို့ မကြေညာဘူးလား။ အဲဒါ တကယ်ဟုတ် မဟုတ်သိလိုပါ တယ်တဲ့။ ဖြေလိုက်တယ်။ အဲဒါဆို သံဝေဇနိယလေးဌာန မှာနေတဲ့ ဟိန္ဒူကုလားတွေအကုန်လုံး နတ်ပြည်ကိုပဲ ရောက် ကြမှာပေါ့။ သူတို့က အဲဒီမှာ နေကြတာလေ။ အဓိက,က တော့ ဘုရားက အဲဒီသံဝေဇနိယလေးဌာနကို ဖူးရင် အပါယ်တံခါးပိတ်တယ်ဆိုတာ အဲဒီနေရာကို ဖူးပြီးတော့ အကုသိုလ်နဲ့နေပြီး သေသွားရင်တော့ အပါယ်ကျမှာပဲ။

အဲဒီဖူးခဲ့တဲ့ ကုသိုလ်လေးကိုသေခါနီးအထိ သတိရနေရအုံးမယ်။ ဒါမှ အပါယ်မကျမှာပါ။ အဲဒါဆိုရင် ဒီမေးခွန်းရဲ့အဖြေက တစ်ခါတည်းပါသွားပါပြီနော်။ လှူတဲ့ကုသိုလ်ကိုသေခါနီးအထိ သတိရရင် အပါယ်တံခါးပိတ်မှာပေ့ါ။ လှူတဲ့ကုသိုလ်ကိုမေ့ပြီး အကုသိုလ်တွေလုပ်ကြ၊ အဲဒီအကုသိုလ်ကိုသတိရပြီး သေရင်တော့အပါယ်ကျမှာပဲ။

မေး။ ။ ကံ(၃)ပါးတွင် တစ်ပါးပါးကျူးလွန်ထားသူက အလှူဒါနတစ်ခုပြုလိုက်လျှင် ယခင်အပြစ်တွေ ပြေပျောက်သွားတယ်ဆိုတာ မှန်ပါသလား ဘုရား။

ဖြေ။ ။ စောစောက အဖြေအတိုင်းပဲပေ့ါ။ ပဥ္စာနန္တရိယကံငါးပါးတစ်ခုခုကျူးလွန်ထားရင် ဘယ်လောက်လှူလှူ မပျောက်တော့ပါဘူး။ သေရင်ဧကန်မုချ အဝီစိငရဲကို ကျပါတယ်။ ကျန်တဲ့အကုသိုလ်က ဘယ်လောက်လုပ်လုပ်၊ ဘယ်လောက်သတ်သတ်၊ အဖေ၊ အမေ၊ ဘုရားရှင်၊ ရဟန္တာမှတစ်ပါးကျန်တဲ့ သတ္တဝါတွေကို ဘယ်လောက် သတ်မိ သတ်မိကုသိုလ် တွေ အများကြီးလုပ်ပြီး သေခါနီးမှာ ကုသိုလ်တွေကိုသတိရရင် အပါယ်တံခါးပိတ်တယ်။ သောတာပတ္တိမဂ်ရရင်လည်း သံသရာတစ်လျှောက် အပါယ်တံခါးပိတ်ပါတယ်။

**သောတာပန်နှင့် ငါးပါးသီလ**

မေး။ ။ ငါးပါးသီလမြဲတယ်ဆိုတာ တစ်သက်လုံးမြဲတာကို ပြောတာလား။ ယခုအချိန်မှ မြဲတာကို ဆိုလိုတာလား။

ဖြေ။ ။ အမှန်ကတော့ သောတာပန်တွေ ငါးပါးသီလလုံတယ် ဆိုတာ သံသရာတစ်လျှောက်လုံး လုံသွားတာပါ။ ဘယ်တော့မှ မဖေါက်ဖျက်ဘူး။ သူတော်ကောင်းပုထုဇဉ် တစ်ယောက် ငါးပါးသီလ လုံတယ်ဆိုတာကတော့ အတိုင်းအတာတစ်ခု အထိပဲ လုံတယ်။ ဖေါက်ဖျက်ဖို့ အခွင့်အရေး မကြုံတဲ့ အခါမှာ မဖေါက်ဖျက်ဘူး။ အခွင့်အရေးကြုံရင် ဖေါက်ဖျက် တယ်။ ဒါကြောင့် အဲဒီအတွေးအခေါ်လေးကို ရေးထားပါ တယ်။ သောတာပန်များ ငါးပါးသီလလုံတာက ဓမ္မက စောင့်တာ၊ ပုထုဇဉ်တစ်ယောက် ငါးပါးသီလလုံတာက ပုဂ္ဂိုလ်က စောင့်တာပါ။ ဓမ္မက စောင့်တဲ့ ငါးပါးသီလက သံသရာ တစ်လျှောက်လုံး လုံပါတယ်။ ပုဂ္ဂိုလ်ကစောင့်တဲ့ သီလကတော့ မသေချာပါဘူး။ ဖေါက်ဖျက်နိုင်ပါသေး တယ်။ ဒီလိုလေး မှတ်ထားကြပါ။

## မဂ်ဖိုလ်နှင့် တိဟိတ်ပုဂ္ဂိုလ်

မေး။ ။ ဒီဘဝတွင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှ မဂ်ဖိုလ်ရနိုင်ပါသလား။

ဖြေ။ ။ မှန်ပါတယ်။ တိဟိတ်ပုဂ္ဂိုလ်ဆိုတာ ဟိတ်၃ပါးရှိတဲ့ ပုဂ္ဂိုလ်ကို ဆိုလိုပါတယ်။ ဟိတ်၃ပါးဆိုတာ အလောဘဟိတ်၊ အဒေါသ ဟိတ်၊ အမောဟဟိတ်ပါပဲ။ အလောဘဟိတ်ဆိုတာက သူများကိုပေးချင်တဲ့စိတ်ပဲ။ အဒေါသဟိတ်က သူတစ်ပါးကို မေတ္တာကရုဏာထားတဲ့စိတ်ပဲ။ အမောဟဟိတ်က တွေးခေါ်

ဆန်းစစ်တတ်တဲ့ ပညာပဲ။ အဲဒီ ဥပါးပြည့်စုံတဲ့ ပုဂ္ဂိုလ်မှ ဒီဘဝမှာ မဂ်ဖိုလ်ရတယ်။ တချို့လူသားတွေကျတော့ အလောဘနဲ့အဒေါသပဲ ပါတယ်။ အမောဟဆိုတဲ့ ပညာ မပါလို့ တရားတွေဘယ်လောက်နာနာ၊ ကျင့်ကျင့် မဂ်ဖိုလ် မရဘူး။ တစ်ခုတော့ရှိပါတယ်။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သော် လည်းပဲ မြတ်စွာဘုရားတရားတွေကို တတ်နိုင်သမျှနာပြီး ရှုမှတ်ပွားများမယ်ဆိုရင် ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ဒီဘဝမှာမဂ်ဖိုလ်မရနိုင်သော်လည်း တရားနာပြီးရှုမှတ်တဲ့ အတွက်ကြောင့် နောင်ဘဝမှာနတ်ပြည်ရောက်ပြီးတော့ နတ်ပြည်မှာ သောတာပန်တည်နိုင်ပါတယ်။ အဲဒါကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း ဝိပဿနာတရားကိုပေပြီး တော့ နာကြားရှုမှတ်သင့်ပါတယ်။

## ကိုယ်လုပ်မှ ကိုယ်ရခြင်းနှင့် အမျှပေးခြင်း

မေး။ ။ တပည့်တော်သိလိုတာက ကောင်းမှုကုသိုလ်အလှူပြုတဲ့ နေရာမှာ မိမိတို့၏ ဆွေမျိုးသားချင်း၊ အပေါင်းအဖေါ်၊ မိတ်ဆွေ စသည်တို့အတွက် ရည်စူး၍ အလှူဒါနပြုကြပါ သည် ဘုရား။ ထိုသို့အလှူပြုရာတွင် မိမိအလှူအတွက် မိမိရည်စူးလှူသူသည် အမှန်တကယ်ပင် အကျိုးထူးရပါ သလား ဘုရား။ ကိုယ်လုပ်မှ ကိုယ်ရဆိုတဲ့စကားအရဆိုလျှင် မဖြစ်နိုင်ဘူးထင်ပါတယ် ဘုရား။ ထို့ကြောင့် ရည်စူးအလှူ

သည် အမှန်တကယ် ကုသိုလ်ရနိုင်၊ မရနိုင်။ ရမည်ဆိုပါက မည်သည့်အခါတွင်ရ၍ မရပါကလည်း မည်သည့်အခါတွင် မရသည်ကို ထောက်ပြလမ်းညွှန်ပေးပါဘုရား။

ဖြေ။ ။ ဒါလည်း တော်တော်ကောင်းတဲ့မေးခွန်းလေးပဲ။ သိသင့်ပါတယ်။ ယောဂီတို့လည်း အဖေအတွက်၊ အမေအတွက် ဆိုပြီး ရည်စူးလှူပေးတာ မရှိဘူးလား။ အဲဒါ အဖေ၊ အမေ ရ, မရကို မေးနေတာပါ။ မလှူတတ်ရင် မရဘူး။ လှူတတ်မှ ရတယ်။ ရအောင်လှူနည်းပြောပေးမယ်။ ဆိုကြပါစို့. . . ကိုယ့်အမေအတွက် ကျောင်းဆောင်တစ်ဆောင်ကို လှူပေးချင်တယ်ပေါ့။ ကျောင်းဆောင်က သိန်း (၈၀)ရှိတယ်ပေါ့။ ဒီကျောင်းဆောင် သိန်း(၈၀)အလှူကို ကိုယ့်အမေကို ရစေချင်တာကိုး။ ရစေချင်ရင် အဲဒီသိန်း (၈၀)ကို ကိုယ့်အမေကို ပေးလိုက်ရတယ်။ အမေပိုင်သွားပြီ။ ပေးပြီးတော့မှ အမေ ဒီမှာတော့ ကျောင်းဆောင်တစ်ဆောင်ကိုသိန်း(၈၀)ရှိတယ်။ အမေလှူပါလို့ ပြောရတယ်။ အဲဒီကျမှ အမေက လှူမှ အဲဒီအလှူကို အမေအကုန်ရတယ်။ အမေ့ကို သိန်း (၈၀) မပေးဘဲနဲ့ ကိုယ့်ဘာသာဆောက်ပြီးတော့ အမေ့အတွက် ဆိုရင်တော့ အမေရဖို့မလွယ်ဘူး။ ဒါကြောင့် တော်တော် ကောင်းတဲ့ မေးခွန်းလို့ပြောတာပါ။ အမျှပေးလို့ သာဓု ခေါ်ရင်တော့ တစ်ဝက်လောက်တော့ ရရင်ရမှာပေါ့။ အဲဒါကြောင့် အမေ့အတွက်အလှူဆိုရင် အမေ့ကိုပိုက်ဆံပုံပေး

လိုက်ရတယ်။ အဖေကို ပုံပေးလိုက်။ သူ့ဘာသာ သူလှူပါစေ။ အဲဒါမှ သူတို့ရတယ်။ ပြီးတော့ အမေ၊ အဖေအတွက် လှူတယ်ဆိုပြီးတော့ ကိုယ်က ဒီမှာလှူလိုက်ပြီး အမေ၊ အဖေကို အသိမပေးရင်လည်း မရဘူး။ မယားက အလှူလုပ်တယ်။ ယောကျ်ား ရှာဖွေထားတဲ့ ပစ္စည်းဖြစ်လို့ ယောကျ်ားကိုအသိမပေးလည်းကုသိုလ်ရတယ်။ ယောကျ်ားကုသိုလ် လုပ်လို့ မိန်းမကို အသိမပေး(အမျှမဝေ)ရင် မိန်းမ မရပါဘူး။ ထူးခြားတာက ယောကျ်ားပိုင်ပစ္စည်းကို မိန်းမလှူစဉ်မှာ ယောကျ်ားကမသိတဲ့အတွက် ကုသိုလ်စိတ်တော့ မဖြစ်ဘူး။ ဒါပေမဲ့ မိန်းမကပိုင်ရှင်မသိအောင် ခိုးပြီးလှူရာ ရောက်တဲ့အတွက် သန့်ရှင်းထက်မြက်တဲ့အကျိုးကို မခံစားရဘူး။ ယောကျ်ားက သူ့ပစ္စည်းကို အမြဲစစ်ဆေး ကြည့်ရှုရာက လှူကြောင်း သိလို့ ဝမ်းသာရင် ကုသိုလ်ပိုရတယ်။ ထက်မြက်တဲ့ကုသိုလ်အကျိုးကို ရတယ်။ စိတ်ဆိုးရင်တော့ အကုသိုလ်ရတယ်။ ဒါကြောင့် အကြောင်းကြား အသိပေးရတယ်။ အဲဒီလိုလေး မှတ်ပါ။ တစ်ခုတော့ရှိတယ်။ သေသွားတဲ့ ပုဂ္ဂိုလ်အတွက်ပေါ့။ ခုနကဖြေတာက အသက်ရှင်နေတဲ့ပုဂ္ဂိုလ်တွေအတွက်ပေါ့။ သေသွားတဲ့ မိဘဆွေမျိုးအတွက်ကျတော့ ရ,မရကို ဒီလိုနည်းနဲ့ခွဲရမယ်။ ပုထုဇဉ်တွေက သေသွားရင် ဘုံငါးမျိုးရောက်နိုင်တယ်။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူဘုံ၊ နတ်ဘုံဆိုပြီး ငါးမျိုးရောက်

နိုင်တယ်။ အသူရကာယ်က ပြိတ္တာထဲပါ ပြီးသားပဲ။ အဲဒီမှာ လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံ၊ ငရဲဘုံရောက်သွားရင် ဒီက ကုသိုလ်ပြု အမျှပေးလည်း မရဘူး။ သာဓုမခေါ်နိုင်လို့ပါ။

လူ့ပြည်၊ နတ်ပြည်ကျတော့ ခေါ်စရာ မလိုဘူး။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံကျတော့ သာဓုခေါ်လို့မရဘူး။ ပြိတ္တာဘုံရောက်သွားတဲ့အခါကျမှ ဒီကပေးတဲ့အမျှကို သာဓုခေါ်လို့ရတယ်။

## ဥပုသ်စောင့်ခြင်း၏ ကောင်းကျိုးများ

မေး။ ။ ဥပုသ်စောင့်ရခြင်း၏ ရည်ရွယ်ချက်နှင့်ဥပုသ်စောင့်ရခြင်း၏ အကျိုးကျေးဇူးများကို သေချာသိလိုပါတယ် ဘုရား။

ဖြေ။ ။ ဥပုသ်စောင့်တယ်ဆိုတာ ပုထုဇဉ်တွေက ရဟန္တာတွေရဲ့ အကျင့်ကို အတုလိုက်ပြီးတော့ ကျင့်သုံးလိုတဲ့ ရည်ရွယ်ချက်နဲ့ စောင့်ကြတာပါ။ ရဟန္တာများက ညစာမစားဘူး။ ဒါကြောင့် ဥပုသ်သည်များလည်း မစားကြပါဘူး။ ရဟန္တာများက ကတာ၊ ဆိုတာ၊ တီးတာ၊ မှုတ်တာတွေကို မကြည့်သလို နားလည်းမထောင်ပါဘူး။ ထို့အတူ ဥပုသ်သည်များကလည်း ဥပုသ်စောင့်တဲ့နေ့မှာ မကြည့်ကြပါဘူး။ ရဟန္တာများက ပန်းပန်ခြင်း၊ အမွှေးနံ့သာ လိမ်းကျံခြင်းလည်း မပြုလုပ်ကြပါဘူး။ အဲဒီလိုပဲ ဥပုသ်သည်များကလည်း မလုပ်ကြပါဘူး။ ဒါကြောင့် ဥပုသ်စောင့်တယ်ဆိုတာက ရဟန္တာများရဲ့

အကျင့်ကိုအတုလိုက်ပြီး စောင့်ထိန်းခြင်းဖြစ်ပါတယ်။ ဥပုသ်စောင့်ခြင်း၏အကျိုးကျေးဇူးကတော့ သီလကုသိုလ်ဖြစ်တဲ့အတွက် လူချမ်းသာ၊ နတ်ချမ်းသာ အကျိုးတွေရနိုင်ပါတယ်။ ကိုယ်သာအာရုံပြုတတ်မယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့ကိုလည်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ ဗုဒ္ဓလက်ထက်က နေ့တစ်ဝက် ဥပုသ်စောင့်တဲ့အတွက်ကြောင့် တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်မင်းဖြစ်သွားတဲ့ ဝတ္ထုတစ်ပုဒ်ကို ဖတ်ရဖူးပါတယ်။ အကျဉ်းချုပ်ကတော့ တစ်ခါက လှည်းသားငါးရာ မျက်စိလည်လမ်းမှား ဒုက္ခရောက်တဲ့အချိန်မှာ ညောင်ပင်ကြီးတစ်ပင်အောက်သွားပြီး နားခိုကြတာပေါ့။ အစာရေစာပြတ်ပြီး ဒုက္ခရောက်နေတဲ့အချိန်မှာ ရုက္ခစိုးနတ်ကြီးက ပေါ်လာပြီး အသင်တို့ ဘာလိုပါသလဲလို့ မေးတယ်။ သောက်ရေလိုရင် သူ့လက်ညှိုးက သောက်ရေတွေ ထွက်တယ်။ ထမင်းလိုချင်လည်း လက်ညှိုးကပဲ ထွက်တယ်ပေါ့။ ဘာလိုလို သူ့ဆီကအကုန်ရတော့ လှည်းသားငါးရာက အံ့ဩတာပေါ့။ ရုက္ခစိုးနတ်မင်းကြီး. . . အသင်က တန်ခိုးကြီးလှချည်လား။ ဘာလိုလိုသင်လက်ညှိုးကထွက်ပြီး တန်ခိုးကြီးရအောင် ဘာကုသိုလ်များလုပ်ခဲ့ပါသလဲလို့မေးတော့ သူက ပြောပြတယ်။ အရင်ဘဝက သူက အနာထပိဏ် သူဌေးကြီးအိမ်က အလုပ်သမားပေါ့။ တစ်နေ့တော့ တောထဲမှာထင်းသွားခုတ်ပြီး ပြန်လာတော့ (၁၂)နာရီထိုးပြီးနေပြီ။ အဲဒီ

အချိန်မှာ ဘယ်သူမှစားတာ သောက်တာမတွေ့လို့ မေးကြည့် တယ်။ သူက သူဌေးကြီးအိမ်မှာ အလုပ်လုပ်တာက မကြာ သေးဘူးလေ။ ဘာလို့စားတာသောက်တာ မတွေ့ရတာလဲလို့ မေးတော့ အနာထပိဏ်သူဌေးကြီးအိမ်က အိမ်ရှင်ရော ဝန်ထမ်းတွေရော အားလုံးဟာ ဥပုသ်နေ့ဆိုရင် ရှစ်ပါးသီလ ဥပုသ်စောင့်ကြတယ်။ ၁၂နာရီထိုးပြီး၊ နေလွဲတာနဲ့ဘာမှ မစားကြတော့ပါဘူးလို့ပြောတော့ ဒါဆိုကျွန်ုပ်လည်း ဥပုသ် စောင့်မယ်လို့ ပြောတယ်။ တကယ်ဆိုသူက မနက်စာလည်း ဘာမှမစားရသေးပါဘူး။ အဲဒါနဲ့ သူက ဥပုသ်စောင့်လိုက် တာပေါ့။ မနက်စာလည်း ဘာမှမစားတော့ ညနေလည်းကျ ရော လေရောဂါထလာပြီးတော့ အဲဒီရောဂါနဲ့သေသွားရှာ တယ်။ သူ့မှာ တခြားဘာကုသိုလ်မှမရှိဘူး။ နေ့တစ်ဝက် စောင့်တဲ့ကုသိုလ်ကြောင့်ပဲ . . . တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်ကြီး ဖြစ်သွားပါတယ်။ သူတို့က သစ္စာလေးပါးတရားကို မသိတဲ့ အတွက်ကြောင့် ဒီမှာတော့ မဂ်ဖိုလ်တော့ မပါဘူးပေါ့လေ။ ဆုတောင်းတော့ မဂ်ဖိုလ်ပါရအုံးမှာပါ။

## ရှစ်ပါးသီလနှင့် ဝိပဿနာ

မေး။ ။ ဥပုသ်စောင့်၍ ဝိပဿနာပွားများအားထုတ်သူနှင့် ဥပုသ် မစောင့်ဘဲ ဝိပဿနာပွားများအားထုတ်သူတို့တွင် ကွာခြားချက် ရှိပါသလား။

ဖြေ။ ။ ကွာခြားချက်ကတော့ ထူးထူးခြားခြား မရှိလှပါဘူး။ ကုသိုလ်အရပဲကွာခြားမှာပေါ့။ ရှစ်ပါးသီလဆိုတော့ ငါးပါးသီလထက်ပိုပြီး ကုသိုလ်ရတာပေါ့။ အဲဒါပဲ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကတော့ နှစ်ဦးလုံးရကြပါတယ်။ ကုန်ကုန်ပြောရရင်တော့ တရားမသိတဲ့အခါကာလမှာ ၅ပါးသီလမလုံတဲ့ ပုဂ္ဂိုလ်များကလည်း တရားတကယ်လုပ်ရင်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာပါပဲ။ ဗုဒ္ဓလက်ထက်ကလည်း ရှိတယ်လေ။ ဓမ္မပဒမှာ ဂဏ္ဌိဘေဒက ဆိုတဲ့ ခါးပိုက်နှိုက်သူခိုးရှိတယ်လေ။ ဘုရားကျောင်းလာပြီးတော့ ခိုးတာဝှက်တာပေါ့။ မှန်းကြည့်ရတာကတော့ တရားနာပရိသတ်ဆီက ခိုးတယ်ထင်ပါတယ်။ တစ်ခါတော့ ဘုရားကျောင်းရောက်လာပြီး မြတ်စွာဘုရားကိုဖူးမြော်ဖြစ်သွားတယ်။ အရင်ကတော့ မဖူးဖြစ်ဘူး။ ဘယ်သူ့ဆီက ငါဘယ်လိုခိုးရမလဲကြည့်နေတာလေ။ အခုဘုရားကိုဖူးဖြစ်သွားတော့ ကြည်ညိုသွားပြီး တရားနာလိုက်တာတစ်ခါတည်းသောတာပန်တည်သွားတယ်။ ပြောပြချင်တာကဒီခါးပိုက်နှိုက်ကြီးက မြတ်စွာဘုရားကျောင်းထဲ ဝင်လာတဲ့အထိ သီလလုံရဲ့လား. . . မလုံဘူးနော်။ သူခိုးပဲလေ။ ဒါပေမဲ့မြတ်စွာဘုရားတရားကို စိတ်ဝင်တစားနာလိုက်တော့ တရားအဆုံးမှာ သောတာပန်တည်သွားတယ်နော်။ ဒါကြောင့် တရားမသိခင်က ဘယ်လိုဆိုးခဲ့ဆိုးခဲ့ တရားသိသွားရင် အကုန်ကိစ္စပြီးပါတယ်။

## သောတာပန် ဆရာ မှားနိုင်သေးသလော

မေး။ ။ အရှင်ဘုရား. . . ပါရမီပြည့်စုံအောင်ဖြည့်ကျင့်၍ ယခုဘဝတွင် ပစ္စေကဗုဒ္ဓါအမှန်ဖြစ်ရမည့် ပစ္စေကဗုဒ္ဓါအလောင်း အလျာမုဆိုးကြီးသည် ဘုရားအလောင်းဥဒေါင်းမင်းနှင့် မတွေ့ရလျှင် (သို့) ဥဒေါင်းမင်း၏ တရားမနာခဲ့ရလျှင် ငရဲကျပါမည်လားဘုရား။ ထို့အတူ သောတာပန်များသည်လည်း(၇)ဘဝသာ ကျင်လည်ပြီး နိဗ္ဗာန်စံမြန်းသည်ဟုဆိုပါလျှင် ထို(၇)ဘဝတွင် ဆရာပေါင်းမှားကာ ငရဲကျနိုင်ပါသေးလား ဘုရား။

ဖြေ။ ။ မုဆိုးကြီးကတော့ ဘုရားအလောင်းနဲ့မတွေ့ခဲ့ရင် ငရဲကျမှာပဲ။ သောတာပန်ကတော့ မကျနိုင်တော့ပါဘူး။ မတူဘူးလေ။ စောစောက ပစ္စေကဗုဒ္ဓါအလောင်း မုဆိုးကြီးက ပုထုဇဉ်လေ။ သူက ဘာမဂ်ဖိုလ်မှ မရထားသေးဘူး။ ဒါကြောင့် ဆရာမှားပြီးတော့ သတ်တာ၊ ဖြတ်တာလုပ်တာလေ။ သောတာပန်က သောတာပတ္တိမဂ်တည်ပြီးတာနဲ့အရိယာ ဖြစ်သွားပြီ။ ငါးပါးသီလက အသက်သေဖို့ကြုံရင်တောင်၊ သီလမဖျက်ဘူး၊ အသက်မသေခံတယ်။ လုံသွားတယ်။ ဆရာလည်း မမှားတော့ဘူး။ အယူမှားလည်း ပျောက်သွားပြီ။ ဆရာမှားလား၊ ဆရာမှန်လားဆိုတာလည်း ခွဲတတ်သွားပါပြီ။ အဲဒီလိုလေးမှတ်ပါနော်။

## တဏှာ၏ဆိုးကျိုးများ

မေး။ ။ တဏှာရဲ့ဆိုးကျိုး (၃)မျိုးကိုပြန်ပြီး ရှင်းပြပေးပါဘုရား။ ဝိပဿနာအားထုတ်သင့်ခြင်း၏ ရည်ရွယ်ချက်ပါ ရှင်းပြပေးပါဘုရား။

ဖြေ။ ။ တဏှာရဲ့ဆိုးကျိုး (၃)မျိုးက သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတပ်မက်တဲ့ လောဘနဲ့သေရင် ပထမဆိုးကျိုးက ပြိတ္တာဖြစ်တယ်။ ဒုတိယဆိုးကျိုးက အဲဒီလောဘကို လက်ခံထားလို့ရှိရင် ကမ္ဘာလောကကြီး အငတ်ဘေးဆိုက်တယ်။ တတိယကတော့ အဲဒီဝိသမလောဘစိတ်ကြီး အားကြီးလာလို့ရှိရင် ကမ္ဘာလောကကြီးက မီးလောင်ပြီးတော့ ပျက်စီးပါတယ်။ တရားအားထုတ်သင့်ခြင်း၏ ရည်ရွယ်ချက်ကတော့ တဏှာကိုပယ်သတ်ဖို့ တရားအားထုတ်တာပဲ။ အမှန်ကတော့ တဏှာဦးဆောင်တဲ့ ကိလေသာ (၁၀)ပါးအကုန်ပယ်သတ်ဖို့ပါပဲ။ အဲဒီတော့ တဏှာလို့ခေါ်တဲ့ လောဘကိုပယ်သတ်ချင်ရင် အလောဘနဲ့ပယ်သတ်ပေါ့။ အလောဘက သူများကိုပေးဖို့၊ လောဘက ယူဖို့အားထုတ်တာပါ။ အဲဒါဆိုလောဘ သေမှာပေါ့။ အဲဒီလို အကျဉ်းလေးမှတ်ပါ။

## ကျေးဇူးကန်းသူအပေါ် ဘယ်လိုစိတ်ထားမလဲ

မေး။ ။ တပည့်တော်မသည် စက်ကြီးပန်းထိုးလုပ်ငန်း လုပ်ကိုင်ပါသည် ဘုရား။ ဒီပညာကိုငွေပေးပြီး မသင်နိုင်တဲ့ သူတွေ၊

ငွေမတတ်နိုင်လို့ အတန်းကျောင်းမတက်နိုင်တဲ့လူတွေကို အခမဲ့သင်ပေးပါတယ်။ နေထိုင်စားသောက်စရာကိုလည်း အပြည့်အစုံ ဖူလုံအောင်ထားပါတယ်။ တပည့်တော်မ၏ သားသမီးကဲ့သို့ စောင့်ရှောက်ပါတယ်။ လက်မှုပညာ၊ အတန်းပညာအားလုံး ပြည့်စုံသွားသည့်နေ့တွင် တပည့်တော်မအား သူတို့၏ဆရာမဟုတ်သလို ပြုမူပြီး ထွက်သွားကြပါတယ် ဘုရား။

ဖြေ။ ။ ကူညီပေးကမ်းရင် မျှော်လင့်ချက်မထားရဘူး။ မျှော်လင့်ချက်ထားပြီး ကူညီလို့ရှိရင် စိတ်ဆင်းရဲခြင်းအပင်ကို စိုက်ပျိုးရာရောက်တယ်။ ဒီယောဂီအနေနဲ့ မျှော်လင့်ချက် အနည်းငယ်ထားဟန်တူပါတယ်။ အဲဒီတော့ ယောဂီတို့ရဲ့ ပတ်ဝန်းကျင်မှာ မှားတဲ့အမှားလေးကို ဖြေရှင်းပေးရမယ်။ စေတနာသည် လူတိုင်းနှင့်မတန်တဲ့။ ကြားဖူးတယ်မဟုတ်လား။ အဲဒါ လူမိုက်စကားပဲ။ အိမ်တွေမှာ လျှောက်ချိတ်နေကြတယ်။ အဲဒါ မချိတ်သင့်ဘူး။ စေတနာက လူတိုင်းနဲ့တန်တယ်။ စေတနာသည် လူတိုင်းနှင့်မတန်ဆိုတာက မျှော်လင့်ချက်ထားပြီး ကူညီပေးခဲ့တဲ့ လူကရေးခဲ့တဲ့စာပဲ။ သူက သူများကို မျှော်လင့်ချက်တွေနဲ့ ကူညီပေးကမ်းထောက်ပံ့ခဲ့ပြီး တစ်ဖက်လူက ကျေးဇူးမဆပ်တော့ ပေါက်ကွဲပြီး ဒီစာတန်းကို ထုတ်ရေးလိုက်တာပဲ။ အဲဒါကိုနောက်က လူမိုက်တွေက လိုက်ပြီးတော့ ချိတ်ကြပြန်ရော။ အိမ်ပြန်ရောက်ရင် အဲဒါကို အကုန်

ဖြုတ်ပစ်ကြပါနော်။ ကိုယ့်စေတနာ ကိုယ်ကြည့်ပါ။ သူများ စေတနာကိုကြည့်ရင် ကိုယ့်ရဲ့အလှူဒါန ပျက်တတ်တယ်။ သူများ စေတနာမကြည့်နဲ့။ အဲဒါဆို သူများကျေးဇူးသိသိ, မသိသိ ကိုယ်နဲ့ဘာမှမဆိုင်တော့ဘူး။ ကိုယ်က ကုသိုလ်က ရပြီးသွားပြီလေ။

မေး။ ။ ဆရာတော်၏တရားတွေကို နာရသည့်အချိန်မှစ၍ တပည့်တော်သည် ကိုယ်ပိုင်ပစ္စည်းကုသိုလ်ကို တတ်နိုင်သလောက် စုပါတယ် ဘုရား။ အဲဒီလို အချိန်မှာ တပည့်တော်မကို အာဏာပိုင်တွေက မီတာခိုးသည်ဟုစွပ်စွဲ၍(၁၉. ၄. ၂၀၁၀) နေ့တွင် ၅နှစ်တာဒဏ်ကြေးကို ဆောင်ရပါမည် ဘုရား။ ဒီကိစ္စကို တပည့်တော်မ မကျေနပ်လွန်ပါဘုရား။ အဲဒီလို ပေးရသည့်ငွေသည် ဘုံဆိုင်ပစ္စည်းလား၊ ကိုယ်ပိုင်ပစ္စည်း လား ဘုရား။

## အကြွေးတောင်းရမည့် ဆရာတော်

ဖြေ။ ။ သူက ဒါနမြောက်, မမြောက်မေးတာကိုး။ ဘယ်လိုလုပ် ဒါနမြောက်မှာလဲ။ မပေးချင်ဘဲနဲ့ ပေးရတာကိုး။ အိမ်မီး လောင်မှ ဘုရားမီးပူဇော်တာလေ။ တစ်ခါတော့ စစ်ကိုင်းမှာ ဒကာတစ်ယောက်ပေါ့။ သူ့အိမ်မှာ မီးလောင်တာ ငြိမ်းမရ တော့ဘူး။ အဲဒီကျမှ သူကအော်ပြီးတော့ ဘုရားကိုဘယ်လို

ပြောတယ်မှတ်တုံး။ အဲဒီမှာ ပုညရှင်ဘုရားကြီးရှိတာကိုး။ ပုညရှင်မြတ်စွာဘုရား. . . တပည့်တော်အိမ်မီးရှို့ပြီးတော့ မီးပူဇော်ပါတယ်ဘုရားတဲ့။ ငြိမ်းလို့မရတော့မှနော်။ အခု လည်း သူက ဒဏ်ကြေးဆောင်ရမှာကို ကိုယ်ပိုင်ပစ္စည်း လုပ်ချင်နေတာကိုး။ လူတွေများကြုံရတတ်တယ် သိလား။ ဘုန်းကြီးတို့ ရွှေပြည်သာမှာနေတုန်းက များများစားစား ငွေနှစ်သောင်းလှူမယ့်သူပေါ် ဖူးတယ်။ နားထောင်ဦး. . . အဲဒီဒကာမကြီးက တရားနာဖူးတော့ သူကသိတယ်။ ဆရာ တော်က နောင်တစ်ချိန်မှာ နိုင်ငံကျော်ဖြစ်မှာပါဘုရား။ တပည့်တော်ကို မမေ့ပါနဲ့လို့ အမြဲတမ်းပြောတယ်။ ပထမ တော့ သူပြောတာမယုံဘူး။ သူက သိနေပုံရတယ်။ နောက် တော့ တစ်ရက်မှာ သူ့အိမ်ဆွမ်းစားပင့်ပြီးတော့ ဆရာတော် ဒီနေ့ ဆွမ်းကျွေးတင်မကဘူး။ တပည့်တော် ငွေနှစ်သောင်း လှူချင်တယ်တဲ့။ အဲဒီတော့ အတော်ပဲ။ အဆင်ပြေတယ်။ လှူပေ့ါ။ ဆရာတော်က ဆင်းရဲတာကိုး။ အဲဒါက တပည့်တော် ချက်ချင်းလှူမှာ မဟုတ်ဘူး။ လူတစ်ယောက်ဆီမှာ အကြွေး နှစ်သောင်းရစရာရှိတယ်တဲ့. . .။

ဟောဗျာ. . . ကိုယ်က သွားတောင်းရမလို ဖြစ်နေတယ်။ ဘုန်းကြီးကိုရန်တိုက်ပေးနေသေးတယ်။ အဲဒါဖြစ်နိုင်ရင် ဆရာတော်တောင်းပြီးတော့ ယူလိုက်ပါတဲ့။ ဆရာတော်ကို လှူပါတယ်တဲ့. . . သေရောဗျာ။ အဲဒီလိုစေတနာလည်း

ရှားရှားပါးပါးပဲနော်။ အဲဒါတကယ်ဖြစ်ခဲ့တာနော်။ လျှောက် ပြောနေတာ မဟုတ်ဘူး။ အဲဒါနဲ့ဆရာတော်က တရား ဟောတယ်။ သူက သိပ်တော့ အသက်မကြီးသေးပါဘူး။ ဘုန်းကြီးတို့ထက် ငယ်တယ်။ အဲဒါနဲ့ . . ဒကာမလေး အဲဒီအကြွေးယူတဲ့လူက မပေးနိုင်လို့ မပေးတာလား။ ဒါမှ မဟုတ် ညစ်ပတ်ပြီးတော့ မပေးတာလားဆိုတော့ သူတကယ် မပေးနိုင်ဘူးဘုရားတဲ့။ ဒကာမလေး. . မပေးနိုင်ရင် စိတ် မဆိုးပါနဲ့။ ဒကာမလေးက ဒီငွေ၂သောင်းအတွက်နဲ့ ဘာမှ မဖြစ်ဘူးဆိုရင် ဘုန်းကြီးအကြံပေးမယ်။ သူ့ကိုလှူတယ် သဘောထားလိုက်ပါ။ စွန့်လိုက်တယ်ပေါ့လို့ ပြောလိုက် တယ်။ အဲဒီတော့မှ သူသဘောပေါက်သွားတယ်။ ဘုန်းကြီး ကိုတော့ သွားမတောင်းခိုင်းပါနဲ့။ အလှူမခံပါရစေနဲ့လို့ ပြောလိုက်ရတယ်။ ဘုန်းကြီးစကား ထိရောက်ပါတယ်။ အဲဒီ အကြွေးယူတဲ့လူကို ကျွန်မလှူလိုက်ပါပြီလို့ သွားပြောလိုက် တယ်။ ဘုန်းကြီးလည်း ရေစက်ချပေးခဲ့တယ်။

**ခန္ဓာကိုယ် အစိုးတွေဖြစ်သွားခြင်းအကြောင်း**

မေး။ ။ တပည့်တော်အိမ်မှာ တရားထိုင်စဉ်တပည့်တော်၏ ခန္ဓာ ကိုယ်သည် တစ်ကိုယ်လုံး မူလခန္ဓာမှအသားအရေများ စစ်ကျသွားပြီး တစ်ကိုယ်လုံး အရိုးစုပမာဖြစ်ရာမှ အခိုးများ ထွက်ပြီး ပျံ့လွင့်သွားပါသည် ဘုရား။

ဖြေ။ ။ အဲဒါ ယောဂီက ဝိပဿနာမဟုတ်တော့ဘူး။ သမထနိမိတ်ဘက်ကို ပါသွားတယ်။ စိတ်လွတ်သွားတာလို့ ခေါ်တယ်။ အာရုံအစိုက်များသွားလို့ပေါ့နော်။ အဲဒါ ပညတ်ရုပ်၊ ပညတ်နိမိတ်ပေါ့။ တကယ့်တရားအသိဆိုတာ အဲဒါတွေမြင်စရာ၊ သိစရာမလိုပါဘူး။ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား နားလည်တတ်သိသွားတာကိုပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားတယ်၊ တရားရသွားတယ်လို့ ပြောကြတာပါ။ စောစောက ပြောခဲ့တဲ့ ဓမ္မပဒထဲက ဂဏ္ဍိဘေဒကဆိုတဲ့ ခါးပိုက်နှိုက်ကို ကြည့်လေ။ ဘုရားကျောင်းမှာ ခိုးဖို့လာရင်းနဲ့မြတ်စွာဘုရား တရားနာပြီးတော့ သောတာပန်ဖြစ်သွားတာပဲလေ။ စောစောကလို အရိုးစုတွေ၊ အခိုးတွေမြင်စရာလိုသေးလား။ မြင်စရာလည်း အချိန်မရှိဘူးနော်။ ပြတ်ပြတ်သားသား သိသွားတယ်။ ငါဆိုတာမရှိပါလား ရှိတာက ရုပ်နဲ့နာမ်ပဲ။ ရုပ်နဲ့နာမ်ကလည်း မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ ကိုယ်မပိုင်တဲ့တရားဆိုတာ တကယ်သိသွားတယ်။ အဲဒီလို ပြတ်ပြတ်သားသား သိအောင်သေချာတရားနာပါနော်။ ရှုမှတ်တာကတော့ ယောဂီက သမထပိုအားကောင်းဟန်တူတယ်။ ဒါကြောင့် စူးစိုက်ပြီးတော့ တရားနာတာကိုပဲ ဦးစားပေးပါလို့ အကြံပေးလိုပါတယ်။ မြင်တဲ့ဟာကို မြင်တယ်လို့ပဲ မှတ်လိုက်တော့နော်။ မြင်တာ အဆင်းရုပ်လို့သိလိုက်ရင် ရပါပြီ။

## ဘုရားရှင်၏အရပ်တော်

မေး။ ။ မြတ်စွာဘုရား၏ အရပ်တော်ကို တိတိကျကျသိချင်ပါတယ် ဘုရား။

ဖြေ။ ။ ဒီမေးခွန်းမေးတာ ကလေးမလေးပဲ။ စတုတ္ထတန်းဆိုတော့ ၉နှစ် ၁၀နှစ်ပေ့ါ။ ဒီအရွယ်လေးနဲ့ ဒါတွေကိုစိတ်ဝင်စားတာ တော်တာပေ့ါ။ ဗုဒ္ဓဝံသပါဠိဆိုတဲ့စာအုပ်မှာကတော့ . . . ရှစ်တောင်လို့ ဆိုသတဲ့။ ဆရာတော်ကိုယ်တိုင်တော့ မဖတ်ရသေးဘူး။ ဆရာတော်တစ်ပါးက ပြောပြတာ။ ဒါပေမဲ့ အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကတော့ အဲဒီ ရှစ်တောင်ကို သဘောမကျဘူး။ သဘာဝနဲ့ ကိုက်ပြတယ်။ မြတ်စွာဘုရားအရပ်တော်ဟာ သူလိုကိုယ်လို သာမန်အရပ်တော်ပဲ ဖြစ်သင့်တယ်တဲ့။ ဆရာတော်ကြီးရဲ့ သဘာဝ အထောက်အထား တစ်ချက်နှစ်ချက်ကို နားထောင်ကြည့်ပါ။ ပထမအချက်က ဘုရားအလောင်းတော်ရဲ့လက်စွပ်ကို တခြားပုဂ္ဂိုလ်များကိုပေးတဲ့အခါ တခြားပုဂ္ဂိုလ်တွေ ဝတ်လို့ရတယ်။ ထူးထူးခြားခြား ဘုရားက အရပ်ရှစ်တောင်ရှည်ပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေက လေးပေငါးပေနဲ့ဆိုရင် ဘယ်လိုမှ လက်စွပ်ကိုဝတ်လို့ရစရာအကြောင်း မရှိနိုင်ဘူးပေ့ါ။ နောက်တစ်ချက်က မြတ်စွာဘုရားညီတော် မင်းနန်က ရဟန်းပြုပြီးတဲ့ အခါမှာ တစ်ခါတော့ မြတ်စွာဘုရားရဲ့သင်္ကန်းကိုယူပြီးတော့ ဝတ်ရုံလိုက်ပါတယ်။ သူက ဘုရားနဲ့တော်တော်ဆင်တူတယ်

ဆိုပဲ။ အဲဒီလိုမြတ်စွာဘုရားရဲ့ သက်န်းကိုဝတ်ရုံပြီးလာတာ ဘေးက သံဃာတွေက မြတ်စွာဘုရားပဲဆိုပြီးတော့ ဝိုင်းပြီး ဦးချမိကြတယ်။ အကယ်၍ ဘုရားရဲ့ အရပ်တော်ကြီးက တခြားပုဂ္ဂိုလ်တွေထက် အဆမတန် မြင့်နေမယ်ဆိုရင် အထင်မှားစရာအကြောင်း မရှိဘူး။ အခုတော့ ညီတော်မင်းနန် မြတ်စွာဘုရားသက်န်းရုံလာတဲ့အခါမှာ မြတ်စွာဘုရားလို့ ထင်ယောင်ထင်မှားဖြစ်တယ်ဆိုကတည်းက ညီတော်မင်းနန်နဲ့ မြတ်စွာဘုရားအရပ်တော်ဟာ အတူတူပဲဆိုတာ ထင်ရှားတယ်ပေါ့။ နောက် အဲဒီခေတ်ကရှိခဲ့တဲ့ ကြွင်းကျန်ခဲ့တဲ့ တိုက်တာ၊ ခြံမြေ၊ အဆောက်အဦများရဲ့ တံခါးပေါက်တွေကို ကြည့်တဲ့အခါမှာလည်း ဒီနေ့ခေတ်တံခါးပေါက်တွေထက် ပိုပြီး မမြင့်ပါဘူးတဲ့။ ဒါကို ထောက်သောအားဖြင့်- ရိုးရိုးအရပ်တော်ဖြစ်နိုင်ပါတယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မသေသေးဘဲ ငရဲပြည်ရောက်ရပုံ စိစစ်ခြင်း**

မေး။ ။ ကံကြောင့်ဖြစ်သော ပဋိသန္ဓေပညတ်ရုပ်ပေါ်တွင် မှီ၍ ခန္ဓာငါးပါး၊ မြင်သိစိတ်၊ ကြားသိစိတ်များဖြစ်ရသော သူသည် ဤခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါး မချုပ်မသေပါဘဲ မျောသွားသူများသည် နတ်ပြည်၊ ငရဲပြည်သို့ မည်သည့်စိတ်ဖြင့် သွားသည်ကို သိလို၍ ဖြေကြားပေးတော်မူပါ ဘုရား။

ဖြေ။ ။ များသောအားဖြင့် တချို့ပုဂ္ဂိုလ်တွေမျောပြီးတော့ နတ်ပြည်၊

ငရဲပြည်ရောက်ခဲ့တယ်ဆိုတာ ခဏခဏကြားဖူးတယ် မဟုတ်လား။ အဲဒီအကြောင်းအရာကို ၉၂ကမ္ဘာငိုခဲ့ရသူများ စာအုပ်ထဲမှာ ပါပါတယ်။ သုံးခွမြို့က ဆိုက်ကားဆရာဦးရေခဲဆိုတာရှိတယ်။ သူက စိတ်ကောင်း ရှိပါတယ်။ ရောဂါ အပြင်းအထန်ဖြစ်ပြီးတော့ ၃ ရက်လောက်မျောသွားတယ်။ ငရဲပြည်ရောက်သွားတယ်။ တကယ်တော့ ငရဲပြည်ရောက်သွားတာမဟုတ်ပါဘူး။ ငရဲနိမိတ်အာရုံတွေက စိတ်မှာ လာထင်တာပါ။ အခု ယောဂီတို့ မျက်စိမှိတ်ပြီးတော့ ရွှေတိဂုံဘုရားကိုကြည့်လိုက်စမ်းပါ. . . ပေါ်မလာဘူးလား။ အဲဒါ ယောဂီတို့စိတ်က ဟိုကိုသွားတာ မဟုတ်ဘူး။ အဲဒီအာရုံက ဒီကိုရောက်လာတာပါ။ ဒါကြောင့် ငရဲပြည်၊ နတ်ပြည်ရောက်တယ်ဆိုတာ စိတ်က ရောက်သွားလို့ မရပါဘူး။ အဲဒီအာရုံကိုစိတ်က ယူလိုက်တဲ့သဘောပဲ။ အဲဒီ နိမိတ်တွေ လာထင်နေတာပါ။ တစ်နည်းအားဖြင့် ငရဲသွားမယ့်ပုဂ္ဂိုလ်ဆို ငရဲနိမိတ်ထင်တာ များတယ်။ နတ်ပြည်သွားမယ်ဆိုရင် နတ်ပြည်နိမိတ်တွေလာပြီးတော့ ထင်တယ်။ ဒါကြောင့်စိတ်က သီးသန့်သွားလို့မရပါဘူး။ စိတ်မှာသာ အာရုံကလာပြီးတော့ထင်တာပါ။ ကျက်စားတာပေါ့။

မေး။ ။ ပဋ္ဌာန်းပရိတ်တော်များကို ကြည်ညိုမြတ်နိုးစွာ ရွတ်ဆိုပူဇော်ခြင်းဖြင့် သစ္စာဘာ့ဏ်များ ပွင့်လင်းသိမြင်သော ပါရမီများ

ဖြစ်နိုင်ပါသလား. . . ဖြေကြားပေးတော်မူပါ. . . ဘုရား။

ဖြေ။ ။ ဖြစ်နိုင်ပါတယ်။ တခြား လောကီကောင်းကျိုးတွေလည်း အများကြီးရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပဋ္ဌာန်း တရားကို နတ်တွေက အင်မတန်မှ ကြည်ညိုကြတယ်။ အင်မတန်မှ နာချင်ကြတယ်။ အဲဒါကြောင့် ပဋ္ဌာန်းရွတ်တဲ့ ပုဂ္ဂိုလ်များ၊ သူတို့ကို အမျှပေးတဲ့ပုဂ္ဂိုလ်များဆိုရင် တတ်နိုင်သမျှ စောင့်ရှောက်ကြတယ်။ တချို့အဆောက်အအုံတွေ ဆောက်ပြီး မပြီးနိုင်မစီးနိုင်ဖြစ်နေရင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို တစ်ရက်ကို (၂၄)ခေါက်နှုန်းနဲ့ (၂၄)ရက် ဆက်တိုက် ရွတ်ရတယ်။ နားနားပြီးတော့ ရွတ်လို့ရတယ်။ တစ်ရက်ကို (၂၄) ခေါက်ပြည့်ရင် ပြီးတာပဲ။ ပြီးတော့ ရုပ်ပွားတစ်ဆူကိုပင့်ပြီး ဆီမီး (၂၄)တိုင်၊ သောက်တော်ရေ (၂၄)ခွက်ကို အမြဲတမ်း ကပ်ရတယ်။ တစ်ရက်ပြီးတိုင်းပြီးတိုင်း ဒီပဋ္ဌာန်းရွတ်တဲ့ ကုသိုလ်ကြောင့် ဒီအဆောက်အဦကြီး မြန်မြန်ပြီးရပါလို၏။ ဘုရားတည်နေရင်လည်း ဒီဘုရားတည်တာ မြန်မြန်ပြီးရပါ လို၏လို့ ဆုတောင်းရင် မြန်မြန်ပြီးတယ်။ စောင့်ရှောက် ကြတာပေါ့နော်။ ဉာဏ်ပွင့်အောင်ကျတော့ ဒီတိုင်းရွတ် နေရင် ဉာဏ်ပွင့်ဖို့ခဲယဉ်းတယ်။ ဉာဏ်ပွင့်ချင်ရင် အဲဒီပဋ္ဌာန်းနဲ့ ပတ်သက်ပြီး မြန်မာလိုအကျယ်ချဲ့ရေးထားတဲ့ စာအုပ်များ ကိုဖတ်ပါ။ အထူးအားဖြင့် အမရပူရ မဟာဂန္ဓာရုံဆရာတော် ကြီး ရေးသား ထုတ်ဝေထားတဲ့ အခြေပြု ပဋ္ဌာန်းတရား

တော်ကြီးစာအုပ်ကိုဖတ်ပြီးမှ ရွတ်ရင်တော့ပိုပြီးတော့ ဉာဏ် ပွင့်နိုင်တဲ့အကြောင်းကို အဖြေပေးပါတယ်။

## ဝင်္ဂကြွေးဆပ်ခြင်းလော – ထွက်ပေါက်ရှာခြင်းလော

မေး။ ။ အချို့သော ရိပ်သာများမှာ တရားထိုင်နေရင်းကနေပြီး ပါးစပ်မှအမြှုပ်များထွက်လာခြင်း၊ နွားလိုအော်ပြီးလေးဘက် ထောက်သွားခြင်း၊ အခြားအခြားသော ဘာသာစကားများ ပြောခြင်း၊ မျက်လုံးကြီး နီရဲလာခြင်း အစရှိသည်တို့ကို တွေ့ရတတ်ပါသည်။ ထိုအဖြစ်အပျက်များကို တရားပြ ဆရာများက ဝဋ်ကြွေးဆပ်တယ်လို့ပြောပါတယ်။ ဟုတ်ပါ သလား ဘုရား။

ဖြေ။ ။ မဟုတ်ပါဘူး။ လျှောက်ပြောတာပါ။ အဓိပ္ပါယ်လည်း မရှိပါ ဘူး။ ဝဋ်ကြွေးကို အဲဒီအတိုင်းဆပ်တာ ဘယ်ကျမ်းမှာမှ မပါ,ပါဘူး။ ဘယ်ပါဠိတော်မှာ ဟောထားလဲဆိုတာ. . . အထောက်အထားပြလေ။ အဲဒီလိုပြန်မေးကြည့်လိုက်လေ။ ဘုရားဟောမရှိဘဲ ရမ်းပြောရင်တော့ မယုံဘူး။ အထောက် အထားမရှိဘူးထား၊ သဘာဝနဲ့ပြရင်တော့ လက်ခံတယ်။ သဘာဝလည်း အဲဒီလိုမရှိဘူး။ သက်သက်မဲ့ယောဂီတွေကို ညှဉ်းဆဲတာပါ. . နားထောင်၊ အဲဒါ စိတ်ပညာနဲ့ဆိုင်တယ်။ ဘာလို့လဲဆိုတော့ ဒကာမတစ်ယောက်က လျှောက်ဖူး တယ်။ ရိပ်သာနာမည် ထည့်ပြောလို့ မကောင်းဘူး။ ပုံစံ

ပြောရင် ဘယ်ရိပ်သာလဲဆိုတာ သိသာပါတယ်။ ရှုးရှဲ၊ ရှုးရှဲနဲ့ အသံအကျယ်ကြီးမြည်အောင် ရှုရတာတွေ တွေ့ဖူးတယ်မဟုတ်လား။ တချို့ ပက်လက်ကိုလန်လဲတာ။ ပက်လက်လန်လဲလည်း ရှုရမှာပဲ။ မထရဘူးတဲ့ရှုရင်းနဲ့သတိလစ်သွားလည်း ဆက်ရှုရမှာပဲတဲ့။ သေမှရပ်ရတာတဲ့။ တကယ်ပြောတာ။ ယောဂီတို့ အဲဒါညှဥ်းဆဲခံရတာလေ။ ဘာမှယုတ္တိလည်း မရှိဘူး။ မယုံကြပါနဲ့. . မြတ်စွာဘုရားတရားကရှုမှတ်ချိန်မှာလည်း ချမ်းသာတယ်။ တရားရသွားရင် ပိုတောင်ချမ်းသာသေးတယ်။ အဲဒါ ခန္ဓာကိုယ်ညှဥ်းဆဲတဲ့ ဝါဒလို့ခေါ်ပါတယ်။ ဒါမျိုးတွေကို မကျင့်သုံးမိပါစေနဲ့။ အဲဒီ ဒကာမပြောတာက သူလည်း အဲဒီရိပ်သာမှာသွားဝင်တော့ အသက်တအားရှုပြီး ပက်လက်လန်လဲ သွားလို့ရှိရင် ဆရာတွေကတရားတွေ့သွားတာတဲ့။ အဲဒါယောဂီတွေက ရှုတာမကြာသေးဘူး။ ပက်လက်ချည်း လန်လဲကုန်တာပဲ။ တရားကရချင်တာကိုး။ အဲဒီဒကာမက သူလည်းသွားပြီးတော့ လန်လဲဖူးတယ်တဲ့။ အခုတော့ ဆရာတော်တရားတွေ နာမှအမှားတွေ မြင်တယ်တဲ့။ လန်သာလဲခဲ့တာ နှစ်ပေါင်းကြာပြီ။ ဘာမှလည်း မသိခဲ့ပါဘူးတဲ့။ တကယ်သနားစရာလည်း ကောင်းတယ်။ အဲဒါတွေကို မယုံကြပါနဲ့။ တရားအမှားတွေကြောင့်ဝိပဿနာ နာမည်ပျက်တာ ကြာလှပြီ။ ကြည့်လေ ယောဂီတို့။ တရားစခန်းဆိုရင် ကြောက်လိုက်ကြတာ အရမ်းပဲ။ ကြောက်

တာလည်း အပြစ်မဆိုသာပါဘူး။ ကြောက်လောက်အောင် ထိုင်ခိုင်းထားတာကိုး။ အဲဒီတော့ စိတ်ပညာအရဆိုရင် ဟိုအော်၊ သည်အော်နဲ့အကုန်လျှောက် ဖြစ်တာကနေ တချို့က စိတ္တဇဖြစ်သွားတယ်။ စိတ္တဇဖြစ်တယ် ဆိုတာက ခေတ္တရူးသွားတာပဲ။ ထွက်ပေါက်ရှာတယ်လို့ ခေါ်တယ်။ ဆိုကြပါစို့ . . . သူတို့က မလှုပ်မယှက်ထိုင်ခိုင်းတယ်။ မပြင်ရဘူး၊ မလှုပ်ရဘူး။ ဒီမှာက ပြင်ချင်၊ လှုပ်ချင်နေပြီ။ တအားနာနေပြီလေ။ ပြင်ခွင့်လှုပ်ခွင့်မရတဲ့အခါကျတော့ ပူးသလိုလို၊ ကပ်သလိုလို ထအော်လို့ရှိရင် ပြင်လို့ရတယ်လေ။ သိုက်ကလာတယ်ဆိုရင် လူးလိမ့်ပြီးပြင်လို့ရတယ်လေ။ အဲဒီတော့ လူးလိမ့်ပြီး က,နေတော့တာပေါ့။ ကတယ်ဆိုရင် ပြင်လို့ရသွားတယ်လေ။ ဒီအမျိုးသမီးတွေက မူယာ၊ မာယာ တအားများတာလေ။ အဲဒါနဲ့ပဲ ရိပ်သာတွေက နာမည်ပျက်ကုန်ပါတယ်။ ဒါတွေလုံးဝရှိစရာမလိုပါဘူး။ ဒါကြောင့် ဒီမှာပြောထားပြီးသားပဲ။ ၁၅မိနစ်ပဲထိုင်ရင်လည်း ရတယ်။ အိပ်ငိုက် လာတယ်၊ စိတ်မအီမသာ ဖြစ်လာရင်လည်း စင်္ကြံထလျှောက်ပေါ့။ မမှတ်ကောင်းတဲ့ တရားမှမရှိဘဲ။ အကုန်လုံး ရှုမှတ်လို့ရတယ်။ ရာဂစိတ်ပေါ်ရင် ရာဂစိတ်ပေါ်တယ်လို့ မှတ်လိုက်ရင် တရားဖြစ်သွားရော။ ဘုရားရဲ့နည်းက ရိုးရိုးလေးပဲ။ ဘာမှဆန်းဆန်းပြားပြား မပါဘူး။

ဝမ်းနည်းစရာ တစ်ခုပြောပြမယ်။ ယောဂီ

နှစ်ယောက်မှာ တစ်ယောက်က သေသွားတယ်။ တစ်ယောက်က ဆေးရုံတင်လိုက်ရတယ်။ လူငယ်လေးတွေပဲ။ တရားပြတဲ့ ဘုန်းကြီးက တောထွက်ဘုန်းကြီးပဲ။ အသက်ကြီးပြီ။ အဲဒီလိုပဲ ပြင်းပြင်းထန်ထန် ရှုခိုင်းတာပေါ့။ သူက ပလ္လင်ပေါ်ကထိုင်ပြီး ယောဂီတွေကို ရှုကြ၊ သုံးနာရီ မလှုပ်ရဘူးဆိုပြီး နှင်းကန် ရှုခိုင်းတာပေါ့။ အဲဒီမြို့က ဦးပဉ္ဇင်းလေးတစ်ပါးက စာတတ်တယ်။ ဘုန်းကြီးဆီမှာ တရားလာအားထုတ်ဖူးတယ်။ ဦးပုညတဲ့။ သူက အဲဒီဘုန်းကြီးကို အကဲခတ်တော့ ယောဂီတွေကိုသာ မလှုပ်နဲ့လို့ပြောတာ ဘုန်းကြီးလှုပ်တာက အကြိမ်(၃၀) လောက်ရှိတယ်တဲ့။ သူက ဘုန်းကြီးဘုရား. . . ယောဂီတွေကိုတော့ မလှုပ်နဲ့ပြောပြီး ဘုန်းကြီးကျတော့ လှုပ်တယ်လို့ ပြောတယ်။ ငါကဆရာ၊ လှုပ်လို့ရတယ်၊ ပြင်လို့ရတယ်တဲ့။ ယောဂီ မပြင်ရဘူးတဲ့။ အဲဒါလေ တအားရှုရင်းရှုရင်းနဲ့ ကောင်လေးတစ်ယောက်က အသက်ရှုရပ်ပြီးတော့ သေသွားရှာတယ်။ တစ်ယောက်ကတော့ သတိလစ်ပြီးဆေးရုံတင်လိုက်ရတယ်။ တရားက ဘယ်မှာလဲ။ အဲဒီအချိန်သေရင် အပါယ်ငရဲတောင် ကျဦးမှာပဲ။ စိတ်ဆင်းရဲနေတာကိုး။ တရားမဟုတ်ဘူး။ မတရားလို့ ခေါ်ပါတယ်။ အချို့များဆိုရင် တရားထိုင်တဲ့အချိန်မှာ ပင်အပ်ကြီးကိုင်ပြီး စောင့်နေတယ်. . . လှုပ်ရင်အပ်နဲ့ထိုးမှာတဲ့။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ အဲဒီလိုမျိုး နေရာသွားမယ့်အစား

လက်ဝှေ့ပွဲပဲ သွားပြီးကြည့်တော့မှာပေါ့။ ရက်စက်လိုက်ကြတဲ့ ဟာတွေ။ မတရားစခန်းတွေပေါ့။ အဲဒါ ယောဂီတို့ မှားမှာစိုးလို့ ပြင်ပေးနေတာပါ။

နောက်တစ်ဦးကကျတော့ အလယ်ရွာရေကျော်ကပဲ။ အခုတော့ ဒကာမကြီးက ဆုံးသွားပြီ။ (၄၅)ရက်စခန်းဆိုပြီး တော်တော်ပြင်းပြင်းထန်ထန် သွားဝင်ရတယ်။ သူတို့မှာ နားကို မနားရဘူး။ ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက်နဲ့ နားကိုမနားရဘူး။ ညဆိုရင် ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီလောက်မှ အိပ်ရပြီး မနက်ဆို (၃)နာရီလောက်ထရတယ်။ အဲဒီဒကာမကြီးနဲ့ ဒကာကြီးနှစ်ယောက်မှာ ဒကာမကြီးက စိတ္တဇဖြစ်ပြီး ရူးသွားရှာတယ်။ (၄၅)ရက်ပြီးတော့ စိတ္တဇဆေးရုံတင်လိုက်ရတယ်။ ဒကာကြီးကတော့ အားပြတ်သွားပြီး ဆေးရုံရောက်သွားတယ်။ နောက်ဆုံး တရားစခန်းဆို မကြားရဲတော့ဘူး။ ဆရာတော်ကို အလယ်ရေကျော်က တရားစခန်းပွဲပင့်မှ လာနာကြပြီးတော့ ကျေးဇူးတင် ကြောင်း အကြိမ်ကြိမ်အခါခါ လျှောက်ကြတယ်။ သူတို့တော်တော်စိတ်ချမ်းသာသွားကြတယ်။ ဆရာတော်ရယ် . . ဒီလိုချမ်းချမ်းသာသာရှိပြီး တရားရမယ်ဆိုရင် ဝိပဿနာတရားရှုမယ့်ပုဂ္ဂိုလ်တွေ အများကြီးနေမှာပါတဲ့။ အခုတော့ ဝိပဿနာရှုရဲဖို့ဆိုတာ ရှေ့တန်းထွက်ရသလိုဖြစ်နေတယ်။ သူတို့က အသက်စွန့်ရဲမှတရားရမှာကိုး။ ဒါကြောင့်

ဝိပဿနာနာမည်ပျက်သွားတယ်။ အခုသူတို့ တရားတွေ့သွားတယ်လေ။ အဲဒီဒကာမကြီးလည်း စိတ္တဇပျောက်သွားပြီလေ။ တရားတွေ့ပြီးမှ ဆုံးသွားတာပါ။ ဒါ ဓမ္မဓိဋ္ဌာန်ပြောပြတာပါ။ အဲဒီလပွတ္တာမြို့နယ်၊ အလယ်ရေကျော်ကို ဘုန်းကြီးရောက်သွားခြင်း အကြောင်းကလည်း တရားတန်ခိုးနဲ့ရောက်တာပါ။ အဲဒီတုန်းက ဘုန်းကြီးက ယောဂီတွေရဲ့စရိုက်ကိုကြည့်ပြီးတော့ ဟောတာပေါ့နော်။ အခြေခံနဲ့ဟောရမယ်ဆိုရင် အခြေခံပေါ့။ ဝိပဿနာဆိုရင် ဝိပဿနာပေါ့။ အဲဒီလို ဟောတဲ့အချိန်မှာ ဘုန်းကြီးရဲ့ဝိပဿနာ(၆)ခွေတွဲလေးရှိတယ်။ ရွှေပြည်သာမှာ(၅)ညဟောထားတာပေါ့။ တစ်ရက်တော့ အဲဒီရွာက ဒေါ်တင်ကြည်ဆိုတဲ့ဒကာမကြီးက ဝမ်းထဲမှာ အခြေအနေမကောင်းလို့ရန်ကုန်မှာလာစစ်ကြည့်တော့ အဆုတ်ကင်ဆာဖြစ်နေတယ်။ သေမယ်ပေါ့။ ခါတ်ကင်ရင် (၃)လ၊ ခါတ်မကင်ရင် (၁)လပဲ နေရမယ်တဲ့။ ဒကာမကြီးက မကင်တော့ဘူးတဲ့။ ပြန်လာတယ်ပေါ့။

အဲဒီအချိန်မှာ သူနဲ့ပါလာတဲ့ သူရဲ့သားမက်က ရွှေပြည်သာမှာ သူရဲ့ဆရာတစ်ယောက်ရှိတယ်ပေါ့။ အဲဒီဆရာကလည်း ဘုန်းကြီးရဲ့ ဒကာပါပဲ။ ပယောဂရောဂါကုတဲ့ ဆရာကြီးပေါ့။ သူက အရင်က မိုးကုတ်နည်းနဲ့ အားထုတ်တယ်။ သို့သော် ဆရာတော်တို့ ဟောတဲ့အခွေနဲ့မှ ဉာဏ်ပွင့်သွား

တယ်။ သူ့ဆီမှာ ဝိပဿနာ(၆)ခွေတွဲရှိတယ်။ အဲဒါနဲ့ ဆရာကြီးက မင်းတို့အမေကို တစ်လအတွင်းမှာ ဒီအခွေလေး နာခိုင်းပါ။ အားကိုးအားထားပြုလို့ ရပါတယ်တဲ့။ ဟိုကျတော့ ဒကာမကြီးက သူ့အချိန်က တစ်လပဲရှိတော့တာဆိုတော့ အဲဒီအခွေကို သေချာနာတယ်။ (၁)ကနေ (၆)ကို အပြန်အလှန် နာတာပေါ့။ ကြာလာတော့ တရားသဘောတွေကို နားလည်သွားပြီး သောကတွေပျောက်သွားတယ်။ ငါသေတော့မယ်ဆိုတဲ့ သောကမရှိတော့ဘူး။ ငြိမ်းချမ်းသွားတယ်။ အနတ္တမြင်သွားတဲ့ သဘောပေါ့။ ငါမှ မရှိဘဲ ငါသေတာ မဟုတ်တော့ဘူးတဲ့။ ဒါပဲလေ။ ရုပ်နာမ်ချုပ်တာပဲဆိုတာ သိသွားတော့ သောကပျောက်ပြီး စိတ်ကကြည်လင်သွားတယ်။ ကုသိုလ်ဇောတွေ စောလာပြီး ကုသိုလ်စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေက ကြည်လင်လာပြီး အဲဒီရောဂါကြီး ပျောက်သွားတယ်။ ၁ နှစ်ကျော် ၂ နှစ် လောက်နေရတယ်။

နောက်မှ တခြားရောဂါ တစ်ခုနဲ့ဆုံးသွားတာ။ အဲဒီရောဂါ ပျောက်သွားတယ်။ အဲဒါကို တစ်ရွာလုံးက သိပြီးတော့ ဆရာတော် တရားစခန်းဖွင့်ဖို့ သွားရတယ်။ ပြောချင်တာက တရားထိုင်တာတစ်ခုတည်းနဲ့တင် ရောဂါပျောက်တာ မဟုတ်ပါဘူး။ တရားနာလို့ ရောဂါပျောက်တာတွေလည်း အများကြီးပဲ။ အတူတူပဲလေ။

ထိုင်တော့လည်း တရားကျင့်တာပဲ။ တရားနာတာ

လည်း တရားကျင့်တာပဲလေ။ အတူတူမို့လို့ ရောဂါပျောက်သွားတာပေါ့။

## ဒုက္ခဝေဒနာနှင့် အာရုံပြောင်းခြင်း

မေး။ ။ တပည့်တော်တရားထိုင်ရင် အတော်ကြာသော် (နာရီဝက်ခန့်ထင်ပါသည်) နှလုံးမှာ ပူလာ၍ အမောဆို့သလို ခံစားမိပါသည်။ တပည့်တော် ခြေထောက်နာ၍ ဒေါသဖြစ်မိသည်ဟုထင်ပါသဖြင့် ဝေဒနာအနိစ္စဟု ရှုပါသော်လည်း မပျောက်ပါ။ တစ်ဖန်ဝေဒနာ အရမ်းနာသည်ထင်၍ ဘယ်၊ ညာ ပြောင်းထိုင်သော်လည်း မရပါ။ မျက်လုံးဖွင့်ပြီး တခြားအာရုံပြောင်းမှတ်မှ သက်သာသွားပါတယ် ဘုရား။

ဖြေ။ ။ ဒါလည်း ပြောင်းမှတ်လိုက်ပေါ့နော်။ အဓိက,က ကိလေသာကင်းအောင်နေတာပဲလေ။ ဘယ်တရားနဲ့နေနေ ကိလေသာကင်းရင် တရားရှုမှတ်နည်းမှန်တာပဲလေ။ အဲဒီလိုသာ သက်သာအောင်လုပ်ပေါ့။ ဖြစ်နိုင်ရင် စကြံကို ထလျှောက်စေချင်တယ်။ ဒီရိပ်သာမှာနေတဲ့အချိန်တင်မဟုတ်ဘူးလေ။ ကိုယ့်အိမ်ကိုရောက်တဲ့အထိ ကျင့်နိုင်အောင် နည်းပေးနေတာပါ။ မကောင်းတဲ့စိတ်မဝင်အောင် နေပေါ့။ ထိုင်လို့ မကောင်းတဲ့စိတ်မဝင်ရင် ထိုင်ပြီးတရားကျင့်တာပေါ့။ သွားနေတဲ့အချိန်မှာ မဝင်ရင် သွားနေရင်းတရားကျင့်တာပဲ။ အဲဒါ အဓိကပါပဲ။

မေး။ ။ တပည့်တော်သည် လွန်ခဲ့သော (၄)နှစ်ခန့်က ဂျာနယ်တစ်စောင်မှာ စာတမ်းတစ်ခုကိုဖတ်ခဲ့ရပါသည်။ "သူများစိတ်ချမ်းသာအောင် လုပ်ပေးရတာလောက် စိတ်ချမ်းသာတာ မရှိဘူး" တပည့်တော်အရမ်းနှစ်သက်သွားလို့ စာတမ်းလေးအတိုင်း လိုက်နာကျင့်သုံးခဲ့ပါတယ်။ လွန်ခဲ့သောတစ်နှစ်က တပည့်တော်သည် သူတစ်ပါးအားပေးရန် ငွေကြေးကိစ္စပေါ်ပေါက်လာခဲ့ပါတယ်။ တပည့်တော် အတတ်နိုင်ဆုံးရှာဖွေပေးဆပ်ခဲ့ပါသည်။ ငွေကြေးပမာဏများပြားလွန်း၍ ယခုတိုင် မကြေခဲ့ပါ။ တပည့်တော်မှာလည်း အမွေဆိုင်ရစရာများ ရှိပါတယ်။ ဒါပေမဲ့ ပေးရမည့်သူက တပည့်တော်ကိုခွဲ၍မပေးပါ ဘုရား။ အစကတော့ တပည့်တော်လိုချင်တဲ့လောဘကို သတ်ပြီး ဘာမှမပြောခဲ့ပါဘူး။ အခုကြွေးဆပ်ရမှာဆိုတော့ ပိုင်ဆိုင်သင့်တဲ့အရာကို လိုချင်လာပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အမုန်းမပွားချင်လို့ အခုအချိန်ထိ မတောင်းခဲ့ပါဘူး။ ပေးရမယ့်သူကလည်း တပည့်တော်မှာ ကြွေးတွေဆပ်ရမှာသိရက်သားနဲ့ မပေးပါဘုရား။ ဒါကြောင့် တပည့်တော်တရားထိုင်ရာမှာ မောဟကိလေသာများ ဝင်ဝင်လာပါတယ်။ တပည့်တော် ထိုကိလေသာများကို ဘယ်လိုပယ်သတ်ရမယ်ဆိုတာ ညွှန်ကြားပေးတော်မူပါဘုရား. . . ပိုင်ဆိုင်သင့်သည်ကို မပေးတဲ့သူမှာလည်း ဘယ်လို အပြစ်များရှိနိုင်ပါသလဲ ဘုရား။ သူများကိုလည်း အပြစ်ဖြစ်မှာစိုးပါတယ်။

သူများစိတ်ချမ်းသာအောင် လုပ်ပေးနေပေမယ့် ကိုယ့်အလှည့်ကျတော့ စိတ်မချမ်းသာခဲ့ရလို့ ဒေါသကိလေသာများ ဝင်ခဲ့ပါတယ်။ ဒါကြောင့် တပည့်တော်ကို ဆုံးမပေးပါ ဘုရား။

## သစ္စာဖြင့် ရှင်းရသော ပြဿနာ

ဖြေ။ ။ စကားတစ်ခု ရှိပါတယ်။ အမွေဆိုတာ ခံစားထိုက်မှ ခံစားရတာပါ။ ဖြစ်နိုင်ရင်တော့ အမှုအခင်းမဖြစ်စေချင်ဘူး။ သိတဲ့အတိုင်း အမှုအခင်းဖြစ်လို့ရှိရင် ကြားထဲကနေ တရားသူကြီး၊ ရှေ့နေတွေ၊ ရုံးစရိတ်နဲ့တင် ကုန်သွားရော။ ကိုယ့်အတွက် ဘာမှမကျန်တော့ဘူး။ ဒါအားလုံး သိပြီးသားပဲ။ ဖြစ်နိုင်ရင် အနစ်နာခံပြီးတော့ ပြေလည်အောင် ညှိစေချင်တယ်ပေါ့။ ဆယ်ပုံပုံတယ်ထား။ သူများများလိုချင်ရင် သူ့ကို များများ ပေးလိုက်ပေါ့။ ၆ပုံပေးမယ်(သို့မဟုတ်) ၇ပုံပေးမယ်ဆိုပြီး ပေးလိုက်ပေါ့။ အဲဒီလိုကျေနပ်လို့ပြီးသွားလည်း ကောင်းတာပေါ့။ အမွေဆိုတာ ညီအစ်ကိုမောင်နှမချင်းပဲ ဖြစ်မှာပေါ့။ တခြား သူစိမ်းစားမယ့်အစား ညီအစ်ကိုမောင်နှမစားတော့ တော်သေးတာပေါ့။ တချို့အဲဒီလိုစိတ်ကို မရှိဘူး။ ဖြစ်နိုင်ရင် ဘုန်းကြီးကတောင် အကြွေးတွေဆပ်ပေးချင်ပါတယ်။ သူ့သောကတွေ ပျောက်သွားအောင်လို့ပေါ့နော်. . မပူပါနဲ့။ သူ့အကြွေးကိုယ်က ပေးချင်တယ်ဆိုရင် ဆပ်ချင်တယ်ဆိုရင် ဆပ်နိုင်အောင်ဖြစ်လာပါလိမ့်မယ်။ တခြားဘယ်လိုနည်းနဲ့မှ

ဖြေရှင်းလို့မရရင်တော့ သစ္စာနဲ့ဖြေရှင်းဖို့ အကြံပေးပါတယ်။ သစ္စာဟာ ဘာနဲ့မှမတူအောင် စွမ်းပါတယ်။ ဘုန်းကြီးတို့ ပရိတ်ရေတွေသောက်ပြီးတော့ အသက်ဘေးကလွတ်တဲ့ ပုဂ္ဂိုလ်တွေအများကြီးပဲ။ အဲဒါအပေါ် ယုံကြည့်ရင်တော့ ဦးဇဝနရဲ့အစွမ်းပေါ့ . . . မဟုတ်ပါဘူး။ သစ္စာနဲ့မေတ္တာရဲ့ အစွမ်းပဲ။ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေကို သစ္စာက ဖြစ်စေတယ်။ မှန်တာကိုပြောဖို့တော့ လိုတာပေါ့။ မှန်လည်းမှန် အကျိုးလည်းရှိတဲ့ဟာကို သစ္စာပြုရင် အရမ်းစွမ်းတယ်။ အကုသိုလ်အလုပ်ဖြစ်တောင် မှန်တာပြောရင် သစ္စာက စွမ်းသေးတာပဲ။ သာယာဝတီက ဒေါ်သိန်းကြည်တဲ့။ လွန်ခဲ့တဲ့ ၃-နှစ်လောက်က သူလည်းအဆုတ်ကင်ဆာပဲတဲ့။ ဆရာဝန်က ၃-လပဲခံမယ်လို့ သတ်မှတ်လိုက်ပြီ။ သူ့ကိုလည်း အသိပေးလိုက်ကြတယ်။ သူကလည်း နောက်ဆုံးအချိန်ဆိုတာသိတော့ သူ့မှာရှိသမျှကို လှူတန်းမယ်ဆိုပြီး မြေးတွေကို ရှင်ပြုတယ်။ တခြားကျောင်းကန်တွေလည်း လှူတယ်။ ဘုန်းကြီးရဲ့တရားပွဲကိုလည်း လှူမယ်ဆိုတော့ သူ့ရဲ့သမီးတွေက လာပင့်တယ်။ ဆရာတော်တဲ့။ အမေရဲ့ နောက်ဆုံးအခွင့်အရေးလေးပါ။ သေခါနီး စိတ်ချမ်းသာသွားစေချင်တယ်တဲ့။ အဲဒါဘုန်းကြီးမှာ ရက်မရှိတဲ့ကြားထဲက တခြားမြို့ကရက်ကိုယူပြီးတော့ သူတို့ပွဲကို သွားခဲ့တယ်။ ဒကာမကြီးကလည်း ဘုန်းကြီးတို့ မယ်တော်ကြီး အရွယ်ပဲ။ သူ့အခန်းထဲသွားပြီးတော့ တရား

ဟောပေးပြီး ပရိတ်ရွတ်သစ္စာပြုပြီးတော့ ပရိတ်ရေကိုပေးခဲ့တယ်။ ဒကာမကြီး ဒီရေကိုပဲသောက်ပါလို့ ပြောခဲ့တယ်။ အဲဒါ အခုဆို၃-နှစ်ကျော်သွားပြီ။ ရေကရေပဲ ရေသန့်က ရေသန့်ပဲ။ ဒီတရားရေကိုသောက်တော့ ရောဂါပျောက်ပြီး ရိုးရိုးရေကိုသောက်တော့ ဘာလို့ရောဂါမပျောက်တာလဲ။ အဲဒါ သိပ္ပံပညာရဲ့အရာ မဟုတ်ဘူး။ ဝိဇ္ဇာပညာရဲ့အရာပဲ။ ဝိဇ္ဇာဆိုတာ စိတ်နဲ့စေတသိက်ကို ပြောတာ။ နာမ်ဓါတ်ရဲ့ အရာပဲ။ အဲဒီ ပရိတ်ရေထဲမှာ သိပ္ပံပညာနဲ့စမ်းသပ် ရှာဖွေလို့မရတဲ့ သစ္စာနဲ့မေတ္တာတွေပါနေလို့ပါ။ ဘယ်လိုမှမဖြစ်နိုင်တဲ့ အရာတွေက သစ္စာအစွမ်းကြောင့် ဖြစ်နိုင်တယ်။ ဒါကြောင့် သစ္စာလည်း ပြုပေးကြပါ။ အဲဒီလိုဖြစ်ရပ်တွေ အများကြီး ရှိတာပဲ။ ဥပမာ တစ်ခုပေါ့။ ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလန်နိုင်ငံမှာ မြန်မာဘုန်းကြီးတစ်ပါးသစ္စာပြုဖူးတယ်။ ဆရာတော် ဦးသေဋ္ဌိလတဲ့။ အင်္ဂလန်ကိုသာသနာပြုဖို့ ကြွသွားတော့ အဲဒီအချိန်တုန်းက အင်္ဂလိပ်စာသင်ရင် မြန်မာတွေက ဘုန်းကြီးတွေကို မကြည်ညိုဘူး။ မိစ္ဆာဒိဋ္ဌိစာသင်တယ်ဆိုပြီးတော့ပေါ့။ ဒီလိုကြားထဲက သင်ရတာ။ မြန်မာတစ်ပြည်လုံးက မထောက်ခံတဲ့ သဘောရှိတယ်။ အဲဒီအချိန် အုပ်ချုပ်တာကလည်း ခရစ်ယာန်တွေပဲ။ သာသနာပြုကြွတော့လည်း ဘာမှမထောက်ပံ့ဘူး။ မရှိမဲ့ရှိမဲ့ငွေလေးနဲ့ သင်္ဘောစီးရတယ်။ ဟိုရောက်တော့ ဘာမှမကျန်တော့ဘူး။ ဟိုမှာ ဘုန်းကြီးကျောင်း

လည်း မရှိဘူး။ တည်းစရာလည်း မရှိဘူး။ စားစရာလည်း မရှိဘူး။ ဆွမ်းခံရင်လည်း သူတောင်းစားဥပဒေနဲ့ ဖမ်းပြီးတော့ ထောင်ချမှာ။ စီးပွားရေးလည်း မလုပ်ရဘူး။ ဘယ်လောက် အခက်အခဲ အကျပ်အတည်းဖြစ်လဲ။ ဒါကြောင့် လူငယ်တွေ တိုးတက်ချင်ရင် အဲဒီဆရာတော်ကြီးနည်းကို ယူထားကြ။ ဒဿနလေးလည်း ရင်ထဲမှာ ရေးထားကြပါ။ အခက်အခဲကြီးလေ အောင်ပွဲကြီးလေတဲ့။ အခက်အခဲကို ကြောက်ရင် အောင်ပွဲတွေဆီမရောက်တော့ဘူး။

သူကျော်လွှားပုံကို ပြောပြမယ်။ စီးပွားမရှာရဘဲ ဆွမ်းမခံရဘဲနဲ့ အပ်အပ်စပ်စပ်ဖြစ်အောင် သူစီမံတာတော်လွန်းလို့ပါ။ အခန်းတစ်ခန်းကို နေဖို့ရော၊ စာသင်ဖို့ရော အကြွေးနဲ့ငှားလိုက်တယ်ပေါ့။ လကုန်မှ အခန်းခရော၊ ထမင်းစရိတ်ပါပေးမယ်လို့ အခန်းရှင်ကို ပြောလိုက်တယ်။ အခန်းခနဲ့ ထမင်းစရိတ်ကို ဘယ်လိုလုပ်လဲဆိုတော့ ဆရာတော်က အင်္ဂလိပ်လိုကျွမ်းတယ်။ ပါဠိစာပေကို အင်္ဂလိပ်လို ပို့ချပေးတယ်။ အဘိဓမ္မာကို အင်္ဂလိပ်လိုပို့ချပေးတာပေါ့။ အဲဒါကို လာတက်ကြတယ်။ ပိဋကတ်ကိုလည်း အင်္ဂလိပ်လိုပို့ချပေးတယ်။ ဒီအင်္ဂလိပ်တွေက ဘယ်လောက်တော်လဲဆိုရင် သူတို့ဘာသာမဟုတ်ဘဲ ဗုဒ္ဓဘာသာကိုပို့ချတာကိုပဲ သိချင်လို့ လစာပေးပြီးလာတက်ကြတယ်။ အဲဒီက သင်တန်းကြေးနဲ့ဆရာတော်က အခန်းခပေးတယ်။ ဆွမ်းစရိတ်ပေး

တယ်။ ဘယ်လောက် လေးစားစရာကောင်းလဲ။

အဲဒီလိုနေရင်းနဲ့လည်း တချို့လည်း ဗုဒ္ဓဘာသာကိုစိတ်ဝင်စားပြီး ဝင်လာတာလည်း ရှိတာပေါ့လေ။ ဒီအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ အင်္ဂလိပ်တွေက ရှုံးတယ်လေ။ ဂျာမန်တွေက အင်္ဂလန်ကို ဗုံးကြဲတာများ စိစိညက်ညက် ကြေသွားတယ်လေ။ ဘယ်သူမှ မလာရဲတော့ သင်တန်းလည်းပျက်သွားတယ်။ မြန်မာပညာတော်သင်တွေလည်း မြန်မာပြည်ပြန်ပြေးကုန်ကြပြီ။ ဒီဆရာတော်ကိုခေါ်တယ် လိုက်ခဲ့ပါလားဆိုတော့ ဆရာတော်က မလိုက်ဘူးတဲ့။ သေရင်. . . သေပစေ။ ဒီမှာဗုဒ္ဓဘာသာ သာသနာတည်အောင် လုပ်ဦးမယ်တဲ့. . . ကျန်ခဲ့တယ်။ ဒါပေမဲ့. . . သင်တန်းသားတွေက မလာတော့ဘူး။ သင်တန်းကြေးလည်း မရတော့ဘူး။ ဗုံးသံကြားထဲမှာ နေရင်းနဲ့ပဲ နောက်ရက်ကျရင် ဒီအခန်းထဲက ထွက်ပေးရတော့မယ်။ သွားစရာလည်း မရှိဘူး။ စားစရာလည်း မရှိတော့ဘူး. . . ပိုက်ဆံကုန်နေပြီ။ အဲဒီလို အခြားဘယ်နည်းနဲ့မှ ဖြေရှင်းလို့မရရင် သစ္စာနဲ့ဖြေရှင်းရတယ်။ တပည့်တော်သည် ဒီအင်္ဂလန်နိုင်ငံရောက်လာတာသည် ကိုယ့်အကျိုးစီးပွားကြောင့်မဟုတ်ပါဘူး။ ဘုရားသာသနာ ဥရောပမှာတည်စေချင်လို့ပါ။ အခုလို ဗုံးသံကြားထဲမှာ သေဘေးနဲ့နီးသော်လည်း တပည့်တော် မပြန်ပါဘူးဘုရား။ တပည့်တော် ပေပြီးတော့ နေပါတယ်။

ဒီစကားသည် အမှန်ပါ ဘုရား။ ဒီစကားမှန်လို့ရှိရင် တပည့်တော် အခက်အခဲကို ဖြေရှင်းပေးနိုင်မယ့် သူတွေ့ပါစေတဲ့။ သစ္စာလည်းအဆုံး မိနစ်ပိုင်းလောက်ပဲကြာတယ်။ သူ့တံခါးကို ခေါက်သံကြားရတယ်။ ဖွင့်ပေးလိုက်တော့ ခရစ်ယာန်ဘုန်းကြီးတစ်ပါး တွေ့ရတယ်။ အံ့ဩစရာ မကောင်းဘူးလား။ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးဆီကို ခရစ်ယာန်ဘုန်းကြီး ရောက်လာတာ သစ္စာအစွမ်းနော်။ သူနဲ့လည်း အရင်းနှီးကြီးမဟုတ်ဘူး။ လမ်းမှာတွေ့ဖူးလို့ မိတ်ဆက်မိရုံ၊ လိပ်စာပေးမိရုံပဲရှိတယ်။ အဲဒါသူ့ရဲ့သစ္စာတန်ခိုးကြောင့် ရောက်လာတယ်။ ဝင်လာပြီးတော့ အာလာပသလ္လာပပြောရင်းနဲ့ ခရစ်ယာန်ဘုန်းကြီးက မေးတယ်။ အခုဒီမှာ လူတွေလည်း ပြေးကုန်ကြပြီ။ အရှင်ဘုရား မြန်မာပြည် မပြန်သေးဘူးလားတဲ့။ မပြန်သေးဘူး ဘုရား. . . ဒီမှာဘုရားသာသနာတည်အောင် လုပ်ဦးမှာတဲ့။ လုပ်တာတော့ ဟုတ်ပြီ။ အရှင်ဘုရားအတွက် အခန်းခတို့၊ ဆွမ်းစရိတ်တို့ ရှိသေးလားတဲ့။ မနက်ဖြန်ကစပြီးတော့ မရှိတော့ဘူး။ အိုး. . . မိုင်ဂေါ့တဲ့။ ဟိုကအံ့ဩလို့ ဘုရားတ,တယ်။ အရှင်ဘုရား သတ္တိ ကောင်းလှချည်လား။ ကိုယ့်ဘာသာကို အသက်ထက်တန်ဖိုးထားပါလား။ တပည့်တော် အရှင်ဘုရားကို လေးစားသွားပြီ။ အရှင်ဘုရားနဲ့တပည့်တော်ဟာ ဘာသာမတူ၊ လူမျိုးမတူပေမယ့် သာသနာပြုတဲ့ ပုဂ္ဂိုလ်ချင်းတူတယ်။ တပည့်တော်က

ဒီအင်္ဂလန်ကပဲ။ ဗုံးသံကင်းတဲ့ တပည့်တော်ရဲ့ ဇာတိနယ်ကို အရှင်ဘုရားလိုက်ခဲ့ပါ။ စစ်ကြီးမပြီးမချင်း အရှင်ဘုရားကို စောင့်ရှောက်ထားမယ်ဆိုပြီး သူ့နယ်ကိုခေါ်သွားတယ်။ အဲဒီခရစ်ယာန်ဘုန်းကြီးလည်း အရမ်းလေးစားဖို့ ကောင်းတယ်။ အဲဒါစစ်ကြီးပြီးမှ သာသနာပြန်ပြုတာ။ အဲဒီလို သူများနိုင်ငံမှာတောင် ဆရာတော်က သူရဲ့ပြဿနာကို သစ္စာနဲ့ဖြေရှင်းခဲ့တယ်။ ဒါကြောင့် ဘာမှမတတ်နိုင်တော့ရင် သစ္စာနဲ့ဖြေရှင်းပါလို့ ပြောလိုပါတယ်။

## ဓမ္မပူဇာနှင့် အာမိသပူဇာ

မေး။ ။ ဗုဒ္ဓသည် ငါဘုရား၏ဓမ္မတွေကို ပွားများအားထုတ်သူသည် ငါဘုရားကို တွေ့လိမ့်မည်ဟု မိန့်မှာချက်မှာ လူသားတို့ အကျိုးအတွက် ဗုဒ္ဓအပေါ်ရှိနေသော သဒ္ဓါတရားကို စိတ်ပညာဆန်ဆန်ဓမ္မဘက်လှည့်ပေးခဲ့တာဟု ယူဆပါတယ် ဘုရား။ ဝေဒနာနုပဿနာ တရားနာရင်း ဓမ္မ၏နက်နဲမှုကို နှလုံးသွင်းစဉ် ဗုဒ္ဓကို အာရုံထဲဖျတ်ခနဲ တွေ့ရပါတယ်။ စေတီမဟုတ်၊ ဆင်းတုမဟုတ်၊ ဂုဏ်တော်တွေရွတ်နေသလိုလည်း မဟုတ်ပါဘုရား။ ပြောရတာခက်ပေမယ့် သက်တော်ထင်ရှားဘုရားကို ဖူးရတာနဲ့အတူတူဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဗုဒ္ဓကဘယ်လို အဓိပ္ပါယ်နဲ့မိန့်ခဲ့ပါသလဲ. . . ဘုရား။ အဲဒီ အာရုံတောင့်တပေမယ့် နောင်လည်း မရတော့ပါဘူး။

ဖြေ။ ။ အဲဒီဖွင့်ဆိုချက်လည်း မဟာစည်ရှုနည်းကျမ်းထဲမှာ ပါတယ်လို့ထင်ပါတယ်။ ဒီတရားကို ကျင့်ကြံပွားများအားထုတ်သူက သာလျှင် ဒီသာသနာကြီးကို ကြီးပွားတိုးတက်အောင် လုပ်နိုင်မှာကိုး။ ပန်းတွေ၊ ဆီမီးတွေပူဇော်ရုံပုဂ္ဂိုလ်က ဒီသာသနာကြီးပွားအောင် မလုပ်နိုင်ဘူး။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဓမ္မာကက်လှည့်ဖို့ ဟောခဲ့တယ်လို့ ဘုန်းကြီးတို့ယူဆပါတယ်။ ဒါကတော့ ယူဆချက်လို့ပဲ ပြောရမယ်။ တိုက်ရိုက်မရှိဘူး။

မေး။ ။ တပည့်တော်သည် သကြ်န်ရက်အတွင်း လူ့ကိစ္စ၊ အလုပ်ကိစ္စများစဉ်းစားမှုမရှိစေရန် ဒုလ္လဘရဟန်းဝတ်၍ တရားစခန်း ဝင်ခဲ့ပါတယ်။ စိတ်တစ်လုံး အဓိကထား၍ နားလည်သလောက်ဖြင့် သိက္ခာပုဒ်များ စောင့်ထိန်းခဲ့သော်လည်း ငါးပိနှင့်လောက်၊ ရွှေနှင့်ကျောက်၊ ဘုန်းကြီးနဲ့အာပတ် ခွဲလို့မလွယ်ဘူးလို့ ပြောစမှတ်ပြုသလိုပဲ ဝိနည်းများက သိမ်မွေ့လှပါတယ်. . . ဘုရား။ ဒါကြောင့် ဝိပဿနာခရီးလမ်းမှာ ဘယ်လိုအတားအဆီးများ ဖြစ်နိုင်ပါသလဲ ဘုရား။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဒီအကျင့်၊ ကျင့်ရင် ဒီခရီးရောက်တာချင်းအတူတူ ရဟန်းအလုပ်လုပ်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းရှိတဲ့သူအတွက် ဘယ်လိုကျင့်ဆောင်သင့်ပါသလဲ။ အခုလိုရာသီမှာ သဒ္ဓါနဲ့လာဝတ်သူတွေရှိသလို ရာသီစာ ပေါ်ပင်

သဘောလောက်နဲ့ ရောက်လာသူတွေရှိတာကြောင့် တစ်ပြည်လုံး အတိုင်းအတာနဲ့ သိရှိအောင် ဆောင်ရန်ရှောင်ရန်များကို သီးသန့်စာရေးပေးပြီး ချီးမြှင့်ပေးရင် ပိုကောင်းပါတယ်. . ဘုရား။

## ဒုလ္လဘရဟန်းစစ်တမ်း

ဖြေ။ ။ ဟုတ်ပါတယ်။ အဲဒါကို ဆရာတော်သီးသန့်စာရေးပါ့မယ်။ နောက်စာအုပ်တစ်အုပ် မှန်းထားပါတယ်။ ရဟန်းပြုရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဆိုပြီး ရေးပေးပါ့မယ်။ အဲဒီထဲမှာလည်း ပြည့်ပြည့်စုံစုံထည့်ပေးပါ့မယ်။ မနေ့က မေးထားတဲ့ မေးခွန်း လေးကိုပါ ထည့်ပြောလိုက်မယ်။ ဒုလ္လဘရဟန်းနဲ့ ပတ်သက်ပြီးတော့ မေးထားတဲ့မေးခွန်းလေးပဲ။ ဒုလ္လဘတွေ တစ်ခါတည်း လဲသေချင်တဲ့မေးခွန်းတစ်ခု မေးထားပါတယ်။ သူကလည်း သူတော်ကောင်းစိတ်နဲ့ မေးတာဖြစ်တဲ့အတွက်ကြောင့် မေးတဲ့ပုဂ္ဂိုလ်ကို ကျေးဇူးတင်ရမှာပါ။ သူ့မေးခွန်းက ဒီလိုပါ။ သူရဟန်းဝတ်တယ်ပေါ့။ ရဟန်းဝတ်ပြီးတဲ့အချိန်မှာ ဘုန်းကြီးတို့ဒီမှာ သိမ်ဆင်းရင် ပိုက်ဆံမလောင်းခိုင်းဘူး။ လူတွေက ပိုက်ဆံတွေ လောင်းတယ်ပေါ့။ မလောင်းရဘူး လေ။ မြတ်စွာဘုရားက ပိုက်ဆံကို ကိုင်မှုမကိုင်ခိုင်းတာ။ သုံးလို့ပဲရတယ်။ လောင်းရင်လည်း ကပ္ပိယကို အပ်ရတယ်။ ကပ္ပိယထံအပ်ပြီးတော့ သုံးလို့ရတယ်လေ။ ဆရာတော်ဆီမှာ ဆိုရင် ဆရာတော်ရဲ့အစ်မအကြီးဆုံးက တာဝန်ယူတယ်။

ဒီတစ်သောင်းကို ရဟန်းတော်အတွက် လိုအပ်တဲ့အချိန်မှာ သုံးဖို့အတွက်ပါဆိုရင် ရတယ်လေ. . . သူလှူပေးမှာလေ။ သုံးလို့တော့ ရတယ်. . မကိုင်ရဘူး။ မကိုင်ကောင်းတာပေါ့။ အဲဒီတော့ သူ့အာပတ်သင့်တယ်ပေါ့။ ဆရာတော်ရဲ့ မဂ်တား ဖိုလ်တားအန္တရာယ်များစာအုပ်ထဲမှာလည်း ရဟန်းတစ်ပါး ကအာပတ်သင့်ထားရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရဘူးလို့ပြော ပါတယ်တဲ့။ သူတရားစခန်းဝင်ရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရ တော့ဘူးလားလို့ မေးထားတာပါ။ အဲဒါစိတ်ဝင်စားဖို့ ကောင်းတယ်။ ဖြစ်နိုင်ရင်တော့ ဘုန်းကြီးတို့က ဒုလ္လဘ ရဟန်း မတက်စေချင်ဘူး။ လူဝတ်နဲ့ပဲ ဝင်စေချင်တယ်။ ပေါ့ပါးတာပေါ့။ ငါးပါးသီလလောက်ကတော့ ဘာမှမဖြစ်ဘူး လေ။ ရဟန်းဝတ်လိုက်ပြီဆိုရင် တာဝန်တစ်ခုကို ထမ်းဆောင် တာပေါ့။ ၂၂၇ပုဒ်သော သိက္ခာပုဒ်တွေ စောင့်ထိန်းပါတော့ မယ်လို့ တာဝန်ယူလိုက်တာပဲ။ တာဝန်ယူပြီးရင် တကယ် စောင့်မှရမယ်။ မစောင့်နိုင်ရင် မဝတ်တာဘဲ ကောင်းတယ်။ နောက်ဘဝ ပါရမီ ဖြစ်တာပေါ့လို့ မြှောက်ပေးလည်း မဝတ်နဲ့တော့။ ဖြစ်နိုင်ရင် ဒီရဟန်းဘဝကို ကလေး ကစား သလို မလုပ်သင့်ဘူး။ အပြီးပဲ ဝတ်သင့်တယ်။ မဝတ်နိုင်ရင် မဝတ်နဲ့လေ. . . ဘုရားလက်ထက်က ဒါမျိုးတွေ မရှိဘူး။ ဒီဘက်ခေတ်ကျမှ အောက်ပိုင်းဘုန်းကြီးအချို့ စားပေါက် ချောင်အောင် ထွင်လိုက်ဟန်တူတယ်။ မန္တလေးဘက်မှာ

မရှိဘူး။ မန္တလေးမှာ ဒုလ္လဘ မရှိဘူး။ ယာယီမဝတ်ကြဘူး။ ဝတ်ရင်အပြီးပဲ ဝတ်ကြတယ်။ ဒါကြောင့်မန္တလေးနယ်က ဘုန်းကြီးတွေအများကြီးရှိတယ်။ အပျော်မရှိဘူး. . . အခု ဟာက အပျော်လိုဖြစ်သွားတယ်။ တစ်ခုတော့ ရှိပါတယ်။ အာပတ်သင့်သွားရင်တော့ ဖြေဖျောက်လို့ရပါတယ်။ သို့သော် ဒုလ္လဘဝတ်တာကျတော့ အချိန်ကနည်းသွားတယ်လေ။ ဘယ်သူမှ အမှားမလွတ်တော့ဘူး။ ဥပမာတစ်ခု သံဃာဒိ သေသ် အာပတ်သင့်သွားတယ်ပေါ့။ ရဟန်းဘဝနဲ့မိန်းကလေး လက်ကို သာသာယာယာ ကိုင်မိလို့ရှိရင် အာပတ်သင့် သွားရော။ အဲဒီအာပတ်က ဒေသနာကြားရုံနဲ့မပျောက်ဘူး။ နောက်လုံ့လပြုပြီးတော့ သုက်လွှတ်တာမျိုးပေါ့။ အဲဒါလည်း ဒေသနာကြားရုံနဲ့ မပျောက်ဘူး။ အနည်းဆုံး အဲဒါအာပတ် ပျောက်အောင် ရက်တွေအချိန်တွေပေးရတယ်။ ကဲ ဒီမှာ နေတာ ၇-ရက်၊ ဘယ်လိုလုပ်ပျောက်မလဲ။ မပျောက်တော့ မဂ်ဖိုလ်လည်း မရတော့ဘူး။ ပိုက်ဆံလိုဟာမျိုးကတော့ လွယ်တယ်။ အဲဒီပိုက်ဆံကို ပြန်စွန့်ရတယ်။ ပေးလိုက်ရ တယ်ပေါ့။ ပေးလိုက်လို့ ဒေသနာကြားလိုက်လို့ရှိရင် ပျောက်တယ်။ ခက်တာက ၇ရက်အတွင်းမှာ ဒေသနာကြား လည်း ကျင့်မထားပြန်ဘူး။ ဒါကြောင့် သူများ ဝတ်တိုင်း လျှောက်မဝတ်ပါနဲ့။ အဓိကနဲ့သာမညကို ခွဲလိုက်။ အဓိက, ကတော့ မဂ်ဖိုလ်ရဖို့ပဲ။ လူဝတ်နဲ့ ရရ၊ ရဟန်းဝတ်နဲ့ ရရ၊

ရဖို့ အရေးမကြီးဘူးလား. . . အဲဒါပါပဲ။ နောက်နှစ်ကျရင် ဒီအတိုင်းပဲ ဝင်ကြ။ အဲဒါ ပိုကောင်းတယ်။ အခုလည်း ဘုန်းကြီးတွေ ကမ္မဝါ အော်ဖတ်လိုက်ရတာ အာကိုပြဲလို့ပဲ။ ၇ ရက် ရှိလို့ ထွက်သွားတော့ ဘုန်းကြီးတွေလည်း ပင်ပန်းတယ်။ သက်န်းတွေလည်း နွမ်းတာ၊ ကုန်တာပဲ အဖတ်တင်တယ်။ အောက်ပိုင်းကတော့ အဲဒီလိုတွေ အများကြီးပဲ။ နောက်နှစ်ကျရင်တော့ အဲဒီလိုဝတ်ဖို့လာရင် ဒီဩဝါဒကို ပေးဖို့မှန်းထားတယ်။ ဒီကြားထဲ တကယ်စောင့်နိုင်ရင်တော့ ဝတ်ပေါ့နော်။ ဖြစ်နိုင်ရင် အဲဒီသိက္ခာပုဒ်တွေသိပြီးတော့မှ လာဝတ်၊ တကယ်လည်းစောင့်ရင် တကယ်လည်း အကျိုးရှိပါတယ်။ တစ်ရက်ဝတ်လည်း အကျိုးရှိတယ်။ မစောင့်လို့ မရဘူး။ တာဝန်လည်း ယူပြီးသွားပြီလေ။ တစ်ခုတော့ ရှိတယ်။ ဗုဒ္ဓလက်ထက်ကတော့ ဒေဝဒတ်နောက်လိုက်သွားတဲ့ ရဟန်းငယ်လေးတွေ အပါး၅၀၀ရှိတယ်။ ဒေဝဒတ်ကြီးနည်းကို အားကျပြီးတော့ လိုက်သွားတာပေါ့။ အဲဒီလိုလိုက်သွားလို့ သူတို့မှာ ထုလ္လစ္စဉ်း အာပတ်သင့်တယ်လို့ စာပေက ဆိုထားတယ်။ အဲဒီရဟန်းငယ်လေးတွေကို မပျက်ဆီးအောင်ဆိုပြီး ဘုရားရှင်က ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလန်တို့ကို တရားဟောပြီး ပြန်ခေါ်ခဲ့ဆိုပြီး လွှတ်လိုက်တယ်။ ဟိုရောက်တော့ မထေရ်မြတ်တွေ တရားဟောလိုက်တာ အပါး၅၀၀လုံး သောတာပန်တည်ပြီးတော့

ပြန်လိုက်လာခဲ့တယ်။ အဲဒီဖြစ်ရပ်လေးတွေလည်း ရှိတယ်။ ဒါက သက်သာရာလေးပေါ့။ အဲဒီရဟန်းတွေမှာ အာပတ် တန်းလန်းနဲ့ မဂ်ဖိုလ်ရသွားတာ တွေ့ဖူးတယ်။ အဲဒီမဂ်ဖိုလ် ရတာက သူတို့ကပထမဆုံးကျူးလွန်တဲ့ အာပတ်ဖြစ်လို့ လားဆိုတာပဲ တွက်စရာရှိတယ်။ အဲဒီမှာတော့ အာပတ် အသေးအမွှားနဲ့ မဂ်ဖိုလ်ရတာတွေ့ဖူးတယ်။

## ရဟန်းမယ်တော်၊ ခမည်းတော်နှင့် လားရာဂတိ

မေး။ ။ ရဟန်းဘဝကို အပြီးတိုင်ဝတ်ခြင်းဖြင့် ထိုရဟန်း၏ မိဘများ သည် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်သို့ရောက်သည်ဆိုတာ မှန်ပါသလား ဘုရား။ သီလရှင်ဝတ်ရင်ကော ထိုသို့ပါပဲလား ဘုရား။ ဖြေကြားပေးပါ။

ဖြေ။ ။ အဲဒါကတော့ တိုက်ရိုက်ကြီးတော့ မဟုတ်ပါဘူး။ ဒါက အဋ္ဌကထာ အချို့ရဲ့ ဖွင့်ဆိုချက်ပါ။ တစ်ခုရှိတာက အဲဒီ ရဟန်းမယ်တော်၊ ရဟန်းခမည်းတော်က တကယ့်ကို သဒ္ဓါ တရားရှိပြီး တစ်သက်ပတ်လုံး ကိုယ့်သားရဟန်းတော်အတွက် လှူဖို့တန်းဖို့အားစိုက်ပြီးတော့ စီးပွားရှာရင် ကုသိုလ်တွေ တိုးတာပေါ့နော်။ သေခါနီးအချိန်ထိ ဒီရဟန်းခံပေးတဲ့ လှူရတဲ့ကုသိုလ်ကို အာရုံပြုမှတော့ ဘယ်အပါယ်ကျတော့ မှာလဲ။ များသောအားဖြင့် အပါယ်မကျတာများလို့ အပါယ် တံခါးပိတ်တယ်လို့ ပြောတာပါ။ သို့သော် များသောအားဖြင့်

ပြောတာပါ။ သေခါနီးကျမှ သားစွဲ၊ သမီးစွဲဖြစ်နေရင်တော့ အပါယ်ကျနိုင်ပါသေးတယ်။ ဧကန်မုချအပါယ်မကျနိုင်တော့ တာကတော့ သောတာပတ္တိမဂ်ကို ရတာပါပဲ။ အဲဒါကတော့ စိတ်အချရဆုံးပါ။ သေခါနီးမှာ ကိုယ့်ရဲ့ကုသိုလ်တွေကို သတိရနေဖို့လိုတယ်။ အဲဒါဆိုရင် အပါယ်မကျနိုင်တော့ ဘူးပေါ့။ တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရကို ကြားဖူးတယ်မဟုတ်လား။ သူ့မယ်တော်ကြီးက အပါယ်ကျပြီး ပြိတ္တာဖြစ်သွားတယ်။ ဒါလက်တွေ့ပဲ။ ဘာလို့လဲဆိုတော့ တရားမှမသိဘဲ။ သေခါနီးမှ တစ်စုံတစ်ခုကိုစွဲဟန်တူပါတယ်။ အဲဒါ ကိုယ်လုံးတီးကြီးနဲ့ ပြိတ္တာမကြီးဖြစ်နေပုံကို သူ့သမီးကို အိပ်မက်ပေးတယ်။ အဲဒါ ဆရာတော်ကိုယ်တိုင်ရွာပြန်ပြီး လှူဒါန်းပေးကမ်းပြီးမှ ကျွတ်သွားတယ်လို့ သိရတယ်။ ဒါကြောင့် စိတ်ချချင်ရင် ဝိပဿနာတရားကို နာကြားရှုပွားတာ အကောင်းဆုံးလို့အကြံပေးပါရစေ။

မေး။ ။ တပည့်တော် ရိုသေစွာလျှောက်ထားအပ်ပါသည်။ တပည့်တော် တရားထိုင်တဲ့အခါ ဝင်လေ၊ ထွက်လေကိုမှတ်ရတာ မှတ်လို့မရပါဘူး။ စုစည်းလို့လည်း မရဘူးဘုရား။ ရင်ထဲမှာပဲ ထားလို့ရတယ်။ နှာသီးဝမှာ စိတ်ကပ်လို့မရဘူး။ ရင်ထဲမှာပဲ စိတ်ကပ်လို့ရပါတယ်။ အဲဒီအတိုင်း တပည့်တော်မှာ ထိုင် နေပါတယ်။ အဲဒီလိုထိုင်တာ သင့်ရဲ့လား ဘုရား။

ဖြေ။ ။ ထားလို့ရရင် ရတဲ့နေရာမှာပဲထားပါ။ ရပါတယ်။ အတူတူ ပါပဲ။ အဲဒီလို ထိုင်တာလည်း သင့်ပါတယ်။ ပြောပြီးသားပဲ ကိုယ်ထင်ရှားရာကို မှတ်ပါ။ ရပါတယ်။

## ဘုရားရှင်၏ နားရွက်တော်အရှည်

မေး။ ။ နေ့လည်ခနာရီခွဲမှာ အရှင်ဘုရားဟောသွားတဲ့ တရားမှာ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဘုရားမှန်းမသိဘဲ သူ့သမီးနဲ့ ပေးစားမယ်လို့ ဟောခဲ့ပါတယ် ဘုရား။ တပည့်တော် တွေ့ဖူးတဲ့မြတ်စွာဘုရား နားရွက်တော်ဟာ ရှည်ပါတယ်။ ပုဏ္ဏားကြီးက သူ့ထက် မြတ်စွာဘုရားနားရွက်တော်က မရှည်ဘူးလား ဘုရား။ မရှည်လို့လည်း ဘုရားမှန်းမသိတာ ပေါ့လို့ တွေးမိပါတယ်။ အမေ့ကိုမေးကြည့်တော့ ပန်းချီဆရာ လျှောက်ဆွဲထားတာလို့ ပြောပါတယ်။ ဘာမှမရှည်ဘူးလို့ ဖြေပါတယ်။ မြတ်စွာဘုရား နားရွက်တော်ဟာ တကယ်ပဲ ရှည်ခဲ့လျှင် ဘယ်အချိန်ရှည်ပြီး ဘာကြောင့်ရှည်ပါသလဲ ဘုရား။ မြတ်စွာဘုရားဝတ်ရုံကိုရုံမိလို့ မြတ်စွာဘုရားထင်ပြီး ရှိခိုးကြတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်ကကော နားရွက် မရှည်ဘူးလား ဘုရား။

ဖြေ။ ။ သူ့အမေဖြေတဲ့အဖြေက မှန်ပါတယ်။ ဒီမေးခွန်းက အတွေး အခေါ်လေးပဲ။ မြတ်စွာဘုရားနားရွက်ဟာ သာမန်ထက် ကြီးတာပါ။ ဒီနေ့ခေတ်မှာဆိုရင် နားရွက်ကားကားနဲ့လူ

ဆိုရင် ဉာဏ်ကောင်းတယ်လို့ မပြောဘူးလား။ အဲဒီ သဘော ပါပဲ။ သာမန်ပုဂ္ဂိုလ်ထက်ကြီးမားကျယ်ပြန့်ပါတယ်။ ဒါပေမဲ့ အခုပုံတော်တွေမှာပန်းပုဆရာတွေက ခိုင်မာဖို့အတွက် ကုပ်ထောက်ပစ်လိုက်တာပါ။ အဲဒါကစပြီး မြတ်စွာဘုရား ရဲ့နားရွက်ဟာ ကုပ်ထောက်ဖြစ်သွားပါတယ်။ အဲဒါနဲ့ပဲ အကုန်ဆက်မှားကုန်တာ။ နောက်ပြီး မြတ်စွာဘုရား ဆံထုံး ကြီးတွေ တွေ့တယ်မဟုတ်လား။ အမှန်က ဆံထုံးမရှိဘူး။ ကတုံးပါပဲ။ လက် ၂သစ်လောက်ပဲရှည်တယ်။ မြတ်စွာဘုရား ဆံပင်က စုစုကွေးကွေးလေး ဖြစ်နေတာပေါ့နော်။ ဆံတော် ရိတ်ပြီးကတည်းက မြတ်စွာဘုရားကဘယ်လိုလုပ် ဆံပင် ထားမှာတုံး။ ဘာလို့ ဆံထုံးကြီး ဖြစ်လာသလဲ ဆိုတော့ အရင်တုန်းက မြတ်စွာဘုရားရုပ်ထု မထုရဲကြဘူး။ နောက် တော့ ဂရိကပန်းပုဆရာတွေက စ'ထုတာပါ။ ထုတဲ့အခါ သူတို့က မြတ်စွာဘုရားက ဉာဏ်ပညာကြီးတော့ မြတ်စွာ ဘုရားကတုံးပေါ်မှာ ဉာဏ်ပညာကောင်းတဲ့အတွက်ကြောင့် သင်္ကေတအနေနဲ့ ဆီမီးခွက်လေးထုပေးတယ်။

ဆီမီးခွက်မှာ မီးလေးတောက်နေတဲ့ ပုံပေါ့။ နှစ်ကြာတော့ နောက်ပုဂ္ဂိုလ်တွေက ဆံထုံးလို့ထင်ပြီး ထုကြတာ ဆံထုံး ဖြစ်သွားတယ်။ အမှန်ကတော့ ဆီမီးတောက်ပေါ့နော်။

မေး။ ။ တပည့်တော်မသည် တရားထိုင်သည့်အခါအများနည်းတူ သမာဓိတည်ဖို့အတွက် ဝင်လေထွက်လေကို ကြိုးစားရှုမှတ်

ပါတယ်။ သို့သော် အသက်သာပုံမှန်ရှုနေသော်လည်း ဘယ်လိုမှ ထွက်သက်၊ ဝင်သက်နဲ့ သမာဓိရအောင် မှတ်လို့မရပါဘူးရား။

ဖြေ။ ။ တကယ်တော့ ပညာက အရေးကြီးတာပါ။ အဲဒီလို ထွက်လေ၊ ဝင်လေမှာချည်း စိတ်အမြဲတမ်းတည်နေဖို့ဆိုတာ တစ်ထောင်မှာ တစ်ယောက်၊ နှစ်ယောက်ပဲရှိပါတယ်။ ရှားပါတယ်။ အဲဒီလို အမြဲတမ်းချည်း တည်ဖို့ မဟုတ်ပါဘူး။ ထွက်လေ၊ ဝင်လေရဲ့ထိတဲ့သဘောလေးသိရင်လည်း ပြီးတာပါပဲ။ ဝင်တယ်၊ ထွက်တယ်သိလည်း ရပါတယ်။ ဆက်တိုက် ၁ နာရီ၊ နာရီဝက်အထိ သိနေရမယ်လို့ မဆိုလိုပါဘူး။ အဓိက က မိမိရဲ့စိတ်က အဘိဇ္ဈာ၊ ဒေါမနဿမပေါ်ဖို့ဘဲ။ အဘိဇ္ဈာဆိုတာ မတရားသဖြင့် လိုချင်တာ။ ဒေါမနဿက သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်း တွေးတောတာပေါ့နော်။ ဒါတွေ မပေါ်ဖို့ နေတာလေ။ ဒါတွေ မပေါ်ရင် ရပါပြီ။ တရားနဲ့ နေတာပါပဲ။ ဂုဏ်တော်၊ မေတ္တာ၊ အသုဘ၊ မရဏာနုဿတိ ဘာဝနာများကိုလည်း ပြောင်းလဲပွားများကြည့်သင့်တယ်။

မေး။ ။ သို့ပေမယ့် တပည့်တော်ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကိုတော့ တစ်ခုချင်း၊ တစ်ခုချင်းရဲ့ အာရုံပေါ်မှုကိုလိုက်ပြီး ဖေါက်ပြန်မှု၊ မတည်မြဲမှုတွေကိုတော့ သတိပြုမိပါတယ်။

တပည့်တော်ရဲ့ ခြေလက်အင်္ဂါတို့ရဲ့ သွေးကြောလေးတွေ ဖြစ်လိုက်၊ ပျက်လိုက်၊ ဆက်တိုက်လှည့်ပတ်နေသည်ဟုလည်း စူးစူးစိုက်စိုက် အမှတ်ထားမိပါတယ်။ ဒါပေမဲ့ သမာဓိဖြင့် မထူထောင်နိုင်ဘဲ အခုလိုရှုပွားပုံမျိုးမှာ အကျိုးမများ၊ မမှန်မကန်များ ဖြစ်နေပြီလားဟု ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်နေပါသဖြင့် ဖြေရှင်းပေးပါဘုရား။

ဖြေ။ ။ အဲဒါက ပိုလိုရင်းအဓိကကျတာပဲလေ။ ထွက်လေ၊ ဝင်လေ မှတ်တယ်ဆိုတာ အဲဒီက သမာဓိကိုယူပြီးတော့ အခုပြောခဲ့တဲ့ဟာလေးတွေကို မြင်အောင်ကြည့်ဖို့ပဲ။ အခုမြင်အောင်ကြည့်ပြီဆိုရင် ပြီးပြီလေ။ အားမလိုအားမရ မဖြစ်ပါနဲ့။ သုဒ္ဓဝိပဿနာဆိုတာ အဲဒါပဲလေ။ ဓါတ်၊ ပရမတ်ကို တစ်ခါတည်းလိုက်ပြီးတော့ သိပေးနေတာလေ။ အဲဒီအကြောင်းအရာ သညာသိနဲ့ပညာသိထဲမှာလည်း ရေးထားပြီးပြီ။ အဲဒီမှာ ရဟန်းတစ်ပါးနဲ့ ဘုရားရှင်ရဲ့အမေးအဖြေလေးတွေ ပါတယ်။ ဒါလေးတွေ သိဖို့အရေးကြီးတာပါ။ ဗုဒ္ဓလက်ထက်ကလည်း သုဒ္ဓဝိပဿနာနည်းနဲ့ပဲ မဂ်ဖိုလ်ရတဲ့ပုဂ္ဂိုလ်ကပိုများပါတယ်။

## မောဟာစစ်တမ်း

မေး။ ။ မသိမှုမောဟကို ရှင်းပြပေးပါဘုရား။

ဖြေ။ ။ ဒီနေရာမှာ မသိမှုဆိုတာက လောကီအတတ်ပညာတွေကို ပြောတာမဟုတ်ဘူး။ အချက်(၈)ချက် မသိတာကို မောဟ

လို့ ဟောကြားထားတယ်။ အဲဒီအချက်တွေက သစ္စာလေးပါး (၄ချက်ပါ သွားပြီ) ပုဗ္ဗန္တ-ရှေ့အစွန်းကို မသိဘူး။ ရှေ့အစွန်းဆိုတာက အတိတ်ကဖြစ်ခဲ့တဲ့ဘဝတွေဟာရုပ်နာမ်ပဲလို့မသိတာ။ အဲဒါ အဝိဇ္ဇာပဲ။ နောက်အစွန်းကို မသိဘူး။ နောက်အစွန်းဆိုတာက အနာဂတ်ဖြစ်မယ့် ဘဝတွေဟာလည်း ရုပ်နာမ်ပဲလို့ မသိတာ အဝိဇ္ဇာပဲ။ ပုဗ္ဗန္တာပရန္တ= ရှေ့အစွန်း နောက်အစွန်းဆိုတာ ဒီပစ္စက္ခ ဒီဘဝဟာလည်း ရုပ်နာမ်ပဲ ဆိုတာ မသိတာ။ ပဋိစ္စသမုပ္ပါဒ်=အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ မသိတာ။ ပြောခဲ့ပြီလေ. . . အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့်ဒီဘဝဖြစ်တာလေ။ အဲဒီရှစ်ချက်ကိုမသိမှု အဝိဇ္ဇာလို့ခေါ်တယ်။

မေး။ ။ မောဟဘယ်အချိန်မှာ ဖြစ်တတ်သလဲဘုရား။မောဟဖြစ်မှန်း ဘယ်အကြောင်းအချက် ဘာခံစားမှုကို ထောက်ထား၍ သိနိုင်ပါသလဲ။

ဖြေ။ ။ သစ္စာလေးပါး မသိတဲ့အချိန်မှာ ဖြစ်တာပေါ့။ အဲဒီလို မောဟရှိတဲ့ ပုဂ္ဂိုလ်ကို အန္ဓပုထုဇဉ်လို့ခေါ်တယ်။ အဲဒီ အန္ဓပုထုဇဉ်မျိုးက သူလိုကိုယ်လို ကုသိုလ်လည်းလုပ်တယ်။ စိတ်မထင်ရင် အကုသိုလ်လည်း လုပ်တယ်။ အကုသိုလ်တွေလုပ်တာကို ထောက်ပြီးတော့ မောဟဖြစ်မှန်းသိရတာပေါ့။ ဥပမာတစ်ခု- ကောသလမင်းကြီးက ဘုရားရှင်နဲ့သံဃာတွေကို အသဒိသ

ဒါနကြီးလှူတယ်။ ဘယ်သူနဲ့မှမတူအောင် လှူတယ်။ ငွေပေါင်းသိန်းချီအကုန် ခံပြီးတော့မှပေါ့။ တစ်ခါ. . . သူပဲ ဘုရားရှင်ရဲ့ကျောင်းအနီးမှာ တိတ္ထိဆရာကြီးတွေကို ဇေတဝန်ကျောင်းအနီးမှာ ကျောင်းဆောက်ခွင့်ပေးလိုက်တယ်။ ဇေတဝန်ကျောင်းဘေးမှာ ကျောင်းဆောက်ရင် သူတို့လည်း ဘုရားလို ဘုန်းကံကြီးမယ်လို့ တိတ္ထိဆရာကြီးတွေ ထင်ကြတယ်။ တိတ္ထိဆရာတွေဆီက ငွေတစ်သိန်းလာဘ်စားပြီးတော့ ဇေတဝန်ကျောင်းဘေးမှာ ကျောင်းဆောက်ခွင့်ပေးလိုက်တယ်။ ဘုရားနဲ့ ရဟန္တာတွေ တော်တော်လေးကို စိတ်ကသိကအောင့် ဖြစ်သွားရတယ်။ အဲဒီလို စိတ်အနှောင့်အယှက်ပေးခဲ့လို့ ကောသလမင်းကြီးဟာ သူ့ရဲ့အာဏာကိုအလုခံရပြီးတော့ မြို့ပြင်ဇရပ်ထဲမှာ ခွေးသေဝက်သေ၊ သေသွားရတယ်။ အဲဒီလို ကုသိုလ်တင်မကဘူး အကုသိုလ်ပါလုပ်တတ်တာဟာ သစ္စာလေးပါး မသိမှု- မောဟပဲ။ မသိမှု ဆိုတာ မင်းစည်းစိမ်ကိုမြဲတယ်လို့ ယူဆတာ မသိတာပေါ့။ ရုပ်နာမ်လို့လည်း သူမသိဘူး။ ငါချမ်းသာရင်ပြီးရော ငါငွေရရင်ပြီးရော ဆိုတာမျိုးပေါ့။

မေး॥ ॥ မောဟကို ဘယ်လိုပြတ်အောင်ကျင့်ကြံနိုင်ပါသလဲ။ အိပ်နေစဉ် ဘာစိတ်ဖြစ်ပေါ်ပါသလဲ။ ထိုစိတ်ကို ဘယ်လိုခေါ်ပါသလဲ။

ဖြေ॥ ॥ သစ္စာလေးပါးတရားကို သိအောင်နာကြားရှုမှတ်ပွားများ

ပေါ့။ အိပ်နေစဉ် ဘဝင်စိတ်လို့ခေါ်တယ်။ ဘဝင်စိတ် ဖြစ်ပေါ်နေတယ်။

## ရွှေကျင်ဂိုဏ်းကွဲ ဖြစ်ပေါ်ရခြင်းအကြောင်း

မေး။ ။ သံဃာများတွင် သုဓမ္မာနှင့်ရွှေကျင်ဟူ၍ ဂိုဏ်းကွဲကြသည်ဟု သိရပါသည်။ သံဃာမှန်လျှင် ဘုရား၏သားတော်များဖြစ်ကြ၍ တစ်သွေးတည်းသာဖြစ်ရမည်ဟု ထင်ပါသည်။ ဘာကြောင့် ဘယ်လို ကွဲရသလဲဘုရား။ ဘယ်အချိန်မှစပါသလဲ။ ဘယ်လို ကွာခြားပါသလဲဆိုတာ သိချင်ပါတယ် ဘုရား။

ဖြေ။ ။ ဒါလည်း သိသင့်တာပဲ။ အရင်တုန်းကတော့ ဂိုဏ်းမကွဲဘူး။ မင်းတုန်းမင်းလက်လက်မှာ ဂိုဏ်းကွဲတာ။ အရင်တုန်းက သံဃာက သံဃာပဲ။ အဲဒီတုန်းက မင်းတုန်းမင်းကြီးက မန္တလေးတောင်ခြေမှာ ဇရပ်ကြီးတွေ အကြီးကြီးဆောက်တယ်။ သုဓမ္မာဇရပ်လို့ ခေါ်တယ်။ အဲဒီသုဓမ္မာဇရပ်ကြီးထဲမှာ စာမေးပွဲတွေ ကျင်းပတယ်။ တံဆိပ်ရ ဆရာတော်တွေကို ပင့်ဖိတ်ပြီး သာသနာရေးကိစ္စတွေကို ညှိနှိုင်းကြတယ်ပေါ့။ အဲဒါ သုဓမ္မာဆရာတော်များလို့ ခေါ်တယ်။ အဲဒီ သုဓမ္မာဇရပ်က ဆရာတော်တိုင်းဝင်လို့မရဘူး။ မင်းကိုးကွယ်တဲ့ ဆရာတော်တွေပဲ ဝင်ရတယ်။ ရှစ်ပါးပင့်ဖိတ်ထားတာရှိတယ်။ နောက်တော့ မင်းတုန်းမင်းတို့ မင်းသားဘဝကတည်းက ကြည်ညိုခဲ့တဲ့ ရွှေကျင်ဆရာတော်ဆိုတာ

ရှိတယ်။ တောထဲမှာ နေတယ်။ သူတော်ကောင်း အစစ်ပါပဲ။ သူတို့ မင်းသားဘဝက တွေ့ခဲ့ရတာပေါ့။ သူဘုရင်ဖြစ်တော့ ရွှေကျင်ဆရာတော်ကို မန္တလေးမြို့ပင့်တယ်။ ဆရာတော်က မလိုက်ဘူး။ မြို့ပေါ်မနေချင်ဘူး။ ဒါသူတော်ကောင်း စိတ်ပဲ။ သို့သော် မင်းတုန်းမင်းက ဇွတ်ပင့်တော့ အားနာလို့ လိုက်လာတယ်။ (အဲဒီမှာ ရွှေကျင်တိုက်ကြီးဆိုပြီး ရွှေကျင်ကျောင်းတိုက်ကြီး ၅တိုက်ကိုခွဲဆောက်ပြီး ဘုရင်ကိုယ်တိုင် ကိုးကွယ်တာ) အဲဒီအချိန်က သာသနာပိုင်ဆရာတော် ရှိတယ်။ အဲဒီသာသနာပိုင်ဆရာတော်က ပြောရရင် မင်းကအရေးပေးတယ်ဆိုပြီး ရွှေကျင်ဆရာတော်ကို မနာလိုဖြစ်ဟန်တူတယ်။ မင်းက ရွှေကျင်ဆရာတော်ကို တအားကြည်ညိုတာကိုး။ ဟိုကတော့ သာသနာပိုင်ဖြစ်လို့သာ မင်းက ဆည်းကပ်ကိုးကွယ်တာ သူ့စိတ်ထဲမှာ သိပ်ကြည်ညိုဟန်မတူပါဘူး။ အဲဒီ ရွှေကျင်ဆရာတော်လောက် မကြည်ညိုဘူးပေါ့။ ရွှေကျင်ဆရာတော်ဆိုတာ ရွှေဘိုနားလေးက ရွှေကျင်ရွာမှာ မွေးလို့ ရွှေကျင်ဆရာတော်လို့ ခေါ်တာ။ ရွှေကျင်ဂိုဏ်းဟာ သူက စတာပါ။ အထဲမှာဖတ်ရတာကတော့ တစ်ခါတော့ ရွှေကျင်ဆရာတော်က သုဓမ္မာသာသနာပိုင်ဆရာတော်ကို ပစ္စည်းဝတ္ထုတွေနဲ့သွားပြီးတော့ ကန်တော့တယ်။ အဲဒါကို ဟိုဆရာတော်က လှည့်ပြီးတော့ စကားတောင်မပြောဘူး။ ဒီအတိုင်း ထပြန်ခဲ့ရတယ်။ ဒုတိယအကြိမ်သွားကန်တော့လည်း စကား

မပြောဘူး။ တတိယအကြိမ်လည်း မပြောပြန်ဘူး။ အဲဒီအချိန်က စပြီးရွှေကျင်ဆရာတော်က သာသနာပိုင်ဆရာတော်ဆီ မသွားတော့ဘူး။ ဝေးသွားတာပေါ့။ စိမ်းသွားတာပေါ့။ အဲဒီအချိန်မှာ သာသနာရေးကိစ္စတစ်ခုကြုံတော့ ရွှေကျင်ဆရာတော်ကို သာသနာပိုင်ဆရာတော်က ပင့်ဖိတ်တယ်ပေါ့။ အာဏာနဲ့ခေါ်ခိုင်းတာပေါ့။ ဟိုက မသွားဘူး။ မသွားတော့ မသွားရပ့ါမလားဆိုပြီး သူက အာဏာသုံးပြီးတော့ ရွှေကျင်ဆရာတော်ကို ဖမ်းချုပ်ပြီးတော့ သူ့ဆီခေါ်ဆောင်ခဲ့ရမယ်လို့ အာဏာသုံးတယ်။ အဲဒီအကြောင်းကို မင်းတုန်းမင်းလည်း သိသွားရော မင်းအာဏာနဲ့ဝင်တားလိုက်တယ်။ မခေါ်ရဘူးဆိုပြီးတော့ပေါ့။ အခုအချိန်ဆို သာသနာရေးဝန်ကြီးက လုပ်တဲ့အချိန်မှာ မင်းကမလုပ်နဲ့ဆိုပြီး ဝင်တားတာမျိုးပေါ့။ ဇွတ်ဆွဲမခေါ်နဲ့။ ဒီဆရာတော် သူတော်ကောင်းဆိုတာ ငါသိတယ်။ ပြီးမှ မင်းအမိန့်ထုတ်ပေးလိုက်တယ်။ ဒီနေ့ဒီအချိန်ကစပြီးတော့ ရွှေကျင်ဆရာတော်ကို ဘယ်သာသနာပိုင်ကမှ ဆင့်ခေါ်ခွင့်မရှိတဲ့။ ဆရာတော် အကျင့်ကောင်းကြောင်း ငါဘုရင်မင်းမြတ်ကိုယ်တိုင် တာဝန်ယူတယ်ပေါ့။ အဲဒီအချိန်ကစပြီးတော့ ရွှေကျင်ဆရာတော်ရဲ့ကျောင်းတိုက်ကြီးက တခြားကျောင်းတွေနဲ့ သီးသန့်ဖြစ်သွားတယ်။ အဲဒါရွှေကျင်ဂိုဏ်းကွဲထွက်တာပေါ့။ ကျန်ခဲ့တဲ့ သံဃာအားလုံးကို သုဓမ္မာဇရပ်မှာ အမှုအခင်းတွေဆုံးဖြတ်လို့ သုဓမ္မာလို့ခေါ်တာ။ အမုန်က

သုဓမ္မာက ဂိုဏ်းနာမည်မဟုတ်ဘူး။ ဇရပ်ကို အမှီပြုပြီး ခေါ်တဲ့ အမည်ပဲ။ အခုလည်းပဲ မြန်မာပြည်မှာ သံဃာ ၆ သိန်း ကျော် ရှိလို့ရှိရင် ရွှေကျင်က ၅သောင်းလောက်ရှိတာပါ။ သုဓမ္မာက ၅သိန်း ကျော် လောက်ရှိတယ်။ ကျန်တဲ့ဂိုဏ်း ၇ -ဂိုဏ်းကတော့ ထောင်ဂဏန်းလောက်ပဲရှိပါတယ်။ အခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ ရွှေကျင်ရော သုဓမ္မာပါ တွဲလျက်ရှိပါတယ်။ သုဓမ္မာ၊ ရွှေကျင် ကွဲပြားခြင်းရဲ့ အစက ဒါပါပဲ။ ပရိသတ်များကတော့ မှတ်ပေါ့။ ရွှေကျင်က ဦးရေနည်းတော့ သုဓမ္မာထက်စာရင် စည်းကမ်းပိုရှိတယ်။ သေသေဝပ်ဝပ် နေတတ်တယ်။ ဒါကြောင့် ရွှေကျင်ကိုအကြည်အညိုများတယ်။ အနေအထိုင်ကောင်းလာရင် ရွှေကျင်လားလို့ အမေးခံရတယ်။ ဦးပဋ္ဌင်းတို့ကိုတောင် ရွှေကျင်လားလို့ အမေးခံရတယ်။ များသောအားဖြင့် သုဓမ္မာထဲလည်း ရွှေကျင်ထက် အနေအထိုင်ကောင်းသော၊ စိတ်ဓါတ်ကောင်းသော ဘုန်းကြီးတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ များလွန်းတော့ မအုပ်စီးနိုင်တော့ ပရမ်းပတာတွေလည်း အများကြီးရှိတယ်။ အကောင်းဘက်ကကြည့်ရင်တော့ သုဓမ္မာဘုန်းကြီးတွေက ရိုးတယ်။ ဟန်မဆောင်တတ်ဘူး။ ဒကာ၊ ဒကာမ, မရှိလည်း ဒီပုံစံပဲ။ ရှိလည်း ဒီပုံစံပဲနေတယ်။ အဲဒါသုဓမ္မာရဲ့မူဟန်ပဲ။ ရွှေကျင်ကျတော့ ရိုးရိုးသားသားအေးအေးနေတဲ့ ဘုန်းကြီးတွေရှိသလို ဟန်ဆောင်တဲ့

ဘုန်းကြီးအချို့လည်းရှိတယ်။ သူက ကွယ်ရာဆို ထင်သလို နေရင်နေမယ်ပေါ့နော်။ ဒကာ၊ ဒကာမလာတော့မယ်ဆိုရင် ကျောင်းအမြင့်ကြီးကတက်ကြည့်ပြီး လာနေပြီဆိုတာ သိတာနဲ့ တုံးခေါက်အချက်ပေးတယ်။ အဲဒါဆို ချက်ချင်း သင်္ကန်းတွေဘာတွေ သပ်သပ်ရပ်ရပ်ရုံလိုက်ပြီး ဘုရားနည်း လိုနေပြလိုက်တယ်လို့ ကြားရဖူးတယ်။ အဲဒီတော့ သူတို့ကို အကြည်ညိုများတယ်။ ဒါကြောင့် ရယ်စရာပြောကြတယ်။ သုဓမ္မာက ဓါးပြတဲ့။ ခပ်ကြမ်းကြမ်းနေလို့ပါ။ ရွှေကျင်က သူခိုးတဲ့။ နူးနူးညံ့ညံ့ နေလို့ပါ။ အဲဒီလိုပြောကြတယ်။ အမှန်ကတော့ နှစ်ခုစလုံးကောင်းတာ ရှိကြပါတယ်။

မေး။ ။ ဒုလ္လဘဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား။

ဖြေ။ ။ ရခဲတာကိုပြောတာပါ။

## လူလည်းမဟုတ် သူလည်းမဟုတ်

မေး။ ။ သမီးကြားဖူးသည်မှာ အပျိုကြီးဘ၀ ရခဲလှတဲ့ ဒုလ္လဘလို့ ကြားဖူးပါတယ်။ အပျိုကြီးများအတွက် အားတက်ဖွယ် ပြောကြားပေးပါ။

ဖြေ။ ။ ဘုန်းကြီးတို့တော့ မကြားဖူးပါဘူး။ သူက အပျိုကြီးမို့လို့ နေမှာ။ ငါကတော့ အားပျက်ဖွယ်ဖြေကြားချင်ပါတယ်။ လူဖြစ်ရင် လူတာ၀န်ကို ထမ်းဆောင်ရမှာကိုး။

ဦးပဉ္ဇင်းတစ်ပါးရှိတယ်။ သူကိုယ်တိုင် ပြောပြတာ။ သူက လူ့ဘဝတုန်းက မိန်းမစိတ်မဝင်စားဘူး။လူပျိုကြီးပဲ ဖြစ်နေတာပေါ့။ အသက် ၄၀ကျော်လောက်ကျတော့ သူ့ကိုသူ့ဦးလေးက ဆုံးမတယ်။ မောင်ထင်ပဲ ထား လိုက်ပါတော့။ မောင်ထင်. . . မင်းက လူလည်း မဟုတ်ဘူး။ သူလည်း မဟုတ်ဘူးတဲ့။ ဘာဖြစ်လို့တုံးဗျ။ လူဆိုရင်လည်း လူအလျောက် အိမ်ထောင်သားမွေးပြီးတော့ ကိုယ့်သား မယားတာဝန်ကို ကိုယ်ထမ်းဆောင်ရတယ်တဲ့။ အဲဒါကို လူလို့ ခေါ်တယ်။ သူဆိုတာက သူတော်ကောင်း၊ ဘုန်းကြီး ဝတ်ပြီးတော့ တရားအားထုတ်ရတယ်။ မင်းက ဘုန်းကြီးလည်း မဝတ်ဘူး။ မိန်းမလည်း မယူဘူး။ ဘယ်မှာမှ မပါတော့ဘူး။ တစ်ခုခုတော့ လုပ်ရတယ်။ အခုတော့ သူက ဘုန်းကြီးဝတ် သွားတာ မြဲသွားပြီ။ အဲဒီတော့ အပျိုကြီးတွေလည်းပဲ လူ မဟုတ်၊ သူမဟုတ်တွေထဲမှာ ပါတယ်။ အဲဒီတော့ လူသူ ဖြစ်အောင်တော့ လုပ်ကြပေါ့နော်။ သီလရှင်ဝတ်ပြီးတော့ သာသနာ့တာဝန်ထမ်းဆောင်ရင်လည်း ထမ်းဆောင်ပေါ့နော်။ ဒါမှမဟုတ်ရင် ယောဂီဝတ်ပေါ့။ နို့မို့ဆို အိမ်ထောင်ပြုကြ။ မြန်မာတွေက နည်းတယ်ဆိုတော့ ကလေးမွေးကြပေါ့။ ဒါပါပဲ. . . တစ်ခုရှိပါတယ်။ ခရစ်ယာန်ဘာသာကနေ နောက်မှ ဘုန်းကြီးဖြစ်တာ။ သူ့အသက် ၃၅လောက်မှာ ဗုဒ္ဓဘာသာဖြစ်တာ။ သူက လူပျိုကြီးဆိုတော့ ဘေးက

မြှောက်ပေးကြတယ်။ အိမ်ထောင်ပြု ဒါမှ အသက်ကြီးလာရင် ဆေးပေး-မီးယူ ပြုစုမယ့်သူရှိမှာတဲ့၊ အဲဒါ သူကပြန်ပြောတယ်။ အိမ်ထောင်ပြုလို့ရှိရင် ဆေးပေးမှာက တစ်ခါ၊ မီးယူမှာက ဆယ်ခါတဲ့။ ဟုတ်တယ်လေ။

ပူလောင်မှုက များတာကိုး။ အဲဒီတော့ တစ်ယောက်တည်းနေပြီး၊ တစ်စိတ်တည်းထားပြီးတော့ တရားအားထုတ်နိုင်ရင်တော့ အကောင်းဆုံးပေါ့လို့ ဖြေကြားပါတယ်။ တစ်ခုတော့ သတိထား။ အဲဒီလို အပျိုကြီးတွေက အစွန်းရောက်ဘာသာခြားနဲ့ ရတတ်တယ် သိလား။ အဲဒီ အစွန်းရောက်တွေက အဲဒီလိုအပျိုကြီးတွေကိုမှ စောင့်ဖမ်းတတ်တယ်။ သတိထားကြ . . . မယူရင်တော့ ဘာမှမယူနဲ့။ မုတ်ဆိတ်(ဘာသာခြား၊ လူမျိုးခြား)ကိုတော့ သွားစိတ်မကူးနဲ့။

မေး။ ။ အသုဘချရာတွင် ထမင်းထုပ်ထည့်ခြင်း၊ ရေအိုးခွဲခြင်းများ ဘာကြောင့်ပြုလုပ်ရပါသလဲ။ ထမင်းထုပ်က သုဘရာဇာ အတွက်လား ဘုရား။

ဖြေ။ ။ ပေါလို့နေမှာပါ။ ထေရဝါဒဗုဒ္ဓဘာသာမှာ ဘာမှမရှိဘူး။ အပိုကုန်တယ်။ ရေအိုးခွဲရင် နှမြောစရာကြီး ထမင်းထုပ်တွေ ထည့်လည်း အလကားပါပဲ။ အဲဒါအပိုအလုပ်တွေနော်။

## မကျော်ကြားခြင်း၏အကြောင်း

မေး။ ။ အနာထပိဏ်နဲ့ ဝိသာခါတို့နှစ်ဦးသည် စာပေများထဲတွင် နာမည်ကျော် လူသိများသော်လည်း ၎င်းတို့၏ ဇနီး၊ ခင်ပွန်းများက ဘာအတွက်ကြောင့် လူသိနည်းရတာလဲ။ ဘာကုသိုလ်တွေ နည်းပါးခဲ့လို့ မသိရတာလဲ။

ဖြေ။ ။ အဲဒါ ဆရာတော်ရေးတဲ့ မြန်မာတို့၏အသက်စာအုပ်ထဲမှာ ပါတယ်။ ဗီစီဒီခွေထဲမှာတော့ ဗုဒ္ဓအလိုကျ ဒါနပြုနည်းထဲမှာလည်း ဖြေထားတယ်။ အဖြေအကျဉ်းကတော့ သူတို့နှစ်ဦးလုံးဟာ ကျောင်းဒကာတွေပဲ။ အနာထပိဏ်က အိန္ဒိယနိုင်ငံ။ သာဝတ္ထိပြည်မှာ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လှူတယ်။ ၅၄ကုဋေ ကုန်ကျတယ်။ ဝိသာခါကလည်း သာဝတ္ထိမြို့မှာပဲ ပုဗ္ဗာရုံကျောင်းကြီး ဆောက်လှူတယ်။ ၉ကုဋေကုန်ကျတယ်။ အနာထပိဏ်ရဲ့ဇနီးနာမည်ကို ပုညလက္ခဏာဒေဝီလို့ ခေါ်တယ်။ ဝိသာခါရဲ့ခင်ပွန်းနာမည်က ပုဏ္ဏဝဍ္ဎနတဲ့။

အနာထပိဏ်နဲ့ ဝိသာခါက နာမည်ကြီးပြီးတော့ သူတို့ဇနီး၊ ခင်ပွန်းတွေ နာမည်မကြီးခြင်းအကြောင်းကတော့ အလှူဒါနပြုတဲ့အခါမှာ အနာထပိဏ်နဲ့ဝိသာခါက ရိုရိုသေသေလှူခဲ့တဲ့ သက္ကစ္စ ဒါနအား ကောင်းပြီး သူတို့ဇနီးခင်ပွန်းတို့ကတော့ အားနည်းခဲ့လို့ နာမည်သိပ်မကြီးတာ။ ဒါကြောင့် ဘယ်သူ့ကို ဘာပဲလှူလှူ ရိုရိုသေသေနဲ့လှူကြပါ။ ခွေးလေးကြောင်လေးတွေကအစ အစာကျွေးရင် စားခွက်လေး

ပြောင်အောင်ဆေးပြီးတော့ သေချာကျွေးရတယ်။ အလှူခံ ၁၄ယောက်ထဲမှာ တိရစ္ဆာန်လည်းပါတယ်။ တိရစ္ဆာန် တစ်ကောင်ကိုကျွေးရင် ဘဝ(၁၀၀)ချမ်းသာတဲ့ ကောင်းကျိုး တွေရတယ်။

မေး။ ။ ဘုရားတစ်ဆူပင့်လာလျှင် အနေကဇာတင်ဖို့ လိုသလား ဘုရား။ ဘုရားရှင်က အတုမရှိသောကိုယ်တော်မြတ်ကြီး ဆိုတော့ ဂုဏ်တွေကြီးမားပြီးသားပါ ဘုရား။

ဖြေ။ ။ မတင်လည်း ရပါတယ်။ ဟုတ်ပါတယ်။ ဘုရားလို့ သတ်မှတ် ပြီးတော့ ပူဇော်လိုက်ရင် ပြီးပါတယ်။ အနေကဇာတင်တာကို တချို့ပုဂ္ဂိုလ်တွေက အသက်သွင်းတယ်လို့ ထင်ပြန်ပါတယ်။ အသက်သွင်းတာ မဟုတ်ပါဘူး။ ဘယ်လိုလုပ်သွင်းလို့ရမလဲ။ ဘုရားပရိနိဗ္ဗာန်စံတော်မူသွားပြီပဲ။ မြတ်စွာဘုရား ဘုရား ဖြစ်စက ရွတ်ခဲ့တဲ့ဂါထာတွေကို ဆရာတော်များက ပြန်ရွတ် တာကို အနေကဇာတင်တယ်လို့ ခေါ်ပါတယ်။ အဲဒီရွတ်တဲ့ ဂါထာများရဲ့ ပထမအပိုဒ်က အနေကဇာတိသံသာရံ . . အစရှိတဲ့ ဂါထာပါပဲ။ အဲဒီဂါထာမှာ အနေကဇာတိသံသာရံ ဆိုတဲ့စကားလေးပါလို့ အနေကဇာလို့ ခေါ်တာပါ။ အနေကဇာ မတင်လည်း ကန်တော့ကောင်းတယ်။ ကုသိုလ်ရပါတယ်။

## ဆုကြီးပန်နှင့် ဆုလေးပန်

မေး။ ။ ဆုကြီးပန်တယ်၊ ဆုလေးပန်တယ်ဆိုတာဘာပါလဲဘုရား

ဖြေ။ ။ ဆုကြီးပန်တယ်ဆိုတာကတော့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဆု၊ နောက်ဘုရားငယ်ဆု ဖြစ်ပါလိမ့်မယ်။ ဆုလေးပန်တယ်ဆိုတာကတော့ ပကတိ သာဝကမျိုးပေါ့။ မဂ်ဖိုလ်ကို အခုရ၊ အခုယူမယ်ဆိုတဲ့ဟာမျိုး။ 'ပကတိသာဝက' လို့ခေါ်ပါတယ်။ ကျန်တဲ့သာဝကတွေကတော့ မဟာသာဝက၊ အဂ္ဂသာဝကတွေကတော့ ဘဝပေါင်းသိန်းနဲ့ချီ ဖြည့်ရတယ်။ မဟာသာဝကတစ်ပါးဖြစ်ဖို့ ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ရတယ်။ အဂ္ဂသာဝကဖြစ်ဖို့အတွက် တစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ အရှင်အနုရုဒ္ဓါ၊ အရှင်မဟာကဿပတို့က မဟာသာဝကတွေပဲ။ အဲဒီလိုဖြစ်ဖို့ ဘဝကုဋေတစ်သိန်း ပါရမီဖြည့်ရပါတယ်။

မေး။ ။ ဆရာတော်ဘုရား ငရဲမင်းဟာ ဘယ်အကုသိုလ်ကြောင့်မင်းဖြစ်တာပါလဲ။ ငရဲမင်းနဲ့ပြဟ္မာမင်းဟာ အတူတူပဲလားဘုရား။

## ယမမင်းဖြစ်ရတာ ဘာ့ကြောင့်လဲ

ဖြေ။ ။ ဟောဗျာ. . ဘယ်လိုလုပ်တူမှာတုံး။ အောက်နဲ့အထက်နဲ့။ ပြဟ္မာမင်းက ပြဟ္မာဘုံမှာ၊ ငရဲမင်းက ငရဲပြည်မှာ။ ဘာဖြစ်လို့လဲဆိုတော့ သူလည်းပဲ အကုသိုလ်တစ်ခုခုတော့ ရှိပါလိမ့်မယ်။ ငရဲပြည်မှာ ဘယ်သူမှ နေချင်မှာမဟုတ်ပါဘူး။ အခုထောင်ထဲမှာ ထောင်ပိုင်ကြီးတွေ၊ ထောင်မှူးတွေ မရှိဘူး

လား။ သူတို့လည်း ဘယ်နေချင်မှာတုံး။ အလုပ်မရှိလို့ နေရတာပဲ။ ရှေးခေတ်က ပိုဆိုးပေါ့။ သေဒဏ်ကျတဲ့ ပုဂ္ဂိုလ်တွေဆိုရင်လေ သူတို့ခမျာ သေဒဏ် ချပြီးလည်း ချက်ချင်း သတ်ရတာ မဟုတ်ဘူး။ အဲဒီသေဒဏ်ကျပြီးသား လူတွေနဲ့ ဒီပုဂ္ဂိုလ်တွေက အမြဲတမ်းတွေ့နေကြတယ်။ ကြာတော့ မိတ်ဆွေတွေဖြစ်သွားကြတယ်။ ပြီးတော့မှ ကိုယ်ကိုယ်တိုင် ပြန်သတ်ပစ်ရတာ ဘယ်စိတ်ချမ်းသာမှာလဲ။ ယမမင်းကြီးလည်း စိတ်ချမ်းသာလို့နေရတာမဟုတ်ပါဘူး။ မတတ်သာလို့ နေရတာပါ။ ဘာအကုသိုလ်ကြောင့်လို့ဆိုပြီးတော့ မတွေ့ဖူးသေးပါဘူး။

## ဘုရားရှင်ရဲ့ ဆံတော်အရှည်

မေး။ ။ ဘာသာခြားအချို့က မြတ်စွာဘုရားသည် သံဃာတော်များကို လက်တစ်သစ်ခန့် ဆံပင်ကိုတောင်မထားခိုင်းဘဲ အဘယ်ကြောင့် ဆံတော်ထားရသနည်းဟုမေးတယ်။ ဆံတော်ရှိတာ အဘယ်ကြောင့်နည်း။ ဆံတော်မရှိလျှင် အဘယ်ကြောင့် ဆံတော်ရှင်စေတီများရှိသနည်းဟု မေးပါတယ်။ ထိုမေးခွန်းကို တပည့်တော်မ မဖြေတတ်ပါ။ ဖြေကြားပေးပါတဲ့။

ဖြေ။ ။ သီးသန့် ဆံတော်ရှည်ကြီးမရှိပါဘူး။ လက်နှစ်သစ်လောက် ဆံတော်တော့ အမြဲတမ်းရှိပါတယ်။ မြတ်စွာဘုရားလည်း ကတုံးပါပဲ။ လက်နှစ်သစ်လောက်ရှိတယ်ဆိုတော့ အဲဒါကိုပဲ

အခိုင်အခံ့ယူနိုင်ပြီး ယူပေးလို့ရမှာပေါ့။ ဒါပဲရှိတာပဲ အရှည်ကြီးတော့ မဖြစ်နိုင်ဘူး။ မြတ်စွာဘုရား ဆံထုံးမထားဘူး။ ဒါကြောင့် ဆံတော်ပေးတယ်ဆိုရင်လည်း လက်နှစ်သစ်လောက် ဆံတော်ပဲ ဖြစ်လိမ့်မယ်နော်။ ဒါလေးတော့ ဗဟုသုတ မှတ်ပါ။

မေး။ ။ အမေးဖြေကဏ္ဍတွင် ပရမာအဏုမြူသည် ကလာပ်စည်း များဖြင့် ဖွဲ့စည်းထားပါသည်ဟု ဖြေကြားသွားပါတယ်။ ပရမာအဏုမြူတစ်လုံးတွင် ကလာပ်စည်းမည်မျှ ဖွဲ့စည်း ထားပါသနည်း။ ကလာပ်စည်းများသည် ရုပ်ဝတ္ထုပစ္စည်း များထဲတွင် ထပ်မံခွဲစိတ်၍ မရသောအသေးဆုံးရုပ်ပါလား။

ဖြေ။ ။ အနည်းဆုံးကလာပ်စည်း(၈)စီးပါပါတယ်။သုဒ္ဓဋ္ဌကကလာပ် စည်းလို့ခေါ်ပါတယ်။ အဲဒါကတော့ အဘိဓမ္မာကို ပြန် လေ့လာပါ။ ဒါတွေကိုအသေးစိတ်ပြောနေရင် မပြီးတော့ ပါဘူး. . . ဟုတ်ပါတယ်။ ဒီကလာပ်စည်းထက် ဘယ်သူမှ ထပ်မခွဲနိုင်တော့ပါဘူး။ အဲဒါ မြတ်စွာဘုရားကိုယ်တိုင် သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ခွဲပြခဲ့တာ။ ဒီထက်ခွဲလို့ မရ တော့ဘူး။

မေး။ ။ သုဒ္ဓဝိပဿနာရဲ့ မြန်မာပြန်အဓိပ္ပါယ်ကိုသိရှိလိုပါတယ်။ သုဒ္ဓဝိပဿနာရဲ့ အနှစ်ချုပ်ကျင့်စဉ်ကို သိရှိလိုပါတယ်။

ဖြေ။ ။ ဝိပဿနာတရားကို အဓိကထားကျင့်တာကို သုဒ္ဓဝိပဿနာ လို့ ခေါ်ပါတယ်။ ရုပ်တွေ၊ နာမ်တွေကို သိအောင် ဆရာ

ကောင်းနဲ့အချိန်များစွာ ယူပြီးတော့ နာကြားပါ။ တတ်နိုင်သမျှ ရှုပွားပါ။ တတ်နိုင်သမျှ စာအုပ်တွေဖတ်ပါ။ အဲဒီအခါကျမှ ဉာဏ်ရင့်လာပါလိမ့်မယ်လို့ပဲ ဖြေကြားပါရစေ။

## ပိဋကတ်တော်နှင့် သမ္မာကျမ်းစာကို ယှဉ်ကြည့်လိုသူ

မေး။ ။ ဒီမေးခွန်းကတော့ ခရစ်ယာန်ဘာသာ တစ်ကမ္ဘာလုံး ပြန့်တာက သမ္မာကျမ်းစာက အင်္ဂလိပ်ဘာသာပြန်ရှိလို့ ပြန့်တာလို့ သူယူဆပါတယ်တဲ့။ အဲတော့ ဗုဒ္ဓဘာသာများအတွက် ဒီပိဋကတ်တော်များကိုလည်း မြန်မာပြန်တွေအကုန်ရှိသင့်တယ်ပေါ့နော်။ အဲဒါကိုသူက ပြောပြတာ။ သူ့အယူအဆကိုပေါ့။

ဖြေ။ ။ အမှန်ကတော့ မြန်မာပြန်လည်းရှိပါတယ်။ အင်္ဂလိပ်ဘာသာပြန်လည်းရှိပါတယ်။ အင်္ဂလိပ်ဘာသာကိုတော့ မြန်မာတွေက မပြန်နိုင်ခဲ့ဘူး။ အင်္ဂလိပ်လူမျိုးတွေက စတင်ပြီးတော့ ပြန်ခဲ့တယ်။ အဲဒီမှာ ပြဿနာက ဖြစ်တာပဲ။ အခု ဦးဥက္ကဋ္ဌတို့ရဲ့ လူသေလူဖြစ်ဝါဒဆိုတာ ကြားဖူးတယ်မလား။ ကြားဖူးတယ်။ ဆရာတော့်ရဲ့ သညာသိထဲမှာလည်း အကျယ်ရေးထားတယ်။ ဒါတော့ စာပေနဲ့ဆိုင်ရာဆိုတော့ တော်တန်ရုံလူကတော့ စိတ်ဝင်စားမှာမဟုတ်ဘူး။ သိချင်တဲ့ပုဂ္ဂိုလ်အတွက်ကတော့ တော်တော်အရသာရှိတယ်။ အဲဒီမှာ ဦးဥက္ကဋ္ဌက စာတတ်ပေတတ်ဖြစ်ရက်နဲ့ အဘိဓမ္မာကို ဘုရားဟောမဟုတ်ဘူးဆို

ပြီးတော့ ပယ်ပစ်တယ်။ ပိဋကတ်သုံးပုံထဲကလည်း ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ်ကို ဘုရားဟော၊ ကျန်တာ ဘုရားဟောမဟုတ်ဘူးဆိုပြီး ပယ်ပစ်တာတွေ အများကြီးပဲရှိပါတယ်။ အတတ်ကျူးပြီးတော့ ဘီလူးဖြစ်တဲ့ သဘောပေါ့လေ။ အဲဒါသူ့ရဲ့ နောက်ကြောင်း ပြန်ကြည့်လိုက်တော့ နောက်သူက လူသေလူဖြစ်ဝါဒကို တည်ထောင်မိတာကလည်း အဲဒီအင်္ဂလိပ်စာတွေ တအားဖတ်ပြီးတော့ ဟိုဘက်ကို ယိုင်သွားလို့ပဲ။ အဓိကကတော့ ပိဋကတ်တွေ အင်္ဂလိပ်ဘာသာပြန်လိုက်တဲ့အခါ ပြန်တဲ့ပုဂ္ဂိုလ်များက အရင်က ခရစ်ယာန်တွေ။ ဒီ ဗဟုသုတအနေနဲ့ ပြန်ချင်တာကိုး။

ရိုင်းစ်ဒေးဗစ်ဆိုတာ. . . သူဟာ အရင်တုန်းက ခရစ်ယာန်ဓမ္မဆရာကြီးတစ်ယောက်ပဲ။ သူစပြန်တုန်းက သမ္မာကျမ်းစာနဲ့ တခြားဘာသာကကျမ်းစာတွေက အင်္ဂလိပ်ဘာသာပြန်ရှိတယ်။ အဲတော့ တခြားဘာသာများနဲ့ သမ္မာကျမ်းစာအင်္ဂလိပ်စာချင်း ယှဉ်ကြည့်တဲ့အခါမှာ သူတို့ သမ္မာကျမ်းစာကအရမ်းကောင်းတယ်တဲ့။ ပိုကောင်းတယ်ပေါ့။ သူတို့ပြိုင်လို့ မရတာက ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာ ပိဋကတ်တွေ အင်္ဂလိပ် ဘာသာပြန်မရှိတော့ ဘယ်လိုကောင်းတယ်၊ ဘယ်လောက်ကောင်းတယ်ဆိုတာကို မသိနိုင်ဘူးပေါ့။ သူသာ ဒီပိဋကတ်တော်တွေကို အင်္ဂလိပ်ဘာသာပြန်လိုက်လို့ရှိရင် သမ္မာကျမ်းစာနဲ့ နှိုင်းယှဉ်လို့ရသွားမယ်။ အဲဒါဆိုလို့ရှိရင်

သမ္မာကျမ်းစာဟာ ဗုဒ္ဓဟောကြားတဲ့ ပိဋကတ်တော်ထက်လည်း ကောင်းတယ်ဆိုပြီး ကမ္ဘာကိုသိစေချင်တာ။ အမှန်ကတော့ ဗုဒ္ဓပိဋကတ်တော်ထက် သမ္မာကျမ်းစာက ကောင်းတယ်ဆိုတာကို ယှဉ်ပြချင်လို့. . သိစေချင်လို့. . ပိဋကတ်တော်တွေကို အင်္ဂလိပ်ဘာသာပြန်တာပါ။ အဲဒီလိုပြန်ဖို့အတွက်လည်း မြန်မာပြည်ကို အများကြီး အကူအညီတောင်းရပါတယ်။ အဘိဓမ္မာကျတော့ သူတို့ မပြန်နိုင်ဘူး. . . မပြန်တတ်ဘူး။ အဲဒီမှာ ရန်ကုန်ကလယ်ကီဆရာတော်ကြီးကနေ ကူညီပေးရတယ်။ အဲလိုပြန်ရင်းနဲ့ပဲ နှစ်ကြာမှ ဒေးဗစ်ဟာဗုဒ္ဓဘာသာဖြစ်သွားပါတယ်။ ဗုဒ္ဓပိဋကတ်တော်ရဲ့ အနှစ်သာရတွေကိုသိသွားပြီးတော့ သူ့ရဲ့အမျိုးသမီးကတော့ ဗုဒ္ဓဘာသာမဖြစ်ဘူး။ မစ္စက်ရိုင်းစ်ဒေးဗစ်ကတော့ ဗုဒ္ဓဘာသာ မဖြစ်ဘူး။ ကျမ်းတော့ ပြန်နိုင်တယ်။ သူ့ရဲ့ အတ္တစွဲကြီးမားမှုပေါ့။ သူက အတ္တကောင်း၊ ဝိညာဉ်ကောင်းရှိတယ်လို့ ယူဆတာကိုး။ သူကျတော့ ဗုဒ္ဓဘာသာဖြစ်မသွားဘူး. . . ဒါကြောင့် သူ့ရဲ့အမျိုးသမီးပြန်တဲ့ တချို့ကျမ်းတွေမှာကျတော့ အတ္တနောမတိတွေ ပါတယ်။

ဥပမာ-အဘိဓမ္မာကို အင်္ဂလိပ်ဘာသာပြန်တဲ့အခါမှာ ဒါကိုဗုဒ္ဓဘာသာတွေက ဘုရားဟောလို့ယူဆတယ်။ တကယ်တော့ မဖြစ်နိုင်ဘူး။ မြတ်စွာဘုရား နတ်ပြည်လည်း မသွားဘူး။ ဒါ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးပါး ရေးထားတဲ့

ဟာတွေကို ဗုဒ္ဓဘာသာဘက်က ရဟန်းတချို့က ဘုရား ဟောလို့လုပ်ပစ်တာဖြစ်နိုင်တယ်အစရှိတဲ့ ကောက်ချက် တွေကို သူ့ရဲ့ဘာသာပြန်တွေထဲမှာထည့်ရေးပါတယ်။ အဲဒါ တွေကိုဖတ်ပြီးတော့ ဦးဥက္ကဋ္ဌတို့ဟာ ခရစ်ယာန်ဘာသာ ဝင်ဖြစ်တဲ့ မစ္စက်ရိုင်းစ်ဒေးဗစ်ရဲ့ တပည့်ဖြစ်သွားပြီးတော့ သူဟာ အဘိဓမ္မာကို ပယ်တဲ့အထဲမှာပါသွားတယ်။ အဲဒါ ကိုအကျယ်ဖတ်ချင်ရင်တော့ လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယစာအုပ်ကြီးကို အကျယ်ဖတ်ရင်တော့ ပိုကောင်း တယ်။ နိုင်ငံတော်က ထုတ်တဲ့စာအုပ်ကြီး။ အဲဒါဆိုရင်တော့ အပြည့်အစုံသိရမယ်။

## ငါးစွဲကြောင့် တရားမတက်ပုံ

မေး။ ။ တပည့်တော်ချမ်းမြေ့ရိပ်သာတွင် ဝင်ဖူးပါတယ်။ အဲဒီတုန်းက ရုပ်နာမ်၊ ပညတ်၊ ပရမတ် ဘာမှမသိပါတဲ့။ အဲဒီမှာ သတိ ပဋ္ဌာန်ဖြင့်သာ ရှုမှတ်၍ ပိန်ဖေါင်းများသာမှတ်ပါတယ်။ တရားထိုင်၍ ၁၅မိနစ်ခန့်ဖြင့်ဝေဒနာတက်၍ ထိုဝေဒနာကို မရှုတတ်သောအခါ တရားကိုဖြုတ်မိသည်။ တရားစစ်ဆရာ တော်ကို လျှောက်သောအခါ ဝေဒနာကိုနိဗ္ဗာန်တံခါးဟု ပြောပါတယ်။ ဒါကြောင့် ဝေဒနာကို သည်းခံ၍ ရှုရန်မိန့် ပါတယ်။ သို့အတွက်ကြောင့် တရားအားထုတ်သည့်အချိန် ၁၅မိနစ်ခန့်တွင် ခြေထောက်ကျဉ်မှု ဝေဒနာပြင်းစွာပေါ်လာ

ပါတယ်။ တပည့်တော် ဝေဒနာကို သူစိမ်းလိုသဘောထားပြီး ဟဲ့ဝေဒနာ နင်ကပဲကျဉ်နိုင်မလား၊ ငါကပဲ ကြည့်နိုင်မလား စိတ်မှာကြိမ်းဝါး၍ သေချာကြည့်သောအခါ တပည့်တော် ခန္ဓာကိုယ်သည် သေးငယ်သောအစိတ်အပိုင်းများစွာ လွင့်စင်၍ တဖြည်းဖြည်းလုံးဝမရှိဘဲ သိမှုသဘောနှင့်ပိန်မှုဖေါင်းမှုသာ သိပါတယ်။ တပည့်တော် ငါ့ခန္ဓာကိုယ်ကြီးပျောက်သွားသည် ဟု တွေးသည့်အခါ အမှုန်အမွှားအစိုင်အခဲများ ပြန်လည် စုစည်း၍ ခန္ဓာကိုယ်ကြီးပြန်ပေါ်ပြီး မနေနိုင်အောင် ဝေဒနာ ပြန်တက်လာသည့်အတွက် တရားဖြုတ်လိုက်ပါတယ်။ တရားစစ်ဆရာကို မေးသောအခါ ခန္ဓာရှိလို့ ဒုက္ခရှိတာ။ ခန္ဓာမရှိတာကို ဘာလို့လိုက်ရှာတာလဲလို့ မိန့်ပါတယ်။ အဲဒီ ချမ်းသာမျိုးကို တစ်ခါမှပြန်မရတော့ပါ။ အဲဒါမည်သည့် သဘော ဖြစ်တာပါလဲ။

ဖြေ။ ။ ဒီလိုပါပဲ ဆရာတော်တို့ အားထုတ်ခါစက ဒီတိုင်းပါပဲ။ မနိုင်တဲ့အခါကြောက်ပြီးတော့ ဖြုတ်မိသွားတာပါပဲ။ နောက်မှ ဘာမှမဖြစ်ဘူးဆိုတော့ ပြန်ထိုင်ရတာပေါ့။ ဟုတ်တယ်။ တစ်ခါတလေ အဲဒီခြေထောက်ကြီးဟာ ပြုတ်ထွက်သွား မယ်လို့ကို ထင်မိပါတယ်။ ဒါပေမဲ့ ပြုတ်မထွက်ပါဘူး။ ထင်မိတာကို ပြောပြတာပါ။ အမှန်က အဲဒီချိန်က နာမရူပ ပရိစ္ဆေဒဉာဏ်ကို ကောင်းကောင်း သိသွားတာ။ သိမှုက နာမ်တရားလေ၊ ဖေါင်းတဲ့ပိန်တဲ့သဘောလေးက ရုပ်တရား

ပဲ။ ဒါက မှန်ပါတယ်။ နာမ်နဲ့ရုပ်ကို သိနေတဲ့သဘောပဲ။ အဲဒါ ရှုမှတ်ရင်းနဲ့ သိသွားတာလေ။ ဒါလည်း တန်ဖိုးရှိပါတယ်။ သို့သော် အတ္တစွဲကြီးကပါတော့ ဒုက္ခရောက်တော့မယ်။ သူ့စိတ်က အဲလိုပေါ့ ငါဆိုတဲ့အကောင်ကြီး၊ ထပ်ပြီးတော့ ငါစွဲဝင်သွားလို့။ အဲဒီမှာ တရားက တက်မဲ့ဟာ ပြန်ပြုတ်ကျသွားတယ်။ အဲဒါ နာကျင်တာ ပြန်ပေါ်လာတာပေါ့နော်။ အဲဒါ နာမရူပ ပရိစ္ဆေဒဉာဏ်သဘောပါပဲ။ အဲဒီလိုလည်း သိတတ်ပါတယ်။

## ဗုဒ္ဓသည် အိန္ဒိယနိုင်ငံသား ဟုတ်၊ မဟုတ်

မေး။ ။ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကတည်းက ဆရာပါရဂူ ရေးသည့် ဗုဒ္ဓမြတ်စွာဘုရားသည် အိန္ဒိယနိုင်ငံသား ဟုတ်မဟုတ်ဆိုတဲ့ စာအုပ်ကြော်ငြာကို တွေ့၍ ဝယ်ယူရန်လှည်းတန်းသို့သွားရှာဖွေရာ မတွေ့၍မဝယ်ဖြစ်လိုက်ပါ။ ဒါကြောင့် ဆရာတော်ဘုရားအနေနဲ့ မြတ်စွာဘုရားဟာ ဘယ်နိုင်ငံသားဆိုတာကို ကရုဏာ ရှေ့ထား ဖြေကြားပေးပါ။

ဖြေ။ ။ နိုင်ငံသားကတော့ အိန္ဒိယနိုင်ငံသားပေါ့။ အိန္ဒိယနယ်ထဲ မွေးတာကိုး။ ဒါပေမဲ့ အဲဒီအိန္ဒိယနိုင်ငံထဲမှာ လူမျိုးက အများကြီးလေ။ သူတို့အမျိုးကို သာကီဝင်အမျိုးလို့ခေါ်တယ်။ အခုလို အမည်း၊ အသည်းမျိုးတွေလည်း အများကြီး

ပေါ့။ လူမျိုးစုံရှိတယ်။ တို့မြန်မာပြည်ထဲမှာလည်း အခု ကုလား၊ မြန်မာ၊ တရုတ်၊ ရှမ်း၊ ကချင် အဲဒီလိုရှိသလိုပေါ့။ အိန္ဒိယနိုင်ငံထဲမှာ လူမျိုးပေါင်းစုံရှိတယ်။ အဲဒီ လူမျိုးပေါင်းစုံ ထဲမှာ ဘုရားအမျိုးက သာကီမျိုးပေါ့။ သကျသာကီမျိုးပေါ့။ သကျသာကီတွေကို ဝိဋူဋ္ဌဘမင်းသတ်တဲ့အခါမှာ တချို့ထွက် ပြေးပြီးတော့ မြန်မာပြည်ထဲ ရောက်လာတယ်။ သမိုင်း ကြောင်းအယူအဆအရ. . . နောက်လူမျိုး နှစ်မျိုးသုံးမျိုး ပေါင်းပြီးတော့ မြန်မာတွေဖြစ်လာတယ်ပေါ့။ ဒါကြောင့် မြန်မာအစ သာကီကပေါ့နော်။ အဲဒါကြောင့် သာကီမျိုး ဟော့ တို့ဗမာလို့ကြွေးကြော်ကြတာပါ။ ပြီးတော့ ထူးခြားတာ ကတော့ အဲဒီမြတ်စွာဘုရားရဲ့ကပိလဝတ်ပြည်ရှိတဲ့နေရာ။ အခု နီပေါနိုင်ငံထဲမှာဆို သာကီမျိုးတွေကျန်နေသေးတယ်။ အဲဒီသာကီမျိုးတွေရဲ့ တချို့သောစကားလုံးတွေကို လေ့လာ လို့ဆန်းစစ်ကြည့်တဲ့အခါမှာ တို့မြန်မာတွေနဲ့ တစ်ထပ်တည်း ဖြစ်နေတယ်။ အဲဒီသာကီမျိုးတွေမှာလည်းပဲ သကျမျိုးတွေ မှာလည်းပဲ အဖေကို အဓိကထားတယ်။ တို့မြန်မာတွေမှာ ကြည့်ပါလား။ အဖေပဲ အဓိကထားတာပဲ။ အမှုတစ်ခုဖြစ်ရင် အဘဘယ်သူ၊ အမိမထည့်ဘူး။ အဲဒီ အချက်ချင်းသွားတူ တယ်။ နောက် တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းမှာ အတော်လေး သွားတူတာတွေ့ရတယ်။ နောက်တူတာတွေ အများကြီးပဲ။ အဲဒီတော့ အခုဝယ်လို့ ရနိုင်တဲ့စာအုပ်တစ်အုပ်ကို ညွှန်း

လိုက်ပ့ါမယ်။ ဦးလှသိန်းထွဋ်ရေးပါတယ်။ စာအုပ်နာမည်က တော့ ဗုဒ္ဓနှင့်မြန်မာလူမျိုး။ ဗုဒ္ဓက မြန်မာလူမျိုး ဖြစ်တဲ့ အကြောင်း၊ မြန်မာဟာ ဘုရားအမျိုးဖြစ်တဲ့အကြောင်းကို ကျမ်းဂန် အထောက်အထား သဘာဝ အထောက်အထား မျိုးစုံနဲ့ ရေးထားတဲ့စာအုပ်ဖြစ်တဲ့အတွက် မြန်မာတိုင်းဖတ် သင့်ပါတယ်။ အရင်တုန်းကတော့ ဗုဒ္ဓသည် မြန်မာလူမျိုး လို့ကို ရေးတာ။ နောက်ပိုင်းကျမှ ဗုဒ္ဓနှင့်လို့ ဖြစ်သွားပါ တယ်။

အဲဒါ ကိုယ့်ဟာကိုယ် စာအုပ်ဆိုင်မှာရှာပါ။

မေး။ ။ တပည့်တော်သည် နေ့ခင်းမှာ ယခင်နေ့များမှာ တရား ထိုင်ခြင်းတွင် ပြန့်လွင့်စိတ်၊ အိပ်ငိုက်သောစိတ်များနှင့် တရားကောင်းကောင်း ထိုင်၍ မရခဲ့ပါဘူး။ ယနေ့ညနေ တပည့်တော်တရားရှုစဉ် နှာသီးဖျား ဝင်လေ၊ ထွက်လေ သိမှုကို ရှုနေရာမှ တပည့်တော်မျက်စိတွင် ဘုရားပုံ၊ တော တောင် ရေမြေပုံများ မြင်လာပါတယ်။ တပည့်တော်လည်း ပေါ်လာသော အာရုံများကို ပေါ်လာတာ သိတယ်လို့ ရှုပြီး နှာသီးဖျားကို ပြန်ရှုပါတယ်။ ဒါပေမဲ့ အာရုံတွေက မပျောက်ဘဲ ဆက်တိုက်မြင်လာပါတယ်။ တပည့်တော် စိတ်ထဲမှာ နှာသီးဖျားရှုတာရယ်၊ အာရုံတွေကို မြင်နေတာ ရယ် တစ်ပြိုင်တည်းရှုနေတယ်လို့ ခံစားရပါတယ်။ အဲဒါကို

တပည့်တော် မရှင်းလို့ သေချာရှုကြည့်တော့ တပည့်တော် စိတ်က နှာသီးဖျားကို တစ်လှည့်၊ အာရုံနောက်ကိုတစ်လှည့် လိုက်ရှုနေသလို သိခဲ့ပါတယ် ဘုရား။ တပည့်တော် သိမှုရှုမှု ဟာ မှန်ပါသလား။

ဖြေ။ ။ မှန်တယ်။ တစ်ပြိုင်တည်း မသိဘူး၊ တစ်ခုစီသိတာ။ အဲဒါ အမှန်မြင်သွားတာပဲ။

## ငါ မဟုတ်ဟု မှတ်သိခြင်း အကျိုး

မေး။ ။ တရားရှုစဉ် ခန္ဓာကိုယ်ခါးအောက်ပိုင်းမှ နာကျင်မှုများ မခံနိုင်အောင် ခံစားရပါတယ်။ အဲဒီနာကျင်မှုဟာ ငါနာတာ မဟုတ်ဘူးလို့ မှတ်လိုက်တော့ နာတာကို သိမှုပဲရှိတော့ပြီး မခံစားရတော့ဘူး ဘုရား။ ရှုတာမှန်ပါသလား။

ဖြေ။ ။ ဒါလည်း ဟုတ်ပါတယ်။ အဲဒီလို သိလိုက်တဲ့အခါမှာ သူက သတိအား၊ သမာဓိအား၊ ပညာအားကောင်းတဲ့အခါမှာ ခံနိုင်ရည်ကို ရှိသွားတယ်။ နာတာတော့ နာတာပဲ၊ အသိမှာ တော့ နာတာကို ခံနိုင်သွားတယ်။ ဘယ်လိုမှ သိပ်မနေတော့ ဘူး။

မေး။ ။ တရားထိုင်စဉ်အခါ နာကျင်နေသော ခန္ဓာက တရားထိုင်ပြီး တော့ အမှတ်နဲ့ထားလိုက်တော့ နာကျင်မှုဟာ ဘာမှမခံစား ရတော့ဘူး။ အဲဒါ ဘာကြောင့်ပါလဲဘုရား။

ဖြေ။ ။ အဲဒါ ကြာကြာထိုင်တဲ့အခါ အပေါ်ကနေ ဖိထားတာကိုး။ ဖိထားတော့ ရုပ်က ပိုဖေါက်ပြန်တယ်လေ။ အဲဒါ ဣရိယာပုထ်ကို အပြောင်းအလဲလုပ်ကြတော့ အဲဒီဖေါက်ပြန်မှုက မထင်ရှားတော့ဘူး။ ဒါကြောင့် နာတာပျောက်သွားတာ။ အကယ်၍ မတ်တပ်ရပ်ရှုရင်လည်း အဲဒီအတိုင်းပဲ။ မတ်တပ်ရပ်ရှုကြည့်၊ ဘုန်းကြီးတို့လည်း ရှုဖူးတယ်။ မတ်တပ်ရပ်လို့ ကြာကြာရပ်လို့ရှိရင်လေ ခြေဖဝါးမှာ မီးလောင်နေတယ်လို့ ထင်ရတယ်။ အဲဒီလောက် ပူတာ။ တေဇောဓာတ်တွေ၊ တကယ်တော့ လောင်တာမဟုတ်ဘူး။ လောင်နေတယ်လို့ ထင်ရတာ။ အဲဒါ ထိုင်လိုက်တာနဲ့ ပျောက်သွားပြန်ရော။ ဒီသဘောပါပဲ။ အဲဒါကြောင့် ဣရိယာပုတ်ကြာကြာထိုင်ရင် ဘယ်ဣရိယာပုတ်နဲ့ထားထား ဖေါက်ပြန်လာပါတယ်။ အဲဒါ ရုပ်တရားဖေါက်ပြန်တာပါပဲ။ အဲဒါ ဒုက္ခအစစ်ပါပဲ။ အဲဒီဒုက္ခကို မမြင်သာအောင် လျှောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါး တစ်ခုနဲ့တစ်ခုပြောင်းပြောင်းပြီးတော့ ဒုက္ခမမြင်အောင် ဖုံးပေးတဲ့သဘောပါပဲ။

မေး။ ။ ယခုဘဝ၌ ဇာတိဿရဉာဏ်ရတဲ့သူရှိတယ်-လို့ ကြားသိရပါတယ်။ မည်သို့ ကျင့်ကြံအားထုတ်လျှင် ထိုဉာဏ်မျိုးရှိပါသလဲ။

ဖြေ။ ။ ဒါကတော့ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ရအောင် ကျင့်မှ

ရနိုင်တယ်။ ပဋိသန္ဓေတည်ကတည်းက ဘဝကို အမှတ်ရ ရနိုင်တဲ့ အနီးကပ်ဆုံးဉာဏ်ပါလာရင်တော့ လူဝင်စားဆို တာမျိုးလို ပြန်ပြောနိုင်ကြပါတယ်။

## မင်္ဂကုသိုလ်စွမ်းရည်

မေး။ ။ အရှင်ဘုရား မီးများ မီးနိုင်၊ ရေများ ရေနိုင်ဟု လောကီစကား တစ်ရပ်ဟာ အကုသိုလ်များသူဟာ အကုသိုလ်အဖြစ်များပြီး ကုသိုလ်တရားများသူက ကုသိုလ်တရားသာ အဖြစ်များတယ် လို့ဆိုရင် ယခုတပည့်တော်မတို့ တစ်နှစ်ပတ်လုံး အကုသိုလ် ဓါတ်တွေ ထုံလွှမ်းပြီး ယခုလိုသကြံန်ကာလမှာ လာတရား အားထုတ်ရတဲ့ ကုသိုလ်နဲ့ ပြီးပြည့်စုံနိုင်ပါ့မလား ဘုရား။ သူက ဥပမာပေးလိုက်သေးတယ်။ မီးဖိုချောင်သုံး လက် သုတ်ပဝါတောင်မှ အထပ်ထပ်လျှော်ဖွပ်မှသာလျှင် စင်ကြယ် လို့ပါဘုရား။

ဖြေ။ ။ ဟုတ်ပါတယ်။ အထပ်ထပ် ဖွပ်နိုင်ရင်တော့ ပိုကောင်းတာ ပေါ့။ သို့သော် မင်္ဂကုသိုလ်တစ်ချက်ဝင်လိုက်ရင် တစ်ဘဝတာ အတွင်းက အပါယ်ကျမယ့်အကုသိုလ်ကံတွေ ချုပ်ငြိမ်းပါ တယ်။ မင်္ဂကုသိုလ်ဟာ အဲဒီလောက်ထိ မြတ်ပါတယ်။ တို့ဒကာ၊ ဒကာမတွေ အကုသိုလ်ဆိုတာက အပေါ်ယံ လောက်ပါ။ လိုချင်တာ ဒေါသဖြစ်တာလောက်ပါ။ လူတွေကို ထောင်နဲ့ချီ သတ်ခဲ့တဲ့ အင်္ဂုလိမာလကြီးဟာ မြတ်စွာဘုရား

တရား တစ်ကြိမ်နာဖူးရုံနဲ့ မဂ်ကိစ္စပြီးခဲ့တာပဲ။ အဲဒီလောက် မဂ်ကုသိုလ်ဟာ အစွမ်းထက်ပါတယ်။ ဒါကြောင့်တတ်နိုင်သမျှ ဝိပဿနာတရားကို နာကြားရှုပွားစမ်းပါလို့ အားပေးပါရစေ။ ဒီက တင်ပြတဲ့တရားကိုလည်း အိမ်တိုင်ရာရောက် ယူသွားပြီး ဆက်လက်ပြီးတော့ အလုပ်ထဲမှာလည်းကျင့်သုံးကြည့်ပါ။ အေးချမ်းပါလိမ့်မယ်။ ငြိမ်းချမ်းပါလိမ့်မယ်။

## မတော်တဆ ပင့်ကူအိမ် ဖျက်မိခြင်း

မေး။ ။ တချို့က အကုသိုလ်လုပ်ရင်း၊ ကုသိုလ်ဖြစ်သွားတာရှိသလို၊ တချို့က ကုသိုလ်လုပ်ရင်း အကုသိုလ်ဖြစ်သွားတဲ့ ဖြစ်ရပ်လည်း ရှိပါတယ်။ ဥပမာ-ဘုရားကျောင်းဆောင် ရှင်းရင်း ပင့်ကူအိမ်ပါရှင်းမိတယ်ဆိုရင် ကုသိုလ်လုပ်ရင်း အကုသိုလ်ဖြစ်သွားတဲ့အထဲမှာ ပါသလား။

ဖြေ။ ။ မပါပါဘူး။ တကယ်တော့လည်းပဲ အဲဒီပင့်ကူအိမ်လေးကို ပျက်စေချင်တဲ့ စေတနာဆိုး၊ ပင့်ကူတွေကို သေစေချင်တဲ့ စေတနာဆိုးမပါတဲ့အတွက် သန့်ရှင်းရေးလုပ်ရင်း ပင့်ကူအိမ်တွေပါသွားတာ အပြစ်မရှိပါဘူး။ အဓိကကတော့ စေတနာက လိုရင်းပဲ။ အဲဒီအကြောင်းအရာ အကျယ်သိဖို့အတွက် စာအုပ်အသေးလေးတစ်အုပ်ရှိတယ်။ အခက်ဆုံးမေးခွန်း (၃)ခု။ အဲဒါ ဖတ်ရင် ဒီကြောင်း အကျယ်ပါပါတယ်။

မေး။ ။ အရှင်ဘုရား တပည့်တော်မမျက်စိရှေ့မှာ သစ်ပင်မှ သစ်ရွက် တစ်ရွက် ကြွေကျတာမြင်ပြီး ငါသည်လည်း အနိစ္စပဲဟု ထင်မြင်ပြီး ငါသည်လည်း အနိစ္စ၊ မြင်တယ်လို့ သိနေတဲ့ စိတ်ဟာလည်း အနိစ္စဟု ရှုပွားမိတယ်ဘုရား၊ ထိုရှုပွားမှုဟာ မှန်ကန်ပါသလား။

ဖြေ။ ။ မှန်ကန်ပါတယ်။ ဆက်လက်ပြီးတော့သာ ရှုပါ။ သံဝေဂကနေ ဝိပဿနာကို ကူးသွားနိုင်ပါတယ်။

မေး။ ။ မျက်လှည့်နဲ့တူသော ဥပမာပြုထားသော ဝိညာဏက္ခန္ဓာသည် စိတ်အကျဉ်း ၈၉ပါး၊ စိတ်အကျယ် ၁၂၁ပါးတို့နှင့် ဖြစ်ပေါ် နေပါတယ်။ ဝိညာဏက္ခန္ဓာ၏ အတိတ်အကြောင်း အခြင်း ရာ အဝိဇ္ဇာတဏှာကံကိုလည်း လက်ခံပါသည်။ ပစ္စုပ္ပန် အကြောင်းအခြင်းရာအား နာမ်ရုပ်ဟု ညွှန်းဆိုထားပါတယ်။ နာမ်ရုပ်သည် ရုပ်နာမ်နှင့်တူပါသလား။

ဖြေ။ ။ ဟာဗျာ. . . ဘယ်လိုလုပ် မတူဘဲနေမှာတုံး။ ပြောင်းပြန် ပြန်မေးနေပြန်ပြီ။ အတူတူပါပဲ။ တစ်ခုတော့ ရှိတာပေါ့နော်။ အဲဒီ ဝိညာဏက္ခန္ဓာက စိတ်၊ နာမ်ပေါ့။ စိတ်နာမ်ဖြစ်အောင် ဒီဘက်က ကျေးဇူးပြုတဲ့ဟာက နာမ်ရုပ်ဆိုတော့ စေတသိက် နာမ်။ ဝိညာဏက္ခန္ဓာက စိတ်နဲ့နာမ် ဒီဘက်က ဝိညာဏ က္ခန္ဓာဖြစ်အောင် ပစ္စုပ္ပန်အကြောင်းတရား နာမ်ရုပ်ထဲမှာ ပါတဲ့ နာမ်ကျတော့ စေတသိက်နာမ်။ အဲဒီလိုခွဲပြီးတော့ ယူလိုက်ပါ။

မေး॥ ॥ အရှင်ဘုရား၏ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ရှင်းလင်းပြသပုံကိုလည်း အခွင့်အရေးများရရှိပါလျှင် ကြားနာသိချင်လှပါတယ်။ တပည့်တော်အပြင်မှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် လူတိုင်းဗုဒ္ဓဘာသာဝင်တိုင်း သိသင့်၊ သိထိုက်သည်ဟု ယုံကြည်လက်ခံ ထားပါတယ်။ ဒိဋ္ဌိကိုအရင်နားလည်ပြီးမှ ဒေသနာစက်ဝိုင်းကို နားလည်ပါမည်ဟုထင်မှတ်မိပါသည်။ အရှင်ဘုရားရဲ့ ဟောကြားချက်ကို သိနားလည်ချင်ပါတယ်။

ဖြေ॥ ॥ အဲဒီ ဒိဋ္ဌိက ပဋိစ္စသမုပ္ပါဒ်သိမှ ပြုတ်တာ မဟုတ်ပါဘူး။ ရုပ်နာမ် သိလည်း ပြုတ်တာပဲလေ။ ဒီမှာ ယောဂီတို့ကို မောင်ကာလ သောတာပန်တည်ပုံမှာ ဒိဋ္ဌိပြုတ်အောင် ပြခဲ့ဖူးတယ်။ အဲဒါ ရုပ်နာမ် ခန္ဓာဒိဋ္ဌိဖြုတ်လိုက်တာ။ အဲမှာ ပြုတ်လည်း ပြုတ်တာပဲ။ စက်ဝိုင်းနဲ့ဖြုတ်မှ ပြုတ်တဲ့ပုဂ္ဂိုလ်လည်း ရှိမှာပေါ့။ အဲဒါက နည်းတယ်လေ။ တစ်ထောင်မှာ တစ်ယောက် နားလည်ခဲတယ်။ နားလည်ရင်တော့ ပိုကောင်းတာပေါ့။ အဓိကကတော့ ငါစွဲပြုတ်ဖို့ အရေးကြီးပါတယ်။ ဘယ်လိုနည်းနဲ့ ပြုတ်ပြုတ်။

မေး॥ ॥ အိမ်မှာ ၃၇မင်းနတ်တွေ အကောင်တစ်ကောင်စီးပြီး မိန့်မိန့်ကြီးထိုင်နေတဲ့ တိရစ္ဆာန်တစ်ကောင်ပေါ်ထိုင်နေသည့် မယ်တော်၊ ဘွားတော်တွေကို ကိုးကွယ်နေတာဟာ သရဏဂုံ ညှိုးနွမ်းပါသလား။

ဖြေ။ ။ ညှိုးနွမ်းပါတယ်။ ညှိုးနွမ်းသွားပါတယ်။ မကိုးကွယ်တာတော့ အကောင်းဆုံးပေါ့။

## ပုံတော်ကို စော်ကားခြင်းအပြစ်

မေး။ ။ ဗုဒ္ဓဘာသာတစ်ဦးအနေဖြင့် မိမိဘာသာကို အကြောင်းအမျိုးမျိုးနှင့်စွန့်ခွာကြပြီး အခြားဘာသာကို ကူးပြောင်းသွားကြပါတယ်။ ကူးပြောင်းတဲ့နေရာမှာ ဆရာတော်ပြောသလို ဗုဒ္ဓဘာသာရဲ့ ဘုရားပုထိုးစေတီပုံတော်တွေကို ခြေနဲ့နင်းပြီး ဝင်ပြီးသွားကြခါမှ အကြောင်းမလှတော့ ဗုဒ္ဓဘာသာကို ပြန်လည်ကူးပြောင်းကြတဲ့အခါ သရဏဂုံညှိုးနွမ်းရုံမက သရဏဂုံကွယ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဆိုတဲ့ တပည့်တော်ကြားဖူးတဲ့စကား မှန်ပါသလား။

ဖြေ။ ။ အကုသိုလ်တော့ ကြီးသွားပြီ။ များသောအားဖြင့် အဲလို ပုဂ္ဂိုလ်တွေ ဘာသာခြားထဲပြောင်းပြီး ဗုဒ္ဓဘာသာထဲ ပြန်မရောက်တာဘဲ များတယ်။ အဲဒါ ဟိုးကမာရွတ်ဘက်က အဘိုးကြီးတစ်ယောက်ကတော့ အကုသိုလ်ဝင်တာ အသေဆိုးနဲ့တောင် သေသွားတယ်။ သူဟာ ဗုဒ္ဓဘာသာကို စွန့်တယ်။ ဟိုဘက်က တစ်ခုခုနဲ့ဆွဲဆောင်လို့ပေါ့လေ။ ပစ္စည်းတို့၊ ရာထူးတို့ကြင်ရာတို့ဆိုတော့ ပါသွားတယ်။ ပါသွားရင်လည်း ရိုးရိုးစွန့်လိုက်ရင်ရတယ်။ သူက အဲလိုမဟုတ်ဘူး၊ ဘုရားပုံတွေ၊ ခြေထောက်နဲ့တက်နင်းပြီး စွန့်တယ်။ တစ်ရက်တော့

သူ့အကုသိုလ်တွေကြီးပြီးတော့ ရထားလမ်းဘေးမှာ သူ သွားရင်းနဲ့ ရထားကြီးလည်းလာရော သူ့ခြေထောက်ကြီး ရထားလမ်းပေါ် သွားတင်ပေးလိုက်တယ်။ နှစ်ဖက်လုံး ကြိတ်တာ ပြတ်သွားတယ်။ နောက် သွေးလွန်ပြီးတော့ သေသွားတယ်။ သူ့ဘာသာသူ အကြိတ်ခံတာ။

နောက်တစ်ခုက ပိုပြီးတော့ အံ့ဩစရာကောင်းတယ်။ အဲဒီမှာ နှစ်စဉ်သူတို့ မီးပုံးပျံပွဲကြီး လုပ်တဲ့အခါကျတော့ မီးပုံးပျံ လွှတ်တင်ပြီးတော့ ပြန်ကျလာတာ အကြီးကြီးပဲ။ လူတွေ ပြေးကြတာပေါ့လေ။ ကိုယ့်အပေါ် ကျလာမလားဆိုပြီး မီး တွေလည်း ပါသွားတာကိုး။ မီးကွင်းတွေဘာတွေကော မီး လောင်ပြီးပြန်ကျတာကိုး။ ဒကာမ တစ်ယောက်ကလည်း ပြေးတယ်။ ပြေးရင်းနဲ့သူလွှတ်သွားပြီးမှ သူ့ရဲ့တယ်လီဖုန်း လေး ပြုတ်ကျခဲ့လို့ တယ်လီဖုန်း ပြန်ပြေးကောက်တာ။ အဲချိန်မှာ ကြည့်စမ်း တကယ်တော့လေ တိုင်မင်ကိုက် ဒီ အမျိုးသမီးပေါ်ကို ပြုတ်ကျအောင် သေချာချတာတောင် တည့်တည့် ကျချင်မှကျမယ်။ အခုတော့လေ အဲဒီအမျိုး သမီးပေါ် တစ်ခါတည်း ပုံကျသွားတာ။ မီးလောင်ပြီးတော့ သေသွားရှာတယ်။ ပြီးခဲ့တဲ့ နှစ်က။ ဒါဟာ သာမန်တိုက်ဆိုင် မှု မဟုတ်ဘူးလို့၊ ထူးထူးခြားခြား အကုသိုလ်ရှိဦးမယ်ထင် တယ်ပေါ့။ ဒါနဲ့ ဆရာတော်တို့ သေချာလိုက်စုံစမ်းကြည့် တဲ့အခါ ဒီအမျိုးသမီးဟာဘာသာခြား သူ့ရဲ့တူမတစ်ယောက်

က ဗုဒ္ဓဘာသာကို ကူးသွားတော့ သူက မကျေနပ်ဘူးတဲ့။ အဲဒီမှာ သူ့တူမကို ပါးတွေ၊ နားတွေ သွားရိုက်တယ်ပေါ့။ ဒီဗုဒ္ဓဘာသာကို ယူရမလားဆိုပြီးတော့ သူက တိုင်းရင်းသား လူမျိုး။ မြန်မာလည်း မဟုတ်ဘူး။ အဲမှာ ဘုရားပုံ၊ ဘုရားကျောင်းတွေ အကုန်လုံး လွှင့်ပစ်တယ်။

ခြေထောက်နဲ့ ခတ်ထုတ်ပေါ့လေ။ အဲဒီလို လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီလိုနဲ့ မကြာမီမှာပဲ မီးပုံးပျံစွပ်ပြီးတော့ သေပွဲဝင်ခဲ့ရတယ်။

ဒီတော့ အဲလိုနင်းပြီးတော့ ဘာသာခြားထဲဝင်တဲ့ပုဂ္ဂိုလ်တွေ ဗုဒ္ဓဘာသာပြန်ပြောင်းတာ မရှိသလောက် ရှားပါတယ်။

## တရားပွဲနှင့် ဘီယာဆိုင်ပိုင်ရှင်

မေး။ ။ တပည့်တော်မတို့ မြို့တွင် စင်တင်စားသောက်ဆိုင်ကြီးများ ဖွင့်၍အသက်မွေးဝမ်းကျောင်းပြု စီးပွားရှာသူတွေ ရှိပါတယ်။ ထိုဆိုင်တွေမှာ အရက်လည်းပါ၊ မိန်းကလေးများလည်း လိုက်စွဲ၊ ကျောင်းသား၊ လူငယ်၊ လူကြီးတွေဟာ ပထမတော့ မရောက်ဖူးလို့သွားကြည့်၊ နောက်တော့ ဆိုင်က မခွာတော့ ဘူး။ တချို့ဆိုင်ရှင်တွေဟာ အိမ်လုပ်ပြီး နေခွင့်ပါပေးပါ တယ်။ ကလေးတွေဆို ပိုက်ဆံမပါလည်း အကြွေးလက်ခံ ရောင်း၊ နောက်တော့ မိဘအိမ်ကို လိုက်တောင်းပါတယ်။ နောက်တစ်ဦးက အရက်ချက်စက်ရုံ ပိုင်ရှင်ပါ။ ဒီလုပ်ငန်းရှင်

တွေဟာ တရားပွဲလုပ်ပြီး သာသနာပြုတာကိုလည်း တွေ့ရပါတယ်။ ဒီလိုလူတွေ တရားပွဲလုပ်တာ သာသနာပြုရာ ရောက်ပါရဲ့လား။

ဖြေ။ ။ ကြောက်စရာပဲနော်။ ဒါကတော့ ကုသိုလ်၊ အကုသိုလ် တွဲသွားတာပေါ့။ အရက်ချက်တာကတော့ အကုသိုလ်ပေါ့။ တရားပွဲလုပ်တာကတော့ ကုသိုလ်ပဲပေါ့။ စိတ်ပြောင်းသွားအောင် ဟောရဲတဲ့၊ ဟောနိုင်တဲ့ ဓမ္မကထိကကို ရှာပင့်ဖို့တော့ လိုပါတယ်။

မေး။ ။ လူသားအားလုံးဟာ ကိုယ့်မိသားစု၊ ဆွေမျိုးများ၊ ပတ်ဝန်းကျင်ရပ်ဟန်းရှင်၊ လူများ တရားစခန်းဝင် ဓမ္မမိတ်ဆွေများနှင့် အခုလိုဆုံတွေ့ရတာဟာ ပဋ္ဌာန်းဆက်ကြောင့် တွေ့ဆုံရတယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ ပဋ္ဌာန်းရှိလို့ ပဋ္ဌာန်းလို့ပြောရတာပေါ့လေ။ အမှန်ကတော့ အကြောင်းရှိလို့ အကျိုးတရားဖြစ်တာပေါ့။ အရင်ဘဝကနီးစပ်ခဲ့လို့ အခုဘဝ ပြန်တွေ့ကြတာ။ ဒါကြောင့် အကြောင်းမရှိရင်လည်း မတွေ့ပါဘူး။ ပြီးတော့ ဒီလူသားအားလုံးဟာ ဆွေမျိုးမတော်ဖူးတာလည်း မရှိပါဘူး။ ဘဝတွေအများကြီးမှာ ဆွေမျိုးတော်ဖူးပါတယ်။ ဒါကြောင့် အာဃာတဖြေတဲ့နည်းထဲမှာ ဒီလူဟာ မဟုတ်တာ လုပ်တာ တွေ့ရင်တောင်မှ -

ဩော်. . . သူဟာ အတိတ်ဘဝတုန်းက ငါ့ရဲ့ဖခင်ဖြစ်ခဲ့ရင်

ငါ့ကိုပြုစုခဲ့မှာပဲ။ ငါ့အမေဖြစ်ခဲ့ရင် ပြုစုခဲ့မှာပဲလို့ ဖြေလိုက်လို့ရှိရင် ပြေပါတယ်လို့ပြောထားပါတယ်။ ဒါကြောင့် ဒီဘဝတွေ့ရသူ ပုဂ္ဂိုလ်အားလုံးတို့ဟာ တကယ်ကိုပဲ ရှေးရေစက်ပါတယ်လို့ပဲမှတ်ကြပါ။

မေး။ ။ သူ့မောင်လေးနှစ်ယောက် တရားမသိ၊ ဘုရားမသိ မိုက်မဲနေလို့ လိမ္မာအောင် ဆုံးမသွန်သင်ပေးဖို့ တောင်းခံတာဖြစ်ပါတယ်။

ဖြေ။ ။ အဲဒီတော့ စိတ်ဝင်စားစရာအကောင်းဆုံး နားအလည်ဆုံး တရားခွေလေးရယ်၊ စာအုပ်လေးတွေရယ်ကို ချော့ပြီးတော့ ဖတ်ခိုင်း၊ နာခိုင်းပါ။ ရိုးရိုးမရလို့ရှိရင် မုန့်ဖိုးပေးပြီးတော့ တရားနာခိုင်းလိုက်။ ဟုတ်တယ်. . . အဲဒီလိုလုပ်ရတာပဲ။ မုန့်ဖိုးပေးပြီးတော့ စာဖတ်ခိုင်းလိုက်။ စာဖတ်ရင်းနဲ့ တစ်လုံး တစ်လုံး ဝင်ရင်းနဲ့ပဲ လိမ္မာသွားမယ်။

## ရောဂါပျောက်တာ သမထကြောင့်လား၊ ဝိပဿနာကြောင့်လား

မေး။ ။ တရားထိုင်၍ ရောဂါအချို့ပျောက်ကင်းသွားသည်မှာ သမထအစွမ်းလား၊ ဝိပဿနာအစွမ်းကြောင့်လား ရှင်းပြပေးပါ။

ဖြေ။ ။ နှစ်ခုလုံးနဲ့ဆိုင်တယ်။ သမထပဲ ပွားပွား၊ ဝိပဿနာပဲ ပွားပွား၊ စိတ်မှာ ကုသိုလ်စိတ်ဖြစ်ပါတယ်။ သမထက သမထဘာဝနာကုသိုလ်ပေါ့။ ဝိပဿနာက ဝိပဿနာကုသိုလ်ပေါ့။ ကုသိုလ်မုန်သမျှဟာ အနဝဇ္ဇသုခဝိပါက လက္ခဏာပဲ။ အပြစ်ကင်း

တယ်၊ ကောင်းကျိုးပေးတယ်။ များသောအားဖြင့် ရောဂါသည် ၁၀၀-မှာ ၉၀-လောက်ဟာ စိတ်ကြောင့်ဖြစ်တဲ့ရောဂါသည်တွေ များတယ်။ သောကပရိဒေဝ တအားကြီးတာလေ။ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာမစ္ဆရိယ တအားအားကြီးတာ။ အဲဒီအပူတွေက တအားပြင်းတယ်။ အဲဒီကိလေသာတွေ အဖြစ်များလို့ရှိရင်လေ ဆီးချို၊ ကျောက်ကပ်၊ သွေးတိုး၊နှလုံး၊ ကင်ဆာ အကုန်ဖြစ်တတ်တယ်။ အဲလိုဖြစ်တဲ့အခါမှာ တရားကိုသိပြီးတော့ တရားနဲ့လည်းနေရော စိတ်ကကြည်လင်သွားတော့ စိတ်ကြောင့်လည်း ရုပ်ကဖြစ်တာကိုး။ အရင်တုန်းက လောဘ၊ ဒေါသကြောင့်ဖြစ်တဲ့ရုပ်တွေက စိတ်ကိုယ်တိုင်လောဘ၊ ဒေါသကိုယ်တိုင်က ယုတ်ညံ့တဲ့စိတ်တွေဆိုတော့ သူတို့ကြောင့်ဖြစ်တဲ့ ရုပ်ကလည်း ယုတ် ညံ့ ပြီး တော့ ရောဂါတွေဖြစ်တာပဲ။ ဒီတရားတွေနာ၊ ဒီတရားတွေ ရှုပွား၊ စိတ်တွေက ဖြူစင်ကြည်လင်သွားရော ရောဂါတွေပျောက်သွားတာ။ အဲလိုလေး မှတ်ပါ။ ဘုန်းကြီးတို့ မေတ္တာအစွမ်းထဲမှာ ပါပါတယ်။ အခု မွန်ပြည်နယ်မှာ ထင်ရှားတဲ့ဆရာတော်ကြီးတစ်ပါး ရှိပါတယ်။ တော်ကူးဆရာတော်ကြီးဆိုတာ။ သူ့အသက် ၉၀ ကျော်နေတာ။ သူ့အသက်(၄၀)ကျော်တုန်းက သူနွားနှစ်ကောင်ဝှေ့တာလေ။ သူကဝင်ပြီးတော့ သွားပြီးတော့ဆွဲတာ။ သူ နွားကိုဘယ်နိုင်မှာလဲ။ နွားတစ်ကောင်က တစ်ခါတည်း ရမ်းပြီး

တော့ တွေ့ထည့်လိုက်တာ သူ့လည်ပင်းကြီးကို သွားတွေ့မိတာ လည်ပင်းကြီး ထုတ်ချင်းခတ်ပေါက်သွားတယ်။ နွားချိုကစိုက်သွားတာ။ သေဖို့ပဲ. . . သွေးလည်း မနိုင်တော့ဘူး။ သူတို့ရွာကလည်း ဆေးရုံနဲ့ အဝေးကြီးတဲ့။ အဲဒီတုန်းက သူက မေတ္တာဘာဝနာ အရမ်းပွားတာ။ အဲဒီအချိန်သူကသူ့သားမယားကိုပြောတယ်။ ငါသေရတော့မှာ။ မြို့ပို့လည်းမမီတော့ဘူး။ အဝေးကြီးပဲ. . မပို့နဲ့တော့။ ငါ မေတ္တာဘာဝနာပွားရင်းပဲ သေမယ်ဆိုပြီးတော့ ထိုင်လို့လွယ်တဲ့ ကုလားထိုင်လေးမှာထိုင်ပြီးတော့ အဲဒီမှာမေတ္တာလေးပွားတယ်။ စိတ်ထဲက ရိုးရိုးလေးပွားရင်ပြီးတာပါ။ အများကြီးအထူးအဆန်းမဟုတ်ပါဘူး။ "လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကျ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒပြည့်ဝကြပါစေ" တစ်ခုခုပေါ့။ အဲဒီတော့ ပွားရင်း ပွားရင်းနဲ့ နောက်ဆုံး ကြည့်စမ်း. . . လေးငါးပတ်လည်းရှိရော အဲဒီအနာကြီး ဆေးမထည့်ရဘဲနဲ့ ပျောက်သွားတယ်။ အဲဒါက သမထရဲ့အစွမ်းပဲ။ စိတ်ကြည်လင်ရင် အကုန်ပျောက်တတ်ပါတယ်။

မေး။ ။ တပည့်တော် ကြားဖူးတာက တရားစခန်းတွေဝင်လျှင်ခန္ဓာငါးပါးအကြောင်း၊ အင်္ဂါ(၁၂)ပါးအကြောင်း၊ ဓါတ်၁၈ပါးအကြောင်း အရင်ဆုံး သညာသိနဲ့သိရမယ်လို့ ဆုံးမဩဝါဒပေးပါတယ်။ ယောဂီဆိုတာ ဆရာတော်ကြီးများ

ဆုံးမထားတဲ့စကားတွေရယ်၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမထားတဲ့စကားအရ တရားအားထုတ်တဲ့ယောဂီဟာ ဣန္ဒြေ ၆-ပါးအမြဲတမ်းလုံခြုံရမယ်လို့ ဆုံးမခဲ့ပါတယ်ဘုရား။ စကားနည်းမှ တရားမြဲမယ်လို့ ဆုံးမခဲ့ပါတယ်။ နောက်တစ်ချက်က သရဏဂုံပွားတာနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာ ဟုတ်ပါသလား ဘုရား။

ဖြေ။ ။ အမှန်ကတော့ ချက်ချင်းရောက်တာ မဟုတ်ဘူးပေါ့။ အဲဒီသရဏဂုံ(၃)ပါးက နိဗ္ဗာန်ရောက်ဖို့အတွက် အထောက်အပံ့ ဖြစ်သွားတာပါ။ အဲဒါကို သရဏဂုံအစွမ်းစာအုပ်မှာဖတ်ပါ။

မေး။ ။ ထိုင်ပြီးတော့ မကျင့်ဘဲနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ ဓမ္မပဒမှာ ပုတိဂတ္တတိဿမထေရ်ဟာ ပက်လက်ကလေးနဲ့မြတ်ဘုရားရဲ့တရားနာပြီးတော့ ရဟန္တာဖြစ်သွားပါတယ်။

## အကြည့်နှစ်မျိုး အရေးကြီးပုံ

မေး။ ။ ဘုရားလက်ထက်တရားရသွားတဲ့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ တရားနာရင်း တရားရသွားတယ်ဆိုတာ နှလုံးသွင်းမှန်လို့ရသွားတာလားဘုရား။ ခန္ဓာညာဏ်ဆိုက်လို့ ရသွားတာလား ဘုရား။ ခန္ဓာ ညာဏ်လှည့်တယ်ဆိုတာ နားကတရားနာ၊ ညာဏ်က ခန္ဓာလှည့်လို့ ခန္ဓာနဲ့ညာဏ်နဲ့ကိုက်ပြီး

တရားရသွားတာလား။

ဖြေ။ ။ နှလုံးသွင်းမှန်တာနဲ့ ခန္ဓာဉာဏ်ဆိုက်တာရယ် အတူတူပဲ။ ဒါကြောင့်လည်း တရားရသွားတာပေါ့။ ခန္ဓာနဲ့ဉာဏ်နဲ့ ကိုက်တာကိုတော့ ရှင်းပြီးသွားပြီ။ တချို့က အဲဒီစကားကို ယူပြီးတော့ တရားနာပြီး တရားကို အာရုံမစိုက်တော့ဘဲ ကိုယ့်ခန္ဓာကြီး ပြန်ရှုနေတာပေါ့နော်။ အဲဒါဆိုရင် ဒီတရား နာတာ၊ ခွေဖွင့်တာက အလကားပဲပေါ့။ တရားနာတဲ့ အချိန်မှာတော့ ဘာခန္ဓာမှ လျှောက်ကြည့်မနေနဲ့၊ ကြည့်ရင် တရားမရနိုင်တော့ဘူး။ ဟောတဲ့တရားကို နားလည်သဘော ပေါက်အောင် နားထောင်ရမယ်။ နားထောင်တာကိုက ခန္ဓာကို လှည့်ပြီးသားဖြစ်နေပြီ။ ခန္ဓာအကြောင်း ဟောနေတာကိုး။ ဒါကြောင့်ကိုယ့်ဘာသာကိုယ် ကြည့်တာထက် ဆရာပြောတဲ့ အတိုင်းကြည့်တာက ပိုပြီးတော့ ထင်ရှားတာပေါ့။ ဆရာ ပြောတာကို သေချာနားထောင်နေတာဟာ ခန္ဓာကို သေချာ ကြည့်နေတာလို့ မှတ်စမ်းပါ။

## ဆုတ်ယုတ်ခြင်းကို ဖြစ်စေသော ကဲ့ရဲ့ခြင်း၊ တိုးတက်မှုကို ဖြစ်စေသော ချီးမွမ်းခြင်း

မေး။ ။ တပည့်တော်အလုပ်ဌာနတွင် အထက်လူကြီးမှာ အလွန် မောက်မာပါတယ်။ နေ့စဉ် ဝန်ထမ်းများအပေါ်တွင် အကောင်းမြင်ဝါဒ မရှိပါ။ တပည့်တော်တို့မှာ နေ့စဉ်

စိတ်ဖိစီးမှုနှင့် ကြုံရပါသည်။ သို့အတွက်ကြောင့် တပည့်တော်တို့၏ အထက်လူကြီးကို မည်ကဲ့သို့စိတ်ထား၍ ဆက်ဆံရမည်ကို ဖြေကြားပေးပါ ဘုရား။

ဖြေ။ ။ မြန်မာပြည် မတိုးတက်ခြင်းအကြောင်းမှာ အဲဒါပါတယ်။ အလုပ်ရှင် လူကြီးအများစု၊ မိဘအများစု၊ ဆရာ ဆရာမ အများစုဟာ ကိုယ့်တပည့်၊ ကိုယ့်အလုပ်သမား၊ ကိုယ့်သားသမီးရဲ့ ကောင်းတဲ့အကွက်ကို တစ်ခါမှ မချီးမွမ်းဖူးကြဘူး။ အပြစ်တွေ့လို့ကတော့ တစ်ခါတည်း စိတ်ဆင်းရဲပြီးလဲသေအောင် ပြောတတ်ကြတယ်။ ဒါကြောင့် မြန်မာအများစု မတိုးတက်တာ။ တကယ်ဆိုရင် ကောင်းတဲ့အကွက်လေးကိုလည်း ချီးမွမ်းပေးရတယ်။ ကောင်းတဲ့အကွက်လေးချီးမွမ်းမှ တကယ်တိုးတက်တာ။ အခုတော့ ကောင်းတဲ့အကွက်ကျတော့ မသိချင်ယောင်ဆောင်၊ မကောင်းတဲ့အကွက်ကျတော့ သေအောင်ပြောတာ ဘယ်တော့မှ မတိုးတက်နိုင်ဘူး။ ဒါကြောင့်ကမ္ဘာမှာ လစာငွေအများဆုံးရတဲ့ မန်နေဂျာကြီးတစ်ယောက်ရဲ့ စကားလေးတစ်ခုကို ဘုန်းကြီးမှတ်ထားတယ်။ သူ့စကားလေးက ဆဲဆိုကြိမ်းမောင်းတာလောက် အလုပ်သမားရဲ့ လုပ်အားကျဆင်းသွားတာမရှိဘူး။ လှိုက်လှဲစွာချီးမွမ်းပေးတာလောက် အလုပ်သမားရဲ့လုပ်အားတက်လာတာလည်း မရှိဘူး။ ဒဿနတစ်ခုလည်း ရှိသေးတယ်လေ။ လောက၌ အောင်မြင်မှုမရသူများသည် ကဲ့ရဲ့ဖို့သာ သတိ

ရပြီး ချီးမွမ်းဖို့မေ့လျော့နေသူများသာ ဖြစ်တယ်။ ဒါကြောင့် မိမိရဲ့ အလုပ်သမား၊ သားသမီး၊ တပည့်ကို ချီးမွမ်းနိုင်အောင်လည်း ကြိုးစားကြပါ။ ကောင်းတဲ့အကွက်လေးတွေပေါ့။

## မဂ်ဖိုလ်ရဖို့ အရေးအကြီးဆုံးအရာ

မေး။ ။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အတွက် စိတ်နေစိတ်ထား ခံယူချက်က အရေးကြီးပါသလား. . .။ ဒါမှမဟုတ် ယောဂီတစ်ယောက်နဲ့ လျော်ညီတဲ့ အင်္ဂါရပ်တွေရှိဖို့က အရေးကြီးပါသလား။ ဒါမှမဟုတ် တရားဟောပုဂ္ဂိုလ်ရဲ့ တရားတွေကို ခံယူနိုင်တဲ့ အသိဉာဏ်က အရေးကြီးပါသလား။ သို့မဟုတ် သုံးမျိုးလုံး အဓိကကျပါသလား။

ဖြေ။ ။ အေးပေါ့. . . ၃မျိုးလုံး အဓိကကျပါတယ်။ အဲဒီအထဲမှာ ဟောကြားတဲ့တရားကို နားလည်နိုင်သောဉာဏ်ရှိဖို့ကတော့ ပိုပြီးအဓိကကျပါတယ်။ နားလည်နိုင်သောဉာဏ်မရှိရင်တော့တရားမရနိုင်ပါဘူး။ ဒါကြောင့် ဉာဏ်က အရေးကြီးပါတယ်။

## တရားကျင့်တယ်ဆိုတာ ဘယ်လိုဟာလဲ

မေး။ ။ ရှစ်ပါးသီလဆောက်တည်ပြီး ဆရာတော်တွေ ဟောတဲ့တရားကိုနာ၊ တရားထိုင်ရုံနဲ့တင်ပဲ ကျောင်းတိုက်အတွင်း

မှာပဲ သိရုံတင်သိပြီးသားနဲ့ တာဝန်ကျေပြီလို့ ယူဆနိုင်ပါ သလား ဘုရား။

ဖြေ။ ။ အမှန်ကတော့ သိပြီးရင် ကျင့်ရမှာလေ။ မကျင့်ရင်တော့ ဘယ်တရားရမှာတုံး။ သိအောင်ဟောနေတယ်။ ဟောပြီး လို့သိရင်တော့ ကျင့်ရမှာပေါ့။ ကျင့်တယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ မဖြစ်အောင် ကျင့်ရမှာလေ။ အလောဘ၊ အဒေါသ၊ အမောဟတွေ များလာအောင် ကျင့်ရမှာပေါ့။ မြန်မာလိုပြောရင် လိုချင်တဲ့စိတ်တွေ နည်းအောင်ကျင့်၊ စိတ်ဆိုးတဲ့စိတ်တွေ နည်းအောင်ကျင့်၊ ပေးချင်ကမ်းချင်တဲ့ စိတ်တွေ များအောင်ကျင့်၊ သူတစ်ပါးအကျိုးဆောင်ရွက် ချင်တဲ့စိတ်တွေ များအောင်ကျင့်ရမယ်။ အဲဒါပဲ။ ဒါက ကျင့်တာပဲပေါ့။

မေး။ ။ တပည့်တော်ဝင်လေထွက်လေ မှတ်တဲ့အခါမှာ စပြီး မှတ်ခါစ မှာတော့ ဝင်လေထွက်လေက မှန်မှန်လေးဆိုတော့ မှတ်တဲ့ အခါအဆင်ပြေပါတယ်။ နည်းနည်းကြာလာတော့ ဝင်လေ ထွက်လေကမြန်လာပြီး လိုက်လို့မမီတော့ပါဘုရား။ တပည့် တော် ဘယ်လိုဆက်မှတ်ရမယ်ဆိုတာ ကျေးဇူးပြု၍ သင်ပြ ပေးပါ။

ဖြေ။ ။ မမီတော့ရင် အဲဒီထွက်လေဝင်လေကို ဆက်မမှတ်နဲ့တော့။ ကိုယ့်ခန္ဓာတစ်ကိုယ်လုံးကို စူးစိုက်ပြီးတော့ ကြည့်ပေါ့။ တွေ့

လာတတ်တယ်။ လှုပ်လှုပ်ရွရွ မွမွလေးတွေ တွေ့တတ်ပါတယ်။ ပူသဘော၊ အေးသဘောတွေ တွေ့တတ်ပါတယ်။ ခန္ဓာတစ်ကိုယ်လုံးကို တစ်နေရာမှာ စိုက်ကြည့်လိုက်၊ ထွက်လေဝင်လေကို မမှတ်နဲ့တော့။ တူတူပဲ။ ထွက်လေဝင်လေလည်း ကာယာနုပဿနာပဲ။ ခန္ဓာကိုယ်ကလည်း ကာယာနုပဿနာပဲ။ အကုန်ကြည့်လို့ရတယ်။

## လူ့ဘဝနဲ့ ရဟန္တာဖြစ်သူ၏ အနာဂတ်

မေး။ ။ ဆရာတော်ဟောကြားသော ပြုံးသေ၊ မဲ့သေတရားကို နာကြားရာတွင် ရဟန်းမထေရ်တစ်ပါးသည် ပျံလွန်တော်မမူခါနီး၌ တရားမှတ်ပြီး တစ်ခဏ၌ သူ၏ဝမ်းဗိုက်ကို လေမှခွဲ၍ အတွင်းကလီစာများ အပြင်သို့ထွက်လာပြီးလျှင် ရဟန္တာအဖြစ်သို့ ရောက်ရှိသည်ဟု နာကြားရပါတယ်။ ဘုရားတပည့်တော် သိချင်သည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တရားကျင့်စဉ်များ ပြီးဆုံး၍ ရဟန္တာအဖြစ်သို့ ရောက်ရှိပြီးလျှင် ၇ရက်အတွင်း ရဟန်းပြုပေးရသည်ဟု သိရပါတယ်။ ဘာသာရေးရာ ဗဟုသုတအဖြစ်သိရှိနိုင်ပါရန် လျှောက်ထားအပ်ပါသည် ဘုရား။ အကယ်၍ မဟုတ်ပါက မည်သို့သောအကြောင်းကိစ္စများပြုရသည်ကို သိလိုပါသည် ဘုရား။

ဖြေ။ ။ တခြားမဟုတ်ဘူး. . . လူ့ဘဝနဲ့ ရဟန္တာဖြစ်ပြီးသွားရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်က တအားမွန်မြတ်သွားတယ်။

မွန်မြတ်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို လူ့ဘဝခန္ဓာကြီးနဲ့ လူ့ လောကီခန္ဓာကြီးနဲ့ မခံနိုင်တော့ဘူး။ ရဟန်းဝတ်နဲ့မှပဲ ခံနိုင်ရည်ရှိတယ်။ ဒါကြောင့်ရဟန္တာဖြစ်ပြီး လူပုဂ္ဂိုလ်တွေဟာ ရဟန်းဝတ်ရတာ။ ရဟန်းမဝတ်ရင်လည်း ၁၀ရက်အတွင်း ပရိနိဗ္ဗာန်စံရတယ်။ တကယ်တော့ ရတ်တရက်ဆိုရင် ရဟန္တာ ဖြစ်မှ မြန်မြန်သေရတယ်လို့ထင်ကြတယ်။ အဲဒီလို မဟုတ် ဘူး။ ဥပမာပေးရရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရဟန္တာ ဖြစ်ခြင်းက နတ်သြဇာနဲ့တူတယ်။ အဲဒီနတ်သြဇာက ဘုရားမှ တစ်ပါး ဘယ်သူမှ အစာမချေနိုင်ဘူး။ စားရင် သေတယ်။ ယောဂီတို့စားရင် အကုန်သေတယ်။ အဲဒီလိုသေတာက နတ်သြဇာက ညံ့လို့လား။ ဝမ်းမီး မကောင်းလို့လား။ အမှန်ကတော့ ဝမ်းမီးမကောင်းလို့ပါ။ အဲဒါ အဖြေပဲ။ အခုလည်းပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတဲ့ နတ်သြဇာက အရမ်းကောင်းတယ်။ လောကီလူ့ဘဝခန္ဓာကိုယ်ကြီးက တအားညံ့တယ်. . . မခံနိုင်ဘူး။ ဒါကြောင့် ရဟန္တာဖြစ်ပြီး ရဟန်းပြုတာ။ ဒီလိုမှတ်ပါ။

## ဝင့်ကြွေးနဲ့ ပါရမီ

မေး။ ။ ဘုရားအလောင်း ဝေဿန္တရာမင်းကြီးမှ သူ၏သားနှင့် သမီးငယ်တို့ကို အလှူပေး၍ စွန့်လွှတ်ရသည်ဟု နာကြား ရပါသည်။ ဖခမည်းတော်(သို့) ဖခင်ဖြစ်သူတို့၏ စွန့်လွှတ်

ခံရခြင်းမှာ အဆိုပါသားသမီးများ၏ ဘဝအတိတ်ကံနှင့် ဆိုင်၊ မဆိုင်သိရှိလိုပါသည်ဘုရား။

ဖြေ။ ။ ဒါကတော့ အဲဒီလို ဝဋ်ကြွေးနဲ့မဆိုင်တော့ပါဘူး။ အဲဒီ ကလေးနှစ်ယောက်ကိုက ဝေဿန္တရာမင်းကြီးရဲ့ သားသမီး အဖြစ် ဘဝတိုင်းပါရမီဖြည့်ဖို့ ဆုတောင်းလာတဲ့ ပုဂ္ဂိုလ် တွေပါ။ ဒါကြောင့် သူတို့ဟာ သူ့ဖခင်လှူတာကို ဝမ်းသာ ကြပါတယ်။ ဝဋ်ကြွေးမဟုတ်တော့ပါဘူး။

## သေရင် ပြီးပြီဆိုတဲ့ ဝါဒ

မေး။ ။ ဂျာနယ်တစ်ခု၏ အယ်ဒီတာချုပ်တစ်ဦးက သေရင် ပြီးပြီ ဆိုတဲ့ အယူဝါဒဟာ ထေရဝါဒအနေဖြင့်ကြည့်ရင် မည်သည့် အယူဝါဒ ဖြစ်ပါသလဲ။

ဖြေ။ ။ ဥစ္ဆေဒဒိဋ္ဌိဝါဒလို့ ခေါ်ပါတယ်။ သိပ်ကြောက်စရာ ကောင်း ပါတယ်။ ဒီဥစ္ဆေဒဝါဒကို များသောအားဖြင့် စိတ်ဓါတ်ညံ့တဲ့ ပုဂ္ဂိုလ်တွေ ကြိုက်ကြတယ်။ မကောင်းတာ လုပ်ပြီးသွားရင် မကောင်းကျိုးကျတော့ မခံစားချင်ဘူး။ ဘဝရှိရင် ခံစားနေရ ဦးမှာကိုး။ မခံစားချင်တဲ့အတွက်ကြောင့် နောင်ဘဝမရှိဘူး လို့ လုပ်ပစ်လိုက်တာ။ အဲဒီဒိဋ္ဌိအကျယ်ကို ဆရာတော်ရေးတဲ့ အရှုံးမရှိသော ဒဿနမှာ ဖတ်နိုင်ပါတယ်။

မေး။ ။ ဒီမေးခွန်းကတော့ ရယ်တော့ ရယ်စရာပဲ။ သူ့မှာ အဖေ

ဘုန်းကြီးတစ်ပါးရှိတယ်တဲ့။ အသက်(၇၀)ကျော်ပြီ။ အိမ်မှာ တည်းတယ်တဲ့။ ညညကျတော့ နွားနို့နဲ့ပေါင်မုန့်စားတယ်။ အဲဒါ ကျွေးကောင်း မကျွေးကောင်း။ နောက်ပြီး အိမ်မှာ တည်းခိုကောင်း၊ မကောင်းတဲ့။

ဖြေ။ ။ ဟောဗျာ. . . ဘုန်းကြီး လာတိုင်တယ်။ ကျွေးရင်တော့ ကောင်းတာပေါ့။ စားလို့ကောင်းတာပေါ့။ မထူးပါဘူး. . . နွားနို့ပေါင်မုန့် ကျွေးမယ့်အစား ဆွမ်းသာ ကပ်လိုက်ပါ တော့။ အတူတူပဲ. . . အပြစ်က အတူတူပဲလေ။ အပြစ်ချင်း တူတော့ ဆွမ်းစားပြီးအပြစ်ရှိတာကကောင်းတာပေါ့။ အမှန် ကတော့ မစားကောင်းဘူး။

ကျောင်းအသိမရှိရင် မဖြစ်မနေဆိုရင်တော့ တည်းလို့ ရတယ်။ သို့သော် အဲဒီမနက်အိပ်ရာထတဲ့အခါမှာ တစ်မိုး တစ်ရာမ်တည်းဖြစ်တဲ့အတွက်ကြောင့် အရုဏ်မတက်ခင် ဘုန်းကြီးက ထရတယ်။

ဆိုကြပါစို့ ဒီလဆိုလို့ရှိရင် ကဆုန်လပေါ့။ ၄း၅၀မှာ အရုဏ် တက်တယ်။

(၄)နာရီမှာ ထလိုက်လို့ရှိရင် အာပတ်မသင့်ဘူး။ နောက်မို့ ဆိုရင် သင့်တယ်။ ဖြစ်နိုင်ရင်တော့ ကျောင်းမှာအိပ်တာ အကောင်းဆုံးပဲ။

မေး။ ။ ဒီမေးခွန်းကတော့ ပွင့်ပြီးသော မြတ်စွာဘုရားရှင်ကို ဇကန်

စင်စစ်ရှိခိုးဖူးမြော်ခွင့် ရခဲ့သောပုဂ္ဂိုလ်များသည် အဘယ်သို့သော ကုသိုလ်များကို အားထုတ်ခဲ့သော ပုဂ္ဂိုလ်ထူးများ ဖြစ်ပါသနည်း။

ဖြေ။ ။ ဒီသီးသန့်ရယ်လို့တော့ မကြားဖူးပါဘူး။ ကုသိုလ်ပြုရင်း ပြုရင်းနဲ့ ဘုရားပွင့်တဲ့အချိန်နဲ့ ကြုံတော့ ဘုရားဖူးရတာပေါ့။ သို့သော် ဒီပရိသတ်လည်း ပါရမီမနည်းပါဘူး။ ဘုရားတာ မဖူးရတာ၊ ဘုရားဟောတဲ့ တရားတွေ မနာရဘူးလား။ အဲဒါ အဓိကပါပဲ။ အဲတော့ ဘုရားပွင့်တာနဲ့အတူတူပဲ။ ဘုရားပွင့်တာနဲ့ကြုံပါလျက် ဘုရားတရားလည်း မနာ၊ တရားလည်း မကျင့်ဆိုရင်တော့ ကိုယ့်ရင်ထဲမှာ ဘုရားမပွင့်သလိုပါပဲ။ အဲဒီလိုလေး မှတ်ထားပါ။ တရားသိ၊ တရားရှိသွားရင် ဘုရားပွင့်တာပဲ။ တရားလည်း မသိ၊ တရားလည်းမရှိဆိုလို့ရှိရင် ဘုရားရှေ့မှာထားလည်း သူ့အတွက် ဘုရားမပွင့်ဘူးပဲ။ အဲဒါလေး မှတ်ပါ။

## အရေးကြီးတာက အကြောင်းတရား

မေး။ ။ ပရိနိဗ္ဗာန်သည် ဘာမှမရှိသောနေရာမဟုတ်၊ ရှိသောနေရာဖြစ်သည်ကို ဆရာတော်တရားတွင် ကြားနာရသောကြောင့် ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ကိုရောက်သည်နှင့် မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ခွင့်ရကြပါသလား ဘုရား။

ဖြေ။ ။ ဒါကတော့ ထူးခြားတဲ့ မေးခွန်းလေးပဲ။ အဲဒါကအရေးမကြီး

တော့ပါဘူး။ ကိုယ့်သန္တာန်မှာရှိတဲ့ ကိလေသာကုန်ဖို့အရေး ကြီးတာပါ။ နိဗ္ဗာန်ဆိုတာ အကျိုးတရားပဲ။ အကျိုးတရားက အရေးမကြီးဘူး။ အကြောင်းတရား ဝိပဿနာ နာကြား၊ ရှုပွားဖို့က အရေးကြီးတယ်။

## သိုက်စောင့်နဲ့ အဝိဇ္ဇာ

မေး။ ။ နောက်ကာလတွင် ပွင့်တော်မူမည့် မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ချင်သော ဥစ္စာစောင့်၊ ပြိတ္တာများသည် စိတ်၏ အယူလွဲမှားမှုကြောင့် ဘုရားပွင့်မည့်အချိန်ထိ ဘုရားဌာပနာတိုက်များကို စောင့်နေရသော ဥစ္စာစောင့်ဘဝနှင့်ပင် နောင်ပွင့်လာမည့် ဘုရားရှင်၏တရားတော်ကို နာယူရင်း သာဓုခေါ်ဆိုနိုင်မှ ကျွတ်လွတ်ရသည်ဟုဆိုသည်မှာ မှန်ပါသလားဘုရား။

ဖြေ။ ။ အဲဒီအယူအဆက တော်တော်လေး မှားပြားတယ်။ အဲဒါ သိပ်မဖြစ်နိုင်ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ဆန်းစစ်ကြည့်တာပေါ့ နော်။ သူတို့သက်တမ်းဟာလည်း အဲဒီလောက်ကြီး ကမ္ဘာနဲ့ ချီပြီးတော့ သက်တမ်းက မရှည်နိုင်ပါဘူး။

ဘုရားတစ်ဆူပွင့်ဖို့ဆိုတာ နှစ်နဲ့ရေလို့မလွယ်ဘူး။ မြေကြီးထုအနက်နဲ့ ရေရတာ။ ဒီနေ့အခု ဒကာ၊ ဒကာမတွေ သေကြ၊ ကြေကြ၊ တိုက်တွေအကုန်ပျက်စီးပြီးတော့ ဒီတိုက်တွေ ဒီဒကာ၊ ဒကာမအရိုးတွေဟာမြေကြီးဖြစ်ပြီးတော့ အဲဒီ

မြေကြီးက တက်တက်လာရမှာ။ အဲဒါ အခုမြေကြီးထက်နောက်ထပ် ရှစ်မိုင်ပမာဏအမြင့်ကျမှ နောင်ဘုရားပွင့်မှာဆိုတော့ သူတို့ဘယ်လိုလုပ်ရှိနိုင်တော့မှာလဲ။ ဘယ်လိုမှမရှိနိုင်တော့ဘူး။ သို့သော် ရှိနိုင်တယ်လို့ထင်မိပြီးတော့ ဥစ္စာစောင့်ဘဝ၊ သိုက်ဘဝမှာနေတာ တော်တော်လေးသနားဖို့ကောင်းတယ်။ အဝိဇ္ဇာရဲ့ လှည့်စားချက်ပေါ့။

မေး။ ။ တရားအာရုံပြုရင်းနဲ့ အိပ်ပျော်သွားပါသည်။ မည်သို့ ကုစားရမည်နည်း။

ဖြေ။ ။ ကောင်းတာပေါ့။ ကုစားမနေပါနဲ့တော့ အိပ်ပျော်တာပဲ။ တရားအိပ်ဆေးနဲ့လည်း သုံးလို့ရတာပဲလေ။ အိပ်မပျော်တဲ့အခါ တရားနာရင်း အိပ်ပျော်တာ ကောင်းတယ်။ တခြားနည်းနဲ့ အိပ်မယ့်အစား တရားနည်းနဲ့အိပ်ပေါ့။ တကယ်ပြောတာပါနော်။ မဟုတ်တဲ့လောဘတွေ တွေးမယ့်အစား တရားနဲ့ အိပ်သွားတာက ဘယ်လောက်ကောင်းမှာလဲ။ တရားနဲ့အိပ်ကောင်းတယ်။ နေ့ခင်းလည်း နာပေါ့။ အိပ်ခါနီးလည်း နာပေါ့။ ဘာမှမဖြစ်ဘူး။

မေး။ ။ အမျိုးသမီးများ အရဟတ္တမဂ် ရနိုင်ပါသလား။

ဖြေ။ ။ ကျင့်ကြံရင်တော့ ရနိုင်တာပေါ့။ တကယ်ကျင့်နိုင်ရင်တော့ ဘုရားတရား ဘယ်အချိန်မဆို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်ပါတယ်။ ရခွင့်ရှိပါတယ်။

မေး။ ။ တပည့်တော်၏ ခန္ဓာကိုယ်တွင် ပိုးအမျိုးစားပေါင်း ရှစ်ဆယ်ရှိတယ်ဆိုတာ မှန်ပါသလား။ ထိုပိုးများလည်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာပဲလားလို့ သိပါရစေ။

ဖြေ။ ။ အဲဒါကို စာအုပ်တစ်အုပ် ထပ်ညွှန်းမယ်။ တအားကောင်းလွန်းလို့။ အားလုံးဖတ်စေချင်လို့။ အဲဒီ အထူးကုတွဲဖက် ဆရာဝန် ဦးမြင့်ဆွေ မေးတာကို မဟာစည် ဆရာတော်ကြီး ဖြေထားတာ။ ဘဝပြဿနာလား မသိဘူး။ သေးသေးလေးပဲ။ တော်တော်ကောင်းတယ်။ အဲဒီမှာ မေးတယ်။ တချို့ဆေးထိုးလိုက်တဲ့အခါမှာ ဒီရောဂါပိုးတွေ၊ တခြားပိုးတွေ အကုန် သေသွားတယ်ပေါ့။ အဲဒါ အပြစ်ရှိမရှိ။ ဆရာတော်ကြီးက အပြစ်မရှိနိုင်ဘူး။ အဲဒီပိုးတွေဟာ ဒီလိုသက်ရှိလို့ပြောနိုင်တဲ့ ပိုးမျိုး မဟုတ်လို့ပေါ့နော်။ အဲဒီလို ဆုံးဖြတ်တာလည်း ဖတ်ဖူးတယ်။ အဲဒီမှာ အကျယ်ဖတ်ပါ။

## သောတာပန်နဲ့ သာသနာပ

မေး။ ။ သောတာပန်၊ သကဒါဂါမ် တည်ပြီးသောသူဟာ ယခုဘဝမှာ သေပြီး နတ်သော်လည်းကောင်း ဗြဟ္မာသော်လည်းကောင်း ဖြစ်ပြီး သာသနာအပမှာ နိဗ္ဗာန်သို့ဝင်နိုင်ပါသလား ဘုရား။

ဖြေ။ ။ ဝင်နိုင်တယ်။ သူတို့ရဲ့ သောတာပတ္တိမဂ်တစ်ခုရလိုက်တာနဲ့ ကျန်တဲ့မဂ်တွေကတော့ မပြောနဲ့တော့ပေါ့။ သောတာပတ္တိမဂ်ရရင်ပဲ သူဟာ လူ့ဘဝ၊ နတ်ဘဝမှာ ခုနစ်ဘဝထက်

ပိုမနေဘူး။ သူ့ဟာသူကို မဂ်ဖိုလ်တက်ပြီးတော့ အထက်မဂ်၊ အထက်ဖိုလ်ရပြီးတော့ နိဗ္ဗာန်ရောက်တာ။ ဘုရားသာသနာအပလည်း ကိစ္စမရှိဘူး။ သူ့ဟာသူ ထိုးထွင်းပြီးတော့ သိတယ်။ အခံရပြီးသား ဖြစ်လို့ပေါ့။

မေး။ ။ စိဉ္စမာန မိန်းမယုတ်၏ ဝမ်းဗိုက်တွင် ချည်ထားတဲ့ကြိုးကို နတ်သားက ကြွက်ယောင်ဆောင်ပြီး ကိုက်ဖြတ်တယ်ဆိုတာ အမှန်ပဲလား ဘုရား။ မှန်ကန်ခဲ့ရင် ထိုနတ်သားဟာ ဘုန်းကံမနိမ့်ဘူးလား။ နတ်က လူရဲ့ အနံ့ကို မခံနိုင်လို့ (၁၂) ယူဇနာမှာ သွားနေတယ်ဆိုတာ အမှန်ပဲလား ဘုရား. . . သိပါရစေ။

ဖြေ။ ။ ပေါက်ပေါက်ရှာရှာ တွေးတတ်တယ်နော်။ သူက နတ်သား ဘုန်းနိမ့်မှာစိုးတာထင်တယ်။ သူ့ဟာသူ ဝင်သွားတာ နိမ့်မှာမကြောက်လို့ ဝင်သွားတာ နိမ့်စမ်းပါစေ။ အဲဒီလောက်ကြီး ဘုန်းကြီးကို မတွေးဖူးသေးဘူး။ ယောဂီက တွေးနေတယ်နော်။ အမှန်တော့ တန်ခိုးနဲ့ဖြတ်ချတာ နေမှာပါ။ တကယ် ကြွက်တော့ မဟုတ်လောက်ပါဘူး။ ဆိုကြပါစို့ သိကြားမင်းက ကြွက်ယောင်ဖန်ဆင်းတယ်ဆိုတော့ စာအရနေမှာပါ။ တကယ်တော့ ဒီလောက်တန်ခိုးကြီးတဲ့နတ်ပဲ လက်ညှိုးထိုးရုံနဲ့ ဒါဟာ ဖြေလို့ရပါတယ်။ တချို့စာများက အဋ္ဌကထာက နည်းနည်းချဲ့ထွင်ဖွင့်ဟန်တူပါတယ်။ သိချင်ရင်တော့ သိကြားမင်းသွားမေးပေါ့။ မေးချင်ရင် နတ်ပြည်

ရောက်ရင် ဆက်မေးပါ။ တစ်ခါတည်း သိကြားမင်းလွှဲလိုက်ပြီ။

မေး။ ။ ခန္ဓာငါးပါးကို ဒါရုပ်၊ ဒါနာမ်ပဲလို့ ခွဲခွဲခြားခြားမသိဘဲနဲ့ ဝိပဿနာ ရှုလို့ရတယ်လို့ ရှိပါသလား ဘုရား။ အထိုင်မှာ မကြည့်၊ မကျင့်ဘဲနဲ့ မြင်တာနဲ့သိဆိုတာ စကြံမလျှောက်ဘဲနဲ့၊ အမှတ်မပါဘဲနဲ့ မြင်တာနဲ့သိဆိုတာ ဟုတ်ပါသလား ဘုရား။

ဖြေ။ ။ မရပါဘူးနော်။ အမှန်ကတော့ သုဒ္ဓဝိပဿနာနည်းအရတော့ တရားအမြဲတမ်း ရှုလို့ရတယ်။ ရှုလို့မရတဲ့အချိန်ကို မရှိပါဘူး။ ရှုတတ်ရင် တရားချည်းပဲ။ ဗုဒ္ဓလက်ထက်က ဒကာမကြီးတစ်ယောက်ဆိုလို့ရှိရင် ရဟန်းတော်တွေကို ဆွမ်းကပ်ရင်းနဲ့အိမ်မှာ ဆံပင်၊ လက်သည်းခွံလေးတွေ ပွားများရုံနဲ့ အနာဂါမ်ထိ တည်သွားတာ။ ဘာမှထူးထူးခြားခြား အများကြီးလုပ်တာမဟုတ်ဘူး။ (၃၂)ကောဋ္ဌာသပွားရင်းနဲ့ကိုဉာဏ်စဉ်တွေတက်ပြီးတော့ အနာဂါမ်တည်သွားတာ။ ရနိုင်ပါတယ်။

မေး။ ။ ခန္ဓာ အာယတန ဓါတ်၊ ပညတ်ပရမတ်၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဉာတပရိညာဖြင့် အနတ္တသဘောဆိုက်အောင် နာကြား၍ ပစ္စုပ္ပန် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့အပေါ် ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အထည် မဟုတ် အချိန်နဲ့အတူ ဆိတ်သုဉ်း

ချုပ်ပျောက်နေခြင်း သဘောကို နှလုံးသွင်းပွားများနေခြင်း သည် ပြည့်စုံသော ဝိပဿနာဖြစ်ပါသလား။

ဖြေ။ ။ ဖြစ်ပါတယ်။ ခန္ဓာငါးပါး ဘယ်ဟာပဲပွားပွား ဝိပဿနာပါပဲ။ ဥပမာအားဖြင့် တရားအားထုတ်ရာတွင် မိမိ၏ခန္ဓာကို ဉာဏ်ဖြင့် ကြည့်လိုက်လျှင် ပူမှု၊ အေးမှု၊ မာမှု၊ တောင့်တင်းမှု၊ ထုံကျင်မှု၊ ကိုက်ခဲမှုအစရှိသော ဖေါက်ပြန်သော ပရမတ် တရားတို့သည် ခဏမစဲ၊ တသဲသဲ ဖေါက်ပြန်ပျက်စီးနေမှုနှင့် ယင်းဖေါက်ပြန်ပျက်စီးမှုအပေါ် သိနေသော နာမ်တရား တို့သည် အသစ်သစ်သောခန္ဓာတို့ အစားထိုးရင်း၊ ချုပ်ပျောက် ကုန်ဆုံးရင်းသာရှိနေသော ရုပ်နာမ်တို့သည် ငါမဟုတ်၊ အကြောင်း သင်္ခါရ ငါမဟုတ်၊ ခန္ဓာငါးပါး၊ အကောင်အထည် မဟုတ်၊ ဓမ္မသဘောသက်သက်သာ ဖြစ်တယ်။ အချိန်နှင့် အတူချုပ်ပျောက်နေသည်ဟု ရုပ်နာမ်ဓမ္မအပေါ် သိနေခြင်း၊ နှလုံးသွင်းခြင်း၊ ပွားများခြင်းကို ဆိုလိုပါတယ်။ အတူတူပါပဲ ဒါပဲ . . . ရပါတယ်။

မေး။ ။ သုဒ္ဓရဲ့အဓိပ္ပါယ်ကို သိချင်ပါတယ် ဘုရား။

ဖြေ။ ။ သမထ မဖက်၊ သက်သက်ဝိပဿနာရှုနည်းကို ဆိုလိုပါ တယ်။ အသံတစ်ခုကြားတယ်။ သွားရင်းလာရင်း အသံ ကြားတယ်ပေါ့။ အဲဒါကို ဝိပဿနာရှုမယ်ဆိုရင် ချက်ချင်း ရှုမှုရမှာပေါ့။ အသံက ကြားနေတော့မှ သမထလုပ်နေရင်

အသံက ပြီးသွားပြီလေ။ ထွက်လေ၊ ဝင်လေ မှတ်နေချိန်မှာ ဟိုကပြီးသွားပြီလေ။ အဲဒီအချိန်မှာ ချက်ချင်းရှုမှရမှာပေ့ါ။ ကြားသိစိတ် အနိစ္စဆိုပြီးတော့ပေ့ါ။ ကြားတဲ့ပေါ်မှာ မနှစ်သက်တဲ့ ဒေါသ၊ နှစ်သက်တဲ့ လောဘမပေါ်အောင် နေရမှာပေ့ါ။ အဲဒါ သုဒ္ဓဝိပဿနာပဲ။

## အာနန္ဒာနှင့် မာရ်နတ်

မေး။ ။ ဘုရားတပည့်တော်ဖတ်ဖူးသည်မှာ မြတ်စွာဘုရားသခင်သည် အာယုသင်္ခါလွှတ်တော်မူခါနီးတွင် အရှင်အာနန္ဒာအား မြတ်စွာဘုရားတို့မည်သည် ဆန္ဒတော်ရှိခဲ့ပါက အာယုကပ်ပတ်လုံး တည်နိုင်သည်ဟု မိန့်တော်မူရာတွင် အရှင်အာနန္ဒာက အာယုကပ်ပတ်လုံး တည်တော်မူပါရန် တောင်းပန်တော်မမူခဲ့ပါ။ အကြောင်းမှာ မာရ်နတ်က အရှင်အာနန္ဒာ၏ နှလုံးသားကို လက်ဖြင့် ဖျစ်ညှစ်၍ မေ့လျော့အောင်ပြုခဲ့သောကြောင့်ဟု ဖတ်ရပါတယ်။ ထိုအကြောင်းအရာမှာ အမှန်ပင်ဖြစ်ပါသလားဟု ဖြေကြားတော်မူပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်။

ဖြေ။ ။ ဟုတ်တယ်။ အဲဒီမာရ်နတ်က အဲဒီလို နှောင့်ယှက်နိုင်တယ်။ အာနန္ဒာလို သောတာပန်မပြောနဲ့၊ ဘုရားတောင် နှောင့်ယှက်သေးတာပဲ။ အခု ပွင့်ပြီးတဲ့ဘုရားရှင်တောင် ဒီမာရ်နတ်ကြီးကြောင့် ဆွမ်းတစ်နပ် လပ်ဖူးတယ်။ ဆွမ်းမဘုဉ်း

ရတော့ဘူး။ အဲဒီလောက်ကို အနှောင့်အယှက်ပေးတယ်။ တစ်ခါတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ယက္ကန်းသည် ရွာကို ဆွမ်းခံကြွတယ်။ အံ့ဩစရာပဲ။ ဘုရားကို တစ်အိမ်မှ ဆွမ်းမလောင်းဘူး။ ဒီအတိုင်း ပြန်ထွက်လာရတယ်။ အဲဒါ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဒီအတိုင်းလည်း ပြန်ထွက် လာရော မာရ်နတ်က ကိုယ်ထင်ပြပြီး အားရဝမ်းသာနဲ့ လက်ခုပ်တီးပြီးတော့ ဟယ်. . ဂေါတမ တွေ့ပြီမဟုတ်လား။ သင် ဒီနေ့ဆွမ်းမစားရအောင် ဒီရွာကလူတွေကို ငါလှည့်စား ထားတယ်။ အခုတော့ ဒီအချိန်အထိ သင်ဆွမ်းမစားရတော့ ဘူးဆိုပြီး ဝမ်းသာတာပေါ့။ ဘုရားကိုယ်တော်မြတ်ကြီးက ငါဟာဆွမ်းအတွက် ရဟန်းပြုခဲ့တာ မဟုတ်ဘူး။ ဘုရားအဖြစ် ကျင့်ခဲ့တာ မဟုတ်ဘူး။ ဆွမ်းတစ်နပ် မစားရလည်း ဘာမှ မဖြစ်ဘူးဆိုပြီး ကျောင်းတော်ကို ပြန်ကြွသွားတယ်။ အဲဒီမှာ အဋ္ဌကထာဆရာက စောဒက တက်တယ်။ သဗ္ဗညုတဉာဏ် ဆိုရင် အလုံးစုံသိရတယ်။ ဒီနေရာမှာကျတော့ ယက္ကန်းသည် ရွာကိုသွားရင် မာရ်နတ်က လှည့်စားထားလို့ ဆွမ်းလောင်း မှာမဟုတ်ဘူးလို့ ဘုရားရှင်က မသိဘူးလားတဲ့။ အဲဒီလို မေးခွန်းထုတ်ပါတယ်။ အဖြေကတော့ မသိဘူးတဲ့။ သဗ္ဗ ညုတဉာဏ်ဆိုတာ အလုံးစုံသိတယ်ဆိုပြီး ဘာလို့ မသိရ တာလဲတဲ့။ အဖြေကတော့ သဗ္ဗညုတဉာဏ်သိတယ်ဆိုတာ က တရားနဲ့ပတ်သက်တာကို အဓိကထားပြီးတော့သိတာ။

ဒီနေရာမှာ သဗ္ဗညုတဉာဏ်တော်ကိုလည်း အသုံးမချဘူး တဲ့။ မြတ်စွာဘုရားက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအတွက် အသုံးကို မချဘူး။ ဒါကြောင့်လည်း မသိတာပါ။ သဗ္ဗညုတ ဉာဏ်က မစွမ်းလို့ မသိတာမဟုတ်ဘူး။ အသုံးမချလို့ မသိ တာ။ မဝင်စားလို့ မသိတာ။ အခုလည်း ယောဂီတို့ ဒီမှာ တရားနာကြတယ်။ တစ်နေ့က သက္ကာယဒိဋ္ဌိဖြုတ်နည်းပြ ပေးတယ်။ ငါမရှိဘူး။ ခန္ဓာငါးပါးသာရှိတယ်လို့ မပြောပြ ဘူးလား။ ပြောပြပေးတယ်နော်။ တချို့လည်း ပါရမီအလိုက် ပေါ့နော်။ ပါရမီနုတဲ့ပုဂ္ဂိုလ်လည်း တဒင်္ဂပဟာန်၊ ခဏတော့ သက္ကာယဒိဋ္ဌိကွာမှာပေါ့။ ပါရမီအနည်းငယ် ရင့်တဲ့ပုဂ္ဂိုလ် များကျတော့ ဝိက္ခမ္ဘနပဟာန်ခပ်ကြာကြာကွာမှာပေါ့။ ပါရမီ အမြင့်ဆုံး ပုဂ္ဂိုလ်ကျတော့လည်း သမုစ္ဆေဒပဟာန်အမြစ်ပြတ် ကွာမှာပေါ့။ မဂ်ဖိုလ်တစ်ခါတည်း ရမှာပေါ့။ သို့သော် တချို့က ပြောတယ်။ ဒီတရားအာရုံပြုတဲ့အချိန်မှာတော့ ငါမရှိဘူး ဆိုတာ ရှင်းရှင်းလင်းလင်းသိတယ်။ အာရုံမပြုဘဲနဲ့ ထုံးစံ အတိုင်း စျေးရောင်းဝယ်၊ ထမင်းချက်နေတဲ့အချိန်တွေမှာ တော့ ငါရှိသလို ဖြစ်နေပြန်တယ်။ အဲဒါဘာကြောင့်လဲလို့ မေးပါတယ်။ အဲဒါ အာရုံမပြုလို့ပါ။ ဒီတရားကို အာရုံပြု မိလို့ ငါဆိုတာ မရှိတဲ့တရား၊ ရုပ်နာမ်ပဲရှိတယ်လို့ ရှင်းရှင်း လင်းလင်းသိရင် တရားရပြီးသားပဲ။ အာရုံမပြုတဲ့အချိန်မှာ တော့ မသိပါဘူး။ ဘုရားရှင်တောင်မှ သဗ္ဗညုတဉာဏ်ကို

အာရုံမပြုတဲ့အတွက်ကြောင့် ယက္ကန်းသည်ရှာမှာ ဆွမ်းမရဘူး။ ဒါကြောင့် အာရုံပြုတဲ့အချိန်မှာ ငါစွဲပြုတ်ရင် ကိစ္စပြီးတယ်လို့ မှတ်ပါ။

## ဗြဟ္မာကို ဗုဒ္ဓက ဆရာတင်ရန် မလိုပုံ

မေး။ ။ တပည့်တော်သိသည်မှာ အထက် သုဒ္ဓါဝါသဗြဟ္မာဘုံမှာ ကမ္ဘာပေါင်းသောင်းချီ၍ သက်တမ်းရှည်ပါတယ်။ ထိုကြောင့် ပင် ရှေးအခါက ဒီပင်္ကရာဘုရားရှင်လက်ထက်က တရားထူးရခဲ့သော ရဟန္တာအနာဂါမ်ဗြဟ္မာကြီးမှာ အခုထက်ထိ ရှိသေးသည်ဟု သိရပါတယ်။ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့တွင် ဘုရားတစ်ဆူ သာသနာမကုန်ဘဲ နောက်ဘုရားသာသနာမဖြစ်ဟု ဖတ်ရပါသည်။ သို့ဆိုပါလျှင် သာသနာကွယ်သည်ဆိုသည်မှာ လူ့ပြည်၊ နတ်ပြည်တို့တွင်သာကွယ်၍ ဗြဟ္မာဘုံတွင် မကွယ်ဟု မှတ်ယူရမည်လား။ ဗြဟ္မာဘုံတို့တွင်လည်း ဘုရားပွင့်ခါနီးတွင် လူတို့အား ဘုရား၏လက္ခဏာတော်များသိရန် လာရောက်၍ သင်ကြားပေးသည်ကို ထောက်ရှု၍ ပစ္စေကဗုဒ္ဓါမဟုတ်သော အနာဂါမ်ရဟန္တာများ၊ ရဟန္တာဗြဟ္မာကြီးများသည် ရှေးဘုရားတရားတော်များ သာသနာတော်ကို လူနတ်တို့အား သင်ပြပေးနိုင်သည်ဟု ထင်မြင်မိပါတယ်။ သို့ဖြစ်ပါလျက် ဘုရားအလောင်းတော်သည့် နောက်ဆုံး

ဘုရားဖြစ်မည့်ဘဝတွင် လောက(၃)ပါးတွင် မပျောက်ကွယ် သောတရားကို ကိုယ်တိုင်ရှာဖွေနေရသကဲ့သို့ ဖြစ်နေပါ တယ်။ ထို့ကြောင့် တရားနှင့်ပတ်သက်၍ ရှင်းလင်းဖြေဆို ပေးပါရန် လျှောက်ထားအပ်ပါသည်။

ဖြေ။ ။ သူကတော်တော်ကို တွေးထားတာပဲ။ ဘုရားရှင်ဆိုတာလည်း သိတဲ့အတိုင်းပဲ သမ္မာသမ္ဗုဒ္ဓပဲ။ ကိုယ်တိုင်ထိုးထွင်းသိရတာ လေ။ ပြီးတော့ သူတို့ကို ဆရာတင်စရာမလိုလို့ပေါ့။ ဆရာ တင်စရာလိုမယ်ဆိုရင်တော့ ပြဟ္မာတွေကို တင်မှာပေါ့။ တကယ်တော့ တင်စရာမှမလိုဘဲနဲ့ ဘုရားလောင်းဖြည့်ခဲ့ တဲ့ ပါရမီတွေက အဲဒီနတ်ပြဟ္မာတွေနဲ့ဘယ်လိုမှ ယှဉ်လို့ မရဘူးလေ။ ဒါကြောင့် ပြဟ္မာတွေကို ဆရာတင်စရာမလို တာ။

မေး။ ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်ရောက်သည် (သို့) မဂ်ကျ၊ ဖိုလ် ကျသည်ဆိုသည်မှာ ဘယ်လိုခံစားချက်မျိုး၊ ဘယ်လိုသဘော မျိုးပါလဲဘုရား။ ပုထုဇဉ်များအနေဖြင့် မဂ်ဖိုလ်ရလျှင် သော တာပန်တည်သည်ဟု သိရပါသည် ဘုရား။ သောတာပန် တည်ခြင်းကို မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် မည်ကဲ့သို့ဆင်ခြင် သိနိုင်သည်ကို ပြတ်သားစွာဝေဖန်နိုင်ပါမည်လဲ ဘုရား။ ဖြေကြားပေးပါ။

ဖြေ။ ။ မှတ်လိုက်ပါ။ မဂ်တို့၊ ဖိုလ်တို့၊ နိဗ္ဗာန်တို့ဆိုတာက အလုံး တွေ၊ အခဲတွေ၊ လင်းလင်းတွေ၊ ဝင်းဝင်းတွေ၊ သိမ့်ခနဲ၊

အေးခနဲ၊ ငြိမ့်ခနဲတွေ မဟုတ်ပါဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ရှင်းရှင်းပြောရင် ကိလေသာမရှိတော့တာ။ အဲဒါပဲ။ သောတာပတ္တိမဂ်၊ သောတာပန်ဖြစ်တယ်။ ပထမနိဗ္ဗာန်ရတယ်ဆိုတာကလည်း အမိကအားဖြင့် အယူမှားတဲ့ ဒိဋ္ဌိနဲ့ယုံမှားတဲ့ ဝိစိကိစ္ဆာကိလေသာတွေ မရှိတော့တာကို နိဗ္ဗာန်လို့ပြောတာ။ မဂ်လို့၊ ဖိုလ်လို့ ပြောတာပဲ။ အဲဒီမဂ်ဖိုလ်ရအောင်ကတော့ တရားနာဖို့၊ တရားရှုမှတ်ပွားများဖို့ မှတစ်ပါးတခြားမရှိပါဘူး။ သောတာပန် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်ပုံကို **'သညာသိနဲ့ပညာသိ'**စာအုပ်အဆုံးပိုင်းတွင် ကြည့်ပါ။

မေး။ ။ လူယောက်ျားနှစ်ယောက် ရှိပါတယ်။ ပထမယောက်ျားက မိန်းမတစ်ဦးကို ဆိတ်ကွယ်ရာမှာ လူတို့မမြင်သောနေရာ၌ ကာယကံ၊ မနောကံတို့ဖြင့် တစ်ကြိမ်တစ်ခါ ပြစ်မှားကျူးလွန်မိပါတယ်။ နောက်ယောက်ျားတစ်ယောက်က မိန်းကလေးတစ်ဦးကို မြင်တိုင်းမြင်တိုင်း တွေ့တိုင်းတွေ့တိုင်း မနောကံဖြင့် အချိန်ကြာမြင့်စွာ ပြစ်မှားမိပါတယ်။ မြတ်စွာဘုရားက အဘိဓမ္မာမှာ စိတ်ဟာ 'လျှပ်ပြက်'တစ်ကြိမ်အတွင်းမှာ အကြိမ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်တယ်လို့ ကြားနာရပါတယ် ဘုရား။ ဤအဆိုအရ ယောက်ျားကမိန်းကလေးပေါ် ပြစ်မှားမိတဲ့ မနောဒုစရိုက်က အချိန်ကြာမြင့်စွာဖြစ်တဲ့

အတွက် စိတ်ကလည်း တစ်စက္ကန့်အတွင်းမှာ ကုဋေတစ်သိန်း ဖြစ်တဲ့အတွက် ပိုပြီးအပြစ်ကြီးတယ်လို့ ဆိုနိုင်မလား။ ဤကိစ္စနှစ်ရပ်မှာ ဘယ်ဟာက ပို၍အပြစ်ကြီးပါသလဲဘုရား။

## ကာယကံနှင့် မနောကံ– အပြစ်ကွာခြားပုံ

ဖြေ။ ။ သီလနဲ့ဖြေလို့ရှိရင် သီလအနေနဲ့မေးရင် ကိုယ်နဲ့ကျူးလွန်လိုက်မှ အပြစ်ကြီးပါတယ်။ သို့သော် ကိုယ်နဲ့ကျူးလွန်တယ်ဆိုတာကလည်း မနောကံပါလို့ပဲ။ မနောကံမပါဘဲနဲ့ ကာယကံကျူးလွန်လို့ မရဘူး။ မနောကံစိတ်နဲ့ပဲ ကျူးလွန်ပြီး ကိုယ်က ပါမသွားလို့ရှိရင် မနောကံအပြစ်လောက်ပဲ ဖြစ်တယ်။ အဲဒီမနောကံအပြစ်က အပါယ်ကျလောက်အောင် အပြစ်မကြီးဘူး။ အကုသိုလ်တော့ ဖြစ်တယ်။ အပါယ်ကျလောက်သော အကုသိုလ်မဟုတ်ဘူး။ ကာယကံနဲ့ ကျူးလွန်မိမှ အပါယ်ကျတဲ့အကုသိုလ်ဖြစ်သွားတယ်။ ဆိုကြပါစို့. . တို့ဗုဒ္ဓလက်ထက်က အမျိုးသမီးတစ်ယောက်ကို ကျူးလွန်လို့ ချက်ချင်း မြေမျိုတဲ့ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ အဲဒါ ဥပ္ပလဝဏ်ထေရီမကို ကျူးလွန်တဲ့ နန္ဒလုလင်ပဲ။ သူက အရင်လူ့ဘဝတုန်းက တအားကြိုက်တယ်။ လိုချင်တယ်။ ဟိုက နောက်ဆုံးဘဝ၊ ရဟန္တာမဖြစ်မယ့်ဘဝဆိုတော့ ယောက်ျားမယူချင်ဘူး။

မယူဘူး. . ကြာညိုအဆင်းလို ညိုချောပေ့ါနော်။ တအား

လှတယ်တဲ့။ နောက်ဆုံးတရားကျင့်ပြီး ရဟန္တာမဖြစ်သွားတယ်။ နန္ဒလုလင်က အဲဒီဘိက္ခုနီမကို အမြဲတမ်းချောင်းနေတာပေါ့နော်။ ချောင်းနေတဲ့အချိန်မှာကော သူကစိတ်နဲ့ မပြစ်မှားဘူးလား။ ပြစ်မှားတာပေါ့။ မြင်နေတာကိုးနော်။ ဘယ်အချိန်မှာ ဒီဘိက္ခုနီမ ဘယ်ကိုသွားတယ်၊ ဘယ်အချိန် ဆွမ်းခံသွားတယ်၊ ဘယ်အချိန် ကျောင်းခန်းထဲမှာရှိတယ် ဆိုတာ လိုက်ကြည့်နေတာပဲ။ သူပြစ်မှားနေသော်လည်း ငရဲမကျသေးဘူး။ စိတ်နဲ့ပဲ ပြစ်မှားနေတာ။ သီလအရာမှာ မမြောက်သေးဘူး။ တစ်ရက်တော့ သူက သိသွားတယ်။ ဒီအချိန်ဆို ဘိက္ခုနီမက တစ်ယောက်တည်းနေတာ။ တစ်ရက်တော့ အဲဒီဘိက္ခုနီမက တောထဲကြွသွားတဲ့အချိန်မှာ ဘိက္ခုနီမရဲ့ အခန်းထဲက ခုတင်အောက်မှာ ဝင်ပုန်းနေတယ်။ အဲဒီ ရဟန္တာမ အခန်းထဲလည်းရောက်ရော သူကဝင်ပြီးတော့ ကျူးလွန်ပစ်လိုက်တယ်။ ရဟန္တာမက ဒီအထိအတွေ့တွေ ဘာမှမသာယာဘူး။ သို့သော် ကျူးလွန်တဲ့ နန္ဒကတော့ ကျူးလွန်လည်းပြီးရော မြေကြီးကွဲပြီး အဝီစိကျသွားတယ်။ ကိုယ်နဲ့ပါ ကျူးလွန်လို့ ကျသွားတာ။ ဒါကြောင့် သီလအရာမှာ ကိုယ်နဲ့ပါ ကျူးလွန်မှ ကံမြောက်တယ်။ ကာယကံနဲ့ အတူ အကုသိုလ်စေတနာပါမှ ကံမြောက်တာပေါ့။ အဘိဓမ္မာအရ ကတော့ စိတ်ထဲဖြစ်လည်း အကုသိုလ်တော့ဖြစ်တာပါပဲ။ တစ်ခုတော့ ရှိတာပေါ့။

သေခါနီးအထိ ဒါကြီးကိုတွေးနေရင် အပါယ်ကျမှာပေါ့။

မေး။ ။ အာရုံတစ်ခုနဲ့တိုက်တိုင်းမှာ ခန္ဓာငါးပါးသည် နှစ်ချက်ဖြစ်၊ နှစ်ချက်ပျက်တယ်လို့ တရားတစ်ပုဒ်မှာ ဆရာတော်ဟောကြားထားပါတယ်။ ထိုနှစ်ချက်တွင် ပထမခန္ဓာက အတိတ်ခန္ဓာ၊ ဒုတိယခန္ဓာက ဥပါဒါနက္ခန္ဓာလို့ ဟောကြားခဲ့ပါတယ်ဘုရား။ ထိုခန္ဓာနှစ်ချက် ကွာခြားချက်ကို ရှင်းလင်းပေးတော်မူပါ. . . ဘုရား။

## ဝိပဿနာ ရှုရမည့် ခန္ဓာ

ဖြေ။ ။ အမှန်ကတော့ ပုထုဇဉ်ဘဝကတော့ ဘယ်ခန္ဓာဖြစ်ဖြစ် ဥပါဒါန်အစွဲလေးကတော့ ပါအုံးမှာပါပဲ။ ရဟန္တာကျမှ ကင်းပါလိမ့်မယ်။ ပြောပြချင်တာက ပစ္စုပ္ပန်ဒွါရမှာလည်း ခန္ဓာငါးပါးဖြစ်တယ်။ မနောဒွါရမှာလည်း ခန္ဓာငါးပါးဖြစ်တာပဲ။ တချို့မနောဒွါရမှာဖြစ်တဲ့ ခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာလို့ ဆိုလိုဟန်လည်း တူပါတယ်။ အဲဒီတော့ တရားရှုရာမှာကတော့ မနောကံမှာဖြစ်တဲ့ ခန္ဓာငါးပါးကို အဓိကထားရှုရပါမယ်။ အမှန်ကတော့ ကိုယ်၊ နှုတ်၊ စိတ်ပေါ့နော်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ပေါ့။ အဲဒါ ငါးဒွါရမှာဖြစ်တဲ့ ခန္ဓာငါးပါးရှုရင်းနဲ့ မနောဒွါရမှာဖြစ်တဲ့ ခန္ဓာငါးပါးလည်း ရှုပြီးသားဖြစ်သွားပါတယ်။ သီးသန့်အနေနဲ့ ငါသည် မနောဒွါရမှာဖြစ်တဲ့ ခန္ဓာငါးပါးကို ရှုအုံးမယ်လို့ အာရုံစိုက်စရာမလိုတော့

ပါဘူး။ တစ်ဆက်တည်း သွားတာကိုး။ ဘုရားကတော့ ဥပမာ ပေးပါတယ်။ မျက်စိထဲ မြင်ကြည့်ပေါ့။ ပင့်ကူကြီးတစ်ကောင် ပေါ့။ ဒါက ဘုရားပေးတဲ့ ဥပမာနော်။ အဲဒီ ပင့်ကူကြီးက ပင့်ကူအိမ်လုပ်လိုက်တယ်ပေါ့။ ဘေးမှာ အကွက်(၅)ကွက် ပေါ့။ သူကတော့ အလယ်မှာနေတယ်။ ဘယ်အကွက်မှာပဲ မိမိပင့်ကူက မသိဘူးလား။ သိတယ်နော်။ သိရင် ပင့်ကူက သွားပြီးတော့ ယူစားလိုက်တယ်။ အဲဒီမှာ ဘေးက အကွက် ၅ကွက်က မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ငါးဒွါရမှာဖြစ်တဲ့ ခန္ဓာငါးပါးနဲ့တူတယ်။ အလယ်မှာနေတဲ့ ပင့်ကူကြီးက မနောဒွါရနဲ့တူတယ်တဲ့။ အဲဒီတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဘယ်ဒွါရမှာ ခန္ဓာငါးပါးဖြစ်ဖြစ် မနောဒွါရမှာလည်း ခန္ဓာငါးပါးဖြစ်ပြီးသားပဲ။ တစ်ပြိုင်နက်ပဲ။ ဒီလိုသိပါ။

မေး။ ။ စိတ်တစ်ချက်ဖြစ်တိုင်းမှာ စေ့ဆော်တိုက်တွန်းတတ်တဲ့ စေတနာစေတသိက်ဟာ အမြဲတမ်းလိုက်ပါနေတယ် မဟုတ်ပါလား ဘုရား။ အဲဒီလို တွဲလျက်လိုက်ပါနေတဲ့ စေတနာကို စေတနာသည် လူတိုင်းနှင့်မတန်ဆိုသည့် စကားလုံးသည် ဖြစ်နိုင်ပါသလား။

ဖြေ။ ။ မဖြစ်နိုင်ဘူးပေါ့။ ဘာလုပ်လုပ် စေတနာကပါပြီးသားပါ။ စေတနာထက်သန်ရင် အကျိုးပေးထက်သန်ပြီး၊ စေတနာမထက်သန်ရင် အကျိုးပေးမထက်သန်ဘူးလို့ မှတ်ပါ။

မေး။ ။ ဒါနပြုရုံနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာကို စောဒက တက်သူတွေ များပါတယ် ဘုရား။ သို့ပါ၍ ဉာဏ်နဲ့တွဲသည့် ဒါနတစ်ခုပြုလိုက်တာနဲ့ သစ္စာလေးပါး၊ ဗိုလ်ငါးပါး၊ မဂ္ဂင်ရှစ်ပါး တစ်ပါတည်းပါဝင်ပြီး နိဗ္ဗာန်ရောက်နိုင်ပုံကို ဝေနေယျတို့အတွက် ကရုဏာရှေ့ထားမိန့်ကြားပေးပါ ဘုရား။

## ဒါနက ကုသိုလ်အထောက်အပံ့ဖြစ်ပုံ

ဖြေ။ ။ အေးပေါ့။ နိဗ္ဗာန်ကို ဒီဒါနက တိုက်ရိုက်ကြီးတော့ မပို့ဘူးပေါ့။ နိဗ္ဗာန်ရောက်ဖို့ အထောက်အပံ့ဖြစ်စေတာပါ။ နိဗ္ဗာန်ကို တိုက်ရိုက်ပို့တာကတော့ မဂ္ဂင်ရှစ်ပါးပဲ။ ဝိပဿနာတရားပေါ့။ အဲဒီဒါနက ဝိပဿနာတရားပွားဖြစ်အောင်ကို သူကနှိုးဆော်ပေးတာ။ အကယ်၍ ဒါနပြုခဲ့စဉ်အခါကတည်းက လူ့ချမ်းသာ၊ နတ်ချမ်းသာခံစားဖို့လောက်ဆိုရင်တော့ အဲဒီဒါနက လူချမ်းသာ၊ နတ်ချမ်းသာမှာတင် ဆုံးသွားတယ်။ နိဗ္ဗာန်ရောက်ဖို့ သတိကိုမရဘူး။ ဗုဒ္ဓလက်ထက်က ပဏ္ဍဒါယကတိဿ သာမဏေက အရင်ဘဝတစ်ခုက မဟာသေနပုဏ္ဏားကြီးဖြစ်တယ်။ အရှင်သာရိပုတ္တရာကို ကလေးဘဝကတည်းက ရင်းနှီးခင်မင်တယ်။ နောက်သူက အဘိုးကြီးအရွယ်ရောက်တော့ ဆင်းရဲသွားတယ်။ သူဆင်းရဲတဲ့ အချိန်မှာ ရှင်သာရိပုတ္တရာက ဒီအဘိုးကြီးကို ငါချီးမြှောက်ထောက်ပံ့

မယ်ဆိုပြီးတော့ ဆွမ်းသွားရပ်တယ်။ အတွေးအခေါ်လေး တစ်ခုက ယောဂီတွေသိထားတာက လူတစ်ယောက်ကို ချီးမြှောက်ထောက်ပံ့တယ်ဆိုရင် ကိုယ့်မှာရှိတာကို သွားပေးတာကိုး။ အခုဟာက သွားပြီးတော့ အလှူခံတာပါ။ အမှန်ကတော့ အလှူခံသွားတယ်ဆိုတာက ချီးမြှောက်တာပါပဲ။ အလှူခံမှလှူတဲ့သူက ကောင်းကျိုးရမှာ၊ ဟုတ်တယ်မလား။ ရှင်သာရိပုတ္တရာက သူ့ရှိတာကို သွားပေးရင် ဒီအဘိုးကြီး မရဘူး။ ခဏသုံးရတာပဲ ရှိမှာပေါ့။ သံသရာကောင်းကျိုး ကျတော့ အဘိုးကြီးမရဘူး။ လှူသူနဲ့ယူသူမှာ သံသရာကောင်းကျိုးကျတော့ လှူသူက ရတာ၊ ယူသူက မရဘူး။ ယူသူက အခုဘဝတစ်ဘဝတာပဲရတာ။ ဒါကြောင့် သွားပြီး အလှူခံတော့ ပထမ တစ်ရက်၊ နှစ်ရက်မှာ လှူစရာမရှိလို့ အိမ်ထဲမှာ ဝင်ပုန်းနေတယ်။ သဒ္ဓါတရား ရှိတယ်။ ဥစ္စာ မရှိဘူး။ တတိယ တစ်ရက်ကျမှ သူ့အတွက် ပိတ်စတစ်စနဲ့ နို့ထမင်းတစ်ပန်းကန် ရထားတယ်။ သူစားဖို့ပေါ့။ ဗေဒင်ရွတ်ဆိုပူဇော်ပွဲက ရထားတာ။ အဲဒါကို မစားဘဲ၊ မဝတ်ဘဲနဲ့ မထေရ်မြတ်ကို လှူလိုက်တယ်။ လှူပြီးတော့ သူ့ရဲ့ဆုတောင်းကို ကြည့်လိုက်ပါ။ နိဗ္ဗာန်ရမယ့် အလှူဒါနမျိုးက ဘယ်လိုလဲ ဆိုတာကိုပေါ့။ ဒီကုသိုလ်ကြောင့် အရှင်ဘုရားသိတဲ့ မဂ်ဖိုလ်တရားထူးကို တပည့်တော်သိရပါလို၏ ဘုရားတဲ့။ အဲဒီလို ဆုတောင်းလိုက်တာ။ ဒါကြောင့် သူ့ရဲ့ဒါနဟာ လောဘ

သုံးမျိုးလုံးကို သတ်ပြီးသားဖြစ်နေတယ်။ လှူဖွယ်ဝတ္ထုမှာ တပ်မက်တဲ့ လောဘကိုသတ်တယ်။ နာမည်ကြီးချင်တဲ့ လောဘကိုသတ်တယ်။ နောက်ဘဝချမ်းသာချင်တဲ့ လောဘကို သတ်တယ်။ အဲဒါကြောင့် အဲဒီဘဝကသေတော့ ရှင်သာရိပုတ္တရာကို ကိုးကွယ်ဆည်းကပ်သော သူဌေးဒကာမတစ်ဦးရဲ့ ဝမ်းမှာ သန္ဓေတည်တယ်။ သန္ဓေတည်တည်ခြင်း သူက ဘာချင်ခြင်း တပ်သလဲဆိုတော့ အရှင်သာရိပုတ္တရာ အမှူးပြုတဲ့ ရဟန္တာ၅၀၀ကို ရေမရောတဲ့ နို့ဆွမ်းပေါ့။ နို့ထမင်း ကပ်ပြီး တော့ အဲဒီရဟန်းသံဃာတွေပိုတဲ့ ဆွမ်းကျန်ကွမ်းကျန်ကိုစားချင်တယ်လို့ ချင်ခြင်းတပ်ပါတယ်။ အဲဒီအတိုင်း လုပ်ပေးရတယ်။ ရဟန်းတွေရဲ့ ဆွမ်းကျန်ကိုမှ စားတာပါ။ အဲဒါကို ထောက်သောအားဖြင့် ဘုရားဆွမ်းတော်တင်လို့ စွန့်တဲ့ဟာတွေ စားကောင်းတယ်။ တချို့က မစားကောင်းဘူးလို့ရေးထားတာတွေ့လို့ပါ။ ဘာလို့ မစားကောင်းရမှာလဲ။ သူတော်ကောင်းတွေရဲ့ အကျန်ကိုစားတာက သူတော်ကောင်းဖြစ်မယ့်လူမှ စားချင်တာ။

အဲဒီကျမှ ချင်ခြင်း ပျောက်တယ်ပေါ့လေ။

မွေးလာတော့ တိဿလို့နာမည်ပေးတယ်။ ရှင်သာရိပုတ္တရာရဲ့ လူနာမည်က ဥပတိဿမို့လို့ တိဿအမည်ပေးတာပါ။ သူ့ကင်ပွန်းတပ်ပွဲမှာပေါ့။ ကလေးက သေးသေးလေးပဲ ရှိသေးတယ်။ ဘယ်စကားပြောတတ်ဦးမလဲ။

မထေရ်မြတ်မြင်တော့ ဇာတိဿရဉာဏ်ရတယ်။ နောက် ဘဝကို ပြန်မှတ်မိသွားတာပေါ့။ ဒီမထေရ်ကြီးက ငါ့ရဲ့ ကျေးဇူးရှင်၊ ဒီမထေရ်ကြီးက ငါ့ဆီက နို့ထမင်း တစ်ပန်းကန်နဲ့ သင်္ကန်းတစ်စုံကို အလှူခံခဲ့လို့ ငါလှူခဲ့လို့ ဒီဘဝမှာ သူဌေး သားဖြစ်တာ၊ ကျေးဇူးကြီးလိုက်တာ။ လှူချင်တယ်ဆိုပြီး လျှောက်ကြည့်တော့ သူ့ကို ခင်းသိပ်ထားသော တစ်သိန်း တန် ကမ္ဗလာအခင်းကြီးကို လှူချင်တယ်ဆိုပြီးဖြစ်တယ်။ ကလေးဆိုတော့ စကားက မပြောတတ်သေးဘူး။ ဒီကလေး ကို မထေရ်မြတ်ကိုပြမယ်ဆိုပြီး မ,လိုက်တော့ ကလေးက တစ်သိန်းတန် ကမ္ဗလာအခင်းကို လက်နဲ့ညှပ်ယူလာတော့ အခင်းက သူ့လက်ကလေးမှာ ကပ်ပြီးပါလာတယ်။ လူကြီး တွေကမသိတော့ မတော်တဆညှပ်ပါလာတယ်မှတ်လို့ ဆွဲ ယူလိုက်တော့ တအားငိုပစ်လိုက်တယ်။ စကားမပြောတတ် သေးတော့ ငိုပြီးတော့ ပြောရတာပေါ့။ အဲဒီကျမှ လူကြီး တွေက ရိပ်မိတယ်။ သူ့ခင်းသိပ်တဲ့ ကမ္ဗလာအခင်းကို မထေရ်မြတ်ကိုလှူချင်တယ် ထင်တယ်။ သူ့လက်ထဲ ပြန် ထည့်ပေးလိုက်ဆိုမှ အငိုတိတ်သွားတယ်။ အဲဒီမှာ မထေရ် မြတ်ကို လှူလိုက်တယ်ပေါ့။ အဲဒီလိုနဲ့ ၇နှစ်သားအရွယ် ရောက်တော့ ကိုရင်ဝတ်တာပဲ။ ကိုရင်ဝတ်တော့ ဒီခေတ် ဒုလ္လဘတွေလို သာသနာကို ကစားစရာလုပ်တာ မဟုတ် ဘူး။ အပြီးဝတ်တာပဲ။ ဒီမှာဝတ်တာက ၇ ရက်ဆိုတော့

သာသနာကို လာကစားနေသလိုပဲနော်။ မကောင်းဘက်က ပြောရင်တော့ မကောင်းဘူးပေ့ါ။ သာသနာကို အပျော် သဘောထားတာ။ ၇ရက်ရှိရင် ထွက်မှာတဲ့။ စာချုပ်ကြီးနဲ့ လိုပဲ။ ဘုရားလက်ထက်က အဲဒီလိုမရှိဘူး။ အပြီးပဲ ဝတ်ကြ တယ်။ သာသနာကို လာမကစားဘူး။ လာမဆော့ဘူးပေ့ါ။ ဒီမှာတော့ သကြၤန်တွင်းကို ဆော့လိုက်ကြတာနော်။ ကြည့် နော်။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ ဒါနမရှိခဲ့တဲ့ ပုဂ္ဂိုလ်ကဖြစ်ရာ ဘဝမှာ ဆင်းရဲတယ်။ လူဆိုရင် ဘာစီးပွားရှာရှာမဖြစ်ထွန်း ဘူး။ ဆင်းရဲတယ်။ ရဟန်းဆိုရင်လည်း မြို့ပေါ်တက်နေ လည်း လှူမယ့်သူမရှိဘူး။ ဒါနရှိတဲ့ ပုဂ္ဂိုလ်ကျပြန်တော့ တောထဲနေလည်း ဘုန်းကြီးတာပဲ။ သာမညဆရာတော်လို ပေ့ါ။ တကယ့် တောထဲမှာပဲနေတာလေ။ လှူမယ့်သူတွေ အများကြီးပဲ။ ဒါနရှိခဲ့လို့ပေ့ါ။ လူဆိုလည်း ဘယ်မှာနေနေ ချမ်းသာတာပဲ။ ဒါနအားပေ့ါ။ စောစောက ဇာတိဿရဉာဏ် ပြောပြမလို့။ ဒီဘုန်းကြီးလည်း နောက်ဘဝကို မှတ်မိတာပဲ။ အပါယ်ဘုံက လာခဲ့တာပဲလေ။ ဇာတိဿရဉာဏ်ကြောင့် မှတ်မိတာပေ့ါ။ မန္တလေးနဲ့ ရန်ကုန်မှာ သာသနာ့တက္ကသိုလ် ကြီးတွေလုပ်ခဲ့တဲ့ အထူးကုဆရာဝန် ဦးသာလှလည်း မှတ် မိတယ်။ သူဆိုရင် အရင်ဘဝက သာယာဝတီမြို့မှာ အပျို ကြီးဖြစ်ခဲ့တာတဲ့။ အဲဒီဘဝမှာ စာပေကျမ်းဂန်တွေကို စာ သင်တိုက်တွေ လှူတယ်။ လှူပြီးတဲ့အခါမှာဒီကုသိုလ်ကြောင့်

နောင်ဘဝမှာ သာသနာပြုနိုင်တဲ့ ပညာတတ်အမျိုးသား ယောက်ျားဖြစ်ရပါလို၏လို့ ဆုတောင်းလို့ ဒီဘဝမှာ ပညာတတ်အမျိုးသား ယောက်ျားဖြစ်တာ။ စာရေးဆရာကြီးမွှာ စရိယ ဦးအေးနိုင်ဆို အရင်ဘဝက ကရင်ကြီးပဲ။ အဲဒီဘဝက သေတော့ အခုစာတတ်ပေတတ် စာရေးဆရာလာဖြစ်တာ။ ဇာတိသုရညာဏ်ပေါ့။ အဲဒီတော့ ဒါနအားကြောင့် ဒီကိုရင်လေးဟာ ဆွမ်းခံစထွက်ကတည်းက ဆွမ်းအုပ် ၅၀၀ရတယ်။ ဒါကြောင့် ဘွဲ့တစ်ခုထပ်တိုးတယ်။ တိဿအပြင် ပိဏ္ဍဒါယကတိဿပေါ့၊ ဆွမ်းအုပ် ၅၀၀ သံဃာတွေ လှူနိုင်လို့။ နောက်ဆောင်းတွင်းကျတော့ ရဟန်းသံဃာတွေက ချမ်းလို့ မီးလှုံကြတယ်။ ကိုရင်လေးကတော့ တစ်သိန်းတန်ကမ္ဗလာခြုံထားလို့ နွေးနေတာပေါ့။ ဒါနဲ့ ၇နှစ်သားကိုရင်လေးက မေးတယ်။ အရှင်ဘုရားတို့ ဘာလို့မီးလှုံကြလဲဆိုတော့ ချမ်းလို့ပါလို့ ဖြေကြတယ်။ ချမ်းရင် တပည့်တော်လို ကမ္ဗလာခြုံထည်ကြီးခြုံပါလားဆိုတော့ အဲဒါက ဘုန်းကံရှိတဲ့သူမှရတာ။ တို့က ဘုန်းမရှိဘူးလို့ ပြောကြတယ်။ အဲဒီတော့ မှတ်ထားကြ။ ဘုန်းကံ ဆိုတာ ကုသိုလ်ကို ပြောတာပါပဲ။ အဲဒါကိုမသိတော့ မိန်းမက ခေါင်းပေါ်ဖြတ်သွားရင်ပဲ ဘုန်းတွေကုန်ပြန်ရော၊ ဘုန်းတွေ နိမ့်ပြန်ရောတဲ့။ နဂိုက ရှိမှမရှိတာ နိမ့်တော့မှာပေါ့။ အဲဒါက အဓိပ္ပါယ် ဘာမှမရှိဘူး။ ဘုန်းကံက ကုသိုလ်ကိုပြောတာ။ နိမ့်လည်းမနိမ့်ဘူး။ မြင့်

လည်းမမြင့်ဘူး။ ကုသိုလ်ကြီးရင် ဘုန်းကြီးတာပဲ။ ကုသိုလ်နည်းရင် ဘုန်းနည်းတာပဲ။ ကုသိုလ်မရှိရင် ဘုန်းမရှိဘူးပဲ။ ယောကျ်ားကော၊ မိန်းမကော ကုသိုလ်လုပ်ရင် ဘုန်းရှိတာပဲ။ အဲဒီတော့ ကိုရင်လေးက ဘုန်းကံရှိတော့ အရှင်ဘုရားတို့ တစ်သိန်းတန်ကမ္ဗလာအခင်းလိုချင်ရင် သက်န်းရုံ တပည့်တော် နောက်က လိုက်ခဲ့ကြလို့ပြောလိုက်တယ်။ ရဟန်းအပါး တစ်ထောင် ကိုရင်လေးနောက်က လိုက်လာကြတယ်။ သာဝတ္ထိပြည်ရဲ့ မြို့စွန်မြို့ဖျားရှိသေးတယ်။ တစ်သိန်းတန် ကမ္ဗလာ ၅၀၀တောင် ရတယ်။ အပါး ၅၀၀ပြန်ကြွလာကြ တယ်။ အဲဒီအချိန်မှာ ကြားထဲက မနာလိုတဲ့ လူတစ်ယောက်က ကမ္ဗလာခြုံထည်ရောင်းတဲ့ဆိုင်ကိုသွားပြီးတော့ပြောသေး တယ်။ ကိုရင်လေးတစ်ပါးက ကမ္ဗလာခြုံထည်တွေ မတရား လိုက်ယူနေတယ်။ သင့်ခြုံထည်တွေ သိမ်းထား၊ ဝှက်ထား လို့ ပြောတယ်။ ဘာလို့ဝှက်ရမှာတုံး။ အဲဒီကိုရင်လေးက မပေးဘဲနဲ့ လိုက်ယူနေတာလားဆိုတော့ မဟုတ်ဘူး။ ပေးမှ ယူတာတဲ့။ လှူမှယူတာ ဘာလို့ ဝှက်ရမှာတုံး။ ကိုယ်လှူ ချင်လှူမယ်၊ မလှူချင် မလှူဘူးပေါ့။ ဒါပေမဲ့ အဲဒီဆိုင်ရှင်က သဒ္ဓါတရားအရှိကြီးတော့ မဟုတ်ဘူး။ ကိုရင်လေးဆိုင်ရှေ့ ရောက်တာနဲ့ မလှူဘဲမနေနိုင်တော့ဘူး။ သားဆိုတဲ့ချစ်ခြင်း နဲ့ကြည့်ပြီးတော့ ကိုရင်လေးရပ်ပါဘုရားဆိုပြီး ကျန်တဲ့အပါး ၅၀၀အတွက် ကမ္ဗလာခြုံထည်တွေကို တစ်ဦးတည်း အကုန်

လုံး လှူလိုက်တယ်။ ဘုန်းကြီးတာ ပြောပြတာပါ။ ဒါကြောင့် ကမ္ဗလဒါယကတိဿဆိုတဲ့ ဘွဲ့တစ်ခု ထပ်တိုးတယ်။ သို့သော် သူက ဘုန်းကံထဲမှာ နစ်မြောမနေဘူး။ ဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းပြီး သာဝတ္ထိပြည်နဲ့ တော်တော် အလှမ်းဝေးတဲ့ ရွာကြီးတစ်ရွာမှာရှိတဲ့ ချောက်ကြီးထဲဆင်းပြီး တရားအားထုတ်တာ တစ်ဝါတွင်းနဲ့ ရဟန္တာဖြစ်သွားပါတယ်။ အဲဒါ သူပြုခဲ့တဲ့ နို့ထမင်းတစ်ပန်းကန်နဲ့ ပိတ်စတစ်စက ရဟန္တာဖြစ်အောင် ပံ့ပိုးတာပါ။ ဟုတ်တယ်မလား။ ဒါမျိုးကို ပြောတာပါ။ တိုက်ရိုက်တော့ မဟုတ်ပါဘူး။

မေး။ ။ ရဟန္တာအရှင်သူမြတ်များသည် သန်းဝါးမှုရှိပါသလား ဘုရား။

ဖြေ။ ။ သန်းတယ်ဝါးတယ်ဆိုတာ အိပ်ချင်တာကို ပြောတာပေါ့။ ရှိတာပေါ့။ အိပ်ချင်ရင် အိပ်တယ်လေ။ ဘုရားလည်း ကျိန်းစက်တာပဲ။ ရဟန္တာလည်း ကျိန်းစက်ပါတယ်။ သို့သော် ဇိမ်ခံဖို့ ကျိန်းစက်တာ မဟုတ်ဘူး။ တစ်နေကုန် တစ်နေခန်း သာသနာပြုလုပ်ငန်းပြုလုပ်ထားတဲ့ ခန္ဓာကိုယ်ကြီးကို အနားပေးဖို့ ကျိန်းစက်ပါတယ်။ အနားပေးသောအားဖြင့် လိုအပ်ရင် ကျိန်းစက်ရပါတယ်။ အဲဒီအကြောင်းကို ဆရာတော်ရေးတဲ့ ဂမ္ဘီရဝိပဿနာမှာလည်း ပါပါတယ်။ အဲဒီမှာ သေချာဖတ်ပေါ့။

## ညောင်းလို့ပြင်ရင် တရားရပါ့မလား

မေး။ ။ ညောင်းလို့ပြင်၊ ဆာလို့စား၊ ယားလို့ ကုတ်နေရင် တရား ရပါ့မလား။ သမာဓိတည်ပါ့ မလားလို့ ဆရာတော်တစ်ပါး က တရားနာပရိသတ်ကို အသံပြင်းပြင်းနဲ့ မေးပါတယ် ဘုရား။ အဲဒီလိုသာ လုပ်နေရင် ဘာတရားမှမရဘူးဆိုတာ မှန်ပါသလား ဘုရား။ ညောင်းလို့ ပြင်တိုင်း၊ ဆာလို့ စား တိုင်း၊ ယားလို့ ကုတ်တိုင်း အကုသိုလ်စိတ်မဖြစ်ဘဲ ကုသိုလ် စိတ်ဖြစ်အောင် ပြင်တဲ့နည်းကို ဝေနေယျတို့အတွက် မိန့် ကြားပေးပါ။

ဖြေ။ ။ အမှန်ကတော့ သမာဓိ အဓိက ထားတဲ့ နည်းကျတော့ လည်း ဟုတ်ပါတယ်။ များသောအားဖြင့် သမာဓိအရင်လုပ် ပြီးမှ ပွားများခိုင်းတဲ့နည်းတွေက များတာကိုး။ အဲဒါ သမထ ယာနိကာနည်းလို့ခေါ်တယ်။ သူတို့နည်းကျတော့ မလှုပ်ရ ဘူး။ အဲဒီအတိုင်း လုပ်မှရကြတာ။ သမထကို အဓိကထား ပြီးမှ ဝိပဿနာကူးမှာလေ။ ဝိပဿနာမကူးခင် သေရင် တော့ ဗြဟ္မာတော့ဖြစ်မှာပေါ့လေ။ ဒါပဲရှိတယ်။ အဲဒီတော့ ဒီနည်းကတော့ ရတယ်။ ဥပမာပေးရရင် ဝမ်းမီးကောင်းတဲ့ ပုဂ္ဂိုလ်အတွက် ဘယ်အစာကိုစားစား အစာမကြေဘူးလား။ ကြေတယ်နော်။ အဲဒီအတိုင်းပါပဲ။ ဝိပဿနာတရားအသိ ရှိတဲ့ ပုဂ္ဂိုလ်အတွက် ဘယ်အာရုံကိုတွေ့တွေ့၊ မဂ်ဖိုလ်ရဖို့ ချည်းပဲ။ ယားလို့ကုတ်လည်း သူ့အသိပညာနဲ့ ကုတ်မှာပဲ။

သူများလို ဗရုတ်သုကွဲအကုသိုလ်နဲ့ ကုတ်နေမှာမဟုတ်ဘူး။ ယားတဲ့စိတ်လေးပေါ်တာကို သိမယ်။ ကုတ်ချင်တဲ့စိတ်လေး ပေါ်တာကို သိမယ်။ ကုတ်နေတာကို သိမယ်။ အဲဒီအချိန်မှာ ကာယာနုပဿနာရယ်၊ စိတ္တာနုပဿနာရယ်ပါသွားတယ်။ ယားတဲ့စိတ်ကို သိနေတာက စိတ္တာနုပဿနာ သတိပဋ္ဌာန်ပေါ့။ ကုတ်ဆဲကိုသိနေတာက ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ့။ တရားပါမနေဘူးလား။ ပါနေတာပေါ့။ ဆာလို့စားတယ်။ တစ်နေ့မှာတစ်ထပ်မှ မစားရင်တော့ သေမှာပေါ့။ မစားလို့မှ မရတာ။ သူက ညစာစားတာကို ပြောတာဖြစ်ပါလိမ့်မယ်။ ဖြစ်နိုင်ရင်တော့ ညစာမစားကြနဲ့ပေါ့။ မနက်က နှစ်ယောက်က လာပြောတယ်။ အခုမှတရားစခန်းဝင်ဖူးတာနေမှာ။ ခန္ဓာကိုယ်က ဘုန်းကြီးတို့ထက် နှစ်ဆလောက်ရှိတယ်။ အသက်ကတော့ ၁၄၊ ၁၅လောက်တော့ရှိမယ်။ တော်တော် ထွားတယ်။ တရားစခန်းမပြီးခင် ထွက်တော့မယ်တဲ့။ ဗိုက်ဆာလို့တဲ့။ ဘုန်းကြီးက အားပေးရတယ်။ အခု (၆)ရက်တောင် ရောက်နေပြီ။ ပြီးတော့မှာပါ။ မင်းဘဝတစ်သက်တာမှာ တရားစခန်းပြီးအောင် အားထုတ်ဖူးတဲ့ ဂုဏ်လေးရအောင် ယူစမ်းပါလို့။ ပြီးတော့ ညစာမစားတာ အသက်ရှည်တယ်ဆိုတော့ သဘောကျသွားပါတယ်။ ညစာမစားသူက စားတဲ့ပုဂ္ဂိုလ်ထက် အသက်ပိုရှည်တယ်။ တို့ရဟန်းနဲ့ လူနဲ့တွက်ကြည့်ပါလား။ ရဟန်းတွေက ညစာ

မစားလို့ အသက်ပို့ရှည်ကြတယ်။ ဘုရားရှင်လည်း မလိုအပ်လို့ မစားခိုင်းတာ။ အမှန်က ညစာစားလည်း၊ အပြစ်တော့ မရှိဘူး။ ဘယ်သူ့မှ ဒုက္ခပေးတာ မဟုတ်ဘူး။ အရင်တုန်းက ဘုရားနဲ့ ရဟန္တာတွေ မပညတ်ခင်က ညစာစားခဲ့တယ်။ ညကြီးဆိုတော့ ဒုက္ခများတာပေ့ါ။ ဆွမ်းခံ နှစ်ခါထွက်ရတယ်။ ပရိသတ်တွေ ဗဟုသုတလိုချင်ရင် စာအုပ်ညွှန်းလိုက်မယ်။ ရဟန်းတွေ စောင့်ရတဲ့သိက္ခာပုဒ် ၂၂၇ပုဒ် အဓိပ္ပါယ်တွေပေ့ါ။ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ ရဟန်းတွေကိုလည်း ပိုကြည်ညိုတတ်တာပေ့ါ။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရေးတဲ့ 'ဘုရားဥပဒေတော်ကြီး'တဲ့။ အဲဒါဝယ်ဖတ်ရင် ရဟန်းသံဃာတွေရဲ့ သိက္ခာပုဒ်တွေကို သိရတယ်။

တစ်ခါတော့ ရဟန်းတစ်ပါးက ညဘက်ကြီးမှာ ဆွမ်းခံထွက်သွားတယ်။ မိုးကလည်း မှောင်လို့ပေ့ါ။ ဘုရား လက်ထက်က ဖြစ်ရပ်လေးပါပဲ။ အဲဒီနေ့က သူက ကတုံးကလည်း ပြောင်အောင်ရိတ်ထားတယ်။ အိမ်ရှေ့မှာ ဆွမ်းရပ်တော့ ဒကာဒကာမက မှောင်နေလို့ ဘုန်းကြီးကိုမမြင်ဘူး။ ကိစ္စတစ်ခုနဲ့ အပြင်ထွက်ခါနီးမှာ လျှပ်စီးလက်ပြီး လင်းခနဲဖြစ်သွားတော့ ဘုန်းကြီးကတုံးက ပြောင်ခနဲဖြစ်သွားတယ်။ ဒကာမက အောင်မလေးတော့. . . သရဲဆိုပြီး ပြန်ပြေးဝင်သွားတယ်။ နောက်မှ သေချာထွက်ကြည့်တော့ ဘုန်းကြီးဖြစ်နေတာကိုး။

ဒကာမက စိတ်ဆိုးပြီးတော့ ကျိန်ဆဲတာပေါ့။ အဲဒီလို ကျိန်ဆဲတော့ အဲဒီဒုက္ခတွေကို ဘုရားရှင်ကမြင်ပြီး ညစာမစားနဲ့တော့လို့ ပညတ်လိုက်တယ်။ ညစာမစားခြင်းအားဖြင့်-

(၁) အသက်ရှည်တယ်။

(၂) ကျန်းမာရေးကောင်းတယ်။

(၃) ပုထုဇဉ်ဆိုရင် ကိလေသာ၊ ကာမရာဂနည်းပါတယ်။

(၄) အညောင်းအညာလည်း ပြေတယ်။

(၅) ကုသိုလ်ပြုချိန် ပိုရတယ်။

အဲဒီလိုကောင်းကျိုးတွေမြင်တဲ့အတွက်ကြောင့်မို့ ညစာမစားရဘူးလို့ ပညတ်ထားပါတယ်။ ဗဟုသုတအဖြစ် အဲဒီလို မှတ်ပါနော်။

ညောင်းလို့ပြင်တာလည်း အဲဒီအတိုင်းပဲနော်။ ညောင်းတဲ့အခါ ညောင်းတဲ့စိတ်လေးကိုသိရင် စိတ္တာနုပဿနာပဲ။ ပြင်တယ်. . . ပြင်တယ် မှတ်ရင်းနဲ့ပြင်ပေါ့။ အဲဒါတွေက တရားနဲ့သွားနေတာပဲလေ။ မျှတမှ တရားရတယ်။ ရှင်အာနန္ဒာမထေရ်မြတ်ဆိုရင် စင်္ကြံလျှောက်ပွားများရင်းကနေ ညောင်းတယ်တဲ့။ ညောင်းတော့ လျောင်းမယ်။ ညောင်းရင် လျောင်းရမှာပေါ့။ စင်္ကြံလျှောက်တာ ကြာပြီလေ။ ထိုင်တာကြာရင်လည်း ညောင်းတာပဲ။ ညောင်းရင် ပြင်မှာပေါ့။ သို့သော် သတိအမှတ်နဲ့ လျောင်းပါ။ သူက မနက်ဖြန်မနက်သင်္ဂါယနာတင်တဲ့အခါမှာ ရဟန္တာအဖြစ်နဲ့ တင်ရမှာ။

ရဟန္တာမဖြစ်ရင် သင်္ဂါယနာပွဲကို မလာရဘူး။ သူက သော တာပန်ပဲ ရှိသေးတယ်။ ဝီရိယတွေများပြီး တရားက မတက် ဘူးဖြစ်နေတယ်။ တစ်ညလုံးနီးပါး လျှောက်နေတော့ ညောင်းကိုက်လာတာပေါ့။ သူက စဉ်းစားတယ်။ ဘုရားက ငါ့ကို ရဟန္တာဖြစ်မယ်လို့ ပြောပြီးသားပဲ။ အသက် ၈၀ကျော် နေပြီ။ ငါ့အထင်တော့ ဝီရိယတွေ လွန်နေလို့ဖြစ်မယ်။ ဝီရိယတွေ လျှော့ပစ်မှဖြစ်မယ်။ ပုံမှန်ဖြစ်အောင်လုပ်မှ ဖြစ်မယ်ဆိုပြီးတော့ အခုငါလမ်းလျှောက်တာလည်း ကြာပြီ။ အိပ်ရာထဲ ခဏလျောင်းပြီးတော့ ကျင့်မယ်တဲ့။ အဲဒါနဲ့ ခုတင်စွန်းမှာ တင်ပလ္လင် အမှတ်ကလေးနဲ့ ထိုင်တယ်၊ လှဲတယ်၊ ခေါင်းအုံးပေါ်ကို ခေါင်းဖြည်းဖြည်းချင်းချတယ်။ အဲဒီအချိန်မှာ အောက်က ခြေထောက်လေးက ကြမ်းပြင်နဲ့ အလွတ်၊ သူ့ရဲ့ဦးခေါင်းက ခေါင်းအုံးပေါ်မရောက်ခင် အလယ်မှာတင် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် သုံးမဂ်ဆက်တိုက်ကျပြီး ရဟန္တာဖြစ်သွားတယ်။ လျောင်းရင်း နဲ့ ရဟန္တာဖြစ်သွားတာပဲ။ အဲဒါပြင်လို့ ရဟန္တာဖြစ်တာ မဟုတ်လား။ ဒါပဲ။ လမ်းလျှောက်တာ တအားညောင်းလို့ ညောင်းတာကိုပြင်ပြီး လျောင်းတယ်လေ။ သို့သော် သတိ အမှတ်ကပ်ပါတော့ တစ်ခါတည်း ရဟန္တာဖြစ်သွားတယ်။ အဲဒါပြောတာနဲ့ပဲ အမြဲတမ်း ခေါင်းအုံးပေါ်မှာတင် အိပ် မနေနဲ့ဦး။ ဒါကိုလည်း မှာရသေးတယ်။ မဟုတ်တာ အသုံး

ချမှာ စိုးရတယ်။ သတိအမှတ်ပါရဦးမယ်နော်။

မေး။ ။ ဘာရုပ်၊ ဘာနာမ်မှ မသိဘဲ ခန္ဓာကိုယ်ကို ငြိမ်အောင်ထိုင်နေရုံနဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ပြည့်စုံတယ်ဆိုတာ မှန်ပါသလား ဘုရား။ ခန္ဓာကိုယ်ကတော့ ငြိမ်နေတယ်။ စိတ်ကတော့ တွေးချင်ရာ တွေးနေမယ်ဆိုရင် သိက္ခာသုံးပါး ပြည့်စုံပါ့မလား။ ခန္ဓာကိုယ်ကို ဂရုစိုက်ပြီး ခန္ဓာကိုယ်ကို ငြိမ်အောင် အားထုတ်တဲ့နည်းနဲ့ စိတ်ကို ဂရုစိုက်ပြီးစိတ်ကို တည်ငြိမ်အောင်၊ ကုသိုလ်ဖြစ်အောင် အားထုတ်တဲ့နည်း မှာ ဘယ်နည်းက ကိလေသာမြန်မြန်ကုန်ပြီး နိဗ္ဗာန်ကို ရောက်နိုင်တယ်ဆိုတာ ရှင်းလင်းပေးပါ။

ဖြေ။ ။ မှန်မမှန်တော့ မသိဘူး။ ကြောင်တောင်တောင် ဖြစ်သွားမှာတော့ သေချာတယ်။ စိတ်ကတွေးချင်းရာ တွေးနေမယ်ဆိုရင်တော့ သိက္ခာသုံးပါးက ဘယ်ပြည့်စုံမလဲ။ ကိလေသာဆိုတာ စိတ်မှာရှိတာကိုး။ ခန္ဓာမှာရှိတာမှ မဟုတ်ဘဲနဲ့။ ခန္ဓာသတ်လို့ ဘယ်လိုလုပ်ရမှာလဲ။ အဲဒီရုပ်ခန္ဓာကြီးက ဒုက္ခသစ္စာကြီးပဲ။ သိရုံသိရမှာပဲလေ။ တဏှာသာ ပယ်သတ်ရမှာပါ။ လောဘ၊ ဒေါသ၊ ကိလေသာကိုသာ ပယ်သတ်ရမှာ။ ဆရာတော်တို့ အတွေ့အကြုံအရတော့ တချို့ရိပ်သာတွေမှာ တရားပြိုင်ထိုင်တာ မန္တလေးမှာပေါ်နေတယ်ဆိုပဲ။ တရားတောင်ပြိုင်ထိုင်တာ အခုမှကြားဖူးတယ်။ ကြာကြာ

ထိုင်ပြိုင်ကြတာတဲ့။

အဲဒါ ၆နာရီထိုင်နိုင်တဲ့သူက ပထမရသွားတယ်တဲ့။

ဒီဘုန်းကြီးသွားပြိုင်ရင်လည်း ပထမရမှာပဲ။ ဘုန်းကြီးတို့ တစ်ညလုံးထိုင်ဖူးတယ်။ လွန်ခဲ့တဲ့ (၈)ဝါလောက်ကပေါ့။ တောရဆရာတော်တစ်ပါးနဲ့အတူသွားထိုင်တာပဲ။

အဲဒီတုန်းက ဆရာကြီးဦးကြင်ရွှေရဲ့အခွေတွေလည်း မနာဖူးသေးဘူး။ ထိုင်ရင်တရားပဲဆိုပြီး ထိုင်တာ။

ထိုင်နိုင်တာပေါ့။

ဇွဲကောင်းတာကိုး။ အမှန်ပြောရရင်တော့ သမာဓိထိုက်သလောက် တက်ရင်တက်မယ်။ ဘာပညာမှ မရခဲ့ဘူး။ ဘာမှလည်း တိုးပြီးမသိခဲ့ပါဘူး။ ကလေးမလေးတစ်ယောက်က တရားစခန်းများများဝင်တော့ ပြောသတဲ့။ အမေ. . . အမေ တရားစခန်းများများဝင်၊ များများထိုင်တော့ ပညာတစ်ခုတော့ တိုးတယ်တဲ့။ ဘာပညာလဲဆိုတော့ ထိုင်ရင်းအိပ်တဲ့ ပညာတဲ့။ ယောဂီတို့. . . ထိုင်တယ်သာပြောတာ တကယ် အိပ်ပျော်နေတာ ရှိတယ်။ မသိရင်တော့ ငြိမ်လှချည်လားပေါ့။ အမှန်က အိပ်ပျော်နေတာ။ တချို့က ထိုင်တော့ ထိုင်သားပဲ။ ဘုန်းကြီးတစ်ခါ ပြောဖူးတယ်။ အဟိ ယောဂီဆိုပြီးတော့လေ။ ထိုင်လိုက်တာ (၃)နာရီလောက် ကြာတယ်။ လူတွေက ဘေးကကြည့်ပြီး အဒေါ်ကြီးတော် လိုက်တာပေါ့နော်။ (၃)နာရီပြည့်ခါနီးကျတော့ သူက အဟိ

အဟိနဲ့ ရယ်သံတောင် ထွက်လာသေးတယ်။ တရားပြတဲ့ ဘုန်းကြီးက ဒီဒကာမကြီး တော်တော်ထူးတာပဲဆိုပြီး တရားစစ်လိုက်တယ်။ ဒကာမကြီး. . . ထိုင်လို့ကောင်းလားဆိုတော့ သိပ်ကောင်းတာပဲ ဘုရားတဲ့။ ဒကာမကြီးထိုင်ကောင်းရင် ပြောစမ်းပါဦးဆိုတော့- အမယ်လေး၊ အရှင်ဘုရားရေ ထိုင်တာလည်း ကြာသွားရော. . . တပည့်တော်အပျိုဘဝ ပြန်ရောက်သွားတယ်တဲ့။ စိတ်ကူးက အပျိုတောင်ပြန်ဖြစ်သွားတယ်နော်။ အဲဒါ အရှင်ဘုရားရေ. . . စိတ်ထဲမှာ ရည်းစားနဲ့ချိန်းတွေ့လိုက်တာတဲ့။ တွေ့လား။ ကြာတိုင်းကောင်းတာမဟုတ်ဘူး။ သူကလည်း အမှန်အတိုင်းပြောပြတာကိုး။ သူငယ်ငယ်က ရည်းစားနဲ့ချိန်းတွေ့တာတွေ အကုန်ပြန်မြင်တယ်လေ။ (၃)နာရီလောက် ကြာတာကိုး။ အဲဒါ ချိန်းတွေ့ပြီး စကားပြောကောင်းတုန်း ရှိသေးတယ်။ အဖေက တွေ့သွားပြီး ဓါးကြီးနဲ့ဆင်းလာတယ်တဲ့။ အဲဒါ ရည်းစားက ကြောက်ပြီး ဝင်းထရံကျော်ပြေးတာ ပုဆိုးက ဝင်းထရံမှာ ချိတ်ပြီး ကျန်ခဲ့တာတဲ့။ အဲဒါကိုကြည့်ပြီးတော့ အဟိ. . . အဟိနဲ့ ရယ်တာတဲ့။ ကောင်းရောပဲ။ အဲဒါ အဟိယောဂီလို့ ခေါ်တယ်။ ဒါကြောင့် ပရိသတ်များရေ ကြာကြာထိုင်နိုင်တိုင်းလည်း သိပ်မဟုတ်သေးဘူး။ စိတ်က လျှောက်ပြီးတော့ ပြေးနေရင် ဘာလုပ်မှာတုံး။ ထိုင်သာထိုင်နေတာ စိတ်က လောဘကိလေသာဖြစ်နေရင် ဘာလုပ်မှာတုံး။

ဒါကြောင့်သေချာမှတ်ထားပေါ့။

သမထက အာရုံကို အမိကထားတယ်။

အာနာပါနကလွဲလို့ ဘာမှမလုပ်ရဘူး။ အဲဒါ သမထ သက်သက်ပဲ။ ဝိပဿနာက ကိလေသာမပေါ်အောင် အမိက ထားတယ်။ အဲဒါ အရေးကြီးတာ။ တကယ့်အလုပ်နဲ့တိုင်း တာကြည့်တော့ ဝိပဿနာက သာသွားတာပဲ။ သီဟိုဠ်မှာ သူငယ်ချင်းရဟန်း (၂)ပါးရှိတယ်။ တစ်ပါးက တောထဲမှာ တရားအားထုတ်တယ်။ တစ်ပါးကတော့ မြို့ထဲမှာနေတယ်။ သူ့ကျောင်းနဲ့သူပေါ့။ အဲဒီလိုနေတော့ သူသူကိုယ်ကိုယ် မြို့ထဲနေတဲ့ဘုန်းကြီးကို များသောအားဖြင့် တရားမရှိဘူး လို့ပဲထင်တာပေါ့။ သို့သော် မြို့ထဲနေသော်လည်း တရား ရှိတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ။ အထင်သေးလို့ မရဘူး။ တောနေရဟန်းက ငါ့မှာလာဘ်လာဘရှားပါးတယ်။ ငါ့ သူငယ်ချင်းကျောင်းက မြို့ထဲမှာဆိုတော့ စားသောက် ဖွယ်ရာတွေ ပေါများမှာပဲဆိုပြီး တောကဘုန်းကြီးက မြို့ ကျောင်းကို အလည်လာတယ်။ ညနေပိုင်းရောက်လာတယ်။ သူထင်တာက ညနေပိုင်းဆိုရင်တော့ မြို့သူမြို့သားတွေက အဖျော်ယမကာတွေ ကပ်မှာပဲဆိုပြီး စောင့်နေတယ်။ ဘယ်သူမှ လာမကပ်ဘူး။ အေးလေ. . . ညနေပိုင်းမကပ် လည်း မနက်အရုဏ်ဆွမ်းလေးတော့ ပို့ကြမှာပဲဆိုပြီး အိပ် လိုက်တယ်။ ဘယ်သူကမှ မလာဘူး။ အရုဏ်ဆွမ်းလည်း

ဆွမ်းခံထွက်ရတယ်။ အေး. . . အရုဏ်ဆွမ်းမလာလည်း နေ့ဆွမ်းတော့ ပို့ဦးမှာပါပေါ့။ နေ့ဆွမ်းလည်း မလာတော့ နှစ်ပါးဆွမ်းခံ ထွက်ရပြန်ရော။ အဲဒီမှာတင် တောရဟန်းက စိတ်မရှည်တော့ဘဲ သူ့သူငယ်ချင်းမြို့သားရဟန်းကို ပြောတယ်။ သူငယ်ချင်း. . . မင်းမြို့ကျောင်းက ဘာမှလည်း အသုံးမကျဘူး။ ရှားပါးလိုက်တာ။ ငါ့တောကျောင်းကမှ မင်းထက်ပေါသေးတယ်။ အဲဒီတော့ မြို့သားရဟန်းက မြို့မှာသာနေတာ လောဘကိုသတ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒါဆို မင်းတောကျောင်းကို ငါပါလိုက်မယ်သွားကြစို့တဲ့။ ဘယ်အချိန်သွားမလဲဆိုတော့ အခုသွားမယ်။ ဟ. . . မင်းမြို့ပေါ်က ကျောင်းကြီးဘယ်လိုလုပ်မလဲဆိုတော့ ငါနဂိုကတည်းက မတပ်မက်ဘူးတဲ့။ ပြီးရော. . . သချာ နားထောင်နော်။ သမထနဲ့ဝိပဿနာကို ရှင်းပြနေတာ။ တောနေရဟန်းက ဟာ. . မဖြစ်သေးဘူး။ မင်းကျောင်းမှာ ငါ့ရဲ့ခြေနယ်ဆီနဲ့ တောင်ဝှေးလေး ကျန်ခဲ့သေးတယ်။ ပြေးယူလိုက်ဦးမယ်။ ကြည့်စမ်း . . ဟိုက တိုက်ကြီးတာကြီးကို မြို့ဘုန်းကြီးက ထားခဲ့နိုင်သော်လည်းပဲ တောနေရဟန်းက သူ့ရဲ့တောင်ဝှေးနဲ့ ခြေနယ်ဆီလေးကိုပြေးယူသေးတာ။ ပြီးမှ တောကျောင်းကိုသွားတာ။ ဒီလောက်ဆို ပရိသတ်များ ရှင်းပါပြီ။ အဲဒီတော့ တောနေရဟန်းက သမထသမားပဲ။ သူက ထိုင်နေတဲ့အချိန်ပဲ ကိလေသာသတ်တာ။ ကျန်တဲ့

အချိန် မသတ်ဘူး။ ဝိပဿနာသမားက အချိန်ပြည့်သတ်လို့ရတယ်။ အချိန်ပြည့်သတ်နည်း ရှိတယ်။ ဒီလိုကွာသွားတယ်။

## ကြက်သီးထခြင်းနှင့် ပဋ္ဌာန်း

မေး။ ။ တပည့်တော်က နေ့စဉ်ဘုရားသောက်တော်ရေကပ်၊ ရှိခိုးမေတ္တာပို့၊ အမျှဝေပါသည် ဘုရား။ တစ်ခါတစ်ရံ ကျောထဲမှာစိမ့်ပြီး ကြက်သီးမွေးညင်းများ ထပါတယ်။
(၁)လလောက်အတွင်းမှာ ပစ္စယနိဒ္ဒေသပဋ္ဌာန်း ပါဠိတော်ကို ရွတ်ဆိုပူဇော်ပါတယ်. . . ဘုရား။ မပူဇော်ခင်မှာ ပဋ္ဌာန်းဒေသနာတော်ကို လာရောက်နာယူကြပါရန် နတ်တွေကိုလည်း ဖိတ်ကြားပါတယ်။ ပူဇော်ပြီး နောက်မေတ္တာပို့အမျှဝေပြီး နတ်တွေကိုလည်း မိမိတို့နေထိုင်ရာနေရာသို့ပြန်ပြီးစံမြန်းကြပါလို့ပြောလိုက်ပါတယ် ဘုရား။
နောက်ပဋ္ဌာန်းဒေသနာတော်ကြီးကို ပူဇော်သည့်နေ့မှစ၍ မေတ္တာပို့အမျှဝေသည့်အခါတိုင်း ရင်ထဲမှာ အေးမြပြီးကျောတွေစိမ့်၊ ကြက်သီးတွေ ထပါတယ်။ ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာကို မိန့်ကြားပေးပါ ဘုရား။ တပည့်တော်အတွက် တရားတက်စေမယ့် လက္ခဏာလား၊ တရားပျက်စေမယ့် လက္ခဏာလား။

ဖြေ။ ။ ဒါကတော့ ပီတိဖြစ်တာ ဖြစ်ပါလိမ့်မယ်။ ကောင်းပါတယ်။ ပီတိဖြစ်တာပါ။ နတ်တွေကတော့ အမျှဝေပြီးရင်ပြန်မှာပါပဲ။

အိမ်ထဲမှာလည်း မနေကြပါဘူး။ တချို့က ပြန်ပို့ရတယ်လို့ ပြောကြသေးတယ်။ မပို့လည်း ပြန်မှာပါပဲ။ မနေပါဘူး။ ဘာပဲပြောပြော အဲဒါပီတိဖြစ်တာပါ။ ကောင်းကျိုးတွေ ပေးလိမ့်မယ်။ ပီတိဖြစ်လွန်းအားကြီးလို့ ကြက်သီးမေးညင်း ထတာပဲ။ ကုသိုလ်ဇောတွေပေါ့။

## စကားတစ်ခွန်းကြောင့် ဘုရားနှစ်ဆူကြား ပြိတ္တာဖြစ်ရသူ

မေး။ ။ တပည့်တော် အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်ကို ဆရာတော်ဘုရားအား ဖူးမြော်ကန်တော့ပါရန် လိုက်ခဲ့ပါလားဟု ဖိတ်ဖူးပါတယ်။ နင့်ဆရာတော်ကို လိုက်ဖူးလို့ ငါ့အတွက် ဘာအကျိုးရှိမှာလဲ။ ဈေးရောင်းအပျက်ခံပြီးတော့ မလိုက်နိုင်ဘူးတဲ့။ အဲဒီလို ပြောတဲ့သူက ဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်ပါတယ် ဘုရား။ သူ့မှာ ကြီးမားတဲ့အပြစ်ဖြစ်သွားလား ဘုရား။ ကန်တော့ တောင်းပန်ရင်အပြစ်က ကျေအေးနိုင်ပါသလား ဘုရား။ ကရုဏာရှေ့ထားပြီး ဖြေကြားပေးပါ။

ဖြေ။ ။ သာဓု၊ သာဓု၊ သာဓု။ အဲဒီလိုပြောရမှာပဲနော်။ အဲဒါနဲ့ ပတ်သက်လို့ ဆရာတော် ရေးထားတဲ့ မဂ်တား ဖိုလ်တား စာအုပ်ထဲမှာပါတယ်။ အဲဒီလောက်နဲ့အပြစ်ကြီးတော့ မဖြစ်နိုင်ပါဘူး။ သူ ဈေးရောင်းပျက်လို့ ပြောတာပေါ့။ လယ်

တောထဲက လယ်သမား ပြိတ္တာကြီးကတော့ ကဿပဘုရား လက်ထက်ကပေါ့။ ဒကာတစ်ယောက်က ဘုရားရဲ့တရား တွေ နာပြီးတော့ တရားအသိတွေရတော့ သူ့သူငယ်ချင်းကို ဘုရားကိုလိုက်ဖူးပြီး တရားနာဖို့ခေါ်တယ်။ အဲဒီလယ်သမားက ပြောသတဲ့။ နင့်ဘုရားလိုက်ဖူးလို့ နင့်ဘုရားက ငါ့လယ်တွေ လာထွန်ပေးမှာလားတဲ့။ မလိုက်နိုင်ဘူးတဲ့။ စောစောက စကားနဲ့တော့ ခပ်ဆင်ဆင်ပဲ။ အဲဒီဘဝက သေတော့ လယ်သမားဟာ လယ်သမားပြိတ္တာကြီး သွားဖြစ်တယ်။ ဒီ လူပုံစံအတိုင်းကြီးပဲ။ မရပ်မနား အဲဒီလယ်တွေ ထွန်နေရ တာတဲ့။ ဝစီကံတစ်ခု ပြစ်မှားမိလို့ပေါ့။ အခုထိကို မကျွတ် ဘူးလို့ ပြောတယ်။ ဂေါတမဘုရားလက်ထက်ကျတော့ သီဟိုဠ်ကျွန်းက ရဟန်းတွေက ဗုဒ္ဓဂယာသွားရင်းနဲ့ လမ်း မှားပြီးတော့ အဲဒီလယ်သမားပြိတ္တာကြီးကို သွားတွေ့တယ်။ သူတို့က ရိုးရိုးလူသားပဲထင်တာ. . . အမှန်တော့ ပြိတ္တာကြီး ပဲ။ လူပုံစံနဲ့ပဲ ထွန်နေရတာ မနားရဘူး။ သွားမေးတယ်။ ဒကာကြီး. . . ကျုပ်တို့ဗုဒ္ဓဂယာဘုရားဖူးသွားမလို့ လမ်း ပျောက်သွားလို့ ပြပေးစမ်းပါဆိုတော့မှ မျက်ရည်တွေကျပြီး ပြောရှာတယ်တဲ့။ အရှင်ဘုရားတို့ လမ်းမှားတာ ခဏပါ ဘုရားတဲ့။ တပည့်တော်စကားတစ်ခွန်းကြောင့် လမ်းမှားပြီး တော့ လယ်သမားပြိတ္တာဖြစ်နေတာ ဘုရားနှစ်ဆူကြာပေါ့ လို့ ပြောရှာသတဲ့။ ပြီးတော့မှ အကျယ်ပြောပြပါတယ်။

ဒါကြောင့်-

ဝစီဘေဒ ထိတိုင်းရှုတတ်တဲ့အတွက်ကြောင့် ဝစီကံကိုတော့ အထူးဂရုစိုက်ကြပေ့ါ။

မေး။ ။ တပည့်တော်မ မှတ်သားမှုမှန်၊ မမှန် အရှင်ဘုရားလျှောက်ထားပါသည် ဘုရား။ တပည့်တော် မှတ်သားပုံမှာ ဝင်လေ အနိစ္စ၊ ထွက်လေ အနိစ္စ၊ ဝင်သိထွက်သိစိတ်သည် အနိစ္စ၊ ငါသည် မဟုတ်၊ ငါသည် မရှိ၊ ငါသည် အနိစ္စ၊ မြင်သည့် သဘော၌လည်း မြင်ကာမတ္တလေး၊ သဘောလေး၊ ဘာမှ မဟုတ်ဘူး။ မြင်မြင်သမျှ အနိစ္စ၊ ကြားကြားသမျှ အနိစ္စ၊ နံနံသမျှ အနိစ္စ၊ လှမ်းတာ လှမ်းတာသိ အနိစ္စ ထိုသို့သိမှု အပေါ်မှာ အနိစ္စကို ယူကောင်းပါသလား ဘုရား။

ဖြေ။ ။ ရှုလို့ရပါတယ်။ မမှားပါဘူး။ ရုပ်နာမ်ဘာကိုပဲ အနိစ္စရှုရှု မှားတယ်လို့ မဆိုသာပါဘူး။

မေး။ ။ ဇီဝိတပရိယန္တနဲ့ ဇီဝိတပရိယန္တိကံ ဟူ၍ နှစ်မျိုးတွေ့မိပါတယ်။ အဓိပ္ပါယ်တူပါသလား။ ဘယ်ဂါထာကိုရွတ်လျှင် ပိုကောင်းပါသလဲ။

ဖြေ။ ။ အဓိပ္ပါယ်တူပါတယ်။ အတူတူပါပဲ။ နှုတ်တက်ရအောင် ရွတ်ပါ။

မေး ။ ပစ္စေကဗုဒ္ဓ(ဘုရားငယ်)နဲ့ ပတ်သက်၍ သိလိုပါတယ်။ မြတ်စွာဘုရားလို ပါရမီဖြည့်ကျင့်ရပါသလား။ ပစ္စေကဗုဒ္ဓါကော ဘုရားဆုပန်ရသလား။

ဖြေ။ ။ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ရတယ်လို့ အဆိုရှိပါတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ဖို့က လေးသင်္ချေနဲ့ကမ္ဘာ တစ်သိန်းဖြည့်ရတယ်။ တစ်ဝက်ဖြည့်ရတာပေ့ါ။ ပစ္စေကဗုဒ္ဓါဖြစ်ချင်ရင် ပစ္စေကဗုဒ္ဓါဆုပဲ ပန်ရမှာပေ့ါ။

မေး။ ။ ဝိပဿနာ နာကြားအားထုတ်မှု ထိရောက်စေရန် ဆရာတော်ဟောကြားသော မည်သည့်တရားများနဲ့ စာအုပ်များကို ဦးစားပေးသင့်ပါသလဲ။

ဖြေ။ ။ ဆရာတော် အသေးစိတ်ဆုံး ဟောထားတာကတော့ ကော့သောင်း တရားပွဲ (၁၃)ခွေတွဲက အသေးစိတ်ပါတယ်။ ဆရာတော် ဒီဘက်ပိုင်းတရားပွဲတွေမှာ ဟောတာကတော့ အသေးမစိတ်တော့ဘူး။ ဆရာတော်လည်း ပင်ပန်းနေတယ်။ နေရာတကာ သွားနေရတော့ ကိုယ်ကိုယ်တိုင် အာရုံပြုချိန်၊ ကြည့်ချိန်တွေ နည်းပါတယ်။ နောက်တရားစခန်းတွေမှာတော့ ခွေလည်းဖွင့်မယ်၊ ဆရာတော်လည်း ဟောပါ့မယ်။ အခြေခံတရားတွေကို ခွေကတာဝန်ယူပြီး ဆရာတော်က လက်တွေ့ကျင့်စဉ်တွေကို ဟောသွားလို့ရှိရင် အင်မတန်ပြည့်စုံသွားပါလိမ့်မယ်။ အခုလာမယ့် ဧလပိုင်းမှာလည်း ဒုတိယအကြိမ် ထပ်ဖွင့်ပါ့မယ်။ လာခဲ့ကြပါ။ တစ်ခုတော့

ရှိတယ်။ စကားမပေါနဲ့တော့နော်။ တော်ကြာ သုဒ္ဓဝိပဿနာက ထွက်လာတာနဲ့ စကားပေါတဲ့ အတတ်ပညာရလာတယ် ဆိုရင် သွားပါလေရော။ ဒါကြောင့် ဖြစ်နိုင်ရင်တော့ စကားကို မပြောနဲ့။ စကားကို တအားပြောချင်တာကလည်း သတိလွတ်တာပဲ။ သတိနဲ့ထိန်းရပါတယ်။ ပြောတော့မယ်ဆိုရင် စဉ်းစားလေ။ ပြောမယ့်စကားက တကယ်လိုအပ်သလား။ ဒါက ဘုရားရှင်က ရာဟုလာကို ဆုံးမတာ။ ဘုရားရှင်ဆုံးမတာကတော့ တစ်မျိုးလေးပေါ့နော်။ စကားပြောတော့မယ်ဆိုရင် တွေးတောမယ်ဆိုရင် ကာယကံမြောက်တစ်ခုခု လုပ်တော့မယ်ဆိုရင် တန်းမပြောနဲ့၊ တန်းမတွေးနဲ့၊ တန်းမလုပ်နဲ့တဲ့။ စဉ်းစားပါတဲ့။ မိမိရဲ့အလုပ်၊ မိမိရဲ့အပြော၊ မိမိရဲ့အတွေးဟာ ငါ့ကို ထိခိုက်မလား၊ သူတစ်ပါးကို ထိခိုက်မလားဆိုတာ စဉ်းစားရတယ်။ ဘယ်သူ့ကိုမှ မထိခိုက်ဘူး။ အကျိုးရှိတယ်ဆိုမှ ပြောရမယ်၊ ပြုရမယ်၊ ကြံစည်ရမယ်တဲ့။ ဆရာတော်တို့လည်း ကျင့်ယူရတာပဲ။ သူသူကိုယ်ကိုယ် စကားပေါချင်တယ်။ အသက်(၅၀)ကျော်တွေက ပိုပေါတယ်။ ဒီက ယောဂီတွေက (၅၀)ကျော်တွေများတယ်။ ဆရာတော်ရဲ့မယ်တော်ဆိုရင် ကြည့်လိုက်။ သတိထားတဲ့ပုဂ္ဂိုလ်ကျတော့ သိတယ်။ မယ်တော်ကြီးက ပြောရှာတယ်။ ဆရာတော်တဲ့ အသက်ကြီးရင် သတိထား။ မယ်တော်ကြီးတို့တောင် သတိထားရတယ်။ အသက်(၅၀)ကျော်ရင် ဝါယောပိုင်းတဲ့။ လေပိုင်း

ကို ပြောတာ။ အရမ်းစကား ပေါတာလေ။ အမြင်ကတ် လောက်အောင် ပေါတာ။ ဘုန်းကြီး တွေ့ဖူးတယ်။ ဆရာတော် ရွှေပြည်သာမှာနေတုန်းက ဘုန်းကြီးတို့နဲ့ကပ်လျက် ကျောင်းက ဘုန်းကြီးဟာ စကားတအားပေါတယ်။ ပြောရင်လည်း အကျယ် ကြီးပဲ။ တစ်ခါတလေ လေးငါးနာရီ ဆက်တိုက်ပြောတာ။ ထလို့ကို မရဘူး။ ကြောက်စရာ ကောင်းတယ်။ အဲဒီတော့ သူ့ကိုရှောင်ကြတာပေါ့နော်။ ဆရာတော်တောင် မဖြစ်မနေ သူ့ဆီသွားရတော့မယ်ဆိုရင် ကျောင်းက ဦးပဥ္စင်းတစ်ပါးပါးကို မှာခဲ့ရတယ်။ ဆယ်မိနစ်လောက်ရှိရင် နောက်က လိုက်ခဲ့ပြီး ကျောင်းမှာ ကိစ္စတစ်ခုခုရှိတယ်ဆိုပြီး ငါ့ကိုလာခေါ်လို့ ပြောသွားရတယ်။ အဲဒီလိုလာမခေါ်လို့ကတော့ သေဖို့သာ ပြင်ပဲ သိလား။ ယောဂီတို့တွေ အနှုံးမရှိသောဒဿန စာအုပ် ဖတ်ပြီးကြပြီမဟုတ်လား။ အဲဒီစာအုပ်ထဲမှာပါတဲ့ မောင်ရဲမြင့် လေးကလည်း အင်မတန်စကားပေါတယ်။ သူကတော့ ခရစ်ယာန်ကနေ ဗုဒ္ဓဘာသာဖြစ်တာပေါ့နော်။ တအား စကားပေါတာ။ သူဆရာတော်ကို ကြည်ညိုတာက သူပြောတဲ့ စကားကိုနားထောင်ပေးလို့လည်း ပါတယ်။ ဆရာတော်က ပြောတာ နည်းတယ်။ နားထောင်တာက များတယ်။ ဒါ ကြောင့် ဆရာတော်အတွက် အဲဒါတွေက ဟောဖို့၊ ရေးဖို့ တွေ အများကြီးဖြစ်လာတယ်။ တချို့စာအုပ်တွေ မကောင်း ဘူးဆိုတာက တချို့စာရေးဆရာတွေက ကိုယ်ကပဲပြောတာ

လေ။ နားမထောင်ဘူး။ ပြောတော့ ကိုယ့်မှာကုန်သွားတာ ပေါ့။ နားထောင်တော့ ကိုယ်ကရတယ်။ ဆရာတော်မှာ တော့ တအားရတယ်။ ကိုရဲမြင့်ဆို ဘယ်လောက်ပြောသလဲ ဆိုရင် ဆရာတော်က အိမ်သာတွေ ဘာတွေသွားချင်လို့ ထသွားရင်တောင် နောက်ကလိုက်လာပြီး ပြောတယ်။ သူ ပြောတဲ့စကား မပြီးသေးလို့တဲ့။ အိမ်သာထဲဝင်ရင်တောင် အိမ်သာအပေါက်ဝက ရပ်ပြီးတော့ပြောပြန်ရော။ နောက် တော့ ဘေးကဝိုင်းတားမှ ရတယ်။ အဲဒီလောက်ကျတော့ လွန်လွန်းအားကြီးသွားတယ်။ သတိလွတ်သွားတာလို့ ခေါ် တယ်။ အဲဒီလို သတိမလွတ်ရဘူး။ ကိုယ့်အတွက်နဲ့ အနှောင့် အယှက်မဖြစ်စေရဘူး။ အခု ဒီမှာလာထိုင်တယ်ပေါ့။ ဒီအထဲ ရောက်ရင် လုံးဝစကားမပြောသင့်တော့ဘူး။ အဲဒါကို သတိ ပြုကြပေါ့။ တချို့က တရားလေးအာရုံပြုပြီးတော့ နေချင် တာ။ ကိုယ်က ဆူညံနေတဲ့အခါကျတော့ တစ်ဖက်သားရဲ့ တရားအာရုံကို နှောင့်ယှက်လိုက်သလို ဖြစ်သွားတယ်။ အဲဒါ အပြစ်ကြီးတယ်။ ဒါကြောင့်ပြောချင်ရင်တောင် သတိပြု လိုက်။ ဒီအချိန် ငါစကားမပြောသင့်ဘူးလို့။ ငြိမ်နေတာ အကောင်းဆုံးပဲ။ မြတ်စွာဘုရားကို တိတ်ဆိတ်ငြိမ်သက်ခြင်း နဲ့ ပူဇော်ပေးကြပါ။ ဘယ်နေရာရောက်ရောက် သတိပြု ကြပါနော်။ စာအုပ်များကိုတော့ ဂမ္ဘီရဝိပဿနာအတွဲလိုက် ကို ဖတ်ပါလို့ပဲ မှာချင်ပါတယ်။ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များ အတွက်

ပေါ့။ ဉာဏ်ရင့်တဲ့ ပုဂ္ဂိုလ်များကတော့ မဂ်တားဖိုလ်တား အန္တရာယ်များနဲ့ သညာသိနဲ့ပညာသိစာအုပ်တွေကို ဖတ်ပါ။

**ဘာသာခြားကို ဗုဒ္ဓဘာသာဖြစ်စေသော တရားထိုင်ချိန်ပမာဏ**

မေး။ ။ တပည့်တော်၏ အမေဖြစ်သူ တရားထိုင်နေစဉ်အတွင်း ဦးခေါင်းညိတ်နေတဲ့ ပုံစံမျိုးဖြစ်နေပါ၍(မှတ်ချက်-အိပ်ငိုက်နေခြင်းမဟုတ်) တရားရရှိရေးအတွက် အနှောင့်အယှက်ဖြစ်ပါသလား။ မေတ္တာရှေ့ထား ဖြေကြားပေးပါ။

ဖြေ။ ။ အဲဒါမျိုးကတော့ အနည်းငယ် ဖြစ်တတ်တယ်တဲ့။ ထိုင်တဲ့လူက မသိဘူး။ ဘေးကလူက သိတာ။ နှောင့်ယှက်တယ် မဟုတ်ပါဘူး။ ဘာမှ ကိစ္စမရှိပါဘူး။ အကောင်းဆုံး အကြံပေးချင်တာကတော့ ထိုင်တဲ့အခါ ကိုယ်နိုင်သလောက်ထိုင်တာ ကောင်းတယ်။ ဖြစ်နိုင်ရင် ထိုင်ခါစယောဂီများကို ၁၅-မိနစ်လောက် ထိုင်ခိုင်းတာ ကောင်းတယ်။

အခု အစ္စလာမ်ဘာသာကနေ ဗုဒ္ဓဘာသာဖြစ်လာတဲ့ ဆရာတော် ဦးဇောတိကကို သိတယ်မဟုတ်လား။ ဆရာတော်တို့နဲ့ စင်္ကာပူနိုင်ငံမှာသွားတွေ့တယ်။ ဆရာတော်က လူချောင်တယ်။ တကယ်ကြည်ညိုစရာ ကောင်းပါတယ်။ ကျော်ကြားအောင်လည်း မနေဘူး။ အဲဒီဆရာတော်က ဦးပဥ္ဇင်းတို့ကို တွေ့ချင်တာ။ စာရေးသူချင်းဆိုတော့ စာပေသံယောဇဉ်လည်းပါမယ် ထင်

ပါတယ်။ အဲဒါနဲ့ သွားဖူးပါတယ်။ ဟိုရောက်တော့ သူဗုဒ္ဓဘာသာဖြစ်လာပုံလေးကို ပြောပြတာ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ သူ့စာအုပ်ထဲမှာတော့ ဒီအကြောင်းအရာတွေ မပါဘူး။ ဒါ သူတော်တော်ကို လေးစားချစ်ခင်လို့ပြောတဲ့သဘောရှိတယ်။ ဦးဇဝနတဲ့. . . တပည့်တော်ဗုဒ္ဓဘာသာဖြစ်လာတာက တရားကို ၁၅-မိနစ်ထိုင်ရလို့တဲ့။ တစ်နာရီသာထိုင်ရရင် တပည့်တော် ဗုဒ္ဓဘာသာမဖြစ်ဘူးတဲ့။ အဲဒီလိုကို ပြောတာ။ တစ်ရက်တော့ သူက မြန်မာဂီတသမားတစ်ယောက်ဆီမှာ တယောတို့၊ မယ်ဒလင်တို့ တီးတဲ့သင်တန်းသွားတက်တယ်။ အဲဒီဆရာက အနုပညာသမားသာဖြစ်တာ။ အင်မတန်မှ သမာဓိရှိတယ်။ စိတ်ကောင်းရှိတယ်။ တည်ကြည်တယ်။ ငြိမ်သက်တယ်။ သူ့မိခင်ကြီးကို သူက အဲဒီပညာနဲ့လုပ်ကျွေးနေတာ။ ဒီအမေသေရင် သူက ဘုန်းကြီးဝတ်မယ်လို့လည်း ပြောတယ်။ အဲဒီလိုသင်တန်းတက်တာပေါ့နော်။ ဒီဆရာဟာ နေ့စဉ်တရားထိုင်နေကျနေမှာ။ တစ်ရက်ကျတော့ တပည့်တော်ကို နာမည်ခေါ်ပြီး ပြောတယ်။ မင်းလည်း တရားထိုင်ပါလားလို့ ပြောတယ်တဲ့။ တကယ်တော့ ဆရာဟာ တပည့်တော်ကို အစွလာမ်မှန်းသိတယ်တဲ့။ တပည့်တော်လည်း ဆရာက ရင်းရင်းနှီးနှီး ပြောတော့ မထိုင်ချင်ဘူးလို့ မပြောချင်တာနဲ့ ပြန်တော့ မေးလိုက်မိတယ်တဲ့။ ဘယ်လောက်ကြာအောင် ထိုင်ရမှာ

လဲလို့။ ဆရာက ၁၅-မိနစ်လို့ ပြောတော့ တပည့်တော် စိတ်ဝင်စားသွားတယ်တဲ့။ ၁၅-မိနစ်က အပန်းမကြီးဘူးလေ တဲ့။ ထူးထူးခြားခြား သိရမှာပဲဆိုပြီးတော့ပေါ့။ ဆရာကို ဘယ်လိုမှတ်ရမှာလဲမေးတော့ ထွက်လေဝင်လေလေး မှတ် ရုံပဲတဲ့။ အဲဒါလေးပဲ မှတ်တာ။ တစ်ရက်ကို ၁၅-မိနစ်၊ ၁၅ - မိနစ်နဲ့ ထိုင်ရင်းနဲ့သမာဓိတွေရင့် အသိဉာဏ်တွေတိုးပြီး တော့ ဗုဒ္ဓဘာသာရဟန်းတော် ဖြစ်လာတာတဲ့။ ဒါကြောင့် တပည့်တော်တို့လို အားထုတ်ခါစပုဂ္ဂိုလ်ကို တစ်နာရီ၊ နှစ် နာရီထိုင်ခိုင်းမယ်ဆိုရင် တပည့်တော်သာဆို ဗုဒ္ဓဘာသာဖြစ် မှာမဟုတ်ဘူးတဲ့။ တရားကို ကြောက်သွားမယ်တဲ့။ ၁၅-မိနစ်ပဲ ထိုင်ခိုင်းလို့ တပည့်တော်ဗုဒ္ဓဘာသာဖြစ်တာတဲ့။ ဒါကြောင့် ဆရာတော်တို့က ဘယ်တော့မှတအားမခိုင်းဘူး။ ဒါတွေ သိထားလို့ပါ။ မနက်ကပဲ ယောဂီဒကာမကြီးတစ်ယောက်က လာလျှောက်ပါတယ်။ သူတို့ကျောက်တန်းဘက်ကရွာမှာ မနှစ်ကတရားလာပြတဲ့ လူပုဂ္ဂိုလ်တဲ့။ သူနဲ့က တရားထိုင် ရင် နှစ်နာရီထိုင်ရတာတဲ့။ မလှုပ်ရဘူး၊ မတွန့်ရဘူး၊ မကုတ် ရဘူး၊ အကုန်ပေါ့နော်။ သူ့နည်းက ဘာနည်းမှန်းတော့ မသိဘူး။ ယောဂီအဘိုးကြီးတွေ၊ အဘွားကြီးတွေ မနက် သုံးနာရီထပြီး ရေချိုးရသေးတယ်တဲ့။ ချမ်းလည်း ချိုး၊ မချမ်း လည်းချိုး၊ အဲဒီလိုမျိုးတဲ့။ ရေမချိုးရင် တရားမရဘူး နေမှာ ပေါ့။ အဲဒီလိုလား မသိပါဘူး။ ပြီးတော့ တအားရှုခိုင်းတာ

တဲ့။ အဲဒါ ဝမ်းနည်းစရာပဲ။ ယောဂီနှစ်ယောက် တရားစခန်းမှာတင် သေသွားရှာတယ်။ ယောဂီသုံးယောက်က ဆေးရုံတင်လိုက်ရတယ်။ အဲဒါက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဖွင့်တာ။ အခု မဖွင့်ရဲတော့ဘူး။ ကြောက်သွားတယ်။ ဒီဒကာမကြီး ဒီကိုတရားစခန်းလာမယ်ဆိုတော့ ပြောတယ်တဲ့။ နင်လည်း သေနေဦးမယ်တဲ့။ အဲဒါ အမှားတွေ ဘယ်လောက် သနားဖို့ကောင်းလဲ။

## တစ်ယူဇနာရဲ့ မိုင်အရေအတွက်

မေး။ ။ တစ်ဂါဝုတ်မှာ အကွာအဝေး ဘယ်လောက်ရှိသလဲ။

ဖြေ။ ။ တစ်ဂါဝုတ်က (၂)မိုင်ရှည်ပါတယ်။ နတ်ခန္ဓာကိုယ်၊ ငရဲကောင်ခန္ဓာကိုယ်ကလည်း ၃ဂါဝုတ်ရှိတယ်။ ၆မိုင်ပမာဏကြီးမားတယ်။ တစ်မိုင်ကို ပေ(၅၀၀၀)ကျော် ရှိပါတယ်။ မှန်းကြည့်ပေါ့နော်။

တစ်ယူဇနာမှာလည်း အယူအဆအမျိုးမျိုးကွဲတယ်။ အဆုံးအဖြတ်လေး ပြောပြအုံးမယ်။ တချို့က တစ်ယူဇနာကို ၈မိုင်၊ တချို့က ၁၀မိုင်၊ တချို့က ၁၂မိုင်၊ တချို့က ၁၃မိုင်ဆိုပြီး အသီးသီး ရေးနေကြတယ်။ မတူဘူး။ ဘယ်ဟာအမှန်ယူရမလဲဆိုပြီး အမေးခံရဖူးပါတယ်။ ၈-မိုင်ကို အမှန်ယူကြပါ။ တစ်ယူဇနာကို ရှစ်မိုင်နော်။ ကျန်တဲ့ဟာတွေ မမှန်ဘူး။ ဘာကိုကြည့်ပြောလဲဆိုတော့ မဟာစည်

ဆရာတော်ကြီးကိုယ်တိုင် အိန္ဒိယနိုင်ငံကို ရောက်သွားတယ်။ ဆရာတော်ကြီးက တိကျတယ်။ တစ်ယူဇနာမှာ ရှစ်မိုင်၊ ဆယ်မိုင်၊ ဆယ့်နှစ်မိုင်၊ ဆယ့်သုံးမိုင်ဘယ်ဟာမှန်လဲ လက်တွေ့ကြည့်မယ်ဆိုပြီး ပါဠိတော်နဲ့ကိုက်ကြည့်တယ်။ သာဝတ္ထိနဲ့ ရာဇဂြိုဟ်ဆိုရင် စာပေမှာကြည့်ရင် ဘယ်နှစ်ယူဇနာရှိတယ်ပေါ့။ အခုခေတ် မြေတိုင်းစာရေးတွေနဲ့ သေချာတိုင်းတာ မေးမြန်းကြည့်တော့ တစ်ယူဇနာမှာ ရှစ်မိုင်သွားတွေ့ရတယ်။ ဒါကြောင့် တစ်ယူဇနာမှာ ရှစ်မိုင်က အမှန်ဆိုတာ ဆရာတော်ကြီးက အပင်ပန်းခံရှာဖွေခဲ့တာပါ။ ပရိသတ်များလည်း မှတ်ထားကြပေါ့။

မေး။ ။ လူပျိုဘုရားမရှိဘြားလို့ အဆိုရှိပါတယ်။ ဟုတ်ပါသလား။ လူပျိုဘုရားရှိပါသလား။

ဖြေ။ ။ မရှိပါဘူး။

မရှိဘူးဆိုတာကအလောင်းတော်တွေက အိမ်ထောင်ပြုတယ်ဆိုတာက လူတွေလို ပျော်ချင်ပါးချင်တဲ့စိတ်က အဓိကမဟုတ်ဘူး။ ဗုဒ္ဓဘာသာဘုရားဆိုတာ လူကဖြစ်တာ။ သူ့မှာ သားနဲ့မယားနဲ့ရှိတယ်ဆိုတာ သက်သေပြချင်လို့ အိမ်ထောင်ပြုကြတာပေါ့။ ဒါကြောင့် ဘုရားမှန်သမျှ အိမ်ထောင်သည်ချည်းပါပဲ။

မေး။ ။ ရဟန်းတော်များ၏ ဆံပင်ကိုရဟန်းထွက်သည့်နေ့တွင် ထို ကျောင်း၌ပင် ရိတ်၍ထားခဲ့ရသည်ဟု ပြောကြပါတယ်။ ထို အယူသည် ယုတ္တိရှိပါသလား။

ဖြေ။ ။ မရှိပါဘူး။ များသောအားဖြင့် ရဟန်းဘဝက ပစ္စည်းတွေ လူ့ဘဝပါသွားမှာစိုးလို့ပါ။ ဒီဆံပင်က ပစ္စည်းမှမဟုတ်ဘဲနဲ့ ကြိုက်သလောက်ယူသွားစမ်း. . . ဘာမှမဖြစ်ဘူး။ အဲဒါကျ တော့လည်း အကဲပိုလွန်းပါတယ်။ ဘာမှမဆိုင်ပါဘူး။ အပြစ် မရှိပါဘူး။

မေး။ ။ သမာဓိအားကောင်းသူများသည် အာနာပါနရှုသူများ သံဝေဂ ဉာဏ်ကိုလိုအပ်သည့်အချိန်တွင် လိုအပ်သလို လုပ်ယူနိုင် သည်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ အဲဒီလိုတော့ မကြားဖူးပါဘူး။ သမာဓိအားကောင်းရင်တော့ ကိုယ့်သေမယ့်အချိန်ကို အတိအကျသိတတ်တယ်။ အဲဒါ တော့ မှတ်သားဖူးတယ်။ ကြားဖူးတယ်။ သံဝေဂဉာဏ်ဆို တာက တိုက်ဆိုင်တဲ့အချိန်မှာ သူပေါ်ချင်တဲ့အချိန်မှာပေါ် တာပါ။ တိုက်ဆိုင်မှုရှိတဲ့အချိန်မျိုးပေ့ါ။ သံဝေဂဉာဏ်မရှိရင် တော့ မပေါ်ပါဘူး။

## တရားစခန်း အနံ့ဝင်တာ ကောင်းသလား

မေး။ ။ ဒီတရားစခန်းကို ဝင်ပြီးနောက် တခြားတရားစခန်းကို ဝင် သင့်ပါသလား။

ဖြေ။ ။ ဝင်သင့်ပါတယ်။ စုံအောင်ဝင်စေချင်တယ်။ ဆရာတော်တို့ ကိုယ်တိုင် (၈)မျိုး၊ (၁၁)မျိုးလောက်အထိ အားထုတ်ဖူးတယ်။ အဲဒီထဲကမှ ကိုယ်နဲ့အသင့်တော်ဆုံးကို အဓိကထားပြီး အားထုတ်ပေ့ါ။ အသင့်တော်ဆုံးဆိုတာက ကိုယ်နားလည် သဘောပေါက်ဆုံးကို ပြောတာပါ။ အဲဒါပိုကောင်းတယ်။ ဉာဏ်ရင့်သွားတာပေ့ါ။ ဘုရားရဲ့တရားကို ဟောကြားတာ ချည်းပဲလေ။ လုပ်သင့်ပါတယ်။

## သုဒ္ဓဝိပဿနာတရားစခန်းနဲ့တင် လုံလောက်ပြီလား

မေး။ ။ ဒီစခန်းဝင်ရောက်ရုံနဲ့ လုံလောက်မှုရှိပါသလား။

ဖြေ။ ။ အဲဒါကျတော့ ယောဂီအပေါ်မှာပဲ မူတည်ပါတယ်။ ဒီက ဟောကြားပြသတာတွေ၊ စာအုပ်တွေဖတ်ရတာတွေကို နားလည်သဘောပေါက်ပြီး ရှင်းလင်းတယ်ဆိုရင် လုံလောက်ပါတယ်။ သဘောမပေါက်သေးဘူး။ နားမလည် မရှင်းလင်းသေးဘူးဆိုရင် မလုံလောက်သေးပါဘူး။ တခြားဟာတွေပါ အကုန်လုံး နာကြည့်ပေ့ါ။ တစ်ခုတော့ ရှိပါတယ်။ တစ်ခေါက် တစ်ကြိမ်နဲ့တော့ အကုန်လုံးသိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဆရာတော်တို့ ကိုယ်တိုင်လည်း တစ်ခေါက်တည်းနဲ့သိခဲ့ တာမဟုတ်ပါဘူး။ ကိုရင်ဘဝကတည်းက နှစ်အကြာကြီး ဒီဝိပဿနာတရားတွေကို လေ့လာလိုက်စားခဲ့တာပါ။ ဒါကြောင့် နည်းမျိုးစုံကို ကြာကြာလေးတော့ လေ့လာလိုက်စား

ပေးပါလို့ အကြံပေးလိုပါတယ်။

မေး။ ။ တပည့်တော်သည် ယနေ့မွန်းတည့်ဆွမ်းစားပြီး အိမ်သာအသွားတွင် အိမ်သာသို့ ခင်းထားသော ကွန်ကရစ်လမ်းကို စတင်ခြေချမိရာတွင် နေပူရှိန်နှင့်ပူပြင်းပါသည် ဘုရား။ တပည့်တော်သည် ပူသည်. . . ပူသည်ဟု စိတ်ကမှတ်ရာ လမ်းတစ်ဝက်လောက်တွင် အပူရှိန်ထိုးရပ်သွားပြီး နွေးနွေးလေးသာ ကျန်ပါသည်။ အပြန်တွင် ဆက်လက်ပြီး မှတ်လာရာ တစ်လမ်းလုံးမပူဘဲ နွေးနွေးလေးသာရှိပါသည် ဘုရား။ ဒီကိစ္စနဲ့ပတ်သက်ပြီး မေးသင့်မမေးသင့်နဲ့ မိမိအတွေးရှိ ခံစားချက်ကို ထုတ်ဖော်ပြောကြားခြင်း ရှိမရှိကို အများသူငါဗဟုသုတရှိစေရန် မျှော်ကိုးပြီး မေးလျှောက်ခြင်းဖြစ်ပါတယ်။

ဖြေ။ ။ အမှန်ကတော့ အဲဒါက ခံနိုင်ရည်ရှိသွားတာပါ။ ပူတာကတော့ ပူနေတယ်။ အပူက လျော့မသွားဘူး။ သို့သော် ကိုယ့်ရဲ့ သမာဓိစွမ်းအား၊ တရားစွမ်းအားကြောင့် အပူကိုခံနိုင်ရည်ရှိသွားတော့ နွေးတယ်လို့ ဖြစ်သွားတာပါ။ အဲဒါ ဆရာတော်တို့ ကိုယ်တိုင်လည်း ကြုံဖူးပါတယ်။ အူကျလို့ ခွဲစိတ်ခါနီးကျတော့အရင်ခွဲစိတ်တဲ့ ဆရာတော်များကိုမေးလျှောက်ကြည့်တော့ အဲဒါခွဲစိတ်ပြီးစ အချိန်ဟာ တအားနာတယ်တဲ့။ အော်ပြီးတော့ ညည်းနေရပါတယ်လို့ ဆိုကြပါတယ်။ ဒါ

ကြောင့် ဆရာတော်ခွဲစိတ်တဲ့အခါမှာ အဲဒီနာတဲ့အချိန်ကို ငါတော့ တရားနဲ့ရှုမှတ်မယ်လို့ တေးမှတ်ထားလိုက်ပါတယ်။ အဲဒီတော့ ခွဲစိတ်တဲ့အချိန်ကစပြီး ခန္ဓာငါးပါး အနိစ္စကိုသိ ပေးနေတယ်ပေါ့နော်။ နောက်တော့ ခွဲစိတ်ပြီးသွားတယ်။ ပြီးလို့ ထွက်လာတဲ့အချိန်မှာလည်း ခွဲစိတ်ပြီးစ ချုပ်ရိုးမဖြည် ခင်မှာ တော်တော်နာတယ်ဆိုလို့ ဆရာတော်က ရှုမှတ်နေ တာပေါ့။

သို့သော် ခုနစ်ရက်ကြာလို့ ချုပ်ရိုးသာဖြည်ပြီးသွားတယ်။ ဘယ်အချိန်နာလိုက်မှန်းတောင် မသိလိုက်ဘူး။

ဆရာတော်လည်း တရားအားထုတ်တဲ့ ဆရာတော်များကို မေးလျှောက်ကြည့်လိုက်တော့ နာတာကတော့ နာတာပါပဲ တဲ့။ ကိုယ်က အသိမှန်ထားတော့ အဲဒီနာတာကို ခံနိုင်ရည် ရှိသွားတာ။ ဒါပါပဲ။

အနာက မပျောက်ပါဘူး။ တရားသိတဲ့လူလည်း နာတာပဲ။ မသိတဲ့လူလည်း နာတာပဲ။ သို့သော် တရားသိတဲ့သူက အမှန်သိတော့ ခံနိုင်ရည်ရှိတယ်။ အဲဒါ တရားတန်ခိုးပဲ။

## အဆင်းရုပ် အနိစ္စမြင်ပုံ

မေး။ ။ တပည့်တော် အရင်တရားအားထုတ်ရာတွင် အဆင်းရုပ်၊ စက္ခုပသာဒ အကြည်ရုပ်၊ မြင်သိစိတ်တို့ကို ရှုမှတ်ရာတွင် ရှုရင်းရှုရင်း အဆင်းရုပ်သည် တဖြည်းဖြည်းမှိန်လာကာ

လုံးဝပျောက်ကွယ်သွားပါတယ်။ ထို့နောက် တဖြည်းဖြည်း ပြန်ပေါ်လာပါတယ်။ ထိုကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဖြစ်ခဲ့ပါတယ်။ ထိုသို့ ဖြစ်ရခြင်းအကြောင်းတရားကို သိချင်ပါတယ်။

ဖြေ။ ။ ဒါလည်း သမာဓိအားပါလို့မယ်။ ပညာလည်း ပါလို့မယ်။ ဒီလိုကတော့ သိမြင်ခဲ့ပါတယ်။ အဲဒီလိုသိမြင်တာလည်း ဝမ်းသာစရာပဲ။ အဲဒီလိုဖြစ်ဖို့ကလည်း မလွယ်ပါဘူး။ ဆက်ပြီး အကြံပေးချင်တာက အဲဒီလိုသိပြီးသွားရင် ကိုယ့်ရဲ့မျက်စိအကြည်ရုပ်ကိုလည်း အဲဒီအတိုင်းပြန်ပြီးတော့ ရှုပေးကြည့်ပေါ့။ နောက်မြင်သိစိတ်ကိုလည်း နောက်စိတ်နဲ့ပြန်ပြန်ကြည့်ပေါ့။ အဲဒီလို သုံးခုလုံး ဆက်ကြည့်ပေးရင် ပိုတောင် ထိရောက်မယ်လို့ ဆရာတော်အကြံပေးလိုပါတယ်။

မေး။ ။ တပည့်တော် ရှိသေစွာလျှောက်ထားအပ်ပါတယ်။ တပည့်တော် တရားထိုင်သောအခါ ဝင်လေသိ၊ ထွက်လေသိ မှတ်နေသော်လည်း ဝေဒနာများပေါ်လာပါတယ်။ ပေါ်လာသည့် ဝေဒနာများကို အမြဲမပြတ်လိုက်၍ ရှုမှတ်ကြည့်သောအခါ ထိုဝေဒနာကို မတွေ့ရတော့ပါ။ နောက်တစ်နေရာမှ ထပ်၍ ပေါ်လာပါတယ်။ နောက်တစ်နေရာကိုလည်း ရှုမှတ်ကြည့်သောအခါ မတွေ့ရပါ။ ထိုသို့လိုက်၍ ရှုမှတ်နေသော်လည်း

မတွေ့ရပါ။ သဘောမျှရှိကြောင်း ခံစားရကြောင်း သိရပါတယ်။ ထို့ပြင် ပူလာလိုက်၊ အေးလာလိုက်ဖြစ်ကြောင်း တွေ့ရပါတယ်ဘုရား။ ပူတာကိုကြည့်တော့လည်း မတွေ့ရပါ။ အေးတာကိုကြည့်တော့လည်း မတွေ့ရပါ။ ထိုသို့ တပည့်တော်လိုက်၍ ရှုမှတ်နေသည်မှာ မှန်ပါသလား။

ဖြေ။ ။ မတွေ့ရဘူးဆိုတာ အဲဒါအပျက်ပဲ။ ဘင်္ဂဉာဏ်ပဲ။ သိတာနဲ့ မရှိတော့ဘူးလေ။ ဒါအမှန်ပေါ့။

အင်မတန်မှန်ပါတယ်။ အဲဒါ ခါတ်ကြီးလေးပါး ရှုနည်းပါပဲ။ အဲဒီအတိုင်းပဲ ဆက်ပြီးတော့ ယောဂီရှုမှတ်ပါလို့ ဝမ်းမြောက်ဝမ်းသာ အကြံပြုပါတယ်။

မေး။ ။ တပည့်တော်သည် မှန်ကပ်ထားသည့် အဆောက်အအုံနံရံများပေါ်တွင် ငှက်များသွားလာနေကြသော အရိပ်များထင်နေသည်ကိုမြင်ပြီး ပရမတ်ရုပ်တရား၊ အဆင်းရုပ်ဆိုတာမှန်ပေါ်မှာထင်နေတဲ့ အရိပ်မျိုးလိုပဲ ကိုင်လို့လည်းမရဘူး။ သဘောတရားပဲ။ မှန်က သူ့အပေါ်မှာ ငှက်တွေရဲ့အရိပ်တွေလာထင်နေတာကို မသိတတ်သလို မျက်စိအကြည်ရုပ်ကလည်း ရုပ်တရားဖြစ်တဲ့အတွက် မြင်ရုံပဲမြင်ပြီး မသိတတ်ဘူး။ သိတတ်တဲ့စိတ်က နာမ်တရားပဲလို့ နားလည်မိပါတယ်။ မီးဖိုချောင်ဝင်တဲ့အခါ အိုးခွက်ပန်းကန်အချင်းချင်းထိမိလို့အသံထွက်လာတဲ့အခါ အသံရုပ်က ပန်းကန်ထဲမှာ

မရှိဘူး။ ခွက်ထဲမှာလည်း မရှိဘူး။ အခံဓါတ်နဲ့ အတိုက်ဓါတ် နှစ်ခုထိခိုက်မိတဲ့အခါမှာသာ အသံရုပ်က ပေါ်လာပြီး ချက်ချင်းပျက်သွားတယ်။ အဲဒီအသံရုပ်နဲ့အတူ ဒီအသံကို ကြားတဲ့စိတ်(ကြားသိစိတ်) အရှုခံနဲ့ ကြားသိစိတ်ဖြစ်တာကို သိတဲ့ ဉာဏ်၊ ရှုဉာဏ်တွေဟာလည်း တစ်ပြိုင်တည်းဖြစ်ပြီး ပျက်သွားတယ်။ ငါလည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်၊ သတ္တဝါလည်း မဟုတ်ဘူးလို့ အသိဝင်လိုက်တဲ့ခဏလေးမှာ စိတ်ထဲမှာ ဘာမှမရှိတော့သလို ရှင်းပြီး အေးချမ်းတဲ့သဘောလေးဖြစ်နေပါတယ် ဘုရား။

ဖြေ။ ။ ဝိပဿနာအရသာဆိုတာ ဒါကိုပြောတာပဲလေ။ ဝိပဿနာတရားအစစ်အမှန်ဆိုတာ ရှုပွားဆဲမှာ အေးချမ်းနေတယ်။ နောက်မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင် ပိုပြီးအေးချမ်းဦးမှာပါ။ ဆင်းရဲတာ မပါပါဘူး။

## နေ့စဉ် ရှုမှတ်ပုံနှင့် နေစဉ်ရှုမှတ်ပုံ

မေး။ ။ တပည့်တော်အနေနဲ့ ထိုင်ပြီးမှတ်တာထက် သွားလာလုပ်ကိုင်ရင်း ရှုမှတ်ရတာပိုပြီးတော့ အဆင်ပြေတယ်ဘုရား။ တရားသဘောနဲ့ ရှုမယ်ဆိုရင် ပတ်ဝန်းကျင်က ရှိသမျှအရာမှန်သမျှဟာ ရှုမှတ်စရာတွေချည်းပဲ ဘုရား။ မပင်ပန်းပါဘူး ဘုရား။ အဲဒီလိုမှတ်လိုက်တဲ့ အချိန်ခဏလေးမှာလည်း စိတ်ထဲမှာ တော်တော်လေး ရှင်းပြီးအေးချမ်းပါတယ်။ တရား

ထိုင်တဲ့အခါမှာတော့ တပည့်တော်အတွက် အခက်အခဲလေး ရှိတယ် ဘုရား။ ဝင်လေထွက်လေက နှာသီးဖျားကိုထိတာ မထင်ရှားတဲ့အတွက် မှတ်ရတာအဆင်မပြေဘူး။ အဲဒါကြောင့် တပည့်တော်တရားထိုင်တဲ့အခါတိုင်း တင်ပါးရဲ့အောက်က အခင်းနဲ့ထိနေတာ၊ ထပ်ထားတဲ့လက်နှစ်ဖက် ထိနေတာတွေကိုလည်း မှတ်လို့ရတယ်ဆိုလို့ ထပ်ထားတဲ့ လက်နှစ်ဖက် ထိနေတာကိုပဲ သိပေးနေပါတယ်။ ဉာဏ်၌လည်း ထိသိစိတ်က ငါလည်းမဟုတ်ဘူး။ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ဘူး။ လက်နှစ်ဖက်ထဲမှာလည်း မရှိဘူး။ အတွေ့အထိ ရုပ်နဲ့ ကိုယ်အကြည်ရုပ်လေး ထိခိုက်မှသာ ဖြစ်ပေါ်လာတာလို့ ရှုပွားပြီး ထိနေတာလေးကိုပဲ ထိတယ်. . . ထိတယ်လို့ သိမှတ်ပါတယ် ဘုရား။ အဲဒီလိုသိမှတ်နေတာကို ဝိပဿနာလို့ ခေါ်နိုင်ပါသလား။ ပညတ်ခံနေပါသလား။

အဲဒီလိုသိပေးနေရင်းနဲ့ လက်နှစ်ဖက်က ခွာထွက်သွားသလို လက်ချောင်းတွေက ကားထွက်သွားလိုက်နဲ့ ဘာဖြစ်တာလဲ သိချင်လို့ မျက်စိဖွင့်ကြည့်တော့လည်း ဘာမှမဖြစ်ဘူး။ နဂိုထပ်ထားတဲ့အတိုင်းပါပဲ။ ဆက်လည်းမမှတ်တတ်တော့ဘူး။ သမထနိမိတ်တွေလား မသိဘူး။ တော်ကြာထိုင်နေရင်း ကြောင်သွားရင် ဒုက္ခပဲ။ တွေးပြီး ကြောက်တာနဲ့တရား ဘယ်ရောက်မှန်းတောင် မသိတော့ဘူး. . . ဘုရား။ တရားမထိုင်ဘဲနဲ့ ခန္ဓာငါးပါးလုံးရဲ့ အနိစ္စကိုဖြစ်စေ၊ တစ်ပါးဆီ

အနိစ္စကိုဖြစ်စေ၊ အာရုံနဲ့ဒွါရတိုက်တိုင်း ရှုမှတ်ပွားများရုံနဲ့ ကိစ္စပြီးနိုင်ပါသလားဘုရား။

ဖြေ။ ။ ဘုန်းကြီးတို့လည်း အားပေးပါတယ်။ အခုလည်း အဲဒီနည်းကိုပဲ ပေးတာပါ။ ထိုင်ပြီးအားထုတ်ဖို့ အချိန်ဆိုတာ သိတဲ့အတိုင်းပဲ မလွယ်ဘူး။ တစ်နှစ်မှ ဒီတစ်ကြိမ်လောက်ပဲရတာ။ သွားလာစားသောက် ရောင်းဝယ်ဖောက်ကားရင်းနဲ့ ရှုမှတ်ဖို့က ပိုအရေးကြီးတယ်။ သူက အချိန်ပိုရတာကိုး။ ဒါကြောင့် အဆင်ပြေသလိုသာ မှတ်ပါ။ ထိုင်ရတာ အဆင်မပြေရင် မထိုင်ပါနဲ့။ သွားလာစားသောက်ရင်းမှတ်ပါ။ ထိုင်ရတာ အဆင်ပြေလည်း ထိုင်မှတ်ပေါ့။ အဆင်ပြေသလိုမှတ်ဖို့လိုပါတယ်။ ရတယ်။ ဒါဖောဋ္ဌဗ္ဗာခတ်ပဲ။ ပညတ်မခံပါဘူး. . . ဒါအမှန်ပါပဲ။ နေ့စဉ်နာကြားနေတဲ့အတွက် ပရမတ်ဟာ စိတ်ထဲမှာ တကယ်သိနေပါပြီ။ အဲဒီလောက်ကြီးမကြောက်ပါနဲ့။ ဒီမှာ ဘာမှကြောင်စရာမရှိဘူး။ ကြောင်တာတောင်မှ ပျောက်သွားပါလိမ့်မယ်။ အမှန်သိနေတာကိုး။ ဘာမှမဖြစ်ပါဘူး။ ပြီးနိုင်ပါတယ်။ ပြီးသွားတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးပါပဲ။ အဲဒါကိုလည်း ဆရာတော်စာအုပ်တစ်အုပ် ရေးဖို့အတွက်စာအုပ်တွေ စုထားပြီးပါပြီ။ ရေးပါဦးမယ်။ စာအုပ်ခေါင်းစီးကို အနာဂါမ်အမေး၊ ရဟန္တာအဖြေလို့ ပေးထားတယ်။ တော်တော် အဆင့်မြင့်တယ်။ လင်မယားနှစ်ယောက်ရဲ့ အမေးအဖြေပဲ။ ယောကျာ်းဖြစ်သူက. . .

အနာဂါမ်ပဲ။ မြတ်စွာဘုရားတရားကို နာရင်းနာရင်းနဲ့ အနာဂါမ်တည်တာ။ ဇနီးဖြစ်သူက ရဟန္တာပဲ။ ယောကျ်ားကို အားကျလို့ "ယောကျ်ားက တရားနာရင်းနဲ့ အနာဂါမ်လည်း တည်ရော မယားနဲ့အတူတူ မအိပ်တော့ဘူး။ အတူတူမစား တော့ဘူး။ နေ့စဉ်တရားနာရင်းနဲ့ အနာဂါမ်တည်သွားတာ။ ဘုရားလက်ထက်က တရားစခန်းမှမရှိဘဲနဲ့။ တရားနာရင်းနဲ့ အားထုတ်တာပေါ့။ သောတာပန်၊ သကဒါဂါမ်ဖြစ်တဲ့အချိန်မှာ တရားပွဲကပြန်လာတိုင်း သူ့မယားက တိုက်အပေါက်ဝကနေ လက်ကမ်းပြီး ကြိုတယ်။ သူက မယားလက်ကလေးဆွဲပြီး အပေါ်တက်စားကြသောက်ကြနဲ့ပေါ့။ ဒီလိုပဲ နေကြတယ်။ အနာဂါမ်တည်တဲ့နေ့ကျတော့ သူ့မယားလက်ကမ်းတာကို လှမ်းမကိုင်တော့ဘူး။ မကိုင်ချင်တော့တာ။ မုန်းလို့ မဟုတ် ဘူး။ အသုဘဘာဝနာကို ကောင်းကောင်းကြီးမြင်သွားလို့ပဲ။ အနာဂါမ်က ဒီလူ့ဘုံကို ပြန်မလာတော့ဘူး။ နတ်ဘုံကိုလည်း ပြန်မလာတော့ဘူး။ ကာမဂုဏ်ခံစားချင်စိတ် မရှိတော့တာ ပဲ။ ထမင်းလည်း အတူတူမစားတော့ဘူး။ အဲဒီမှာ မယားက ငါ့မှာအပြစ်များ ရှိလို့လားဆိုပြီး စိတ်မကောင်းဖြစ်သွား တယ်။ ညအိပ်တော့လည်း အတူတူမအိပ်ဘဲ ခွဲအိပ်တယ်။ မေထုန်မမှီဝဲတော့ဘူး။ အဲဒီမှာ မယားက စိတ်ထိခိုက်ပြီး တော့ အခန်းထဲဝင်လာတယ်။ အမျိုးသမီးက ဓမ္မဒိန္နာ၊ ယောကျ်ားက ဝိသာခပေါ့။ ယောကျ်ားဖြစ်သူက 'ဓမ္မဒိန္နာ

ညကြီးမင်းကြီး ဘာကိစ္စဝင်လာတာလဲ’ဆိုတော့ ‘အသင် သူဌေးမင်းရဲ့ အပြုအမူတွေက ဒီနေ့သူစိမ်းဆန်တယ်တဲ့။ ကျွန်မလက်ကမ်းတာကိုလည်း လှမ်းမကိုင်ဘူး။ ထမင်းလည်း အတူတူမစားဘူး။ ပြုံးပြုံးရွှင်ရွှင်လည်း မတွေ့ရဘူး။ ကျွန်မမှာ အပြစ်ရှိလို့လား။ ရှိရင်ပြောပါ’တဲ့။ သူတော်ကောင်းတွေရဲ့ စိတ်ဓါတ်က သူတို့ရဲ့မဂ်ဖိုလ်ကိစ္စကို မပြောဘူး။ မကြွားဘူး။ အခုဖြစ်ရပ်မှာတော့ အမှန်အတိုင်းမပြောရင် သူ့ဇနီးက ရင်ကွဲပြီးသေမှာ။ သူ့ထက်လည်း ငယ်တယ်။ အဲဒီတော့ သူက တရားထူးရခဲ့ပြီဆိုတာကို ထုတ်ပြောတယ်။ တရားနာရင်းနဲ့ ရသွားတာလေ။ အာရုံငါးပါး၊ ကာမဂုဏ်တရားတွေကို ခံစားချင်စိတ်မရှိတော့ဘူးတဲ့။ ဒါကြောင့် ဒီနေ့ကစပြီး မင်းငါ့ကို အစ်ကိုအရင်းတစ်ယောက်လို ဆက်ဆံပါ။ ငါကလည်း မင်းကို နှမအရင်းတစ်ယောက်လို ဆက်ဆံမယ်တဲ့။ သို့သော် မင်းက အသက်ငယ်သေးတဲ့အတွက် ကြောင့်မို့ မင်းကိုစည်းစိမ်ဥစ္စာတွေ အကုန်လွှဲအပ်တယ်။ နောက်အိမ်ထောင်ပြုချင်လည်း ပြုပါတဲ့။ ငါ့ကိုတော့ အစ်ကိုအရင်းတစ်ယောက်လိုထားပြီး မင်းတို့ကျွေးတာလေးပဲ စားမယ်တဲ့။ အဲဒါတရားတကယ် ရသွားလို့။ တရားနာရင်းနဲ့ ကျင့်လိုက်တာပဲ။ သွားလာစားသောက် လုပ်ကိုင်ရင်းနဲ့ကျင့်လိုက်တာပဲ။ ဇနီးကလည်း ပါရမီရှိပါတယ်။ ရှင်ထွေးပစ်တဲ့ တံတွေး ကျွန်မ မမျိုနိုင်ဘူး။ တော်လိုက်တာ။ လောဘကြီးတဲ့

မိန်းမဆိုရင်တော့ ပွတာပဲလို့ တွေးမှာပေါ့။ ငါအကုန်ရပြီလို့ ထင်မှာပေါ့။ ဇနီးက မေးတယ်။ အဲဒီမင်္ဂဖိုလ်တရားထူးက ရှင်တို့ယောကျ်ားတွေပဲ ရနိုင်သလား။ ကျွန်မတို့ မိန်းမတွေကော မရနိုင်ဘူးလားဆိုတော့ မဟုတ်ဘူးတဲ့။ ဘုရားရဲ့ တရားထူးက မိန်းမ၊ ယောကျ်ားတန်းတူပါပဲတဲ့။ ဒါဆို ကျွန်မကို ရဟန်းမ ဝတ်ပေးလိုက်တော့ အပြီးအားထုတ်မယ်တဲ့။ အဲဒါနဲ့ ရဟန်းမဝတ်ပြီး ဘုရားဆီက တရားနာ၊ ကမ္မဋ္ဌာန်းတောင်းပြီး တောမှာ တရားအားထုတ်လို့ ရဟန္တာဖြစ်သွားတယ်။ မိန်းမက ပိုတောင်သာသွားသေးတယ်။ ရဟန္တာဖြစ်ပြီးတော့ သူ့ရဲ့ဆွေမျိုးသားချင်းတွေကို ချီးမြှောက်တဲ့အနေနဲ့ သူတို့မြို့ကို ပြန်လာတယ်။ သူဌေးကြီးက သူ့အမျိုးသမီးကို နှစ်အနည်းငယ်အတွင်းမှာ ရဟန္တာဖြစ်မယ်လို့ မထင်ဘူး။ ရဟန်းဘဝကို ပျင်းပြီး လူထွက်ချင်လို့ ပြန်လာတာလို့ထင်ပြီး သူကမေးခွန်းတွေ အများကြီးမေးတယ်။ သူ့မေးခွန်းတွေက သောတာပန်မှဖြေနိုင်တဲ့ မေးခွန်းတွေ သကဒါဂါမ်၊ အနာဂါမ်မှ ဖြေနိုင်တဲ့မေးခွန်းတွေ မေးတော့ ဟိုကအကုန်ဖြေနိုင်တယ်။ သူတို့နှစ်ယောက်ရဲ့ အကြောင်းတွေကို အကျယ်ရေးဖို့ စာအုပ်တွေ စုဆောင်းနေတာ ပြည့်စုံနေပါပြီ။ ဖြည်းဖြည်းချင်းတော့ ဖတ်ရလိမ့်မယ်နော်။

မေး။ ။ တပည့်တော်မှာ ဘာကိုမြင်မြင်၊ မြင်သိစိတ် အနိစ္စ၊ အသံကို

ကြားကြား၊ ဆူညံသံတွေကြားလည်း ကြားသိစိတ်အနိစ္စ၊ အာရုံနဲ့ ဒွါရတိုက်တဲ့အခါမှာ ဖြစ်ပြီးပျက်သွားတဲ့ ရုပ်တရား နာမ်တရားတွေပဲ။ ငါလည်း မဟုတ်ဘူး။ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ဘူး။ ခဏိကမရဏ ခဏတိုင်းသေနေတဲ့ မမြဲတဲ့ အနိစ္စတရားတွေပဲလို့ ဉာဏ်လေးနဲ့ သိမှတ်ပါတယ်။

ဖြေ။ ။ ဉာဏ်လေးနဲ့ သိမှတ်ရင်ကိုပဲ ကိစ္စပြီးပါတယ်။

မေး။ ။ လှေကားအတက်အဆင်း လုပ်တဲ့အခါမှာလည်း တစ်ထစ်မိလည်း မိသလောက် ခန္ဓာငါးပါး အနိစ္စလို့မှတ်ပါတယ်။ ပထမတစ်ထစ်တုန်းက ခန္ဓာငါးပါး၊ ရုပ်တရားတွေဟာ ဒုတိယ တစ်ထစ်တက်နေတဲ့အခါမှာ မပါကြဘူး။ ပထမတစ်ထစ် တက်နေတုန်း အချိန်မှာပဲ ချုပ်ပျောက်ပျက်စီးသွားကြတယ်။ ဒါကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတွေဟာ အနိစ္စအမြဲ မရှိလို့ ဉာဏ်လေးနဲ့သိပေးပါတယ်။

ဖြေ။ ။ ဒါ ကျန်တဲ့ယောဂီများပါ အတုခိုးစရာလေးပါ။

မေး။ ။ ဆွမ်းစားတဲ့အခါမှာလည်း ဒီအစားစာများ ထုတ်လုပ်သူ၊ ရောင်းသူအားလုံး၊ လှူဒါန်းသူအားလုံး ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာဘာဝနာပွားပြီး ဆရာတော်၏ပါရမီ ထိုက်သော ဒါနနှင့် မထိုက်သောဒါနမှ မစားခင်၊ စားဆဲ၌ ဆင်ခြင်သည့်အတိုင်း ဆင်ခြင်ပြီးမှ စားပါတယ်။ စားရင်းနဲ့

လည်း မိရင်မိသလောက် တစ်လုပ်ပြီးတစ်လုပ်၊ ခန္ဓာငါးပါး အနိစ္စ၊ စားသိစိတ်အနိစ္စလို့ မှတ်ပါတယ်။ အချက်တိုင်း တော့ မမှတ်နိုင်ပါဘူး ဘုရား။

ဖြေ။ ။ ဟုတ်တာပေါ့။ အချက်တိုင်းတော့ ဘယ်မှတ်နိုင်မလဲ။ မှတ် နိုင်သလောက်ပဲ မှတ်ရတယ်။

မေး ။ ။တပည့်တော်မတို့ လူယောဂီများအတွက် ပိဋကပါတ်ဓုတင် ဆောင်စရာ တစ်ခုပဲရှိပါသလား ဘုရား။ ဓုတင်(၁၃)ပါးလုံး သိချင်ပါတယ်။ ဖြေကြားပေးပါ။

ဖြေ။ ။ (၁၃)ပါးလုံး ဖြေကြားဖို့ ဆရာတော်လည်း အချိန်မရှိဘူး။ အကုန်လုံးလည်း မမှတ်မိဘူး။ တောင်ပုလုဆရာတော်ကြီးရဲ့ တပည့်တစ်ယောက်ရေးတဲ့ ဓုတင် (၁၃)ပါးဆိုတဲ့ စာအုပ် သေးသေးလေးရှိတယ်။ ဘုရားဈေးမှာလည်း ဝယ်ကြည့်ပါ။ အဲဒီမှာ အကုန်ပါပါတယ်။

မေး။ ။ စင်္ကြံလျှောက်တဲ့အခါ ခန္ဓာငါးပါးအနိစ္စလို့ မရှုဘဲ ခြေဖဝါးနဲ့ ကြမ်းပြင်ထိတာကိုပဲ ထိသိစိတ်အနိစ္စလို့ မှတ်လို့ရပါသလား။

ဖြေ။ ။ ရပါတယ်(သို့မဟုတ်) သွားနေတယ်လို့ သိပေးနေရင်လည်း ရပါတယ်။ သွားတဲ့အချိန်မှာ သွားနေတယ်လို့ သိပေးရင် ကိစ္စပြီးပါတယ်။

မေး။ ။ အိမ်တွင်းနတ်ကို မိမိက မကိုးကွယ်ပေမယ့် အိမ်မှမိသားစုက ကိုးကွယ်နေလျှင် မိမိပါရောပြီး သရဏဂုံညှိုးနွမ်းပါသလား။

ဖြေ။ ။ မညှိုးနွမ်းပါဘူး။

မေး။ ။ သရဲ၊ တစ္ဆေများသည် စိတ်ထဲမှ အမျှပေးဝေတာကို သိနိုင်ပါသလား။

ဖြေ။ ။ မသိနိုင်ပါဘူး။ နှုတ်ကပေးမှ သိပါတယ်။ ရပါတယ်။

## ရုပ်ဟောင်းချုပ်၍ ရုပ်သစ်အစားထိုးပုံ

မေး။ ။ ရှိသေစွာလျှောက်ထားပါသည်။ ရုပ်ဟောင်းတွေပျက်သွားလျှင် ရုပ်သစ်တွေက အစားထိုးတဲ့အခါ ဥပမာ. . . ရုပ်ဟောင်း ၁၀၀-ပျက်လျှင် ရုပ်သစ် ၁၀၀အတိအကျအစားထိုးပါသလား။ အသက်အရွယ်ကြီးရင့်လာလျှင်(သို့မဟုတ်) သေသွားတာဟာ ရုပ်ဟောင်းတွေနေရာကို ရုပ်သစ်တွေအစားထိုးတာ၊ ရုပ်သစ်တွေက အားနည်းလာလျှင် အသက်အရွယ်ကြီးရင့်ကာ အိုမင်းမစွမ်း၊ မလုပ်နိုင်မကိုင်နိုင်၊ ငယ်စဉ်ကလို မသန်မြန်တာ၊ ရောဂါဘယထူပြောတာတွေ ဖြစ်လာတယ်လို့ သိထားပါတယ်။ ပျက်သွားတဲ့ ရုပ်ဟောင်းနေရာမှာ ရုပ်အသစ်တွေ အစားမထိုးနိုင်တဲ့တစ်နေ့ သေတယ်လို့ သိထားပါတယ်။ ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။

ဖြေ။ ။ အမှန်ကတော့ အသက်ကြီးလာတာနဲ့အမျှ အစားအသောက်ကလည်း နည်းသွားတာကိုး။ အဲဒီတော့ ရုပ်သစ်အစားထိုးမှုလည်း နည်းသွားတာပေါ့။ ကြည့်ပါလား။ နာတဲ့အချိန်ကျ

တော့ ဘာမှကိုမစားနိုင်တော့ဘူးလေ။ ဒီတော့ ရုပ်သစ်လည်း များများအစား မထိုးနိုင်တော့ဘူး။ ဒီသဘောပါပဲ။

## တရားကို မှတ်စု ရေးသင့်၊ မရေးသင့်

မေး။ ။ တရားဟောသင်တန်းပို့ချတဲ့ ဆရာတော်တစ်ပါးက ပြောပါတယ်။ ဘုန်းကြီးများ တရားဟောလို့ရှိရင် ရိုရိုသေသေ လေးလေးစားစားနဲ့ နားထောင်ပြီး စာအုပ်နဲ့လိုက်ပြီး ရေးမှတ်ဖို့အကြောင်း ပြောပါတယ် ဘုရား။ တပည့်တော်တို့ကတော့ ရေးမှတ်တဲ့အကျင့်ရှိနေပါတယ်။ ဒါမှလည်း အရေးကြီးတဲ့အချက်တွေကို မှတ်မိနိုင်မှာပါ ဘုရား။ ဘုရားရှင်လက်ထက်တုန်းက တရားကိုနာရင်းနဲ့ပဲ ရဟန္တာတွေ အများကြီးဖြစ်သွားတယ်လို့ ပြောပါတယ်ဘုရား။ တစ်ယောက်မှ ရေးမမှတ်ဘူးလို့ ပြောပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်တို့အနေနဲ့ မှတ်သင့်၊ မမှတ်သင့်ကို သိချင်ပါတယ် ဘုရား။

ဖြေ။ ။ မှတ်တာ ကြိုက်ပါတယ်။ မှတ်တဲ့အတွက်ကြောင့် ပိုပြီးတော့ မှတ်မိတာပေါ့။ ကိုယ့်ရဲ့ဦးနှောက်ထဲမှာ အကုန်မမှတ်နိုင်ဘူး။ လက်ရေးနဲ့ကူးရတာပဲ။ ဆရာတော်တို့က မှတ်တာကို ကြိုက်ပါတယ်။ သဘောကျပါတယ်။

မေး။ ။ တပည့်တော်သိလိုသည်မှာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်

ဖြစ်သော ဝါယောဓာတ်ကို ရှုပွားနေချိန်တွင် ကြားသိစိတ်ခေါ် စိတ္တာနုပဿနာဖြစ်ပေါ်လာပါသည်။ ထိုမှတစ်ဖန် ဥတုဇဝါယောနဲ့ ကိုယ်အကြည်ရုပ်တိုက်သည့်အချိန်တွင် သုခဝေဒနာဖြစ်ပေါ်လာပါသည်။ သတိပဋ္ဌာန်လေးပါးတို့တွင် ဘယ်စိတ်ပေါ်ပေါ် ခန္ဓာငါးပါးအနိစ္စဟူ၍ ရှုမှတ်ပွားများပါသည် အရှင်ဘုရား။ တပည့်တော် ရှုမှတ်သည်မှာ မှန်ပါသလား(သို့မဟုတ်)သတိပဋ္ဌာန်တစ်ပါးတည်းကိုသာ ရှုမှတ်ရမည်လား။ ဖြေကြားပေးပါ။

ဖြေ။ ။ တစ်ပါးတည်းမှတ်ရင် ကိစ္စပြီးပါတယ်။ စိတ်ပေါ်ရင် စိတ်ပေ့ါ။ ရုပ်ပေါ်ရင် ရုပ်ပေ့ါ။ ဝေဒနာပေါ်ရင် ဝေဒနာပေ့ါ။ အဲဒါက ပိုရှင်းပါတယ်။

## တရားရှုရင်း ခန္ဓာကိုယ်လှုပ်နေရင်

မေး။ ။ တပည့်တော်ရှုသွင်းထုတ်လုပ်သည့်အခါ ခန္ဓာကိုယ်သည် ငြိမ်မနေပါ။ တပည့်တော် ငြိမ်အောင်ကြိုးစားသော်လည်း မရဘဲ ဆက်မှတ်နေလျှင် အရှေ့နှင့်အနောက်သို့ တုန်တုန်လှုပ်လှုပ်ဖြစ်နေပါတယ်။ အဲဒီလိုဖြစ်နေရင် စိတ်ကလည်း တုန်လှုပ်နေသလိုပါပဲ။ အဲဒီလိုဖြစ်လာရင် ဆက်မရှုတော့ဘဲ မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပွားခြင်း၊ မရဏာနုဿတိပွားခြင်း၊ တစ်ခုခုကို လုပ်လိုက်ရင် သက်သာသွားပါတယ်။ ခန္ဓာကိုယ်လှုပ်ရှားနေတာကို လှုပ်တယ်လို့မှတ်သင့်ပါသလား။

ဖြေ။ ။ မှတ်လို့ရပါတယ်။ လှုပ်တဲ့သဘောလေး မြင်အောင်ကြည့်ပါ။ အဲဒီလိုလှုပ်တာကို ကြောက်တဲ့စိတ်ပေါ်တယ်ဆိုရင်တော့ တခြားဂုဏ်တော်တွေ၊ မေတ္တာတွေ ပြောင်းပွားလိုက်ပေါ့။ ငြိမ်သက်တာ ပိုကောင်းပါတယ်။ အဲဒီလို အချိန်တွေမှာလည်း မဟုတ်တရုတ်ပုဂ္ဂိုလ်တွေက ဝင်ရှုပ်ချင်တတ်ကြတယ်။ ဒါကြောင့် ကိုယ်မနိုင်သေးဘဲနဲ့ အကြာကြီး မထိုင်ခိုင်းတာပါ။ ဂုဏ်တော်၊ မေတ္တာပြောင်းပွားလို့ ရတယ်။

မေး။ ။ တပည့်တော် စင်္ကြံလျှောက်သည့်အခါ လှမ်းတယ်၊ ကြွတယ်၊ ချတယ်ဟု မမှတ်ဘဲ လေ့ကျင့်ခန်းလုပ်သလို မြန်မြန်လက်လွှဲလျှောက်ပြီး လျှောက်ချင်တာက စိတ်၊ လျှောက်နေတာက ရုပ်ဟုမှတ်ပြီး လျှောက်ပါတယ် ဘုရား။ ဆက်လျှောက်နေရင်းမှ ခြေဖဝါးနဲ့ ကြမ်းပြင် ထိနေတာက ပထဝီဓါတ်ကြောင့်၊ လျှောက်သွားနိုင်တာက ဝါယောဓါတ်ကြောင့်ဟု မှတ်လျှင် မှန်ပါသလား။

ဖြေ။ ။ မှန်ပါတယ်။ အများကြီး မှတ်စရာမလိုပါဘူး။ ဘုရားပြောတဲ့အတိုင်း ရိုးရိုးလေးပဲ သိလိုက်ပေါ့။ သွားရင်သွားတယ်လို့ သိရင် ရသွားပြီ။ ယောဂီတို့က အခြေခံတွေဖြစ်တဲ့ ဓါတ်တွေ၊ ပရမတ်တွေကို နားလည်ပြီးသားကိုး။ ယောဂီတို့က သွားတယ်လို့သိလိုက်ရင်ပဲ ဓါတ်တွေ၊ ပရမတ်တွေက ပါသွားပြီ။ သီးသန့်ကြီး ပထဝီ၊ အာပေါတွေကို လုပ်နေ

စရာမလိုဘူး။ ဥပမာပေးရရင် ဖရဲသီးတွေကို ကားပေါ်ကနေ အောက်ချတယ်ပေါ့။ ချတဲ့အခါ ဒါတွေကိုဖရဲသီးလို့ကိုယ်က သိထားပြီးပြီလေ။ အောက်ချပြီးရေတွက်တဲ့အခါမှာ ဖရဲသီး တစ်လုံး၊ ဖရဲသီးနှစ်လုံးဆိုပြီး ဖရဲသီးဆိုတဲ့စကားထည့်စရာ လိုသေးလား။ မလိုတော့ဘူးလေ။ ဒီအတိုင်းပဲ တစ်လုံး၊ နှစ်လုံးဆိုပြီး ရေတွက်လို့ရတယ်လေ။ ကိုယ်က ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော အကုန်သိနေပြီပဲ။ ဒါကိုလိုက် ဆိုစရာ မလိုတော့ဘူး။ ဒါကြောင့် သွားရင်သွားတယ်လို့ သိလိုက်ရင် ပထဝီ၊ အာပေါဓါတ်တွေက ပါပြီးသားပဲ။ ဘာမှမသိသေးခင်သာ ဆိုရတာ။ သိသွားရင် မလိုတော့ ဘူး။

မေး။ ။ ဆရာတော်ဘုရားအလုပ်ပေးတရားဟောရာတွင် ကြားနေ သည်ကို ကြားသည်ဟုမှတ်ရမှာလား။ ဝင်လေထွက်လေပဲ မှတ်ရမှာလား။ တရားကို အာရုံစိုက်နားထောင်ရမှာလား။

ဖြေ။ ။ တရားနာတဲ့အခါမှာတော့ တရားကိုပဲ အာရုံစိုက်နားထောင် ရမယ်။

မေး။ ။ တရားနာနေစဉ်တွင်လည်း တရားသံကို ကြားတဲ့စိတ်ကို လိုက်မှတ်ရမှာလား။ ဟောတဲ့တရားကိုပဲ သဘောပေါက် အောင် အာရုံစိုက်ရမှာလား။ ဒါမှမဟုတ် တရားကိုအာရုံ

စိုက်လိုက်တာနဲ့ လုံလောက်ပြီး ကြားတဲ့စိတ်ကို မရှုရတော့ဘူးလား။

ဖြေ။ ။ မရှုရပါဘူး။ တရားနာတဲ့အခိုက်မှာတော့ ဟောတာကိုပဲ နားလည်အောင် အာရုံစိုက်ရပါမယ်။ အဲဒါက အရေးကြီးပါတယ်။

## ကာယကံမေတ္တာပွါးပုံအကျယ်

မေး။ ။ မေတ္တာဘာဝနာပွားများနေရင်လည်း ရွတ်ဆိုနေရင် မေတ္တာစိတ်ထားရမှာလား။ နှုတ်က ရွတ်တယ်၊ ရွတ်နေတာကို သိအောင်မှတ်ရမှာလား။ မေတ္တာစိတ်ထားရွတ်နေရင် တရားမမှတ်တော့တဲ့အတွက် မောဟရွတ်နေတာကို မသိစိတ်ဝင်ပါသလား။

ဖြေ။ ။ မဝင်ပါဘူး။ ကုသိုလ်တရားပါပဲ။ မေတ္တာကလည်း သုံးမျိုးရှိတာကိုး။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတဲ့။ စိတ်ထဲကလည်း မေတ္တာပို့ရတယ်။ စိတ်ထဲကပို့တာက စိတ်ထဲကပွားတာပေါ့။ နှုတ်ကလည်း မေတ္တာအလုပ်လုပ်ရတယ်။ ဘယ်လိုလုပ်လဲဆိုလို့ရှိရင် သူများစိတ်ချမ်းသာမယ့် စကားကိုပြောတာပေါ့။ ကိုယ်နဲ့လည်း မေတ္တာပွားရတယ်။ အခုဆရာတော်က ယောဂီတို့တရားပွဲမီအောင် မှော်ဘီမြို့နယ် ဆရာတော်ဥက္ကဋ္ဌကျောင်းကနေကားကို အမြန်မောင်းလာရတယ်။ ဒီကနေ မနက်(၈)နာရီ

ထွက်သွားတာ။ မမီလို့ ဖုန်းဆက်ပြီးတော့ နာရီဝက်နောက်ကျခိုင်းရတယ်။ အဲဒီဆရာတော်ကြီးက သက်တော် (၇၈) (၈၀)နီးပါရှိပြီ။ ဆရာတော်တို့ ဘဝတစ်သက်တာမှာ မြို့နယ်သံဃနာယက၊ ကျေးရွာရပ်ကွက်သံဃနာယကတွေထဲမှာ ဒီမြို့နယ်က အကောင်းဆုံးပဲ။ သူတော်ကောင်းဆရာတော်တွေချည်းပဲ တွေ့ရတယ်။ ဆရာတော်ကျောင်းတိုက်တွေ တည်ခဲ့တဲ့မြိတ်၊ ကော့သောင်း၊ မှော်ဘီထဲမှာ ဒီမြို့နယ်က စိတ်အချမ်းသာဆုံးပဲ။ မေတ္တာကရုဏာကြီးမားကြတယ်။ ကိလေသာမစွဲရိယ ကင်းရှင်းကြတယ်။ ဒါကြောင့်လည်း မှော်ဘီမြို့ဟာ သာသနာ့မြို့တော်ကြီးဖြစ်သွားပါတယ်။ နာမည်ကြီးဆရာတော်များရဲ့ ရိပ်သာတွေ မှော်ဘီမြို့မှာ အကုန်ရှိပါတယ်။ အဲဒါ ဆရာတော်တွေက လက်ခံလို့ပဲ။ ဒီဆရာတော်တွေက ဒီကောင်တွေလာလို့ ငါတို့လာဘ်လာဘတွေခွဲပေးရမှာစိုးလို့ မလုပ်နဲ့ကွာဆိုရင် မလုပ်ရတော့ဘူး။ မဆောက်ရတော့ဘူး။ တခြားမြို့နယ်ရွာတွေမှာ အဲဒီသံဃနာယကတွေက ပိတ်တဲ့အတွက်ကြောင့် ရိပ်သာတွေဖြစ်ရမယ့်ဟာ မဖြစ်တော့ဘူး။ ဘုန်းကြီးကျောင်းတွေပေါ်ရမယ့်ဟာ မပေါ်တော့ဘူး။ သာသနာဆုတ်ယုတ်သွားတယ်။ အဲဒါစိတ်ဓါတ်ညံ့တဲ့ သံဃနာယက အချို့က လုပ်တာပဲ။ အခုဆရာတော်များကျတော့ စိတ်ဓါတ်က အင်မတန်ဖြူစင်တယ်။ ဒီကျောင်းမှာ သိမ်သမုတ်တဲ့အချိန်ကဆို ဆရာတော်

မရှိဘူး။ အဲဒီမြို့နယ် ဥက္ကဋ္ဌဆရာတော်ကြီးကိုယ်တိုင်လာ လုပ်ပေးတာ။ သူက လုပ်ပေးရမှာပေါ့တဲ့။ သူတို့က တစ်ပြည်လုံးလှည့်ပြီး တရားဟောရတာ၊ တို့မှာတာဝန်ရှိတယ်ဆိုပြီး လုပ်ပေးရှာတယ်။ ပြီးခဲ့တဲ့နှစ်က ကထိန်ခင်းတော့ ဒီမှာ ထေရဝါဒနည်းအရ ကထိန်ခင်းပါတယ်။ ဈေးချိုကပါ။ ခင်းမယ်ဆိုတော့ ဆရာတော်က ပြောလိုက်တယ်။ ဆရာတော်ကတော့ ဘယ်ရွှေ့ဘယ်မျှလို့ မသတ်မှတ်ဘူး။ နိုင်သလောက်လုပ်လို့ ပြောလိုက်တယ်။ ကျောင်းသံဃာကို တစ်ပါး သင်္ကန်းတစ်စုံရရင် တော်ပြီလို့ပြောလိုက်တယ်။ ပရိသတ်ကို ကျွေးနိုင်ရင် ဖိတ်ပေးမယ်။ မကျွေးနိုင်ရင် မဖိတ်ဘူးလို့ ပကာသနမလိုပါဘူးလို့ ပြောလိုက်တယ်။ ပဒေသာပင်တွေဆိုလည်း အလဟဿကုန်မယ့်ဟာတွေ ဘာပင်မှ မသီးပါနဲ့လို့၊ နဝကမ္မတတ်နိုင်သမျှ လှူကြလို့ ပြောရတယ်။ အဲဒီတုန်းက ဒီအဆောက်အအုံတွေလည်း မပြီးသေးဘူးလေ။ ကျောင်းမှာရိပ်သာအတွက် ပစ္စည်းတွေ အများကြီးလိုတယ်။ သူတို့ကလည်း ဆရာတော်စကားနားထောင်တယ်။ ဘာပစ္စည်းမှမလုပ်ဘဲ ငွေသားတွေပဲ ထည့်ကြတယ်။ အခုရှိနေတဲ့ စတီးသောက်ရေစင်ရယ်၊ ယောဂီတို့စားတဲ့ စတီးလ်ပန်းကန်ပေါင်းအချပ် ၁၀၀၀-ရယ် သူတို့ကထိန်အဖွဲ့က လှူတာ။ ပင့်သံဃာလှူတာလည်း မနည်းဘူး။

တစ်ပါးကို ခေါင်းအုံး၊ ခြင်ထောင်၊ မွေ့ရာ အစရှိတဲ့ ပစ္စည်းတွေ အများကြီးပဲ။ အထုပ်က အကြီးကြီးပေါ့။ မြို့နယ်ဥက္ကဋ္ဌ ဆရာတော်ကြီးကတောင် ရယ်စရာပြောသေးတယ်။ ဟ. . . မင်းတို့ပစ္စည်းက မင်္ဂလာခန်းဝင်ပစ္စည်းကျနေတာပဲ။ ခုတင်ပဲလိုတော့တယ်တဲ့။ လှူကြတာ အများကြီးပဲ။ ဆရာတော်ကိုလည်း သီးသန့်ငွေသိန်း(၃၀)ကိုငွေသားချည်းပဲလှူတယ်။ အဲဒီလှူတဲ့ပွဲမှာ မြို့နယ်ဥက္ကဋ္ဌဆရာတော်ကြီးကိုပင့်လို့ ကြွလာရင်းနဲ့ပြောရှာတယ်။ ဦးဇဝနရေ. . . တပည့်တော်ကျောင်းမှာက ကုဋီကဝေးတယ်တဲ့။ ဆရာတော်ကြီးနေတဲ့ ကျောင်းထဲမှာ ကုဋီ မရှိဘူး။ ရေချိုးခန်း မရှိဘူး။ ငယ်ငယ်တုန်းကတော့ သွားနိုင်တယ် ဦးဇဝနရေ။ အခုက တပည့်တော် အသက်က (၈၀)နီးပြီတဲ့။ အဲဒါကုဋီသွားတဲ့အခါ မနိုင်မနင်း ဖြစ်တယ်တဲ့။ အသက်ကြီးလာတော့ သွားရတာ ဝေးတယ်လေ။ အဲဒါကြောင့် ကုဋီလုပ်မလို့တဲ့။ ဆရာတော် . . . အလှူရှင်ရှိလားဆိုတော့ မရှိဘူးတဲ့။ နည်းနည်းပါးပါးချင်း စုနေတာတဲ့။ တပည့်တော်လှူမယ်။ ဘယ်လောက်ကုန်မလဲ ဆိုတော့ သိန်း(၃၀)တဲ့။ အဲဒါ မန္တလေးကထိန်က ကပ်တဲ့သိန်း(၃၀)ချက်ချင်း လှူလိုက်တယ်။ ဟိုက ရပြီး ဒီကိုတန်းလှူလိုက်တာ။ တစ်နာရီလောက်ပဲ ကြာမယ်။ အဲဒါဆရာတော်ကြီး ဆောက်လိုက်တာ ဆောက်ရင်းနဲ့ နှစ်ထပ် ဖြစ်သွားတယ်။ ကောင်းပါတယ်။ အောက်ထပ်မှာလည်း သူ့ရဲ့

အစ်မအကြီးဆုံးတစ်ယောက်ရှိတယ်။ သူ့အစ်မက (၈၁)နှစ် ရှိပြီ။ မောင်ဘုန်းကြီးဆီမှာ လာနေတာ။ ဒီဆရာတော်ကြီးက (၇၈)နှစ်ရှိပြီ။ အဲဒါ အောက်ထပ်ရော အပေါ်ထပ်(၂)ထပ် ကို သိန်း(၄၀)လောက်ကုန်သွားတယ်တဲ့။ (၁၀)သိန်းလိုနေ တယ်။ အဲဒါ ဆရာတော်ရောက်တဲ့အခါကျတော့ ပြောပြ ရှာတယ်။ အေးကွာ. . . ငါ့မှာတော့ (၁၀)သိန်းအကြွေးတင် နေတယ်။ အဲဒီ(၁၀)သိန်းအကြွေးကပိလို့ ငါ့အရပ်တောင် တဖြည်းဖြည်း ပု, ပုလာတယ်တဲ့။ (၁၀)သိန်းအကြွေးက ပိထားလို့တဲ့။ အဲဒါအခုချက်ချင်းပြေးပြီးတော့ လှူခဲ့တာပါ။ အဲဒီတော့ ပရိသတ်တို့. . . အဲဒါကာယကံမေတ္တာပဲ။ ဩော်. . . သက်ကြီးဝါကြီးဆရာတော်ကြီး၊ မြို့နယ်ဥက္ကဋ္ဌ ဆရာတော်ကြီးဖြစ်ပြီးတော့ ကုဋေကောင်းကောင်းတောင် မရှိဘူးလေ။ ဆရာတော့်ကျောင်းမှာလည်း လိုအပ်နေတာ တွေ အများကြီးပဲလေ။ ငါ့ကိစ္စတွေပြီးမှ လှူမယ်ဆိုရင် လှူဖြစ်တော့မှာ မဟုတ်ဘူး။ ဘယ်တော့မှလည်း ပြီးမှာ မဟုတ်ဘူး။ ကြာမှာပဲလေ. . . ဒါကြောင့် သွားလှူလိုက်တယ်။ အဲဒီတော့ မြို့နယ်ဥက္ကဋ္ဌဆရာတော်ကြီး ကျန်းမာပါစေလို့ ပါးစပ်ကမဆိုသော်လည်းပဲ ဆရာတော်ကိုယ်တိုင် သွားလှူ တာဟာ ကာယကံမေတ္တာပဲ။ လက်တွေ့ချမ်းသာအောင် လုပ်နေပြီဆိုရင် ပါးစပ်က ချမ်းသာပါစေလို့ ပြောနေစရာ မလိုတော့ဘူး။

## စာကြည့်ချိန်မှာ တရားမမှတ်တာ မောဟလား

မေး။ ။ တပည့်တော် တရားစခန်းမှာ(သို့မဟုတ်) သွားလာလျှောက်နေရင်း တရားမှတ်လို့ ရပါတယ်။ ဒါပေမဲ့ အိမ်မှာစာဖတ်နေတာပဲဖြစ်ဖြစ်၊ အာရုံတစ်ခုစိုက်သွားရင် တရားမှတ်လို့ မရဘူး။ ဒီလိုဆိုရင် မောဟဖြစ်ပြီး အပြစ်ရှိပါသလား။

ဖြေ။ ။ မရှိပါဘူးနော်။ မောဟဆိုတာ အမှန်မသိတာ၊ တွေဝေတာကို ပြောတာပါ။ မဖြစ်ပါဘူး။

မေး။ ။ ဝိပဿနာတရားထိုင်ပြီး အားမထုတ်မီ ဆရာတော် ဟောကြားရေးသားသည့် တရားမျိုးကိုဦးစားပေး နာကြားဖတ်သင့်ပါသလား။ မည်သည့်တရားမျိုးကို ဦးစားပေးနာကြားဖတ်သင့်ပါသလဲ။

ဖြေ။ ။ ဝိပဿနာအလုပ်ပေးအခွေ ၃, ၄ မျိုးလောက် ရှိတယ်။ ကော့သောင်းမှာ ဟောတာက (၁၃)ခွေတွဲ၊ မြိတ်မှာဟောတာက (၁၄)ခွေတွဲ၊ ရွှေပြည်သာကျောင်းမှာ ဟောတာက (၁၅)ခွေတွဲ၊ ရန်ကုန်မြို့ထဲမှာ ဟောတာက (၂၄)ခွေတွဲပေါ့။ အဲဒါကို တစ်မျိုးလောက်နာထားရင် ရပါတယ်။ စာအုပ်ကတော့ ဂမ္ဘီရဝိပဿနာကို ဖတ်ပါ။

မေး။ ။ တပည့်တော်တရားထိုင်တဲ့အခါ ဝင်လေထွက်လေကို သိပ်ပြီးတော့ ရှုမှတ်လို့ မရပါဘူးရား။ ကိုယ်ခန္ဓာမှာ လှုပ်တဲ့နေရာလေးတွေကို လှုပ်တယ်၊ လှုပ်တယ်ဟု လှုပ်တာခြင်း

မတူတာကို မှတ်ပါတယ်။
ထိုင်တာကြာလို့ နာလာတဲ့အခါ နာတာချင်းမတူတာကို ရှုမှတ်ပါတယ် ဘုရား။ အဲဒီလို ရှုမှတ်တာ ဝိပဿနာဖြစ်ပါသလား။

ဖြေ။ ။ မှန်တယ်။ မှတ်လို့ရပါတယ်။ ဖြစ်ပါတယ်။

## ရောဂါကြောင့် မထိုင်နိုင်သူများ တရားမရတော့ဘူးလား

မေး။ ။ တစ်ခါတစ်ရံ ကြာရှည်ထိုင်လို့ရပြီး တစ်ခါတစ်ရံကြာရှည် မထိုင်နိုင်ပါဘုရား။ သက္ကာယဒိဋ္ဌိ ဖြုတ်နိုင်မှ တာရှည်ထိုင်နိုင်ပါသလား ဘုရား။ တာရှည်မထိုင်နိုင်ရင် အားနည်းတဲ့ ဝိပဿနာ ဖြစ်ပါသလား။

ဖြေ။ ။ ဘာမှမဆိုင်ပါဘူး။ သက္ကာယဒိဋ္ဌိက ထိုင်ပဲဖြုတ်ဖြုတ်၊ လျောင်းရင်းနဲ့ပဲ ဖြုတ်ဖြုတ် ဘယ်လိုဖြုတ်ဖြုတ် ဖြုတ်ပါတယ်။ အဓိက,က သက္ကာယဒိဋ္ဌိက ဉာဏ်နဲ့ဖြုတ်ရတာပဲ။ အဲဒါပဲ။ တချို့ အဲဒါကို မသိတော့ ထိုင်တာတစ်ခုကိုပဲ အားစွဲနေတယ်။ ဘုရားလက်ထက်က တိဿမထေရ်ဆိုရင် ရောဂါဖြစ်ပြီး သူ့တစ်ကိုယ်လုံးမှာ အဖုကြီးတွေပေါက်ပြီး အိပ်ရာထဲလဲနေတာ။ အဖုကြီးတွေကအနာတွေပေါက်ပြီး သွေးပုပ်တွေ၊ ပြည်ပုပ်တွေယိုကျပြီး အနာအရှိန်နဲ့ဖျားတယ်။ ဒီကြားထဲမှာ လက်တွေ၊ ခြေတွေမှာရှိတဲ့ အရိုးတွေကကျိုးပြီး မလှုပ်နိုင်ဘူး။ ပုပ်စော်နံနေတာပဲ။ ပုံလွှန်တော်မူမယ့်နေ့မှာ မြတ်စွာဘုရား

ကတွေ့သွားပြီး ဘုရားရှင်ကိုယ်တိုင်ပြုစုပေးတယ်။ အညစ်အကြေးတွေ သန့်ရှင်းပေး၊ သက်န်းတွေလျှော်ပေးပြီး သူ့စိတ်လေးကြည်လင်တဲ့အချိန်ကျမှ တရားတစ်ပုဒ်ဟောပေးလိုက်တယ်။ တရားအဆုံးမှာ မဂ်ဖိုလ်ရပြီး ရဟန္တာဖြစ်တယ်လေ။ ကဲ. . . အဲဒီပုဂ္ဂိုလ်ထိုင်နိုင်ရဲ့လား။ မထိုင်နိုင်ဘူးနော်။ ပက်လက်ကြီးပဲ။ ကြာကြာထိုင်မှာသာရမယ်ဆိုတဲ့ပုဂ္ဂိုလ်တွေစဉ်းစားဖို့ ပြောပြတာပါ။ သူဟာ ကိလေသာတွေကို မဂ်ဉာဏ်နဲ့ ပယ်လိုက်တာလေ။ အဲဒီမဂ်ဉာဏ်က ပက်လက်လည်း ရပါတယ်။

လမ်းလျှောက်ရင်း၊ တရားနာရင်း၊ ထိုင်ရင်းနဲ့ရပါတယ်။ တစ်ခုတည်းကို မစွဲပါနဲ့။ ကြေကွဲစရာတွေအများကြီးကြုံရတယ်။ မတ္တရာမြို့နယ်၊ နံ့သာမြိုင် အနာကြီးရောဂါသည်တွေကို တရားစခန်းတစ်ခုက ပုဂ္ဂိုလ်တွေ တရားပြပေးဖို့ ရောက်လာတယ်။ ဒါကောင်းပါတယ်။

ဝမ်းသာစရာပေါ့။ ဒါပေမဲ့ ရောက်လည်းလာရော သူတို့က ဒီအခြေအနေအတိုင်းဆို ပြပေးလို့ မဖြစ်ဘူးဆိုပြီး ပြန်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအနာကြီးရောဂါသည်တွေက မထိုင်နိုင်လို့တဲ့။ သူတို့တရားက ထိုင်မှရမယ်တဲ့။ မထိုင်နိုင်ရင် တရားမရတော့ဘူးဆိုတော့ ယောဂီတွေ စိတ်ဆင်းရဲသွားတာပေါ့။ တချို့က ရောဂါဆိုးတယ်။ ထိုင်လို့မရဘူး။ ပက်လက်လေးတွေ၊ တချို့က တစောင်းလေး

တွေ၊ အဲဒီလိုနေရတာ။ ဒါနဲ့ ဘုန်းကြီးက ရတယ်။ ဆရာတော်လုပ်ပေးမယ်ဆိုပြီး ဝိပဿနာအလုပ်ပေးခွေတွေကို သွားလျှာတယ်။ အသံခွဲ့စက်တွေကို သူတို့ဆေးရုံ ဆေးခန်းမှာအကုန်တပ်ပေးလိုက်တယ်။ အခုဆို အဆင်ကိုပြေနေတာပဲ။ တစ်နေ့ကို (၂)ခွေဖွင့်ပေးတယ်။ အဲဒါ ပက်လက်တရားရှုနေတာပဲ။ သူတို့ရရင်လည်း ပက်လက်နဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှာပဲ။

မေ။ ။ တရားမထိုင်ဘဲ ရိုးရိုးထိုင်နေစဉ်၊ လျောင်းနေစဉ်အတွင်း လှုပ်တာလေးတွေ၊ ယားတာလေးတွေ မှတ်နေရင်လည်း ဝိပဿနာဖြစ်ပါသလား။

ဖြေ။ ။ ဖြစ်ပါတယ်။ ဝိပဿနာဖြစ်ပါတယ်။

မေး။ ။ သောတာပန်တိုင်း ဖလသမာပတ် ဖိုလ်ဝင်စားနိုင်ပါသလား။ မဂ်သာရရှိပြီး ဖိုလ်မရသေးသော၊ ဖလသမာပတ်မဝင်စားနိုင်သော သောတာပန်မျိုးရှိပါသလား။
မဂ်ဖိုလ်တို့သည် မဂ်ကျပြီး ဖိုလ်တန်းကျပါသလား။ (သို့) မဂ်ကျပြီး ရက်(သို့)လ၊ နှစ်အတော်ကြာမှ ဖိုလ်ရရှိတာပါသလား။

ဖြေ။ ။ မဝင်စားနိုင်ပါဘူး။ မဝင်စားနိုင်သော သောတာပန် အချို့ရှိပါတယ်။

မရှိပါဘူး။ မဂ်ပြီးရင် ဖိုလ်ကတန်းဖြစ်တာလေ။ မဂ်နဲ့ဖိုလ်က တစ်တွဲတည်းပဲ။ မဂ်စိတ်ပြီးရင် ဖိုလ်စိတ်တန်းဖြစ်ရတာ။ ဟုတ်ပါတယ်။ တန်းကျပါတယ်။ မဂ်ဖိုလ်က တန်းဖြစ်တာ။ တစ်ဆက်တည်းပဲနော်။

## ရုပ်ထူးနာမ်ထူး ပြဿနာ

မေး။ ။ နိဗ္ဗာန်သည် ပုံသားသဏ္ဌာန်ရှိပါသလား။ အကယ်၍ရှိသည် ဆိုလျှင် နိဗ္ဗာန်၌စံဝင်လျက်ရှိသော ဘုရားရဟန္တာတို့သည် မည်သို့သော ရုပ်၊ စိတ်၊ စေတသိက်တို့ဖြင့် စံဝင်နေပါ သလဲ။ မည်သည့်ကိစ္စများဆောင်ရွက်ရန်ရှိ၍ နိဗ္ဗာန်ကို စံဝင်နေရခြင်း ဖြစ်ပါသလဲ။

ဖြေ။ ။ ပထမရွှေကျင်ဆရာတော်ကြီး၊ အုတ်ဖိုဆရာတော်ဘုရား ကြီး၊ သဲအင်းဂူဆရာတော်ဘုရားကြီး၊ ဆရာကြီးဦးကြင်ရွှေ တို့ရဲ့ ကျမ်းဂန်အထောက်အထားနဲ့ ပြောထားတာရှိပါတယ်။ မသေတဲ့ရုပ်၊ မနာတဲ့ရုပ်၊ မအိုတဲ့ရုပ်၊ မသေတဲ့နာမ်၊ မအိုတဲ့ နာမ်၊ မနာတဲ့နာမ်တဲ့။ အဲဒီရုပ်နာမ်မျိုးကို ဆရာတော်ဘုရား ကြီးများက ယူဆထားပါတယ်။ ကြိုက်ရင်ယူပါ။ မကြိုက်ရင် လည်း မယူဘဲနဲ့ ကိုယ်နားလည်မယ့်ဟာကို ဆက်ပြီးတော့ လေ့လာနိုင်ပါတယ်။

မေး။ ။ ဓါတ်ကြီးလေးပါးသည် မူလရှိနေသော ဓါတ်သဘာဝမှ

တခြားစိတ်တစ်မျိုး၏ သဘာဝသို့ပြောင်းလဲသွားနိုင်ပါသလား။ ဥပမာ-ပထဝီဓါတ်သည် ၎င်း၏ဂုဏ်သတ္တိဖြစ်သော မာသဘော၊ ပျော့သဘောမှ တေဇောဓါတ်၏ ဂုဏ်သတ္တိဖြစ်သော ပူသဘော၊ အေးသဘောသို့ လုံးဝအကြွင်းမရှိဘဲ ပြောင်းလဲသွားနိုင်ပါသလား။ ဓါတ်တစ်ခု၏ ဂုဏ်သတ္တိမှ တခြားဓါတ်တစ်ခု၏ ဂုဏ်သတ္တိသို့ အလွယ်တကူပြောင်းလဲသွားနိုင်ပါသလား(သို့မဟုတ်)ပြောင်းလဲ၍ရပါသလား။ ဓါတ်ကြီးလေးပါးတွင် မည်သည့်ဓါတ်သည် အင်အားအကြီးဆုံးလဲ။

ဖြေ။ ။ အမှန်ကတော့ အင်အားက အတူတူပဲ။ ပြောင်းလဲသွားနိုင်စွမ်းလည်း မရှိပါဘူး။ သူ့သဘောနဲ့သူ နေကြပါတယ်။

မေး။ ။ တပည့်တော်အသက်(၁၈)နှစ်အရွယ် ဘုရားရင်ပြင်မှာ တရားထိုင်နေရင်းနဲ့ ခန္ဓာကိုယ်အောက်ပိုင်းကျဉ်လာပါတယ်။ ကျဉ်တာကို ဆက်မှတ်နေရင်း ကျဉ်တာပျောက်သွားပြီး ခန္ဓာကြီးက ရင်ပြင်နဲ့မထိတော့သလို ခံစားရပါတယ်။ သမထလား၊ ဝိပဿနာလား။ အဲဒီမှာ ဥစ္စာစောင့်ပေါ်တယ်ဆိုတော့ ပြုစားလှည့်စားတာလားဆိုတာ မဝေခွဲတတ်ပါဘုရား။

ဖြေ။ ။ ဒါက သမထပါပဲ။ သမာဓိတန်ခိုးပါ။ အထိုင်များသူတွေ မကြာခဏ ဖြစ်တတ်ပါတယ်။

မေး။ ။ တပည့်တော်မသည် မနက်ပိုင်းတွင် ရှစ်ပါးသီလယူပြီး ဥပုသ်စောင့်ပါတယ်။ ညနေတရားပွဲသွားရာ တရားပွဲမှာ ငါးပါးသီလပေးပါတယ်။ တပည့်တော်မ လိုက်မဆိုပါဘူး။ ဘေးက ဥပုသ်သည်များက လိုက်ဆိုပါတယ်။ ဒါကြောင့် ဆိုကောင်း၊ မဆိုကောင်း ဦးပဥ္စင်းတစ်ပါးကို လျှောက်ထားရာ ငါးပါးတောင်ထပ်ရတယ်လို့ ပြောပါတယ်။ အဲဒါ မှန်ပါသလား. . . ဘုရား။

ဖြေ။ ။ ဟိုကဖြစ်သလို ဖြေချလိုက်တယ်နော်။ ရေအကျိုး(၁၀)ပါး ဆိုတော့ ဆွမ်းချက်လို့ရှိရင် (၁၅)ပါးလို ဖြစ်နေတယ်နော်။ အမှန်ကတော့ ဆိုကောင်းတယ်။ သီလဝိနိစ္ဆယကျမ်းမှာ လယ်တီဆရာတော်ကြီး ဆုံးဖြတ်ထားတယ်။ ရှစ်ပါးသီလ ဆောက်တည်တဲ့ ပုဂ္ဂိုလ်များ အခုလိုတရားပွဲကြုံတဲ့အခါ ငါးပါးသီလလိုက်ဆိုကောင်းတယ်။ အဲဒီလိုဆိုတဲ့အတွက် ရှစ်ပါးသီလ ပျက်မသွားဘူး။ ငါးပါးသီလက ရှစ်ပါးသီလထဲ မှာပါပြီးသားဖြစ်လို့ပါ။ ဒါကြောင့် လုံးဝရှစ်ပါးသီလ မပျက်ပါ ဘူး။ ယူပြီးသား ရှစ်ပါးသီလကို ပိုမိုခိုင်မာစေတယ်လို့ ဆုံးဖြတ်ထားပါတယ်။

## အသက်ယယ်ယယ်နဲ့ စေတီတည်ရင်

မေး။ ။ တပည့်တော်က ဝိပဿနာနဲ့မဆိုင်ဘဲ အယူအဆနဲ့ဆိုင် သော မေးခွန်းတစ်ခု မေးပါရစေ။ တပည့်တော်ဟာ အသက်

အားဖြင့် (၃၀)ဝန်းကျင်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ တပည့်တော်ဟာ နယ်မှာရှိတဲ့ ကျောင်းနဲ့ သိမ်ကို ပြုပြင်တည်ဆောက်ရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော် မိသားစုနဲ့ လူကြီးများက အသက်ငယ်တဲ့အချိန် ကျောင်း၊ သိမ်၊ စေတီ မတည်ရ။ တည်ရင် အသက်တိုတတ်သည်။ ဒါပေမဲ့ တပည့်တော်ဟာ ယုံကြည်မှုမရှိပါဘူး။ အယူအဆဟု ထင်ပါသည်။ ရှေးလူကြီးတွေပြောတာမှန်ခဲ့လျှင် ဒီမေးခွန်းအတွက် အဖြေများနဲ့ မှားခဲ့လျှင် မှားယွင်းကြောင်းကို တပည့်တော်အား ဆရာတော်မှ ဖြေကြားပေးပါ။

ဖြေ။ ။ မှားတာပေါ့။ ပြောခဲ့ပြီးပြီလေ။ ကုသိုလ်က ကောင်းကျိုးကိုဖြစ်စေတာပဲ။ စေတီတည်တယ်၊ သိမ်ကျောင်းဆောက်တယ်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။ ဖြေကြည့်လေ။ ကုသိုလ်ပါနော်။ ကောင်းကျိုးပေးမလား ဆိုးကျိုးပေးမလား။ ကောင်းကျိုးပေးမှာနော်။ ရှင်းရှင်းလေးပဲ. . . ဘာဖြစ်လို့ သေရမှာလဲ။ ဘာမှယုံမှားစရာကို မရှိဘူး။ အဲဒီထက်ခက်တဲ့ မေးခွန်းတစ်ခု အမေးခံရဖူးတယ်။ ဒကာကြီးတစ်ယောက်က စေတီတစ်ဆူကို သွားပြင်တာ အဲဒီစေတီလည်းပြီးရော အဲဒီ ဒကာကြီး သေသွားတယ်တဲ့။ အဲဒါလူတွေက ပြောကြတယ်။ စေတီတည်လို့ပြင်လို့ ခိုက်ပြီးသေတာလို့ ပြောကြတယ်။ မဟုတ်ပါဘူး။ အဲဒါ အယူအဆမှားတာပါ။ တကယ်က အဲဒီဒကာကြီးသာ ဒီစေတီကိုမတည်ခဲ့ရင် ကုသိုလ်အားနည်း

ခဲ့ရင် သူတို့မိသားစု အကုန်လုံးသေရမှာ။ စေတီတည်တဲ့ ကုသိုလ်ဝင်သွားတဲ့အတွက်ကြောင့် တစ်ယောက်တည်းသေပြီး သက်သာသွားတာ။ အဖြေက ဒါပဲ။ အဲဒီလိုယူတတ်ရမယ်။ တချို့အယူအဆတွေ မှားတတ်တယ်။ ဆရာတော်ရေးတဲ့ မျက်ရည်မကျခင် သိစေချင်မှာ ပါတယ်လေ။ ဗောဓိပင်ပျိုး တော့ ခြေကျိုးရ၊ ဗောဓိကိုင်းချိုးတော့ ရွှေအိုးရတဲ့။ လူ တစ်ယောက်က အိန္ဒိယဗုဒ္ဓဂယာက ဗောဓိပင်ယူလာပြီးတော့ ဒီမှာစိုက်ပျိုးတယ်။ ကုသိုလ် အရမ်းရတာပေါ့။ ဒါပေမယ့် အဲဒီရက်အတွင်းမှာပဲ တိုက်တစ်လုံးသူ့အပေါ်ပိကျပြီး ပေါင်ကျိုးသွားတယ်။ မသိရင် ဗောဓိပင်ပျိုးတဲ့ ကုသိုလ် လုပ်ခါမှ ပေါင်ကျိုးတယ်လို့ ထင်ရတယ်။ မဟုတ်ပါဘူး။ ဗောဓိပင်ပျိုးလို့ ကုသိုလ်တွေတိုးသွားတယ်။ ဗောဓိပင်သာ မပျိုးရင် သူအဲဒီနေ့မှာသေမှာ။ ဗောဓိပင်ပျိုးတဲ့အတွက် ကြောင့် သေမယ့်ကံ လျော့သွားပြီးတော့ ပေါင်ပဲကျိုးပြီး သက်သာသွားတာ။ ဒါကြောင့် ကုသိုလ်လုပ်ပြီးတော့ အကျိုး မပေးသေးတဲ့အခါ အထင်မမှားကြပါနဲ့။ ဗောဓိကိုင်းချိုး တော့ ရွှေအိုးရတဲ့။ ဗောဓိကိုင်းချိုးရင် အပြစ်တအားကြီး တယ်။ အရက်သမားတစ်ယောက်က မူးရူးပြီးတော့ ဗောဓိ ကိုင်းချိုးပစ်တယ်။ ဒါပေမယ့် အဲဒီညောင်ပင်နားက ရွှေအိုး တစ်လုံးရပြီးတော့ ချမ်းသာသွားတယ်။ မသိရင်တော့ ဗောဓိ ကိုင်း ချိုးလို့ ရွှေအိုးရတယ်လို့ ထင်ရပေမယ့် မဟုတ်ပါဘူး။

ဗောဓိကိုင်းသာမချိုးရင် သူဟာ ရွှေအိုးအလုံးပေါင်းများစွာ ရမယ့်ကံတွေ သူ့မှာရှိတယ်။ ဗောဓိကိုင်းချိုးလိုက်တဲ့ အကုသိုလ်ကြောင့် ရွှေအိုးအလုံးပေါင်းများစွာရမယ့်ကုသိုလ်တွေ လျော့သွားပြီးတော့ တစ်လုံးတည်းနဲ့ ကိစ္စပြီးသွားတယ်။ ဒါကြောင့် မကောင်းတာလုပ်ပြီးတော့ ကြီးပွားနေတဲ့ပုဂ္ဂိုလ်တွေကို အားမကျပါနဲ့။ မကောင်းကျိုးကလည်း ပေးချိန်မတန်သေးလို့။ ပြီးတော့ ကောင်းကျိုးအများကြီးရမယ့်ဟာ ဒီလောက်နဲ့ပဲ ကျိန်းကျေသွားတဲ့သဘောပဲ။ ဒါလေး မှတ်ပေါ့။

**ကိလေသာကို ထိုင်ချိန်မှာ ပယ်မှာလား၊ ပေါ်ချိန်မှာ ပယ်မှာလား**

မေး။ ။ ဝိပဿနာအကျင့်ဆိုတာ အထိုင်မပါဘဲနဲ့ ကျင့်လို့ရတယ်ဆိုတာ တပည့်တော်ဒီတစ်ခါပဲ ကြားဖူးပါတယ်။ ဘုရားသားရဟန္တာတွေဆိုတာ ပါရမီထူးရှိနေလို့ စင်္ကြံလမ်းပေါ်မှာတင် မဂ်လေးတန်ဖိုလ်လေးတန်ရတယ်ဆိုတာ ကြားဖူးပါတယ်ဘုရား။ တပည့်တော်တို့လို သာသနာ၂၅၀၀နောက်ပိုင်း လူကြီးပိုင်းတွေဟာ ကြိမ်ဖန်များစွာ အားမထုတ်ဘဲ မဂ်ဖိုလ်ရပ့်မလားဘုရား။ အခုလူတွေ သိထားတာက သိရင်ပြီးရောဆိုတာ ဟုတ်ပါသလား ဘုရား။ တပည့်တော်ကြားဖူးတာက ကျင့်မှရမယ်လို့ ကြားဖူးပါတယ်။

ဖြေ။ ။ အဲဒီပုဂ္ဂိုလ်ကို ပြန်မေးချင်ပါတယ်။ ဘယ်လိုလုပ်တာကိုကျင့်

တာလဲလို့ ပြန်မေးချင်တယ်။ သူတို့ထင်တာက ထိုင်နေတာကို ကျင့်တာလို့ထင်နေတာ။ အဲဒါမဟုတ်ဘူး။ ကိလေသာကုန်အောင် လုပ်တာက ကျင့်တာပဲ။ အခုလည်း ယောဂီတို့ကိုပေးထားတာက တစ်သက်လုံးကျင့်ဖို့နည်းကို ပေးထားတာလေ။ တရားစခန်းဝင်နေတဲ့အတွင်းမှာပဲ ကျင့်ဖို့ပေးထားတာ မဟုတ်ဘူး။ ကိလေသာမပေါ်အောင်နေတာက ကျင့်တာမဟုတ်လို့ ဘာလဲလို့ပြန်မေးချင်ပါတယ်။ ကိလေသာပေါ်ရင် ပေါ်မှန်းသိခိုင်းတာက ကျင့်တာမဟုတ်လို့ ဘာလဲလို့မေးချင်ပါတယ်။ အဲဒါအကျင့်တွေပါပဲ။ တချို့က မသိရှာဘူး။ ထိုင်တာမှ ကျင့်တယ်လို့ထင်တာ။ ပြီးတော့ တရားစခန်းအပြင်ရောက်ရင် ပိုပိုဆိုးကုန်တယ်။ ဒီနည်းက တစ်သက်လုံးအတွက် ကျင့်ခိုင်းတာပါ။ အကျင့်ပါပြီးသားပါပဲ။

မေး။ ။ ဝိပဿနာတရားကို တရားထိုင်၍ ရှုမှတ်ခြင်းမဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟ ကင်းအောင်နေထိုင်ခြင်း တစ်နည်းအားဖြင့် ကိလေသာကင်းအောင် နေထိုင်ခြင်းဖြင့် ဝိပဿနာတရားအားထုတ်ရာ ရောက်ပါသလား။

ဖြေ။ ။ ရောက်ပါတယ်။ လုပ်ကြည့်ဦးပေါ့နော်။ လုပ်မကြည့်ဘဲနဲ့ မမေးပါနဲ့။ ဆရာတော်တို့ ကိုယ်တိုင်လုပ်ကြည့်ပြီးမှ ဝိပဿနာတရား ၁၀နှစ်လောက်အားထုတ်ပြီးမှ အချမ်းသာဆုံး၊ အလွယ်ကူဆုံးကိုပြသခြင်းဖြစ်တယ်။ တစ်ခဏတည်းနဲ့တော့

အကုန်မသိနိုင်ပါဘူး။ အခုယောဂီတို့ကို ထိုင်တဲ့နည်းတောင် မကဘူး။ လက်တွေ့ကိုလေသာ ပယ်သတ်နည်းကိုပါပေး ခဲ့ပြီလေ။ အတ္တမဆန်ဖို့၊ အသာမစံဖို့နဲ့ အနာခံဖို့ကြုံရင် အနာခံဖို့ အဲဒါတွေက လက်တွေ့တရားကျင့်နည်းတွေလေ။ အခုပဲကြည့်လေ ဒီမြို့နယ်ဥက္ကဋ္ဌဆရာတော်ကြီးရဲ့ ကုဋီ အတွက် သိန်း(၄၀)ဆရာတော် လှူတယ်။ လှူသာလှူတာ ဆရာတော့်ကျောင်းမှာလည်း လုပ်စရာတွေချည်းပဲ။ အခု လည်း ယောဂီတွေ သစ်ပင်အောက်မှာ နေရတုန်းပဲ။ အဆောက်အအုံတွေ လိုသေးတာပေါ့။ ဖြစ်နိုင်ရင်ကိုယ်က အဲဒီအဆောက်အဦတွေ ပြီးအောင်ဆောက်ချင်တာ။ သို့ သော် အဲဒါတွေ ဘေးချိတ်လိုက်ပြီး ဟိုမှာကုဋီအရင်လှူ လိုက်တယ်။ အဲဒါ ကိုယ့်အတွက်လိုချင်တဲ့ လောဘကို လက်တွေ့အလုပ်နဲ့ ပယ်သတ်တာပဲ။ အဲဒီတော့ ၄၊ ၅နာရီ ထိုင်နိုင်ပါရဲ့ အသာစံဖို့နဲ့အနာခံဖို့ကြုံရင် အသာပဲစံမယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဘာတရားမှမရှိဘူး။ အခုလက်တွေ့ ပြောပြဦးမယ်။ ရွှေပြည်သာမြို့နယ်အနီးမှာ ကျောင်း တစ်ကျောင်းရှိတယ်။ အဲဒီဘုန်းကြီးက အရင်တုန်းက လောကီလမ်းလိုက်တာ။ အခုတော့ ဝိပဿနာလိုင်းဖြစ်သွား ပါပြီ။ သူ့ကျောင်းလေးက တိတ်ဆိတ်တယ်၊ အေးချမ်း တယ်။ ဒါကြောင့် ဆရာတော် အဲဒီမှာသွားပြီး စာသွားရေး တယ်။ သပြေတောလေးလည်း ရှိတယ်။ သူ့ဘေးက ဘုန်း

ကြီးက ရိပ်သာတရားစခန်း ဖွင့်ထားတယ်။ အထိုင်ဦးစားပေးတဲ့ ရိပ်သာပေါ့။ ဒီဘက်ဘေးက ဘုန်းကြီးကတော့ ဆင်းရဲသားကလေးတွေကို စာသင်ပေးတယ်။ ဆရာ၊ ဆရာမတွေငှားတယ်။ အကုန်လုပ်ပေးတယ်ပေါ့။ ထမင်းကျွေးတယ်၊ စာသင်ပေးတယ်ပေါ့။ အပေါ်ယံကြည့်ရင်တော့ ဒီဘုန်းကြီးက ဘာတရားမှမလုပ်ဘူး။ ကလေးတွေကို စာသင်၊ ထမင်းကျွေး၊ ထောက်ပံ့တာနဲ့ အချိန်ကုန်တယ်ပေါ့။ ဟိုဘုန်းကြီးကတော့ သူလည်း တရားထိုင်တယ်၊ တရားစခန်းလည်း ဖွင့်တယ်။ ကြည့်ရင်တော့ ထိုင်တာတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ မရဘူး။ လက်တွေ့ကိုလေသာ ပါးမပါးကြည့်ရမှာ။

မေး။ ။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အိမ်တော်တော်များများတွင် ဘိုးမင်းခေါင်၏ ရုပ်ထုတွေကို တွေ့မြင်ရပါသည်ဘုရား။ ၎င်းသည် ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်ပါသလဲ။

ဖြေ။ ။ တစ်ခါမှကို မစဉ်းစားဖူးဘူး။ မှန်းကြည့်တာကတော့ သူက ဟိုမရောက်၊ ဒီမရောက်ဘဲ။ လူလည်း မဟုတ်ဘူး၊ နတ်လည်း မဟုတ်ဘူး။ လူ့ဘဝမှာလည်း မရှိတော့ လူလည်း မဟုတ်တော့ဘူး။ နတ်ပြည်လည်း ရောက်မသွားတော့ နတ်လည်း မဟုတ်ပြန်ဘူး။ သူတို့ကတော့ ထွက်ရပ်ပေါက်လို့ သုံးတာပဲ။ ဘုန်းကြီးတို့ ဗုဒ္ဓအဘိဓမ္မာအရဆိုရင်တော့ သူတို့လည်းပဲ တန်ခိုးရှိတဲ့ ဥစ္စာစောင့်ဆန်ဆန်သဘောမျိုးပဲ။ သူတို့

ကလည်း သူတို့တပည့်တွေ၊ ဘာတွေကို အစွဲအလမ်းရှိတယ်။ တချို့ပုဂ္ဂိုလ်တွေကို ဘိုးမင်းခေါင် ဝင်စီးတာ၊ ပူးတာကြားဖူးတယ် မဟုတ်လား။ ဝင်ပူးတယ်ဆိုတည်းက ဥစ္စာစောင့်သဘောမျိုးပဲ။ သို့သော် တန်ခိုးဣဒ္ဓိပါဒ်တော့ ထိုက်သလောက်ရှိတယ်။ ဂုဏ်တော်ပုတီးတွေ စိပ်ခဲ့တာကိုး။ အဲဒါတွေက ဘုရားမပွင့်ခင်ကတည်းက ရှိတဲ့ပညာတွေပဲ။ အဲဒီပညာတွေက သံသရာလည်စေတတ်တဲ့ ပညာတွေပေါ့။ အဲဒီထဲ ပါမသွားပါစေနဲ့။ သူတို့လည်း သူတို့ထဲကို ဆွဲဆောင်တတ်တယ်။ တလောက ဘုန်းကြီးကို ဒကာတစ်ယောက်က ဘိုးမင်းခေါင်ကိုမီလိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က သူတို့ကိုပြောဖူးတယ်တဲ့။ တစ်ခါကျတော့ ဘိုးမင်းခေါင်ကို အပြစ်ရှိလို့လာဖမ်းတယ်။ လိမ်ညာမှုဆိုလား မသိပါဘူး။ လာဖမ်းတဲ့အခါကျတော့ နောက်ဆုံးဖမ်းတဲ့ပုဂ္ဂိုလ်က သေနတ်ထုတ်ပြီး သူ့ကိုယ်သူပြန်ပစ်ပြီးတော့ သေသွားတယ်တဲ့။ ဘိုးမင်းခေါင်ရဲ့အစွမ်းနဲ့ သူ့ကိုယ်သူပြန်ပစ်ပြီးသေသွားတယ်ပေါ့နော်။ အဲဒီတော့ ပြောလိုက်တယ်။ သူများအသက်သတ်တယ်ဆိုတာ ဘယ်လိုလုပ်သူတော်ကောင်း ဟုတ်တော့မှာတုန်း။ သူသေအောင် လုပ်လိုက်တာလေ။ သူ့ရဲ့စိတ်တန်ခိုးနဲ့ ဟိုလူကို သူ့ကိုယ်သူ ပြန်သတ်သေအောင် လုပ်လိုက်တာလေ။ စဉ်းစားကြည့်စမ်း။ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်တဲ့ သူတော်ကောင်းက ကိုယ့်ကိုအကြောင်း

ပြုပြီးတော့ သူများသေအောင်လုပ်ပါ့မလား။ ဒါဆို သူတော်ကောင်း ဟုတ်မဟုတ် စဉ်းစားလို့ရပြီ။ အဖြေက ဒါပဲလေ။ တလောက ဘုန်းကြီးတစ်ပါး ပြောသွားတာလည်း ရယ်ရတယ်။ အဲဒီဘုန်းကြီးက အိမ်တစ်အိမ်ကြွတော့ အဲဒီအိမ်က ဒကာမက သူ့ဘုန်းကြီးက ဒီအရုပ်တွေကို မကြိုက်မှန်းသိတော့ အရုပ်တွေကို ထုပ်ပိုးပြီး ဘီရိုထဲသွားထည့်ထားတယ်။ ကံဆိုးချင်တော့ အဲဒီဘုန်းကြီးက အဲဒီဗီရိုထဲမှာ စာအုပ်ရှိတယ်မှတ်လို့ ဖွင့်ကြည့်ပါလေရော။ အဲဒီမှာ ဘိုးမင်းခေါင်ရင်ခွင်ထဲ သူရဿတီက ရောက်နေတယ်။

မေး။ ။ နွားကျောင်ငယ်ရေသည် ကင်ဆာရောဂါအပြင် မည်သည့်ရောဂါများကို ပျောက်ပါစေသလဲ။ ဒါမှမဟုတ် မည်သည့်နေရာတွင် အဆင်ပြေစွာရနိုင်ပါသလဲ။ သောက်နည်းကကော ဘယ်လိုပါလဲ ဘုရား။

ဖြေ။ ။ နွားခြံရှိတဲ့နေရာမှာ ရှာကြပေါ့။ လောလောဆယ်တော့ ပဲခူး(၁၀)မိုင်ကုန်းက ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို သွားပါ။ အဲဒီမှာ အမြဲတမ်းရနိုင်ပါတယ်။ သူတို့လုပ်ထားတာ ကောင်းတယ်။ အနံ့လည်း မဆိုးဘူး။ အဲဒီက ဆရာတော်က လိုက်မရှာရအောင်လို့ နွားကြီးတွေကို မွေးထားတယ်။ နွားကျောင်ငယ်ရေပေါက်ချလို့ရှိရင် အိုးထဲ တိုက်ရိုက်ကျအောင် စီမံထားတယ်။ စဉ့်အိုးကြီးတွေနဲ့ ထားပါတယ်။ ဖန်ခါးသီးလည်း ရှိပြီးသားပဲ။ အဲဒီသွားလို့ ဘုရားဆေး

စားချင်တယ်ဆိုရင် ဖန်ခါးသီး ယူကျွေးပါတယ်။ တကယ် စားလို့ကောင်းပါတယ်။ အသီးစားရင်လည်း ဆေးဖြစ်သွား တယ်။ သူတို့ကတော့ အသီးကိုဦးစားပေးပြီး ဘုဥ်းပေးကြ တယ်။ ယောဂီအားလုံးကိုလည်း အမြဲတမ်းကျွေးပါတယ်။ အဲဒါကြောင့် ရွှေတောင်ကုန်းရိပ်သာမှာ သွားပြီးအလှူခံကြ ပါနော်။

**မေတ္တာရှင်(ရွှေပြည်သာ)**

# အလုပ်ပေးဝိပဿနာ
# အမေးအဖြေများ

မေးကြည့်လိုက်ပါ

သွားရောက်လိုသည့်
နေရာပန်းတိုင်ကို
သေချာစွာ မသိဘဲ
ရော်ရမ်းမှန်းဆပြီး သွားနေလျှင်
အချိန်ကုန်ပြီး
လူလည်း ပင်ပန်းပါသည်။
ထို့ကြောင့်
နေရာသိ လမ်းသိသူကို
မေးလိုက်ပါ။

မေတ္တာရှင်(ရွှေပြည်သာ)